www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ



# ခင်ခွေဦး

# မိုးပန်းဝေဝေ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးစန်းညွှန့် စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမား စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မဟာဗန္ဓုလလမ်း ရန်ကင်း။
မျက်နှာဖုံးပန်းချီ - အောင်ကျော်
၂၀၁၃၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၉၁.၇၃

မိုးပန်းဝေဝေ
ခင်ဆွေဦး ရန်ကုန်
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၆၃ မျက်နှာ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) မိုးပန်းဝေဝေ

စိတ်ကူးချိုချိုစာအုပ်

# မိုးပန်းဝေဝေ

ခင်ဆွေဦး

ဒုတိယအကြိမ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

[၁]

စိန်တုံးကြီးကို ရိုက်ခွဲ၍ ကွဲသွားသည် ဆိုပါစို့၊ ရောင်လျှံတင့်ဖြိုးသည့် စိန်ပွင့်မျိုးတို့သည် ပြိုးပြက်ကာ အမြွှာမြွှာအစိတ်စိတ် ပြန့်ကျဲပေလိမ့်မည်။

ထို့အတူ မိုးအခါကာလတွင် တဝုန်းဝုန်းသွန်းချသော မိုးရေမိုးပေါက်တို့သည်လည်း ကွဲပြို ကြွေလွင့်လာသော စိန်ပွင့်များပမာသာတည်း။ ထိုအချိန်၌ ဝင်းလက်တောက်ပသော လျှပ်ပန်းလျှပ်နွယ်တို့သည်လည်း ခဲရင့်ရောင် မိုးသားကို တန်ဆာဆင်လျက် ရှိနေသေး၏။

မိုးကောင်းကင်တွင် ပန်းပွင့်များပမာ ဝေဝေဆာဆာ၊ မြိုင်မြိုင်ဆိုင်ဆိုင် မိုးပန်းပွင့်တို့ ကြွေလာသည်နှင့်တစ်ပြိုင်နက်၊ မြေပေါ်၌ မိုးဆန်းပန်းတို့သည်လည်း ပွင့်ခဲ့ရပေသည်။ စကားရွှေဝါ၊ စံပယ်၊ ချရား(ခရေ)၊ ဗွန်၊ ဇီဇဝါ၊ ခတ္တာ၊ ပုန်းညက်၊ ဇလပ်၊ ကသစ် စသည် စသည်တို့သည် မိုးရေကို သောက်သုံးကာ ဖူးငုံပွင့်အာလာခဲ့ကြလေသည်တကား။

သို့လျှင် မိုးပန်းဝေပြီဆိုမှဖြင့် 'မီမီညို'တို့ ကျောင်းဝင်းတစ်ခုလုံးမှာ စိမ်းလန်းစိုပြည်မြဲ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးတောင်ကဲ့သို့ စိမ်းဖန့်ဖန့်မြရွက်တို့ လူးလွန့်လှုပ်ရှားလာသော အခါ၊ ကျောင်းဝင်းတစ်ခုလုံးရှိ ခရေပင်မှ ပွင့်ဖြူဖြူတို့သည် ဖွေးဖွေးလှုပ် ပွင့်လာကြသည်။ ခရေနံ့ တကြူကြူသင်းပျံ့လာသည်နှင့်အတူ၊ မရန်းပင် နှင့် သရက်ပင်တို့သည် ပြွတ်သိပ်နေသော အသီးရှမ်းပြင်း အသီးမှည့် ဝင်းဝင်းတို့ တွဲလွဲခိုလျက် ဝင့်ကြွားနေဟန် ရှိမြဲပင်တည်း။

ကံဘဲ့လမ်းထောင့်တွင် တည်နေရာဖြစ်သော ဤကျောင်းဝင်းကား သာတင့်ဆုံးဖြစ်လျက်၊ သူများနှင့်မတူ တစ်မူထူးသော စိန်ပန်းပင်မှ လိမ္မော်ရောင်အပွင့်များသည် ပင်လုံးကျွတ်မျှထိန်ဝါ၍၊ မိုးသားအပြာကို ဦးတိုက်ကာ လည်တံချီမြဲပင်တည်း။

အများအားဖြင့် စိန်ပန်းပွင့်တို့သည် နီနီရဲရဲသာ ဖြစ်၍ ပတ္တမြား ရောင်လျှမ်းသည်ဟု အများသူငါက တင်စားဆိုစေကာမူ မျက်စိကျိန်း စေသည်ဟု မိမိညိုက ထင်မိ၏။ ကံဘဲ့ ဆရာဖြစ်အတက်သင်ကျောင်း ဝင်းတံခါးဝတွင် ပွင့်လေသော လိမ္မော်ရောင် စိန်ပန်းပွင့်များသာလျှင် အယဉ်ထူး၍ ယစ်မူးစေသောအလှဟု ထင်မိ၏။

ဤသို့ယဉ်စစနှင့် အသွင်လှသော လိမ္မော်ရောင်စိန်ပန်းပွင့်သော နေရာမြေသည်ကား ... မိခင်မြေ၊ အနာဂတ်ကာလ၏ သားကောင်းသမီး ကောင်းများကို မွေးဖွားစေရန် မျိုးစေ့ချရာနယ်မြေ၊ ပညာရေးမဏ္ဍိုင် ခိုင်ခိုင်စိုက်မည့် နယ်မြေ၊ မိုးပန်းတွေပွင့်၍ မိုးပန်းဝေသော တည်နေရာ မြေသာတည်း။

[၂]

"ဩော် ... လွမ်းတယ်ဆိုတာ စကားလုံးလေး လှသလောက် အခံရခက်ပါလား နော်..."

မိမိညိုသည် ပြုံးမြမြ မျက်နှာနှင့် ညည်းလိုက်သော်လည်း၊



သူ့မျက်လုံးအိမ်တွင် မျက်ရည်ရစ်ဝိုင်းနေသည်ကို တွေ့ရသည်။

အဆောင်(၁)၏ အပေါ်ထပ် အိပ်ခန်းဆောင်တွင် ခုတင်အချို့မှာ ဟာလာဟင်းလင်း အရှင် ကင်းမဲ့သည်နှင့် ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေသည်။ မပြန်ရသေးသော သူအချို့ကလည်း သေတ္တာ ပြင်သူပြင်၊ အိပ်ရာလိပ်သူလိပ်၊ ပစ္စည်းသိမ်းသူသိမ်းဆည်းနှင့် ပျားပန်းခပ် လူးလာ အလုပ်ရှုပ်နေကြသည်။

အခန်းကြီးတစ်ခုလုံးတွင် အလျားလိုက် နှစ်လုံးစီ ခြေချင်းဆိုင်ခင်း ထားသော ခုတင်အလုံး ၂၀ ကျော်အနက် ၁၀လုံးမှာ လူမရှိတော့ပေ။

မိမိညိုသည် လက်မှ ပလတ်စတစ်ကြိုးများ ရစ်ပတ်ထိုးနေရင်း ခေါင်းအုံးဆင့်ကာ ခပ်မှီမှီ ထိုင်နေရာမှ ပစ္စည်းသိမ်းဆည်းနေသူများကို ငေးမောနေသည်။

ရာသီအားဖြင့် သဇင်တို့ သင်းပျံ့လေသော နတ်တော်လဖြစ်၍ မြောက်ပြန်လေညင်းသည် တိုက်ခတ်လာလေရာ အအေးဓာတ်သည် နှလုံးသားအထိ စိမ့်၍ အေးစေသည်။

"နင် မပြန်ဘူးလား မိမိညို..."

မိမိညိုနှင့် ကပ်လျက် အဝတ်များခေါက်နေသူ မေစမ်းက မေးလိုက်၏။ မိမိညိုက ပြုံးမဲ့မဲ့နှင့် ခေါင်းကို ခါယမ်းကာ...

"မိမိညို မပြန်နိုင်ပါဘူး မေစမ်းရယ်..."

"ဘာဖြစ်လို့....."

"ဩော်...အကြောင်းကြောင်းတွေပေါ့...."

"အေးလေ...နင်က ဝေးလည်းဝေးတယ်၊ ဟုတ်ပါရဲ့...ဒီတစ်ခါ ကျောင်းပိတ်ရက်ကလည်း နည်းသလိုပဲ၊ ၂၃ ရက်နေ့ပိတ်ပြီး ဇန်နဝါရီလ ၂ ရက်နေ့ ပြန်ဖွင့်မယ်ဆိုတော့ တွက်ကြည့်စမ်း ... ၂၄–၂၅–၂၆"

"၉ ရက်ပဲ ပိတ်တယ်...."

www.burmeseclassic.com

www.burmeseclassic.com



မီမီညိုက ကြားဖြတ် ဝင်ထောက်လိုက်လေသည်။ မီမီညို၏ ခုတင်အနီးသို့ ကုလားဆင်လိုလို အသားညိုစိမ့်စိမ့်နှင့် ကျောင်းသူတစ်ယောက် ကပ်လာကာ....

"မီမီညို...မပြန်ဘူးလား...."ဟု ပလတ်စတစ်အိတ် ထိုးလက်စကို ကိုင်ကြည့်ရင်း မေးလိုက်လေသည်။

"မပြန်ဘူး မစောဝေ .... မစောဝေကော ...."

"ပြန်မယ် .... ကိုယ်က သံလျင်ပဲ ပြန်ရမှာမဟုတ်လား ...."

သံလျင်ဆိုတော့ ခဏလေး ရောက်သွားမှာပဲနော် ...."

"ခဏပဲ ... မီမီညိုက ပြန်ရင် ဘယ်အထိ ပြန်ရမှာလဲ ..."

"မြင်းခြံလေ ... ပြန်မယ်ဆိုရင်လည်း သွားတာ၊ ပြန်တာနဲ့ပဲ အချိန်ကုန်မှာ ..."

"ကိုယ်တို့ အဆောင်သုံးကတော့ အပြန်ချည်းပဲ၊ တချို့က ဒီညအင်ဗွိုင်းမှာ ကပြီး ပြန်ကြမှာ၊ နက်ဖြန် ၂၅ ရက်နေ့ဆိုရင် လူတောင်ရှိမှာမဟုတ်ဘူး ... "

မစောဝေသည် မီမီညို၏ ခုတင်ခြေရင်းတွင် ထိုင်ချကာ မီမီညိုထိုးနေသော ပလတ်စတစ်ကြိုးများကို ဆွဲကိုင်ရှင်းလင်းရင်း ပြောလိုက်လေသည်။

"ဒီမှာနေတော့လည်း ကိုယ့်နေရပ်ကို အမောတကော ပြန်ချင်ကြတာပဲ၊ ကိုယ့်အိမ်ပြန်ရောက်တော့လည်း ကျောင်းကိုသတိရလိုက်တာလေ၊ သြော်...လူ့အလို နတ်မလိုက်နိုင်တဲ့၊ ဒီကျတော့လည်း အိမ်လွမ်း၊ အိမ်ရောက်တော့လည်း ကျောင်းကိုပြန်လွမ်းနဲ့ လွမ်းချည်းနေရတာပဲ....."

မီမီညိုက ဝေညည်းညည်းလေး ပြောလိုက်လေသည်။

"ဒါတော့ ဒီနေ့ ကျောင်းစ ပိတ်လို့ပါ .... ခါတိုင်းဖြင့် လွမ်းဖို့



တောင် အချိန် မရပါဘူး။ အလုပ်နဲ့လူနဲ့ နပန်းသတ်နေရတာ"

မေစမ်းက ဝင်ပြောလိုက်လေ၏။

"အလုပ်မအားလည်း ညအိပ်ရာဝင်ခါနီးကျတော့ အိမ်ကို သိပ်သတိရတာပဲ၊ သူကတော့ ပြောမှာပေါ့ .... ချေးကျရာ ပျော်တဲ့ကြက်လိုပဲ ...."

မီမီညိုက မေစမ်းအား မျက်စောင်းတစ်ချက်ထိုးကာ ပြောလိုက်လေသည်။

"ကိုယ်ကတော့ဆရာ ... အိမ်ရောက်ရင် ကျောင်းကို ဘယ်တော့မှ သတိမရဘူး .... ကျောင်းမှာ ကျပ်တည်းလိုက်တာ လွန်ပါရော၊ အိမ်မှာဆိုရင် သိပ်လွတ်လပ်တာ ...."

မစောဝေက အားရပါးရ ပြောနေမိသည်။

"နင် လွတ်လွတ်လပ်လပ်နေတတ်တာ ငါသိပါတယ် မိစောဝေ၊ မနေ့ကတောင် ပဒေသာကပွဲမှာ ကဗျာလွတ် ကရင်း ထဘီကျွတ်တာသာ ကြည့်....."ဟု မေစမ်းက ပြက်လုံးထုတ်သော် ..... "မသာမ...."ဟု မစောဝေက မေစမ်းအား ယောမနာပြုလေ၏။

မီမီညိုသည် ပြုံးရယ်မိလေ၏။ မေစမ်းကား အသားမည်းမည်း ဝဝတုတ်တုတ်၊ မျက်နှာပြားပြားနှင့် အကျည်းတန်သလောက်၊ စိတ်နှလုံးကောင်းလှသူလေး ဖြစ်လေသည်။ ဟာသဉာဏ်ရှိသူဖြစ်သည်။

မစောဝေကား အသားညိုစိမ့်စိမ့်၊ အရပ်ပျပ်ပျပ်၊ မျက်လုံး၊ မျက်ဖန်ကောင်းကောင်းနှင့် ကုလားဆင်လေးဖြစ်သည်။

မီမီညိုကား ဘုရားစူးရစေ့ အညာသူဖြစ်သည်။ သူ့အသားမှာ ဖြူသည်မဟုတ်စေကာမူ အသားဆောင်ကာ အမြဲလိုပင် ဝါ၍ ဝင်း၍ အသွေးအရောင် တက်နေတတ်သည်။ မည်းမှောင်သောဆံကေသာ၊ ထူထဲ စိမ်းမှောင်သော မျက်ခုံးမွေး၊ ရှည်လျားကော့ပျံသော မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် သူတို့ အစဉ်အမြဲ ကြည့်နေချင်သောဆန္ဒကို လှုံ့ဆော်ပေးသော ရုပ်မျိုးသာတည်း။

အရပ် ၅ ပေ ၂ လက်မခန့် ခပ်သွယ်သွယ် ကိုယ်ဟန် လုံးလုံးကျစ်ကျစ်၊ ရှည်လျား သွယ်ပျောင်းသော လက်၊ ခြေများနှင့် မိမိညို့ကို ကြည့်ရသည်မှာ အမြဲလိုလိုပင် ကြော့ကြော့ရှင်းနေသည်။ သူ့ကိုယ်ဟန်နှင့် လိုက်လျောအောင် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့သော အသွင်အပြင်လည်းရှိလေသည်။

မိမိညိုသည် ပလတ်စတစ်ကြိုးစများကို ခုတင်ပေါ်ချကာ ပြတင်းပေါင်တွင် အမှတ်မထင် ရပ်လိုက်လေသည်။

နံနက် ၈ နာရီဖြစ်၍ နေ၏ရွှေဓာခြည်မျှင်သည် မြသင်တိုင်းပေါ်တွင် လွှမ်းခြုံလိုက်လေသည်။ အဆောင်(၁)၏ရှေ့မှ မြက်ခင်းပြင်သည် နှင်းဥများဖျန်း၍ ရွှန်းစိုတောက်ပနေသည်။ ထင်ရှူးပင်ငယ်လေးများသည် စိမ်းရင့်ပြာမှောင်သော အသွေးနှင့် နှင်းရည် သောက်သုံးနေသည်။

အဆောင်၏ဘေးတွင် အိုရင့်သလောက် ခံ့ထည်သော ခရေပင်ကြီးသည် ဣန္ဒြေကြီးစွာ မားမားကြီး ပေါက်ရောက်နေ၏။

မိုးတွင်းတုန်းကဆိုလျှင် ဤခရေပင်ကြီးသည် အရိပ်မြိုင်မြိုင်၊ အကိုင်းအခက်တွေ ဝေဝေဆာဆာနှင့် ခရေဖြူပွင့်များ လေ မနိုင်အောင် ပွင့်၍ မြေတွင် တဖြုတ်ဖြုတ်ကြွေကျကာ သင်းသင်းပျံ့ပျံ့မွှေးခဲ့သည်ကို သတိရမိလေသည်။

မိမိ ဤအဆောင်သို့ရောက်ခဲ့သည်မှ လက်ရေချိုးတွက်ကြည့်လျှင် (၇)လခန့်ပင်ရှိသေး၏။ စိတ်ထဲတွင် အကြာကြီးလိုပင် အောက်မေ့ခဲ့၏။ အိမ်နှင့် တစ်ခါမှ ဒါလောက်ကြာကြာ မခွဲခဲ့ဘူးပေ။

မက်ထရစ် အောင်သည်အထိ မြင်းခြံ အစိုးရ အထက်တန်းကျောင်းတွင် နေခဲ့၍ မန္တလေးတက္ကသိုလ်တွင် နေခဲ့စဉ်အခါကလည်း ကျောင်း



ပိတ်ရက်များတွင် အိမ်ပြန်ခဲ့လေသည်။ ဥပစာ သိပ္ပံ ပထမနှစ်မှာပင် အဘ ဆုံးသဖြင့် တက္ကသိုလ်မှနုတ်ထွက်ကာ၊ အစိုးရအထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာမအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ရသည်။ သည်တုန်းကလည်း အမေတို့နှင့် ဥမကွဲ သိုက်မပျက် နေခဲ့ရ၏။

ယခုတော့မူ ....

## [၂]

### ၂၄–ရက်၊ ဒီဇင်ဘာလ

**အမေ ....**

ဒီနေ့ဟာ ကျောင်း စပိတ်တဲ့နေ့ပဲ၊ အင်္ဂလိပ်ပညာရေး ပြပွဲမှာ တာဝန်ကျတဲ့သူကလွဲပြီး အားလုံးလိုလိုပဲ အိမ်ပြန်ကြတယ်၊ တာဝန်ကျသူတွေကလည်း နက်ဖြန်၊ သန်ဘက်ဆိုရင် ပြန်ကြတော့မှာ။

ကျောင်းကြီးဟာ ခြောက်သွေ့ကျန်ရစ်တော့မှာပဲ၊ သိပ်ပြီးဝေးတဲ့ နယ်ကလာတဲ့လူတွေလောက်ပဲ ကျန်ရစ်မှာ။ ဥပမာ ကချင်ပြည်နယ်၊ ကယားပြည်နယ်က အမျိုးသမီးလေးတွေလိုဟာမျိုးတွေပါပဲ ......

သူတို့ အလျှိုလျှို ပြန်တာမြင်ရတော့ မိမိလည်း သိပ်ပြန်ချင်တာပဲ အမေရယ်။ တတ်များတတ်နိုင်ရင် အတောင်တပ်ပြီး အမေတို့ဆီကို ပျံလို့သာ လာချင်တော့တယ်။ ဒါပေမဲ့ ကံကြမ္မာက မိမိ့ကို အခွင့်မပေးဘူးဆိုတာ မိမိစကတည်းက သိခဲ့ပါတယ် .....

ခု မိမိရတဲ့စတိုင်ပင် ၇၅ ကျပ်ဟာ တစ်လတစ်လ အလျှင်မှီရှုံ့တင်ပဲ၊ ကျောင်းကို ၄၀ ကျပ်ပေးပြီး ပိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



၃၅ ကျပ်နဲ့ ကြည့်နေရတာပဲ။ အမေ့အနေနဲ့လည်း ဆေးကျပ် ရင်ကျပ် မထောက်နိုင်တော့ ဒီလိုပဲ မှိတ်နေရတာပဲ အမေ။ ဒါပေမဲ့ မိမိ့မှာ တခြား သုံးစရာမရှိတော့ မိမိ နေသာပါတယ် အမေ ....

ပြန်လိုက်တယ်ဆိုရင် ဘာပဲဖြစ်ဖြစ် စရိတ်စက ထွက်ဦးမှာ၊ အို... နွေရာသီ ကျောင်းပိတ်ရက်တွေ လာဦးမှာပဲ အမေ။ ဒီတော့မှပဲ ပြန်လာတော့မယ်။ ကြားထဲမှာ ရက်တွေလည်း သိပ်မရှိတော့ပါဘူး အမေရယ် ... နော် ..... အမေ့မှာ အလွမ်းဖြေ စရာ ကိုလတ်ရယ်၊ ညီထွေးရယ်၊ စီစီညိုရယ် ရှိနေသေးတာပဲ .....

သူတို့အားလုံး အမေ့အနား အမြဲရှိသရွေ့ အမေဟာ တအားတက်မှာပါပဲ .....

မိမိ စိတ်မကောင်းတာက 'ညီထွေး' အတွက်ပဲ၊ ညီထွေးရဲ့ ဖွံ့မြိုးခံနိုင်တာက မိမိတစ်ယောက်ပဲ၊ ကိုလတ်ကလည်း အမြဲ အော်ငေါက်နေတာပဲ၊ စီစီဆိုတာလည်း ညီထွေးကို အစ်ကိုတစ်ယောက်လို သဘောထားဟန် မတူဘူး။ နောက်လိုက် ပြောင်လိုက်နဲ့။

ညီထွေးတစ်ယောက် မမြင်မကန်းနဲ့ အမေ တည်ထားတဲ့ မလိုင်အိုး၊ သကြားရေ ပွက်ပွက်ဆူတဲ့ထဲများ လိမ့်ကျနေ မလားရယ်လို့တွေးတိုင်း စိတ်ပူရတာ နည်းနည်းမှ မအေးနိုင်ဘူး။ အမေ ..... ညီထွေးကို သတိထားကြည့်ပါ အမေရယ် .....

အရင်တစ်ပတ်က ညီထွေးအတွက် မိမိ ထိုးပေးလိုက်တဲ့ ဆွယ်တာကော ညီထွေးနဲ့ တော်ရဲ့လားဟင်



...။ ကိုလတ်ကြီးက သဘောကျတယ်ဆိုပြီး အတင်းယူဝတ်သေးလား၊ မဝတ်စေနဲ့ အမေ။ ကိုလတ်က အင်မတန် အနိုင်ကျင့်ချင်တာ ..... လောကကြီးမှာ ဘဝဆုံးရှုံးနေရှာတဲ့ ညီထွေး စိတ်ဆင်းရဲနေပါ့မယ်။

မိမိလည်း ပြန်မယ့်သာပြန်ချင်တာပါ ..... မအားလှပါဘူး။ ၂၈–ရက်နေ့ကျရင် ပဒေသာကပွဲမှာ မိမိပါတယ်။ မိမိပါရမယ့်အခန်းကတော့ "ကိုယ်ဟန် ပျော့ပျောင်း သွယ်နွဲ့နှောင်း" တဲ့၊ တစ်ပင်တိုင် ယိုးဒယားအကပါပဲ။

ဒီအကကို အမေစိန့်က ဝီရိယစိုက်ပြီး မိမိ့ကို သင်ပေးတယ်။ ခုတလော အမေစိန့်ကို မြင်တိုင်း မြင်တိုင်း မိမိ အမေ့ကို သိပ်အမှတ်ရတာပဲ။ ဘာလို့လဲဆိုတော့ အမေစိန့်ရဲ့ ပြေပြစ်တဲ့နဖူး၊ ကားတဲ့ နှာရွက်၊ ပြုံးကျယ်ဝိုင်းစက်တဲ့ မျက်လုံးတွေဟာ အမေနဲ့ တစ်နေ့တခြား တူတူလာသလိုလိုပဲ .....

ပါးပြီး တင်းတင်းစေ့နေတတ်တဲ့နှုတ်ခမ်းက အစ အမေနဲ့ သွားတူနေပြန်တော့ အမေ့ကို သတိမရဘဲ မနေနိုင်ဘူး အမေရေ ..... အမေ့ကို အထူး အောက်မေ့တော့တာပဲ။

ဒါထက် မမသီနဲ့ ကိုဦးတို့ဆီကကော စာမှန်မှန်လာရဲ့နော် ..... လွန်ခဲ့တဲ့အပတ်က မမသီ့ဆီကစာ မိမိရတယ်။

သားတွေ၊ သမီးတွေဆီက စာတွေလာတိုင်းလည်း ငိုချည်းမနေနဲ့ဦးနော် အမေ။ စိတ်ထောင်းရင် ကိုယ်ကြေသတဲ့။ အမေ အသက်လည်းကြီးပြီ။ ကျန်းမာရေး ဂရု

www.burmeseclassic.com



နိုက်ပါ။ ဥတုကလည်း အေးတယ်၊ အမြဲ နွေးနွေးထွေး ထွေးနေပါ အမေ။

တော်ဦးမယ် ..... စာလည်း တော်တော်ရှည်သွားပြီ၊ အမေလည်း စာရှည်ရှည် ပြန်ရေးရမယ်နော်၊ အမေ မအားရင် စီစီ့ကို အရေးခိုင်းပါ။ အားလုံးကို အထူး သတိရကြောင်း ပြောပြပါ။

ရှင်လန်းကျန်းမာကြပါစေ .....

**မိမိညို**

**ရန်ကုန်**

ထိုညမှာပင် မိမိညိုသည် အမေ့ဆီကို စာရှည်ကြီးတစ်စောင် ရေးဖြစ်လေသည်။ ဆောင်းကာလ၏ အအေးဓာတ်သည် လောက အလုံးကို ထွင်းဖောက်ဆဲ၊ မိမိညို၏ လက်ဖျား၊ ခြေဖျားများ အေးစက်သော ကြားကပင် အမေ့ဆီ စီကာပတ်ကုံး စာလုံးလေးများနှင့် ခပ်သွက် သွက်လေး ရေးမိလေသည်။

နေ့ခင်းက ပန်ထားသော မိမိညို၏ခေါင်းထက်မှ သဇင် သုံးခက် သည် ယခုချိန်ထိ မွှေးနေဆဲပင်တည်း။ အပြင်မှ လေတိုးသဖြင့် အဆောင်တံခါးမှာ လှုပ်နေသည်။ အဆောင်မှာ ပျဉ်ထောင်ဖြင့်ဆောက် လုပ်ထားသည့်အပြင် ဟောင်းနွမ်းနေပေပြီ။

မိမိညို၏ဘေးမှ မေစမ်း၏ခုတင်မှာ အရှင်းမရှိတော့သဖြင့် ဟာလာ ဟင်းလင်းနှင့်ရှိနေ၏။ ခါတိုင်း သပ်သပ်ရပ်ရပ် နေခဲ့ကြသော ဆရာမ လောင်းများ၏အဆောင်မှာ ဖရိုဖရဲ ကျိုးတိုးကျဲတဲ၊ အဝတ်အစားများမှာ ကြိုးတန်းတွင် မြင်မကောင်းအောင် ပွရောင်းနေ၏။

မိမိညိုသည် အိပ်ရာထဲဝင်၍ လဲလျောင်းသော်လည်း ရုတ်တရက်



အိပ်မပျော်ဘဲရှိလေသည်။ စိတ်တို့သည် အိမ်သို့သာ ရောက်နေသဖြင့် ဘဝင်မကျနိုင်ဘဲ ရှိလေသည်။ အိမ်သို့ ပြန်ချင်သော စိတ်တို့သည် ရင်ထဲ၌ အလိပ်လိပ် တက်လာသဖြင့် တလူးလူး တလိမ့်လိမ့်နှင့် စိတ် ကား မအေးနိုင်ပေ။

ခြင်ထောင်အမိုးကို မော့ကြည့်လိုက်လည်း အမေ့မျက်နှာတစ်လှည့်၊ မောင်ငယ် ညီထွေးမျက်နှာတစ်လှည့် မြင်ယောင်နေမိသည်။ အစ်ကိုကြီး ကိုဦးကိုသော်လည်းကောင်း၊ အစ်မကြီး သီသီညိုကိုသော်လည်းကောင်း၊ မောင် ကိုလတ်ကို သော်လည်းကောင်း၊ ညီမ အထွေးဆုံး စီစီညိုကို လည်းကောင်း ဒါလောက် စိတ်ထဲကမစွဲ။

အစ်ကိုကြီး ကိုဦးသည် ဒီဂရီရပြီး ဘီစီအက်စာမေးပွဲ ဖြေဆိုအောင် မြင်ကာ မြို့ပိုင်ဖြစ်လာသည်။ ထို့နောက် နယ်ပိုင်ဝန်အဖြစ်နှင့် ရွှေဘို တွင် အိုးအိမ်ထူကာနေသည်။

အစ်မ သီသီညိုသည် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ အောင်မြင် ပြီးနောက် အမေရိကန် ယူနီဗာစီတီ သို့ တက်ရောက် ပညာဆက်သင် နေ၏။

ကိုလတ်ကား မြင်းခြံအစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ် ဝင် သင်တန်းသားဖြစ်၍ ညီမအထွေးဆုံး စီစီညိုကား ရှစ်တန်းကျောင်း သူဖြစ်၏။

ကိုဦးမှအစပြု၍ သည်မောင်နှမတစ်သိုက်သည် ဘဝကို အလင်းနှင့် ပင်စ၍ သူတို့ရည်မှန်းချက်ပန်းတိုင်သို့ အသီးသီး ဦးတည်ကာ ချီတက် နေကြသူများ ဖြစ်ပေသည်။ ဦးတည်ချက်၊ ရည်မှန်းချက်ရှိသော သူတို့၏ ဘဝကား အဆင်ပြေမြဲသာဖြစ်သည့်အတိုင်းပင် ဘာမှ စိုးနှောင့်ဗျာပါ ထွေထွေရာရာ မှုပင်သောကဖြစ်စရာလည်းမလိုပေ။

မိမိဖြစ်ချင်သလိုကြိုးစားနိုင်၍ မိမိ ဖန်တီးချင်သလို ရှေ့ဆောင်သွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော ဘဝမျိုးတွင် ဘာများ ပူပင်စရာရှိလေသနည်း။ လင်းရောင်ခြည် ဦးအောက်ဝယ် ဘဝခရီးကို လျှောက်နေကြသူများလည်း ဖြစ်ပေသည်။

ညီထွေးကမူ .....

× × × × ×

"မီမီညို မအိပ်သေးဘူးလား ....."

မီမီညို၏ ခြေရင်းခုတင်ဘက်မှ မလေးခင် က လှမ်းမေးလိုက်လေသည်။

"ဟင့်အင်း .... အိပ်လို့ မရသေးဘူး မလေးခင်ရေ ....."

မလေးခင်သည်သူ့အိပ်ရာမှထလာ၏။ မလေးခင်ကား မော်လမြိုင်သူဖြစ်၍ ဖြူဖြူဝင်းဝင်းနှင့်လုံးကြီးပေါက်လှဖြစ်၏။ မလေးခင်သည် မူလတန်းပြဆရာမ (P.A.T)လောင်းဖြစ်သော်လည်း အတန်းချိန်မှအပ မီမီညိုနှင့် တတွဲတွဲ မခွဲဘဲနေသော ချစ်မိတ်ဆွေလည်း ဖြစ်၏။

ငယ်ပေါင်း မဟုတ်သော်လည်း ငယ်ပေါင်းမကာ ခင်မင်ရင်းနှီး၏။

"အိမ်မပြန်ရလို့ တလူးလူးတလိမ့်လိမ့် ဖြစ်နေပြီထင်တယ်"

မီမီညိုသည် ခုတင်ထက်မှ လူးလဲထကာ ခြင်ထောင်အပြင်ဘက်သို့ ထွက်လာ၏။ မလေးခင်သည် မီမီညို၏ ခုတင်ခြေရင်းတွင်ထိုင်ချလိုက်လေသည်။

"အိမ်ကို သိပ်သတိရတာပဲ ..... မပြန်ရလေ တသသ အောက်မေ့လေလေပဲ၊ ခုလို ဆောင်းတွင်းဆိုရင် အမေက မန်ကျည်းပင်အောက်မြေတလင်းပြောင်ပြောင်မှာ မီးဖိုတယ်။ မီးလှုံရင်း အမေက ထန်းပင်မြစ်တွေ ပူပူနွေးနွေးဖုတ်တယ်။ ပန်းကန်ပြားမှာ ဆီဆားထည့်ပြီး ထန်းပင်မြစ်ဖုတ်တွေစားရတာ ဘယ်လိုအရသာပေါ်မှန်းမသိဘူး။ ချိုလည်း ချို .... ခပ်သက်သက်လေးနဲ့ လျှာမှာ စွဲသွားတာပဲ ....."



မီမီညိုသည် စားပွဲခုံပေါ်မှ ထိုးလက်စ ပလတ်စတစ်ကြိုးများကို ကောက်ကိုင်ကာ ပြောလိုက်၏။

"မီမီညို အပြောကောင်းတာနဲ့ ဒီက ထန်းပင်မြစ် ခုချက်ချင်း စားချင်စိတ်ပေါက်သွားတာဘဲ ....."

မလေးခင်က ရယ်လျက် ပြောလိုက်လေသည်။

"မီမီညိုတို့ဆီမှာဆိုရင် ထန်းပင်မြစ်ဟာ ဆောင်းတွင်းသရေစာပဲ၊ အမေတို့များ သိပ်ကြိုက်လွန်းလို့ ထန်းပင်မြစ်ချည်းပဲ ထိုင်စားတာ ထမင်းတောင် တစ်ခါတလေ လွတ်တယ်။ ခုမှသာ ထန်းပင်မြစ်ဟာ ဗိုက်တာမင် ဘီ (၁) ဘီ (၂)ပါတယ်ရယ်လို့ ပြောနေကြတာ။ အမေတို့ဆိုတာ ဗိုက်တာမင်ဆိုတာ ဘာမှန်းမသိဘဲ စားနေကြတာ ....."

မီမီညိုသည် စိတ်ပြေလက်ပျောက် ရောက်တတ်ရာရာများ ပြောနေမိ၏။ မလေးခင်သည် မီမီညို၏ ပလတ်စတစ်ကြိုးများကို ဖြေရှင်းပေးရင်း .....

"မီမီညို ဒါနဲ့ပဲ အမေကြီးကို သတိရပြီနဲ့ တူတယ် ....."

"ဟုတ်တယ် ..... မီမီညို အမေ့ကို သိပ်ပြီး အောက်မေ့တာပဲ မလေးခင်ရယ်။ နေမှ ကောင်းရဲ့လားမသိဘူး ....."

မီမီညိုသည် တုန်ရီစွာ ပြောလိုက်မိလေ၏။

"နေမကောင်းရင် စာလာမှာပေါ့ မီမီညိုရယ် ..... ဒါလောက်လည်း မပူပါနဲ့၊ မီမီညိုဟာ တော်တော်သံယောဇဉ်ကြီးတဲ့ မိန်းကလေးပဲနော် ....."

"မီမီညို ညီထွေးနဲ့လည်း တွေ့ချင်လိုက်တာ ..... သူ မျှော်နေရှာမှာ၊ မျက်စိမမြင်ပေမဲ့လည်း သိပ်အမှတ်သညာကြီးတာ၊ ဘယ်ရက်မှာ မီမီညို ကျောင်းပိတ်တယ်ဆိုတာ ညီထွေးက ဦးအောင်သိနေတာ ....."

"ဒီလိုပဲ သူငယ်ချင်း ..... မျက်မမြင်များဟာ များသောအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ တခြားအာရုံ ဘာမှမရှိတော့ ဘယ်နေရာမှာမဆို အသေးစိတ် သိနေတယ်၊ လက်မှုပညာသင်ရင် တတ်လွယ်တာသာကြည့် .....”

“ညီထွေးတောင် မီမီညိုအိမ်မှာရှိတုန်းက သင်ထားလို့ နှစ်ချောင်းထိုး ထိုးတတ်တယ်၊ မီမီညိုက မျက်မမြင်ကျောင်းပို့ချင်တာ ..... အမေက မပို့ရက်လို့ စာတော့မတတ်ဘူး .....”

“ဩော် .... သနားစရာနော်၊ မီမီညိုရဲ့မောင်လေးက မွေးကတည်းက မျက်စိမမြင်တာလား .....”

“မွေးကတည်းကတော့မဟုတ်ပါဘူး မလေးခင်ရယ် ..... ညီထွေးဟာ အသက် (၇) ရက်အထိ မျက်စိမြင်သေးတယ်ဆိုပါစို့၊ (၇) ရက်အရမှာ မျက်စိကွယ်ရရှာတာပဲ .....”

“ဟင် ..... ဘယ်လို။ မီမီညိုပြောတာ ဒီက နားမလည်ဘူး.....”

မီမီညိုသည် ပြုံးမဲ့မဲ့နှင့် မလေးခင်၏ဘယ်လက်ကို မိမိ၏ညာလက်နှင့်ဆုပ်ကိုင်ရင်း .....

“ဒီအကြောင်းတွေကို အသည်းနာလွန်းလို့ ဘယ်သူ့မှ ပြောမပြဖူးဘူး..... မလေးခင်ကို ခင်လို့ ပြောပြရဦးမယ်။ လွတ်လပ်ရေး မရခင် တစ်နှစ်မှာ ညီထွေးကို ဆေးရုံမှာ မွေးတယ်။ အမေက ၅ ရက်အရမှာ ဆင်းချင်တာ။ ကောက်ရသလို အမေဖျားတာနဲ့ မဆင်းရဘူး။ ၇ ရက်အရမှာ ညီထွေးဟာ အမေ့အဖျားငွေ့နဲ့ မျက်စိဝေဝေတောတောဖြစ်လို့ ဆေးရုံက ဆရာမက မျက်စဉ်းအမှတ်နဲ့ခတ်လိုက်တာ တင်ချာတွေကို ခတ်လိုက် တယ်ကွယ် .....”

“ဘုရားရေ ..... ဘုရား – ဘုရား .....”

မလေးခင်ကား ကြက်သီးထ၍ မီမီညိုမှာ မျက်ရည်ဝဲလာ၏။

“ဒီကတည်းကစပြီးတော့ ညီထွေးဟာ မျက်စိကွယ်ခဲ့ရတယ်၊ ဒီဇာတ်ရာနဲ့ ညီထွေးရဲ့မျက်စိဟာ ကြောက်ခမန်းလိလိ ကျွတ်ထွက်တော့မလိုလို



ဝေဒနာခံရပြီးမှ ဒီလို ကွယ်သွားရတာပါပဲ .....”

“ဖြစ်မှဖြစ်ရလေ မီမီညိုရယ် .....”

“အမေလည်း သွေးနုနုနဲ့ ရူးမတတ်ဖြစ်ခဲ့ရတယ် ..... အဘကတော့ စိတ်ဆိုးလွန်းလို့ ဓားနဲ့ ခုတ်မယ် ဘာမယ်နဲ့။ နောက်တော့လည်း အမေက ဖျောင်းဖျပါတယ်၊ တမင်လုပ်တဲ့အမှုမှ မဟုတ်ဘဲ၊ ဆရာမလေးလည်း အလုပ်ကများ၊ တာဝန်တွေ မနိုင်မနင်းနဲ့ မတော်တဆဖြစ်သွားရတယ် မဟုတ်လား၊ သူ့ဘာသာသူလည်း စိတ်မကောင်းရှာပါဘူး ...”

“ဒါပေမဲ့ လူတစ်ယောက်ရဲ့ဘဝတော့ ဆုံးရှုံးသွားတော့တာပေါ့နော် .....”

“ဘဝတော့ ဆုံးတာပေါ့လေ..... ညီထွေးကို အမှောင်ထဲတွန်းချလိုက်သလို ဖြစ်သွားတာပဲ၊ အမေကတော့ ညီထွေးရဲ့ကြမ္မာဝိဘက်မကောင်းလို့ ဖြစ်ရတာဆိုပြီး တရားနဲ့ဖြေပါတယ် .....”

“ဒါတော့ ဟုတ်ပါတယ် မီမီညိုရယ် ..... ဒီလိုဟာ အင်မတန်ဖြစ်ခဲတဲ့ကိစ္စမျိုးပဲ။ လူတစ်သောင်းမှာ တစ်ယောက်မဖြစ်ပါဘူး.....”

“ညီထွေးကိုက ကုသိုလ် ဆိုးရှာတယ် .....”

မီမီညိုသည် သက်ပြင်းရှိုက်ကာ ညည်းလိုက်မိလေ၏။ ပြောရင်းဆိုရင်း မျက်စိထဲတွင် ညီထွေးကိုသာ မြင်ယောင်မိပြန်သည်။

မြင်းခြံတွင်နေစဉ်ကဆိုလျှင် မီမီညို အားလပ်သည့်အချိန်တိုင်းမှာပင် ညီထွေးအနားမှာ နေလေ့ရှိ၏။ မိခင်သည် ခလေးငယ်ကို နှစ်သိမ့်သည့်ပမာ မီမီညိုမှာ ညီထွေးကို နှစ်သိမ့်တတ်၏။

“မမလေးရယ် ..... ကျွန်တော်လေ နာရီပိုင်းလောက်ဖြစ်ဖြစ် မြင်ရရင် သေရကျိုးနပ်ပါပြီ.....”ဟု ပြောလိုက်သည့်အခါမျိုးတွင် မီမီညိုသည် မျက်ရည်အပြည့်နှင့် နှစ်သိမ့်ရန် စကားစကို ရှာမတွေ့ဘဲဖြစ်နေတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ..... ခဏလေးရယ်ပါ ..... တစ်နာရီလောက်ပဲမြင်ရပြီး ပြန်ကွယ်ရင် ကွယ်ပါစေတော့ ..... မမလေးကိုပဲ သိပ်မြင်ချင်တာပဲ၊ မမလေးရဲ့ မျက်ခုံးလေးတွေကလှပြီး နှာတံက သိပ်ပေါ်တယ် ထင်တယ်နော်၊ ပြီးတော့ မမလေးအသားက ချောနေတာပဲနော်၊ ဖြူတယ်လို့ သူများတွေက ပြောတယ်၊ ဖြူတာတော့ ကျွန်တော် မသိဘူး၊ ဖြူတယ်ဆိုတာ လက်နဲ့စမ်းလို့လည်းမရပါလား မမလေးရယ် ....."

ညီထွေးသည် မီမီညို၏မျက်နှာကိုစမ်းကာ နှုတ်မှ တတွတ်တွတ် ပြောရင်း သက်ပြင်းချလိုက်ရာ၏။ ဤတွင် မီမီညိုသည် ချုံးပွဲချငိုချင်သောစိတ်နှင့် နှုတ်ခမ်းကို ကိုက်ကာ မျက်ရည်တတွေတွေကျဆင်းလာလေသည်။

ညီထွေးသည် မီမီညိုငိုတိုင်း ပျာပျာသလဲ ဖြစ်လေ့ရှိကာ .....

"ဟင် ..... မမလေး ငိုနေသလား၊ မမလေးမျက်နှာမှာ မျက်ရည်တွေနဲ့လား၊ မငိုပါနဲ့ မမလေးရယ် ..... ကျွန်တော့်အတွက် ဘယ်သူ့ကိုမှ မျက်ရည်မကျစေချင်ပါဘူး၊ အမေ့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး၊ ဒါပေမဲ့ အမေကော မမလေးကော ကျွန်တော့်အတွက် ခဏခဏ ငိုတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ကျွန်တော့်ဘဝမှာ ကျွန်တော် ပျော်ပါတယ်....."ဟု သူကပင် တစ်ဖန် ပြန်၍ နှစ်သိမ့်တတ်ပေသည်။

"မမလေးသာ ကျွန်တော့်အနားမှာ အမြဲရှိနေမယ်ဆိုရင် ကျွန်တော် သိပ်အားတတ်တာပဲ၊ မမလေးကဆိုရင် ကျွန်တော့်ကို စာတွေ အမြဲလိုလို ဖတ်ဖတ်ပြတော့ ကျွန်တော့်ရဲ့အသိဉာဏ်တွေဟာ ဖွံ့ဖြိုးလာရတယ်၊ ကျွန်တော် စာမတတ်ပေတဲ့ တွေးခေါ် ဆင်ခြင်တတ်လာတယ်၊ ပီမိုးနင်း၊ လူထုဦးလှ၊ ဂျာနယ်ကျော်မမလေးတို့ရဲ့စာတွေကို ကြားနာရတဲ့အတွက် တော်ရုံဒုက္ခကို ဒုက္ခလို့မမှတ်တော့ဘူး။ ဘဝကို ရင်ဆိုင်ရဲလာတယ်၊ သတ္တိရှိလာတယ်၊ အဲဒီနောက် ကျွန်တော် ဘယ်တော့မှ



မငိုတော့ဘူး၊ ငိုတယ်ဆိုတာ အရှုံးပေးတာပဲမဟုတ်လား ဟင် ... မမလေး ....."

ညီထွေးသည် စာပေအတွေ့အကြုံမှ သူ၏ အဘိဓမ္မာရပ်များကို ကောက်ချက်ချလေသည်။ အမြဲလိုလိုပင် တွေးချိန်ရ၍ တွေးနေတတ်သော ညီထွေး၏ အသိဉာဏ်ဖွံ့ဖြိုးလာသည်မှာ မဆန်းတော့ပေ။

မီမီညိုသည် သူ့မောင်ငယ် ညီထွေးအကြောင်းကို မမောနိုင်၊ မပန်းနိုင် သူ့ချစ်ဆွေ မလေးခင်အား တနုံ့နုံ့ပြောပြနေ၏။

"မီမီညိုရဲ့ သံယောဇဉ်ကြီးဟာ တော်တော်ကြီးတာပဲ၊ နည်းတဲ့ သံယောဇဉ်မှ မဟုတ်ပဲလား မီမီညိုရယ်....."ဟု မလေးခင်ကပင် မနေနိုင်၍ နောက်ဆုံး ညည်းမိလေသည်။

[၄]

**နတ်တော်ရောက်ပြီ၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်**

ဆိုရိုးရှိသကဲ့သို့ ကောင်းကင်တစ်ခုလုံးတွင် မိုးသားတိမ်များ ထူထပ်နေသည်။ ကြယ်တို့သည် မမှိန့်တမှိန်လင်းလျက် ဆီးနှင်းများ တဖွဲဖွဲ ကျရောက်လာသဖြင့် အေးလိုက်သည်မှာ နေစရာမရှိ။

ရောင်စုံ လျှပ်စစ်မီးရောင်အောက်မှာ လူတို့ ပျားပန်းခပ် လူးလာခေါက်တုံ့သွားလာနေကြသည့် အင်ဖိုင်းခန်းမဆောင်ကား လူတွေနှင့် ပြည့်နှက်နေသည်။ အစားအသောက်ဆိုင်များတွင်လည်း လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။

ပဒေသာ ကပွဲရုံတွင် ကတ္တီပါကားကြီးမှာ ချထားသည်။ လယ်ပြင်တွင် ခုံများခင်းထားသဖြင့် ခုံများတွင် နှင်းငွေ့ပက်ဖျန်းကာ [illegible]စက်နေသည်။ ပွဲကြည့်သူ ပရိသတ်များသည် အနွေးထည် [illegible]ထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်သိုင်းခြုံထားကာ ပါးစပ်မှ အငွေ့တထောင်းထောင်း ထွက်နေသည်။

ပွဲရုံတွင် ပရိတ်သတ် ပြည့်လျှံနေသည့်အပြင် ကာထားသောအားမှလည်း တဖွဲဖွဲ လာရောက်ကြည့်ရှုကြသည်။ လူလျှံသော်လည်း အအေးဓာတ်ကတော့ လျော့ပါးသွားခြင်း အလျှင်းမရှိ၊ ခိုက်ခိုက်တုန်ချမ်းမြဲပင်တည်း။

မိမိညိုသာလျှင် ဇာတ်စင်ပေါ်မှာ ပူ၍နေသည်။ စိတ်အိုက်၍လား၊ ပူသော အဝတ်အစားကြောင့်လား မသိပေ။ ချွေးပင် အနည်းငယ်စို့ချင်သလိုလို ရှိလေသည်။

ကန့်လန့်ကာဖွင့်လျှင် မိမိညို၏ လက်အုပ်ချီလျက် ကပဟန်ကိုတွေ့မြင်ရလေ၏။ ရတ်ရတ်သဲသဲဖြစ်နေကြသော ပရိသတ်သည် မီးကိုရေနှင့်ဖျန်းလိုက်သည့်အလား တိတ်ဆိတ် ငြိမ်သက်သွားကြလေသည်။

မိမိညိုသည် ငွမ်းပုံလို ဖြူဖွေးသော ထိုင်မသိမ်းအင်္ကျီ၊ ငွေချည်ထိုးရင်ခံ အဖြူနုနု၊ စိမ်းပြာရောင် ငွေချည်ထိုး ကြိုးကြီးချိတ်ထဘီ၊ ပြာလဲ့လဲ့ဖျော့တော့တော့သော ပဝါပါးနှင့် လှနတ်သမီးလေးပမာ ကိုယ်ဟန်သွယ်ပျောင်းနေ၏။ "ကိုယ်ဟန်ပျော့ပျောင်း...သွယ်နွဲ့နှောင်း...." ဟူသော အမည့်နှင့် လိုက်လျောလေသည်။

မိမိညို၏ ယိုးဒယားအကသည် ညက်၏။ ပျော့ပျောင်း ကော့ပျံသော လက်ကလေးများသည် ရှည်လည်းရှည် သွယ်လည်းသွယ်ကာ အကကို ပို၍နွဲ့စေသည်။ ထဘီ အဖျားခတ်ပုံကလည်း ဒေါင်းမြီးပမာ ကွေးပိုက်ကာ ဆိုင်းချက်နှင့် ခြေထောက် ဆတ်ခနဲ အချတွင် ဝါရင့်သဘင်သည်ကို ကြည့်ရသကဲ့သို့ ရင်သပ်ရှုမောလောက်ပေသည်။

ကြော့ရှင်းသေးသွယ်သော မိမိညို၏လည်တိုင်သည် နော်ဇာကုံးနှင့် တင့်တယ်လှပလေ၏။ ဆံမြိတ်ချဆံထုံးတွင် ပန်ထားသော သဇင်



ပန်းခက်အစစ်တို့သည် ကျက်သရေ ဆောင်လွန်းလှလေသည်။

အပေါ်သို့ လှန်ကြည့်သော မျက်လုံးရွဲကြီးများသည် ဝင်းခနဲ ဝင်းခနဲ စိန်နားပွင့်ပမာ တောက်ပ၍ ပြုံးနေသော နှုတ်ခမ်းလေးသည် ငုံအာပွင့်လာသော နှင်းဆီငုံနှင့်တူလေသည်။ သွားကလေးများသည် ပုလဲရောင်လက်၊ လရောင်ပြက်သကဲ့သို့ ရှိလေသည်။

မေးကလေးကို ဆတ်၍ ဆတ်၍ ကသွားသည့်အခါတွင် ပရိသတ်တို့၏ မျက်နှာသည် ချိုပြုံးလာ၏။ သူတို့၏ မျက်နှာတွင် ပီတိဖုံးသော အပြုံးပန်းများပွင့်လာ၏။

ချွေးထွက်၍ မောဟိုက်လာသောအခါတွင်ပင် ကကြိုးမှာ ဆုံးသွားလေသည်။ အက ရပ်သွားသည်နှင့် တစ်ပြိုင်နက်တည်း လက်ခုပ်သံများသည် တဖျောင်းဖျောင်းနှင့် မြည်ဟည်းလာလေတော့သည်။

ကတ္တီပါကားလိပ် ချပြီးသည့်အထိပင် လက်ခုပ်သံများမှာ မစဲဘဲ ပွဲတင်ဟည်းကာ ကျန်ရစ်လေသည်။

× × × × ×

"မိမိညို မိမိညို ....."

"မိမိညို ....."

နောက်မှ တစ်စုံတစ်ယောက်၏ခေါ်သံကြောင့် မိမိညို၏ ခြေလှမ်းများသည် တုံ့ခနဲရပ်လိုက်မိလေသည်။ မိမိညို၏အဖော် "ဂျူးဒစ်" ပါ မိမိညိုနှင့်တွဲ၍ ရပ်လိုက်လေသည်။ ဂျူးဒစ်သည် မိမိညိုတို့ အဆောင် (၁)မှဖြစ်၍ မိမိညိုကဲ့သို့ပင် အိမ်မပြန်သော အဖော်ဖြစ်သည်။ ဂျူးဒစ်သည် ကယားပြည်နယ်သူ ဖြစ်သည်။

မိမိညိုတို့ ရပ်နေရာသို့ တစ်စုံတစ်ယောက် အမောတကော ခပ်သွက်သွက် လျှောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိမိညိုရယ် ခေါ်လိုက်ရတာ တော်တော်နဲ့ မကြားနိုင်ဘူး"

မိမိညိုအနီးတွင် ရပ်လာသူကို မိမိညိုသည် တအံ့တသြငေး၍သာ ကြည့်နေမိသည်။ အသက် အစိတ်ခန့်ရှိ၍ ရုပ်ရည်သန့်ပြန့်သော လူငယ်လူရွယ်လေးတစ်ဦး ဖြစ်သော်လည်း ညှိုးနွမ်းသောအဝတ်အစားကိုသာ ဝတ်ထား၏။ ရှပ်ဖြူလက်တိုမှာ လည်ကုပ်တွင် အနည်းငယ် စုတ်ဖွာ၍ ချည်လုံချည် အကွက်အရောင်မှာ ဖျော့တော့နေပေသည်။

လှိုင်းတွန့်တွန့် နဂို ကွေ့လိမ်နေသော ဆံစတို့သည် နဖူးပေါ်တွင် ဖရိုဖရဲ ဝဲကျနေသည်။ အရပ် မနိမ့်မမြင့်၊ အသားညိုစိမ့်စိမ့်၊ ပြေပြစ်သော နဖူး၊ ထူထဲသော မျက်ခုံး၊ စူးရှတောက်ပြောင်သော မျက်လုံးများ၊ နှာတံစင်းစင်း၊ ပါး၍ တင်းတင်းစေ့ထားသော နှုတ်ခမ်းများ၊ ခိုင်မာသော မေးရိုးနှစ်ဖက်၊ ချွန်းသော မေး နှင့် သူသည် တင့်တယ်ဖွယ်ရာသော ရုပ်ရည်ရှိပေသည်။

ခိုင်မာသော လည်တံ၊ ပခုံးကျယ်ကျယ်နှင့် ယောကျ်ားပီသသော အသွင်ကိုလည်း တွေ့မြင်ရလေသည်။ လက်ကြား ညှပ်ထားသော စီးကရက်ကို ပါးစောင်တွင် ခဲ၍ အားရပါးရ ရှိုက်ဖွာရင်း မိမိညို့အား စေ့စေ့ကြည့်နေသည်။

"ကိုသန်းထိုက် ....."

"ဟုတ်ပါတယ် ဗျ ..... သန်းထိုက် ပါ၊ လူက တစ်ပြားဖိုးမှ မထိုက်ပေမယ့်လည်း ..... အမေ မသေခင်ပေးထားခဲ့တဲ့ နာမည်ကတော့ သန်းထိုက်တဲ့ဗျ၊ မိမိညိုက ကျွန်တော့်ကို မှတ်မိသားပဲနော်....."

"ဘယ့်နှယ် မမှတ်မိဘဲနေပါ့မလဲ ရှင် ..... ကျွန်မဟာ လူတစ်ယောက်ကို လွယ်လွယ်နဲ့ မေ့တတ်တဲ့အစား မဟုတ်ပါဘူး ....."

"ဟာ ..... ဒီလိုဆိုရင် ကျွန်တော်ကျေနပ်ပြီ ..... အများကြီး ကျေနပ်ပြီ ....."



ကိုသန်းထိုက်ကား ညာလက်ကိုမြှောက်ကာ ရယ်ရယ်မောမော ပြောလိုက်လေသည်။ မိမိညိုသည်လည်း ပြုံးမိလေသည်။

မိမိညိုအဖော် ဂျူးဒစ်သည် မိမိညိုကိုတလှည့်၊ ကိုသန်းထိုက်ကို တစ်လှည့် ငေးမောကြည့်ရှုနေသည်။ မိမိညိုကို ဂျူးဒစ်အံ့သြနေသည်။ မိမိညိုတွင် ယောကျ်ား အသိမိတ်ဆွေရယ်လို့ မရှိခဲ့။ မိမိညိုသည် ရုပ်ရည်လေး သနားကမားရှိသလောက် အလွန် အနေကုပ်ခဲ့သူ ဖြစ်သည်။

"ကိုသန်းထိုက် ဘယ်ကဘယ်လို ပေါ်လာပြန်တာလဲ၊ မြုပ်နေတာ တော်တော်ကြာပြီနော် ....."

"ကျွန်တော်လား ....."ဟု ကိုသန်းထိုက်ကား ပခုံးတွန့်ကာပြုံးရင်း ပြန်မေးခွန်းထုတ်လိုက်လေသည်။

"ကျွန်တော့်အကြောင်း ပြောရမှာ အရှည်ကြီးရယ် မိမိညို၊ ဝတ္ထုတစ်ပုဒ်စာလောက် ဖြစ်လာမှာပဲ ထင်တယ် ....."

"ကြားသင့်သလောက်တော့ ကြားပြီးပါပြီ ....."

"ဆိုစမ်းပါဦး .... ဘာတွေများ ကြားသလဲ ...."

"ကြားတာတော့ အစုံပါပဲ....."

"ဘာတွေများ ကြားသလဲ မိမိညိုရယ် ပြောပါဦး ....."

"ကိုသန်းထိုက်ရဲ့ မိထွေးက ကိုသန်းထိုက်ကို အဆိပ်ခတ်လို့ ကိုသန်းထိုက်ရဲ့ ညီမလေးက အဆိပ်ဆေးပါတဲ့ကော်ဖီ သွားသောက်မိတာ ဆုံးသွားတဲ့အကြောင်း၊ ဒီတုန်းက ကိုသန်းထိုက်က မိထွေးကို ဓားနဲ့ထိုးမလို့ဆို ..... ဆေးကလူတွေ ဝိုင်းဆွဲလို့ လွတ်သွားရတယ်တဲ့ .... ဟုတ်လား....."

"ဩော်.....ဒါတွေ အကုန်ကြားတယ်လား....."

"ကြားတယ် ..... ကြားတယ် ..... ဒါတွေကြားရတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး ကိုသန်းထိုက်ရယ် .....”

“ကျွန်တော့်ညီမလေးက ကျွန်တော့်အစား ဝင်ခံသွားရရှာတာ၊ ကျွန်တော် ခေါင်းသထွက်လွန်းလို့ အသေထိုးမလို့ဘဲ .... ဘေးလူတွေ ဝင်တားလို့ဗျ .....”

“တရားဥပဒေအတိုင်း ဖြစ်ပါလိမ့်မယ် ရှင် .....”

ကိုသန်းထိုက်သည် မီမီညို၏စကားကြောင့် ပြုံးမဲ့မဲ့နှင့် ခေါင်းခါပြလေသည်။

“အဲဒီ တရားဥပဒေကလည်း လူနှစ်မျိုး နှစ်စားအတွက် နှစ်မျိုးရှိတယ် ဆိုတာ မီမီညို မသိရှာလားဗျာ၊ ကျွန်တော့် မိထွေးက ဒီတုန်းက နိုင်ငံရေးပါတီ ခေါင်းဆောင်တွေနဲ့ အလွမ်းနေတော့ဗျာ ..... ထိပ်ပိုင်းကို လိုက်လိုက်တာ သက်သေ မရှိဘူးဆိုပြီး တရားသေ လွှတ်လိုက်တယ်ဗျ၊ သူက ဘယ်လိုလူမျိုး အစိုးရဖြစ်ဖြစ် သင့်အောင် ပေါင်းတာဗျ၊ သူပေါင်းသမျှ ‘ဆင်’ဆိုတဲ့ ထိတ်ထိတ်ကြဲကြီးပဲ .....”

“ဒါတွေ အသာထားပါဦးလေ ..... ကိုသန်းထိုက် ပုဒ်မ(၅)နဲ့ ထောင်ကျတယ်ဆိုတာကော ဟုတ်သလား.....”

“တပ်ဦးလူငယ်ခေါင်းဆောင်အဖြစ် ကျွန်တော် ထောင်ကျခဲ့သေးတယ်....မန္တလေးမှာ နေတုန်းကပေါ့၊ ဒါကြောင့် ကျွန်တော့်အကြောင်းတွေ အရှည်ကြီးလို့ မီမီညိုကို ပြောနေတာပေါ့၊ နောက်တော့ အေးအေးဆေးဆေး ပြောပြပါဦးမယ်၊ ဒါထက် အခု မီမီညို ဘယ်လဲ .....”

“ကျွန်မတို့လည်း ဂျူးဒစ်ရဲ့ ပလောင် အကခန်း မရောက်ခင် ဆာလို့ မုန့်ထွက်စားကြမလို့၊ သြော်...မိတ်ဆက်ပေးရဦးမယ်၊ သူက ကျွန်မရဲ့ သူငယ်ချင်း ဂျူးဒစ်လေ .... ကယားပြည်နယ်က အမျိုးသမီးပေါ့။ ဂျူးဒစ်ရေ .... ကိုသန်းထိုက်ကတော့ မီမီညိုတို့မြင်းခြံနားက နွားထိုးကြီးမြို့ ဇာတိပဲ၊ မန္တလေး ယူစီတက်တော့ အတူတူပဲ ....”



“သြော် .... တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မနဲ့ မီမီညိုက သိပ်ကို ခင်ပါတယ် ....”

ဂျူးဒစ် က ဝမ်းသာစွာ ပြောပြနေသည်။ ကိုသန်းထိုက်သည် ပြုံးလျက် ခေါင်းညိတ်ပြကာ .....

“ကိုင်း ..... ဒီလိုဆိုရင် မီမီညိုနဲ့ သူငယ်ချင်းကို တစ်ခုခုကျွေးပါရစေဗျာ၊ မီမီညို မငြင်းနဲ့၊ ကျွန်တော် ကျွေးရမှ ကျေနပ်နိုင်မယ်၊ ကဲလာ.....ပြောနေကြတယ်၊ စားရင်း၊ သောက်ရင်း စကားပြောကြတာပေါ့ဗျာ၊ လာပါ .....”

မီမီညို ပါးစပ် မဟခင်မှာပင် ကိုသန်းထိုက်သည် စကားကို ပိတ်၍ ပြောလိုက်လေသည်။ ထို့နောက် ကိုသန်းထိုက်သည် စီးကရက်တိုကို ဘေးသို့လွှဲပစ်ကာ ရှပ်အင်္ကျီအိတ်ထဲမှ နောက်တစ်လိပ် ထုတ်ယူ၍ မီးညှိသောက်ပြီး ရှေ့မှ စိတ်မြန် လက်မြန် ထွက်လာခဲ့လေသည်။

မီမီညိုနှင့် ဂျူးဒစ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကိုသန်းထိုက် နောက်မှ လိုက်လာကြလေသည်။

“ကိုယ် အဝတ်အစားလဲရဦးမယ်.... အချိန်မီပါတယ်နော်”

စည်ကားသော လူအုပ်ကြားထဲမှ တိုးဝှေ့လာကြရင်း ဂျူးဒစ် က စိုးရိမ်စွာ မေးလိုက်လေသည်။

“မီပါတယ် ဂျူးဒစ်ရယ် ..... ဂျူးဒစ်မျက်နှာမှာ မိတ်ကပ်လိမ်းပြီးသားပဲဟာ၊ သိပ်မကြာစေရပါဘူး .... ခုစားပြီး ခုပြန်မှာပဲဟာ....”

ကွင်းပြင်တစ်ခုလုံးတွင် ဝါးလုံးတိုင်စိုက်ကာ လျှပ်စစ်မီးများ သွယ်တန်းထားသဖြင့် ရောင်စုံမီးတန်းများသည် လင်း၍ထိန်နေသည်။ လဟာပြင်ဖြစ်၍ အေးစက်စူးရှသော ဆောင်းလေအကြားတွင် ခိုက်ခိုက်တုန် ချမ်းကြလေသည်။ မီမီညိုနှင့် ဂျူးဒစ်တို့သည် ဆွယ်တာကိုယ်စီ ဝတ်လျက်ကပင် ချမ်း၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဖိုင်းခန်းမ၏နောက်ဆွယ်တွင်ကား အလင်းရောင် မရောက်သဖြင့် အနည်းငယ် မှောင်ရိပ်သန်းနေသည်။ ကစားရုံများတွင် ကားလူများ စည်ကားနေ၏။ မြားပစ်၊ ဘောလုံးသွင်း စသည့် ကစားနည်းမျိုးသည် လူငယ်တို့ စိတ်ဝင်စားစရာ ဖြစ်လေ၏။

မီမီညိုသည် ဂျူးဒစ်နှင့် လက်တွဲကာ ကိုသန်းထိုက်၏ခြေလှမ်းကို အမီလိုက်နေရသည်။ ဂျူးဒစ်သည် မီမီညို၏အနီးသို့ တိုးကပ်ကာ လေသံဖြင့် .....

"မီမီညိုရဲ့လူကလည်း စိတ်မြန်လိုက်တာ အလွန်ပဲ....."ဟု ပြောလိုက်၏။

"ဂျူးဒစ်ကလည်းကွယ် .... ကိုယ့်လူမဟုတ်ပါဘူး–သူငယ်ချင်းပါ" မီမီညိုက ဂျူးဒစ်အား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"အေး–အေး.....သူငယ်ချင်း သူငယ်ချင်း၊ ကိုယ်ယောင်သွားလို့ပါကွယ်....."

ဂျူးဒစ်သည် ရွှတ်ပြက်ပြက် မျက်နှာထားလေးနှင့်ပြောလိုက်ရာ မီမီညိုက ဂျူးဒစ်လက်ကို လှမ်းဆိတ်လိုက်လေသည်။ ဂျူးဒစ်သည် သဘောကျစွာ ရယ်မောနေသည်။

"ရုပ်ကလေးက မခေပါဘူး ..... ဒါပေမဲ့ သူ့ရဲ့အဖြစ်တွေက ကြောက်စရာကြီးပါလား ဟင် ... မီမီညို၊ သူ့အကြောင်းတွေကြားရတော့ ယူ မကြောက်ဘူးလား ....."

"အို.... ဘာကြောက်စရာရှိလဲ၊ သူဟာ လူကောင်းတယောက်ပဲ၊ ကိုယ့်အဖေ မြင်းခြံမှာ ဆုံးတုန်းကဆိုရင် ငွေအားရော၊ လူအားရော အကူအညီပေးခဲ့တယ်၊ သူဟာ မိတ်ဆွေကောင်းတစ်ယောက်ပါပဲ ဂျူးဒစ်ရယ်...."

"အေးလေ..... အဲဒီမိတ်ဆွေကောင်းတစ်ယောက်ကလည်း ချစ်သူ



ကောင်းတစ်ယောက် ဖြစ်လာနိုင်တာပဲ မဟုတ်လားကွဲ့....."

ဂျူးဒစ်က သူ့ဝသီအတိုင်း လေးလေးပင်ပင်ပြောလိုက်သည်။ မီမီညိုသည် "ဟယ် ..... ဂျူးဒစ်ကလည်း မဟုတ်တာ သိပ်ပြောတာပဲ.. ..."ဟု ဆိုမြည်ရင်း တွန်းလိုက်၏။ ဂျူးဒစ်သည် တစ်ဖက်သို့ ယိုင်သွားကာ တသောသော ရယ်မောနေသည်။ ဂျူးဒစ်၏ ခြေထောက်တစ်ဖက်သည် ရွှံ့မြေထဲသို့ စွက်ခနဲနင်းလိုက်မိသောကြောင့် မီမီညိုကပါ ရယ်မောမိလေ၏။

ဆည်းလည်းသံလေးများကို ကြားရသော ကိုသန်းထိုက်သည် နောက်သို့ လှည့်ကြည့်ကာ "မီမီညိုတို့ ကျွန်တော့်အတင်း ပြောလာကြတယ်နဲ့ တူတယ်....."ဟု မလုံမလဲ မေးလိုက်လေသည်။ ကိုသန်းထိုက်၏ မျက်လုံးများသည် ဝင်းလက်တောက်ပကာ အလွန်ပင် လျင်မြန်ဖျတ်လတ် ပုံရလေသည်။

"မဟုတ်ပါဘူး ....."ဟု မီမီညိုက ဖြေရင်း၊ ကိုသန်းထိုက် မမြင်ကွယ်ရာ၌ ဂျူးဒစ် အား မျက်စောင်း ထိုးလိုက်လေသည်။

ကစားရုံတစ်ခုသို့ရောက်လျှင် ကိုသန်းထိုက်သည် မီမီညိုဘက်သို့ လှည့်၍ "မီမီညို ခဏနော် ....."ဟု လက်ပြပြီး ကစားရုံ အဝမှနေကာ အစောင့်တာဝန်ကျသူ ကျောင်းဆရာမတစ်ယောက်အား....

"ကျွန်တော် မြားတစ်ချက်လောက် ပစ်စမ်းပါရစေဗျာ"ဟု ခွင့်ပန်လိုက်၏။

အသက် လေးဆယ်ခန့် ဆရာမတစ်ယောက် ထွက်လာကာ .....

"ဉာဏ်စမ်းဖြေတဲ့ အောင်လက်မှတ်ပြပါ....."

"ဩော် ..... လက်မှတ်နဲ့မှပစ်ရမှာလား....."

"ဟုတ်တယ်ကွဲ့..... မင်း ပစ်ချင်ရင်တော့ ဉာဏ်စမ်း စာမေးပွဲ မနက်ဖြန် လာဖြေလှည့်ပေါ့....."

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ကျောင်းသားအမှတ်နဲ့ပြောနေ၏။ သူ၏ရုပ်ရည်က လည်း ကျောင်းသားပမာ နုနယ်လွန်းလှသည်။ မိမိညိုနှင့် ဂျူးဒစ်တို့ကမူ ပြုံးနေကြသည်။

ကိုသန်းထိုက်သည် "ခဏလောက် လက်တည့်စမ်းပါရစေ"ဟု အထပ်ထပ်ပြောသောအခါ ဆရာမများက ခွင့်ပြုလိုက်သည်။

ကိုသန်းထိုက်သည် မြားသုံးချောင်းကိုချိန်၍ တစ်လက်ပြီးတစ်လက် ပစ်လိုက်ရာ၊ မြားသုံးချောင်းစလုံးပင် ဒိုင်ခွက်အလယ်ဗဟိုအနီဝိုင်းတွင် သွားစိုက်နေ၏။ ကစားရုံသို့ ပစ်ရန် စုဝေးလာကြသော ကျောင်းသား များသည်လည်းကောင်း၊ တာဝန်ကျသော ဆရာမများသည်လည်း ကောင်း၊ ကိုသန်းထိုက်အား တအံ့တဩ ငေးမောကြည့်ရှုနေကြ၏။

ကိုသန်းထိုက်သည် ကျေးဇူးတင်စကားပြောကာ ကစားရုံမှ ထွက်ခဲ့ လေသည်။

"ကိုသန်းထိုက်က တော်တော်လက်တည့်တယ်နော် ....."

မိမိညိုက ဆိုလျှင် .....

"ကျွန်တော် ကျင့်ထားတာ ....."ဟု အမှန်အတိုင်း ဝန်ခံလိုက်လေ သည်။

"သေနတ်ပစ်ပြိုင်ပွဲမှာလည်း ပထမ ရဖူးသေးတယ်မဟုတ်လား"

မိမိညိုသည် လမ်းလျှောက်ရင်း မေးလာ၏။

"မိမိညို့ကို ဘယ်သူ ပြောသလဲ ....."

"သတင်းစာထဲတွေ့လိုက်လို့ ...... သန်းထိုက်ဆိုတော့ ကိုသန်း ထိုက်ပဲ ဖြစ်မှာပဲလို့တွေးမိတာပါ ....."

"ဟုတ်ပါတယ် ..... အဲဒီတုန်းက ကျွန်တော် အပြင်လူအနေနဲ့ ရ လို့ အတော်ခံပြင်းကြသေးတယ်၊ ခက်တာက လူတွေက ကိုယ့်ကိုယ် ကိုယ် အထင်ကြီးသလောက် တစ်ဖက်သားကို အထင်သေးတာကိုးဗျ။



ကြိုးစားရင် ကြိုးစားသလို ဖြစ်တယ်ဆိုတာ ထည့်မှမတွက်ဘဲ။ သူတို့ အထင်သေးတဲ့ လူကများ အောင်မြင်လာပြီဆိုရင် ဝိုင်းမုန်းကြတာပဲ၊ အဲဒီလူတွေကို ကျွန်တော် စက်ဆုပ်တယ်ဗျာ ....."

"ကိုသန်းထိုက်က လူတွေကို တော်တော် စိတ်နာနေတယ်ထင်ပါရဲ့ ....."

"စိတ်နာတယ်ဆိုရင် ကျွန်တော် ရှုံးတာပေါ့ဗျ ...... ဂရုကိုမစိုက်ဘူး ဆိုရင် ပိုမှန်လိမ့်မယ် ......"

မိမိညိုသည် ကိုသန်းထိုက်အား အံ့ဩစွာငေးကြည့်လျက် .....

"ခု ကိုသန်းထိုက် ဘယ်မှာနေသလဲ ....."ဟု ကောက်၍မေးလိုက် လေသည်။

"ရေကျော်မှာ ကျော်မောင်ကြီးနဲ့အတူတူလေ ..... သူ့ဆီမှာ ကပ်နေ ရတယ်....."

"ထိပ်ပြောင် ကိုကျော်မောင်ကြီးလား....."

"မိမိညို၏စကားကြောင့် ဂျူးဒစ်မှာ ခစ်ခနဲ ရယ်မောမိ၏။

"ဟုတ်တယ်..... ကျွန်တော်တို့ ရတနာပုံဆောင်ကပဲလေ....."

"သူလည်း ရန်ကုန် ရောက်နေတာကိုး ....."

"သူက ဓာတ်ပုံသတင်းထောက်လေ ..... စောစောက မိမိညို ယိုးဒယား ကတုန်းကတောင် ဓာတ်ပုံတွေ အများကြီး ရိုက်သေးတယ်၊ မိမိညို အမှုမဲ့မို့ မသိတာ ....."

"ဟင် ..... ဟုတ်လား ....."

မိမိညိုတို့သည် အစားအသောက်ဆိုင်တန်းသို့ရောက်လျှင် စမ်းတဝါးဝါးနှင့်လျှောက်ရင်း နောက်ဆုံး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်ကြလေသည်။

ကိုသန်းထိုက်သည် မုန့်ဟင်းခါး သုံးခွက်မှာရင်း ကောင်းကင်သို့

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်လေသည်။ ကြယ်ပွင့်တို့သည် လျှပ်စစ်မီးနှင့်အပြိုင် ထွန်းပနေသည်။

"ကဲ ...... ကျွန်တော့်အကြောင်းတွေပဲ ပြောနေရတယ်၊ မိမိညို့အကြောင်းတွေ ပြောပြပါဦး၊ ဟိုကောင် ဘယ်သူတဲ့လေ ..... ညီထွေး ...... ညီထွေး နေကောင်းရဲ့လား ....."

"ကျွန်မအကြောင်းကလည်း အရှည်ကြီးရယ် ပြောရမှာ ..... အဘဆုံးကတည်းက ကသီလင်တဖြစ်ခဲ့တာ၊ အမေက မလိုင်ဖိုလုပ်ငန်းကို ဆက်လုပ်တယ် ..... ဈေးထဲမှာပဲ သနပ်ခါး တောင်းဖာဆိုင် ထွက်လျက်ပါပဲ၊ ကိုဦးလေ မှတ်မိလား ....."

"အကြီးဆုံးလား ....."

"ဟုတ်တယ်၊ သူက နယ်ပိုင်ဝန်ထောက် ဖြစ်သွားပြီ၊ အိမ်ထောင်နဲ့ ..... တစ်လ တစ်လ ငါးဆယ်၊ တစ်ရာတော့ ထောက်ပါတယ်။ မမသီကတော့ အမေရိကားမှာ ပညာသင်လက်စနဲ့ စတိတ်စကော်လာ ရလို့ ဘာသာရေးဆိုင်ရာ (P.h.D) သွားယူတယ်။ သူ့ကို ငွေပို့ပေးရတယ်..... ကိုလတ်ကတော့ ကျောင်းသားပဲ ..... အငယ်ဆုံးမ စီစီညိုလည်း ကျောင်းသူ၊ ပြီးတော့ ညီထွေးက သိတဲ့အတိုင်းပဲ၊ သူတို့အားလုံး တာဝန်ကို ကျွန်မ ယူရတယ်။ အမေကလည်း အသက်ကြီးတော့ အရင်လို အလုပ် မလုပ်နိုင်တော့ဘူးမဟုတ်လား"

"ခု မိမိညိုက အလုပ်က ခဏထွက်ပြီး ဆရာဖြစ်သင်တန်း တက်ရတယ်လား ....."

"ဟုတ်တယ် ကိုသန်းထိုက်။ ခု ကျွန်မ ဒီလိုလာတက်တာဟာ P.A.T (အလယ်တန်းပြ ဆရာမ) အတွက် နောင်တစ်သက် ခိုင်မြဲတဲ့ အခြေခံပဲ၊ ကလေးတွေအတွက်လည်း ကောင်းတယ် ......"

"ဘယ်နနှစ် တက်ရမလဲ ....."



"နှစ်နှစ် ....."

"ဒီနှစ်မှ စတက်တာလား ....."

"ဟုတ်ကဲ့ ....."

ကိုသန်းထိုက်သည် မိမိညို၏ လှပနုနယ်သောမျက်နှာလေးကို ငေးကြည့်နေမိသည်။

အဖြူရောင် ကျော့ဂျက်အင်္ကျီပေါ်မှာ စိမ်းပြာပြာ သိုးမွေးဆွယ်တာ အဖြူခံတွင် စိမ်းပြာပွင့်ရိုက်ထားသော ဂျပန်ပိုးသားလုံချည်ကို ဝတ်ထားသည်။ မိမိညိုမှာ ယဉ်နု၍နေ၏။ အဖြူရောင် သဲကြိုးသေးသေးနှင့် ညှပ်ဖိနပ်အကြား ခြေချောင်းရှည်ရှည်သွယ်သွယ်လေးများသည် မိန်းမလှတို့၏အင်္ဂါရပ်ကို သက်သေထူဘိသကဲ့သို့ ရှိလေသည်။

အဖြူရောင်လက်မွေ့အိတ်ရှည်လေးကိုကိုင်ထားသော လက်ချောင်းလေးများသည်လည်း ရှည်လျားသွယ်ပျောင်းကာ လှပနေသည်။

ခေါင်းထက်တွင် ပန်ထားသော နှင်းဆီပွင့် အဖြူသည်လည်း ကားကားစွင့်စွင့် ပွင့်ကာ မိမိညို၏မျက်နှာနှင့် အလှချင်းပြိုင်သကဲ့သို့ ရှိလေသည်။ တဖျပ်ဖျပ် ပြိုးပြက်နေသော စိန်နားပွင့်တို့သည်လည်း မိမိညို၏အလှကို ဆလိုက်ထိုးပေးဘိသကဲ့သို့ ရှိလေသည်။

"ဩော် .... မိမိညို ... မိမိညို ... အမေကြီးလို ပူတတ်တာ အရင်တိုင်းပဲနော်၊ ညီထွေးအကြောင်း တသသ ပြောရင်း အရင်တုန်းကလို မျက်ရည်လည်သေးလား ...."

"ညီထွေးအကြောင်းပြောရင် အရင်ကလို မျက်ရည်လည်တုန်းပဲ၊ ဘာလို့လဲဆိုတော့ ညီထွေးအတွက် မျက်ရည်လည်မယ့်သူဟာ ဒီလောကကြီးမှာ အမေနဲ့ကျွန်မကလွဲပြီး ဘယ်သူများရှိသေးလဲ ကိုသန်းထိုက်ရယ်... သူဟာ အင်မတန် သနားဖို့ကောင်းတဲ့ ကလေးပါရှင်..."

ကိုသန်းထိုက်သည် ပင့်သက်ဖြာ၍ စိတ်မအေးရှာသူလေးအား

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာစွာ ကြည့်နေမိသည်။

စားသောက်ပြီး၍ နာရီကိုမြှောက်ကြည့်လျှင် ၈ နာရီ မိနစ် ၂၀ ခန့် ရှိပေပြီ။ သုံးယောက်သား ပြိုင်တူ ထကာ လမ်းခွဲဖို့ ခြေလှမ်းပြင်ကြလေသည်။

မုန်ညင်း၊ ဆလပ်၊ ပန်းဂေါ်ဖီ၊ မုန်လာ စသော စိုက်ပျိုးခင်းများသည် နှင်းရည်ကို သောက်သုံးကာ စိမ်းစိမ်းလတ်လတ် အရွက်ဖတ်ကြီးများသည် စိုပြည်လန်းဆန်းနေသည်။ ကျောင်းဝင်းရှိ စိုက်ပျိုးခင်းများသည် ကျောင်း၏ ကျက်သရေသာလျှင်တည်း။

ဘူးစင်တွင် အရွက်ဖားဖားကြီးများနှင့်အတူ အနွယ်အခက်၊ အညွန့်အဖူးတို့သည် ရက်လိမ်နွယ်တက်ကာ ကြီးမား၍ နုထွားသော ဘူးသီးများသည် ခံ့ထည်စွာ သီးနေကြသည်။ စိမ်းပြည်ပြည် ဘူးသီးနုထွားထွားကြီးများသည် နှင်းပွင့်များ တန်ဆာဆင်လျက် တည်ကြည်စွာ မယိမ်းမယိုင် မားမားကြီးနေကြ၏။

ဤအသီး ဤအပွင့် ဤအပင်ငယ်များကို မြင်လျှင် မိမိညီုတို့ ဆရာမလောင်းလေးများသည် ဝမ်းမြောက်ကြည်နူးရမြဲပင်တည်း။ နံနက် ၇ နာရီခွဲ ကျန်းမာရေးလေ့ကျင့်ခန်းအပြီးတွင် မိမိညီုတို့သည် စိုက်ပျိုးရေးအတွက် မြေတွင်းတူး၊ မြောင်းဖော်၊ မြေဆွ စသော လုပ်ငန်းရပ်များကိုလုပ်ခဲ့ရသည်။ ကလေးများကို မြေတောင်မြှောက်ကာ ပြုစုပျိုးထောင်မည့် ဆရာမလေးများ၏လက်တို့သည် အပင်များကို ရှင်သန်စေရန် မြေတောင်မြှောက်ပေးခဲ့ရသည် မဟုတ်လော ....။

ကျောင်းဖွင့်ချိန် ရက်သတ္တပတ်များတွင် မိမိညီုတို့မှာ နားရသည့် ရက်များမရှိခဲ့ပေ။ အမြဲတမ်းပင် မိုးလင်းမှ အိပ်ချိန်ထိ လှုပ်ရှားသွားလာလုပ်ကိုင်နေရသောသူများပင်တည်း။

နံနက် ငါးနာရီခွဲသည့်တစ်ပြိုင်နက် အိပ်ရာမှ ထကြရသည်။



ခေါင်းဖြီး၊ မျက်နှာသစ်၊ အဝတ်အစားလဲသော အလုပ်များကို အပြေးအလွှားလုပ်နေကြရသည်။ ကော်ဖီကိုပင် ဒရောသောပါး မျိုချရပြီးနောက်၊ ၆ နာရီခွဲတွင် P.T.ခေါ် ကျန်းမာရေးလေ့ကျင့်ခန်းသင်တန်းဆင်းရသည်။

သည့်နောက် ၇ နာရီခွဲတွင် စိုက်ပျိုးရေးတစ်ပတ်၊ မွေးမြူရေးတစ်ပတ်စီ လက်တွေ့သင်တန်းတက်ရသည်။ ၈ နာရီခွဲတွင် မောလည်းမော၊ ဆာလည်းဆာလာကာ ထမင်းစားရလေသည်။ အသက်ပြင်းပြင်းရှူ၍ စားရသောထမင်းသည် ဘယ်လို လည်ချောင်းမှ ကျသွားသည်ကိုပင် မသိလိုက်ပေ။

တနင်္လာနေ့တိုင်း နံနက် ၉း၃၀ တွင် ASSEMBLY ခေါ် အစည်းအဝေးအတွက် ခန်းမဆောင်ကြီးတွင် စုဝေးရသည်။ ကျန်နေ့များတွင်ကား ၁၀ နာရီမှစ၍ စာသင်ခန်းများသို့ သင်တန်း တက်ရလေသည်။ သည်ကြားထဲ အဝတ်လျှော်၊ ရေချိုး၊ အဝတ်အစားလဲခြင်းများကို အချိန်လုလုပ်ရလေသည်။ တနင်္လာနေ့မျိုးဆိုလျှင် ရေချိုးချိန်ပင် မရပေ။

သင်တန်းတစ်ချိန်လျှင် ၄၅ မိနစ် ပေး၍ ညနေ ၄ နာရီအထိ သင်တန်း များ ဆက်တိုက်ဆိုသလို တက်နေရသည်။ နှစ်ချိန်ပြီးတိုင်း ၁၀ မိနစ်ကလွဲ၍ စာသင်ကျောင်းများလို နားချိန်မရှိပေ။ နေ့လယ် ၁ နာရီ ၁၀ မိနစ်မှ ၁ နာရီ ၄၅ မိနစ်အထိ ပေးထားသော လက်ဖက်ရည်သောက်ချိန်ကား နာရီဝက်အတွင်း အာဟာရဖြည့်တင်းရသည်နှင့် အချိန်ကုန်၏။

အနား မရသော်လည်း မိမိညီုသည် ပျော်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိသည် ဘဝနောင်ရေးတည်း ဟူသော ရည်မှန်းချက်အတွက် ရုန်းကန် လှုပ်ရှားနေရသော သတ္တဝါတစ်ဦးမဟုတ်ပါလော။

ထို့ပြင် ကျောင်းဆရာဆိုသည်မှာ ပရဟိတ အတ္တဟိတ သူ့အကျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကျိုးကို စင်စစ်ပေးနိုင်သော လုပ်ငန်းရပ်လည်းဖြစ်ပေသည်။ မိမိညိုသည် သူ့ကိုယ်သူ လူလာဖြစ်ရသည်မှာ ကမ္ဘာလောကကြီးတွင် အပေါင်းလက္ခဏာအဖြစ် ရပ်တည်လာသည်ဟုလည်း အထင်ကြီးမိလေသည်။

အဘယ်ကြောင့်ဆိုသော် မိမိ လုပ်ဆောင်ကြိုးပမ်းသမျှတို့သည် နောင်တွင် မေတ္တာကရုဏာပန်းများပွင့်ပြီးသကာလ၊ တလူလူ အညွန့်အညှောက်လေးများဖြစ်သော ကျောင်းသား လူမမယ်လေးများကို ပညာရေကြည် သွန်းလောင်းရမည်ဖြစ်သောကြောင့်ပင်တည်း။

ကလေးများကို အဆိပ်ကျွေးသူမဟုတ်၊ ဆေးကောင်းများကို တိုက်ကျွေးရမည့်သူဖြစ်ရကား မိမိလမ်းကြောင်း ဖြောင့်မှန်အောင် တည့်မတ်ပေးသော ဤကျောင်းဗိမာန်ကြီးကား မူလတန်း၊ အလယ်တန်းများ၏ သင်ခန်းစာများ ပေါက်ဖွားရာ မိခင်မြေကြီးသာလျှင်တည်း။

သို့ကြောင့် ဤကျောင်းကြီးတွင် မိမိညို ပျော်ပါ၏။ ကြည်နူးမိပါ၏။ သာလည်း သာယာပါ၏။

သို့သော် .....

ဤသို့သော် သည် မိမိညိုအဖို့ အလွန် ကြီးမားသော ပြဿနာရပ်ဖြစ်ပေသည်။ ကျောင်းပိတ်ရက်များတွင် ဇာတိချက်ကြွေ မွေးရပ်မြေကို မပြန်နိုင်သဖြင့် ကျောင်းတွင် လူခြေတိတ်လေလေ၊ ရောဂါတိုးလေလေနှင့် နေမြင့်လေ အရှူးရင့်လေ ဖြစ်လာရသည်။

ကျောင်းပတ်ဝန်းကျင်တစ်ခုလုံးပင် တိတ်၍နေသည်။ အဆောင်၏ အရှေ့ဘက်တွင် ပေါက်ရောက်နေသော ဆိတ်ဖလူးပင်သည် ငုံးတိတိနှင့်ရှိရာသည်။ သီတင်းကျွတ်တုန်းကဆိုလျှင် အပွင့်တွေ လှိုင်လှိုင်ဝေကာ ဖူးပွင့်ခဲ့လေသည်။

ယခုတော့ ရာသီအခါ မဟုတ်သဖြင့် အပွင့်များတုံး၍နေပေပြီ။



ကတ်ကတ်သတ်သတ် အောက်ခြေ အကိုင်းအခက်တစ်ခုမှာ ရာသီမဟုတ် ပွင့်နေသော ဆိတ်ဖလူးပွင့်ငယ်တစ်ပွင့်သည် ညိုးလျော်၍ပင်နေရှာပေပြီ။

မိမိညိုသည် ထိုအပွင့်ငယ်ကို အသာခူးလျက် .....

“ဩော် ..... ဒီဆိတ်ဖလူးပွင့်လေးဟာ ငါလိုပဲ အထီးကျန်နိုင်လိုက်တာနော် .....”ဟု မြည်တမ်းရင်း တယုတယကိုင်၍ မွှေးလိုက်လေသည်။

× × × × ×

**သမီး မိမိညို .....**

ပေးစာကိုရ၍ အမေ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းရသည်။ ဝမ်းသာသည့်အကြောင်းက လုံမလေးဟာ အမေတို့အပေါ် သိတတ်ပြီး သံယောဇဉ်ရှိတော့ အမေတို့ ကံကောင်းတာပဲလို့ အောက်မေ့ရသည်။

ဝမ်းနည်းတာကတော့ လုံမလေးက အမေတို့အပေါ် တာဝန်ကျေသလောက် အမေက တာဝန်မကျေဘူး .... လုံမလေး ပြန်စရိတ်ငွေတောင် ပို့မပေးနိုင်တဲ့ အမေ့အဖြစ်ကို ဝမ်းနည်းပါတယ် လုံမလေးရယ်....

လုံမလေး ပြန်ချင်ရှာမှာပဲလို့ အမေတွေးလိုက်တိုင်း တွေးလိုက်တိုင်း စိတ်မကောင်းဖြစ်ရတဲ့ အချိန်ပိုင်းတွေဟာလည်း အမြဲလိုလိုပါပဲ...

ဘာမှမတတ်နိုင်တဲ့အဆုံးမတော့ နွေရာသီ ကျောင်းပိတ်ရက်တွေကို လက်ချိုးတွက်ရတော့မှာပေါ့ သမီးရယ်။ သမီးရဲ့ ကုသိုလ်ကံမွဲတာကို အမေတွေးတိုင်း စိတ်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲရပါတယ်ကွယ် .....

သမီးအဘ ကိုရင်တိုးလူသာရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ အထက်အညာကုန် အောက်ကုန် ကူးတာကတစ်မျိုး၊ မလိုင်ဖိုက တစ်မျိုး၊ ဆိုင်ဖွင့်ထားတာက တစ်မျိုး၊ လယ်မြေတွေက တစ်မျိုးနဲ့ ငွေလက်ဖျားသီးနေခဲ့ပါတယ်.....

သားတွေ သမီးတွေကို 'ထိပ်'ဆိုတဲ့ ကျောင်းတွေမှာ ထားနိုင်ခဲ့တယ်၊ ကိုဦးနဲ့ မိသီတို့ဆိုရင် သိပ်ဖြုန်းခဲ့တာပေါ့ကွယ်၊ လုံမလေး လက်ထက်ကျမှ ဒီလို နွမ်းပါးရတာ ကံတရားပဲလို့ အောက်မေ့ရတော့မှာပေါ့.....

ဘယ်သူမှ အပြစ်မဆိုသာဘူး သမီး .... ကိုဦးကလည်း ကလေး ၄ ယောက်နဲ့ အိမ်ထောင့်တာဝန် ထမ်းဆောင်နေရတော့ ဒါလောက် ထောက်ပံ့တာဟာ များတယ်တောင် အမေတို့ ယူဆရမှာပေါ့။ သီသီကျတော့လည်း အစိုးရပညာတော်သင် အခွင့်အလမ်းရတော့ နည်းတဲ့အခွင့်အရေးမှ မဟုတ်ဘဲကွယ် .....

ဒီလိုအခွင့်အရေးမျိုးရအောင် အမျိုးမျိုး ကပ်နေတဲ့ လူတွေကြားထဲက သီသီဟာ ဘာကျောထောက်နောက်ခံမှမရှိဘဲ ရတယ်ဆိုတော့ အမေ မတားမြစ်သာဘူး .....

ဘာပဲဖြစ်ဖြစ်လေ ..... တရားကိုသာနှလုံး သွင်းပါ လုံမလေး၊ သမာဓိတရားကို လက်ကိုင်ထားရင် ဘာမှ အားငယ်စရာ မရှိပါဘူး၊ ဖြစ်ရာဘဝမှာ ပျော်အောင် စိတ်ကို ရောင့်ရဲ တင်းတိမ်ခြင်းဟာ စိတ်ချမ်းသာမှု



အစပါပဲ .....

အမေ၏မေတ္တာစာတင်နဲ့ လုံမလေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ–ချမ်းသာ၍ ရွှင်လန်းပါစေ .....
အားလုံးပဲ ကျန်းမာရွှင်လန်းစွာ ရှိကြပါ၏။

အမေ–မငွေရီ

× × × × ×

အမေ၏စာသည် လေတွင် တဖျပ်ဖျပ် လွန့်လူးနေသည်။

မီမီညိုသည် အမေ့စာကိုကိုင်ကာ ငိုင်၍နေမိသည်။ အမေ့လက်ရေးများကား ကသီကရီ စာလုံးပေါင်း အမှားမှား အယွင်းယွင်း နှင့်ဖြစ်သော်လည်း စာကို စီကာပတ်ကုံး ရေးတတ်လေသည်။ တစ်ခါတစ်ရံ ကဗျာဆရာမများ၏ ရေးဟန်မျိုးအတိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသည်ဟု မီမီညိုက တင်စားမိလေသည်။

စင်စစ်သော်ကား အမေ့စာတွင် အပိုအလို မပါ။ ရင်ထဲမှ ဖွင့်အံထားသော စကားလုံးများကိုသာ အမေက ဖော်ထုတ်လေ့ရှိလေသည်။

အဆောင်၏အရှေ့တောင်ဘက်တွင်ရှိသော ကံ့ဘဲ့ကန်ကြီးနံဘေးတွင် မီမီညိုသည် တစ်ယောက်တည်းအတွေးနှင့် တွေဝေနေသည်။ မီမီညိုသည် ကန်စောင်း ဘူးစင်ဘေးတွင် ထိုင်လျက် မြသားကန် ရေပြင်တွင် လွင့်မျောလာသော ဗေဒါပင်နှင့် ဒိုက်သရောပင်များကို ငေးနေမိသည်။

ကမ်းအစတွင် တဲအိမ်ငယ်နှစ်လုံးသည် ဖောင်သဖွယ် ရေပြင်ပေါ်၌ ဆောက်ထားကာ ရေကို ကာပတ်၍ ဘဲများ မွေးမြူထားလေသည်။

ဘဲဖြူလေးများသည် ချစ်စဖွယ် ရေကူးနေကြသည်။

ကန်၏တစ်ဖက်ကမ်းတွင် ထုံးဖွေးဖွေးနှင့် စေတီဖြူဖြူလေးများ

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးဆူတို့ကို တောင်ကမူ အမြင့်၌ တွေ့မြင်နေရသည်။ ထိုစေတီများသည် ကံဘဲ့တစ်ဝိုက်နေ ဗုဒ္ဓဘာသာ အိန္ဒိယတိုင်းသားများ ကိုးကွယ်ကြသော စေတီဘုရားများဖြစ်သည်ဟု ဆိုကြသည်။

မိမိညိုသည် အမေ့စာကို လက်ကိုင်အိတ်ထဲသို့ပြန်ထည့်ကာ နောက်စာတစ်စောင်ကိုထုတ်လိုက်ပြန်သည်။ ထိုစာလည်း ဖောက်လက်စ ဖြစ်သည်။ ကိုသန်းထိုက်ထံမှစာ ဖြစ်သည်။

[၆]

**မိမိညို ......**

တခါမှ မရေးဖူးတဲ့လူဆီက စာဆိုတော့ အံ့ဩသွားမှာပဲနော် .....

မိမိညိုနဲ့ အင်ဖွိုင်းမှာ တစ်ခေါက်ဆုံပြီးကတည်းက စာရေးချင်တဲ့စိတ်တွေဟာ ပျောက်လို့မရဘူး။ မိမိညိုကို ပြောပြချင်တာတွေ အများကြီးပဲ.....

တကယ်တော့ ကျွန်တော်တို့ဟာ ဘဝတူတွေပဲ ..... ဘဝတည်မြဲရေးအတွက် ရုန်းကန်လှုပ်ရှားရင်း ဒုက္ခဆိုတဲ့ ပင်လယ်မှာ ကူးခတ်နေကြသူတွေပါပဲ၊ မိမိညိုကမှ ကိုယ်ရောက်မယ့် ဆိပ်ကမ်းသာကို မြင်တွေ့နေရသေးတယ်။ ကျွန်တော်ကတော့ ကျွန်တော်သွားရမယ့် ခရီးဆုံးကိုလည်း မမြင်ရဘူး၊ ခရီးဘယ်လောက် ရှည်မယ်ဆိုတာကိုလည်း မမှန်းဆတတ် ဘူး .....

မိမိညို မှတ်မိသေးလား ..... မန္တလေး ယူစီနေတုန်းက ကျွန်တော်က တပ်ဦးလူငယ်ခေါင်းဆောင်အဖြစ် စည်းရုံးတော့ မိမိညိုက ကျွန်တော့်ကို အများကြီး အကူ



အညီပေးခဲ့တာလေ။ ကျွန်တော်တို့ မဲအပြတ်အသတ်နဲ့ D.S.O. ကျောင်း သားတွေကို အနိုင်ထုတော့ ပျော်ကြလွန်းလို့ အိုးစည် ဗုံမောင်း နဲ့ ကျောင်းသားတွေ လှည့်ကကြတာ ဘယ်တော့မှ မမေ့ဘူး။

ဒီတုန်းက အောင်မြင်ခြင်းအထွက်အထိပ်ကို ရောက်ခဲ့ပါတယ် မိမိညိုရယ်.... ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်များ ရည်မှန်းထားတဲ့ ကျောင်းသားလူငယ်များအရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ကမ္ဘာငြိမ်းချမ်းရေးများကို တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သလောက် အကျိုးဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းခဲ့ပါတယ်။

ဒီနောက်တော့ အမှောင်တကာ့ အမှောင်ကြီးစိုးတဲ့ အနက်ဆုံးဆိုတဲ့ ချောက်ကြီးထဲကျခဲ့တယ် မိမိညိုရေ။

မိမိညို့ အဖေဆုံးတဲ့နှစ်မှာပဲ ကျွန်တော် အဖမ်းခံရတယ်လေ။

ပုဒ်မငါးဆိုတဲ့ သတ်မှတ်ချက်လေးဟာ နာမည်လေးယဉ်သလောက် ဘယ်လောက် ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ မိမိညို ကိုယ်တိုင်ခံစားဖူးရင် သိပါလိမ့်မယ်။

ရဲဝန်ထောက်က ကျွန်တော့်ကို မန္တလေးကနေ ရန်ကုန်ကို ရထားအထူးတွဲနဲ့ လိုက်ပို့ပြီး ဘားလမ်း အကျဉ်းထောင်မှာ သုံးရက် အချုပ်ခံရတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် စာကိုဖတ်နေရာမှ သက်ပြင်းတစ်ချက်ချကာ နားလိုက်လေသည်။

ပိန်ပိန်ပါးပါးနှင့် နွဲ့နွဲ့နှောင်းနှောင်းရှိသလောက် စိတ်ဓာတ်ပြင်းထန်သော ကိုသန်းထိုက် ကိုကား အရင်ကတည်းကပင် သိခဲ့၏။

တစ်ခါတုန်းကမူ နွားထိုးကြီးမြို့တွင် တရားဟောရင်း ချောင်းအလွန်အကျွံ ဆိုး၍ လည်ချောင်းကွဲကာ တံတွေးထဲ သွေးစများပါလာသည့်တိုင်အောင် ဆက်တိုက်မရပ်မနားဟောပြောနိုင်သည်ကို ကြားသိရလေသည်။

သူ၏ ဦးခေါင်းသည် သွေးချင်းချင်းနီသော်လည်း ဘယ်တော့မှ ဦးညွှတ်မည့်သူ မဟုတ်ပေ။ ယုံကြည်ချက်အတွက် အသက်စွန့်ရန် ဦးလေးသူမဟုတ်၊ ယုံကြည်ချက်ကို အသည်းထဲ သံမှိုစွဲနှက်သကဲ့သို့ စွဲစွဲ-မြဲမြဲ လက်ခံယုံကြည်သော လူငယ်တစ်ဦးလည်း ဖြစ်ပေသည်။

မိမိညိုသည် ကိုသန်းထိုက်၏ စာရှည်ကြီးကို ဆက်၍ ဖတ်မိပြန်သည်။

× × × × ×

အဲဒီတုန်းက ကျွန်တော် ငရဲကျခဲ့ပါတယ် မိမိညိုရယ် —

ညစ်ပတ်ပေရေပြီး အလွန်ကျဉ်းမြောင်းတဲ့ အခန်းတစ်ခုထဲ ရောက်သွားတယ် ..... မှောင်လည်း မှောင်နေတယ် .... အခန်းတစ်ခုလုံးဟာ (ကန်တော့ပါရဲ့) မစင်နံ့၊ သေးနံ့ဟာ ဟောင်နေတာပဲ၊ အသက်တောင် ဘယ်လိုရှူရမယ် မသိဘူး။

အခန်းထဲမှာ ကြွက်အိုကြီးတွေ ခဏခဏ ဝင်လာတယ်၊ နှုတ်ခမ်းမွေးရှည်ရှည်နဲ့ ...။ ပိုးဟပ်အဖြူ၊ အနီ



တွေကလည်း ဝင်လာမစဲ တသဲသဲပဲ။ ဟိုတက်ဒီတက်နဲ့၊ ကြမ်းပိုးနီကြီးများနဲ့ ခြင်ရိုင်းများကလည်း သောင်းကျန်းလိုက်တာ လွန်ပါရော။ အို ....ဒါတွေ ရေးပြရင် ဘယ်တော့မှဆုံးမှာ မဟုတ်ပါဘူး။

အချုပ်ခန်း ပတ်ဝန်းကျင်မှာ သွားလာနေတဲ့ စစ်ဖိနပ်သံများအပြင်၊ လမ်းပေါ်မှာ သွားလာနေကြတဲ့ ကားသံတွေဟာလည်း ဆူညံနေတာပဲ။

ဘားလမ်း အချုပ်ထောင်မှာနေတဲ့ သုံးညလုံးလုံးမှာ တစ်ရေးမှ အိပ်လို့မရခဲ့ပါဘူး။ ကျွန်တော့်ကို အင်းစိန်ထောင်ပို့ခါနီးဆဲဆဲ သုံးရက်အရ၊ တစ်ခါတည်း မူးမိုက်ပြီး ဗုန်းဗုန်းကျ လဲတော့တာပဲ၊ ဝဋ်ဆင်းရဲဆိုတာကို ကျွန်တော် နားလည်ပါ ပြီ မိမိညိုရေ့.....

ထောင်ဆေးရုံမှာ တစ်ပတ်လောက်နေပြီး အင်းစိန်ထောင် ရောက်တော့တာပဲ၊ ဒါနဲ့ တိုတိုပြောရရင် ထောင်နှစ်နှစ်ကျတယ် မိမိညို။

ထောင်ထဲမှာနေရင်း 'ငါ့ဘဝမှာ အမှောင်ကျတာဖြင့်နှစ်နှစ်တည်းရယ် ..... ညီတွေးဘဝမှာတော့ တစ်သက်လုံး'ရယ်လို့၊ ဒုက္ခရောက်တော့လည်း ကိုယ့်ထက် အဖြစ်ဆိုးတဲ့ လူကို တွေးရတာပဲလေ.....

ဒါပေမဲ့ တစ်နေ့ကျ ကျွန်တော့်အဖို့ အလင်းရောင်တွေ ကျရောက် လာပါလိမ့်ဦးမယ်။ Every cloud has a silver lining ဆိုတာလို မိုးသားတိမ်လိပ်တိုင်းမှာ ငွေနားကွပ်ရှိစမြဲပဲမဟုတ်လား။ နေမင်းအလင်းရောင် ဝင်းတောက်တဲ့နေ့ဆိုတာတွေလည်း လာဦးမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ညအခါတောင်မှ အမှောင်ချည်းပဲ မကြီးစိုးပါဘူး။ လမင်းထိန်ထိန်သာတဲ့အခါတွေလည်း ရှိခဲ့ပေသားပဲ။ ညတောင်မှ လသာနေတဲ့ညဆိုရင် ချစ်စရာမကောင်းဘူးလား။

အကောင်းကိုသာ ကြည့်တတ်သူများအဖို့ မိုးကောင်းကင်က ဝုန်းဝုန်းဒိုင်းဒိုင်း သွန်းချတဲ့ မိုးကိုတောင် မိုးပုလဲရယ်လို့ လှလှပပ တင်စားတတ်ကြတယ်။

ကြောက်စရာကောင်းလောက်အောင် ဝင်းဝင်းလက်လက် ပြိုးပြက်တောက်ပတဲ့ လျှပ်စီးကိုတောင် လျှပ်ပန်း လျှပ်နွယ်ရယ်လို့ သိမ်သိမ်မွေ့မွေ့ အမွှမ်းတင်တတ်ကြတယ် မဟုတ် လား။

တရှဲရှဲ အော်မြည်ပြီး တရကြမ်းတိုက်ခတ်တဲ့ လေသရမ်းကိုလည်း 'မိုးသက်လေ'လို့ ယဉ်ယဉ်ကျေးကျေး ဖွဲ့နွဲ့ပြောတတ်ကြတယ်။

ကောင်းကင်တစ်ခုလုံး ပြိုတော့မလို မည်း၊ သဲတော့မလို ရွာ၊ ပြာ ပြာ ဝေမှိုင်းပြီး လျှပ်ပစ်နေတာကိုတောင်မှ "သြော် ... မိုးပန်းဝေတယ်..."လို့ ဆိုနိုင်တာပေါ့ မိမိညို့ရယ်။

ကျွန်တော့်ဘဝမှာလည်း အရှုံးထဲကအမြတ်ထွက်ပြီး၊ အပြစ်ထဲက အကျိုး၊ အဆိုးထဲက အကောင်းကောက်ယူနိုင်ခဲ့လို့ ... မိုးပန်းတွေ ဝေခဲ့ပါပြီ မိမိညို့ရေ့ ...

"အကောင်း တစ်ဖက်တည်းကိုပင် ကြည့်တတ်သူပဲရယ်လို့ ရှင် ..... ပြောချင်ပြောကြပါလိမ့်မည် ..."ဆိုတဲ့ မာမာအေး သီချင်းလိုပေါ့၊ အကောင်းကိုသာပဲ မျှော်ကိုးစောင့်ကြို့တော့မယ် မိမိညို့ရေ့ ..... အကောင်းလာလည်း အကောင်း၊ အဆိုးလာလည်း အကောင်းပဲ မှတ်ယူရတော့မှာပေါ့။



ကိုင်း ... ကျွန်တော့်စာလည်း တော်တော်ကြီးကို ရှည်သွားပြီ၊ ဖတ်ရတာ စိတ်မရှည်ပါလေစ၊ သာယာတင့်ဆန်း မိုးထိ ပန်းပမာ ရွှင်လန်းပါစေ....

သန်းထိုက်
အိမ်နံ့ဝါတ် (......)
ယုဇနလမ်း–ရေကျော်။

[၇]

"ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှင်းဖုံးဖျက်....."

ပြာသိုလတွင် အချမ်းသည် လွန်ကဲ၍ လာလေသည်။ ကောက်နှံများကိုဖျက်မည့် ဆီးနှင်းများသည် တဖွဲဖွဲ သွန်ချလေသည်။ "ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်ချပြန်သော်" ဆိုဘိသကဲ့သို့ နှင်းများသည် တပေါက်ပေါက်ကျ၍သာ နေတော့သည်။

ကျောင်းပြန်ဖွင့်ရက်ဖြစ်သောကြောင့်၊ ကျောင်းကြီးကား ပြန်လည်စည်ကားလာလေသည်။

သို့သော် စနေနေ့လယ်ခင်းဖြစ်သောကြောင့် အိမ်ပြန်သူပြန်၊ အိပ်သူအိပ်ကြ၊ စာဖတ်သူ ဖတ်ကြနှင့် တစ်ဆောင်လုံး တိတ်ဆိတ်နေပြန်သည်။ မိမိညို့သည် အဝတ်များကို မီးပူထိုးရင်း သီချင်းတအေးအေးနှင့် နေ၏။

"ပြန်ချိန်သင့်ရင်ဖြင့် ပြန်ခဲ့မယ်ဆို ..... တာဝန်များ ထမ်းလျက်နေဆဲကို ..... မယုံရင် မေးကြည့်တော့ ရွှေကျီးညို ....

ရက်ငင်ခွာပြောင်းပါလို့ ညောင်းခဲ့ပြီဆို .....

www.burmeseclassic.com

www.burmeseclassic.com



နှောင်း နှောင်းမလေ့ဆီကို အောက်မေ့ပြောင်းရွှေ့သည်ကို၊ မကြည်ဆို မှန်ရာကိုဖြင့်နှော ပြောပြောတော့ ရွှေကျီးညို .....

ပြန်ရိုန်သင့်ရင်ဖြင့် ပြန်ခဲ့မယ်ဆို၊ တာဝန်များ ထမ်းလျက်နေဆဲကို ..... မယုံရင် မေးကြည့်တော့ ရွှေကျီးညို .....

(မနက်လာမှာလားဆို ..... နေ့လယ်ရောက်မှာလားဆို .... ညနေချိန် လာမှာလားလို့ ဗျာများနေစရာမလို .....)

မိမိညိုသည် သူ့အမိပွာယ်နှင့်သူသီဆိုရင်း သီချင်းကို သဘောကျနေသည်။

မလေးခင်သည် မိမိညို၏ ခြေရင်းခုတင်တွင် စာထိုင်ဖတ်နေရာမှ လှမ်း၍ စက္ကူစတစ်စနှင့်ပေါက်ကာ .....

"ဒီကျောင်းပိတ်ရက် မိမိညို မပြန်တာ အမြတ်ထွက်လိုက်တယ်ဆို ....."ဟု စကား စ လိုက်လေသည်။

"ဘယ့်နှယ် ....."

မိမိညိုကား နားမလည်နိုင်သဖြင့် မျက်မှောင်လေးကုပ်ကာ မေးလိုက်လေသည်။

"ဩော် ... မိမိညိုရဲ့ အဆက်ဟောင်းနဲ့ ပြန်တွေ့နေကြပြီ မဟုတ်လား ....."

"ဘယ်က အဆက်ဟောင်းလည်း မိမိညိုမှာ အဆက်ဟောင်းမှ မရှိဘဲနဲ့ ...."

"အံမယ် ... ကွယ်မနေပါနဲ့။ မိမိညို့ အဆက်နာမည် ဘယ်သူတဲ့ ဟေ့ .... မိဂျူး ပြောစမ်းဟေ့ ဘယ်သူလဲ ....."

မလေးခင်သည် အကျီချုပ်နေသော ဂျူးဒစ်အား လှမ်းမေးလိုက်လေသည်။

"လူက တစ်ပြားဖိုးမှမထိုက်ပေမဲ့လည်း အမေ မသေခင်ပေးထားတဲ့ နာမည်ကတော့ သန်းထိုက် တဲ့ဗျ ....."

ဂျူးဒစ်က ဟန်ပန်နှင့်ဖြေလိုက်ရာ မလေးခင်က သဘောကျစွာ ပြုံးမိလေသည်။

"သရဲမ ... မိမိုသူငယ်ချင်းပါလို့ ပြောနေတာ၊ ဂျူးဒစ် မကောင်းဘူး ကွယ် ....."

"အဆက်နဲ့ သူငယ်ချင်း အတူတူပဲ မဟုတ်ဘူးလား ....."

ဂျူးဒစ်က ခပ်တည်တည် မေးလိုက်လေသည်။

"ဂျူးဒစ်နော် ....."

"ကိုယ်မသိလို့ အကောင်းမေးတာပါကွဲ့ ..... မိန်းကလေးတစ်ယောက်အဖို့ ယောကျ်ားလေးသူငယ်ချင်းဟာ အဆက်အလောင်းအလျာ မဟုတ်လား၊ ဥပမာကွယ်...ဟို ...ဟို... ကြက်ဥဟာ တစ်နေ့ကျရင် ကြက်ပေါက်လေး ဖြစ်လာရမှာပဲ မဟုတ်လား၊ သူငယ်ချင်းဆိုတာ ကြက်ဥနဲ့တူတယ်၊ အဆက်ကတော့ ကြက်ပေါက် ...."

မိမိညိုသည် မီးပူထိုးရင်း ရယ်မောလျက် .....

"တော်ပါတော့ကွယ် ..... အရှူးလိုပဲ တောပြော တောင်ပြောနဲ့ ....." ဂျူးဒစ်အား မျက်စောင်းထိုးလိုက်လေသည်။

"အရူးစကားက မှန်တတ်တယ်နော် ......"

ဂျူးဒစ်သည် မန်းလေပြလေ ဆိုလေကဲလေ ဖြစ်နေသည်။

"ဒါဖြင့် ဂျူးဒစ်ရဲ့ ကိုစောဟန်ကကော ....."

မိမိညိုကား ဂျူးဒစ်နှင့် သင်တန်းတက်ဖက်ကို ရည်ရွယ်ကာ ပြောလိုက်လေသည်။

"သူက ကိုယ့်သူငယ်ချင်း ... ဘယ်တော့မှ အဆက်ဖြစ်မှာ မဟုတ်ဘူး ....."

"ဟင်း ... သူ့ကျတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..... သူ့ပုံကြည့်ပါလား၊ ပ-ပ-က ပါကွာ....."

"ဘာလဲ ပ-ပ-က ဆိုတာ ..... ကိုစောဟန်နဲ့ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းနဲ့ ဘာဆိုင်လို့လဲ ..."

"အဲဒီ အကောင်းစား ပ-ပ-က ကို ပြောတာမဟုတ်ဘူး ဟ .... ပုံပျက်ကြီးလို့ ပြောတာ ..."

"ပုံပျက်ကြီး ..."

မိမိညိုနှင့် မလေးခင်တို့သည် ဟားတိုက် ရယ်မောနေကြသည်။

"မရယ်နဲ့လေ ...... ဒါ သူတို့ယောကျ်ားတွေ စထွင်တာပေါ့ ...... ဘယ်မိန်းမဆိုရင် ပ-ပ-က ကလေး၊ ဘာလေးနဲ့၊ သူတို့ ယောကျ်ားတွေ ပုံပျက်တာတော့ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘူး၊ ကိုစောဟန်ကြီး ကြည့်ပါလား ..... ခေါင်းသေး ရင်ရှူး၊ အောက်ပိုင်း ကားကားကြီးနဲ့ ရွှံ့စရာကြီးရယ်၊ တို့မိန်းမတွေ အောက်ပိုင်းကြီးရင်သာ လှတာ၊ သူတို့ကျတော့ သိပ်ပုံပျက်တာ ....."

ဂျူးဒစ်က ပျစ်ပျစ်နှစ်နှစ် ရှုံ့ကာ မဲ့ကာနှင့် ပြောပြနေလေသည်။ မလေးခင်ကား သီးလုခမန်းပင် ရယ်မောနေတော့သည်။

ဂျူးဒစ်သည် အစ်ကိုတွေ၊ မောင်တွေကြားတွင် နှမလေးတစ်ယောက်တည်းဖြစ်သောကြောင့် ယောကျ်ားလေးဟန်ပန် အမူအရာ ရှိလေသည်။ မိန်းကလေးအနေနှင့် ပြောဟန် ဆိုဟန် အလွန်ပင် ပွင့်လင်းလေသည်။ အသားဝါဝါ၊ မျက်နှာပြားပြား၊ ပိန်ပိန်ပါးပါး၊ သူ့လုံးရုပ်သဏ္ဌာန်မှာလည်း အလှအပ သိပ်မဆင်သဖြင့် ရှင်း၍နေသည်။

"ကြံကြံဖန်ဖန် ပြောတတ်တယ် ဂျူးဒစ်ရယ် ......"

"ဟုတ်တယ် .... ကိုယ်ပြောတာ မဟုတ်ဘူးလား၊ ခုနက ကိုယ့်စကားကို ပြန်ပြင်ရဦးမယ်၊ သူငယ်ချင်းကနေ အဆက်ဖြစ်တဲ့ ယောကျ်ားမှာ ပ-ပ-က အမျိုးအစားမပါဘူး ...."



"တော်ပါတော့ ဒီ ပ-ပ-က ကလည်း ....."

မလေးခင်က ရယ်ချင်စိတ် အရှိန်မသေသေးသော မျက်နှာနှင့် ဟန့်တားလိုက်လေသည်။

"မိမိညို့ အဆက် အဲ ... သူငယ်ချင်း ကိုသန်းထိုက်ကတော့ လှချောပဲ၊ သူ့ကို ဘယ်သူနဲ့တူလဲ အောက်မေ့နေတာ ... ဘယ်သူနဲ့တူလဲ သိသလား မိမိညို ....."

"ဘယ်သူနဲ့ တူလို့လဲ ...."

"ဂျိမ်း(စ်)ဒင်းနဲ့ မတူဘူးလား ....."

"ဂျိမ်း(စ်)ဒင်းဆိုတာ ဘယ်သူလဲ ....."

မလေးခင်က ရုပ်ရှင် သိပ်ဝါသနာမပါသဖြင့် မေးလိုက်လေသည်။

"မလေးခင်ရယ် သေပါတော့ ..... အမေရိကန်ဇာတ်လိုက်လေ၊ မော်တော်ကား အရမ်းမောင်းပြီး ကားမှောက်သေသွားတဲ့ အမိုက်အမဲလေးဟာပေါ့ ..... ကိုသန်းထိုက်ရုပ်ဟာ ဒီအတိုင်းပဲ၊ ဒါကြောင့် မိုက်ရူးရဲရုပ် ထွက်နေတာ"

"ဂျိမ်း(စ်)ဒင်းဟာ East of Eden ကားမှာ သိပ်ကောင်းတာပဲနော် ...."

မိမိညိုက ထင်မြင်ချက်ပေးလိုက်လေသည်။

"အိုး...ဟိုး... ကောင်းတာတော့ မပြောပါနဲ့တော့၊ သူ့လုပ်အားလေးနဲ့ရတဲ့ငွေတွေကို သူ့အဖေမွေးနေ့မှာ လက်ဆောင်ပေးတော့လေ၊ ဖအေကြီးက သူ့ကို မယုံသင်္ကာနဲ့ မင်းငွေတွေ လက်မခံဘူးလို့ငြင်းတော့ အိမ်ပြင်ထွက်ပြီး သစ်ပင်အောက်မှာလျှောက်ရင်း ဝမ်းနည်းပမ်းနည်းအသံထွက် အော်ငိုတယ်လေ .... ဒီတုန်းက ကိုယ် ငိုလိုက်ရတာ..."

ဂျူးဒစ်ကား အားရပါးရ ပြောပြနေသည်။

"မိန်းမ ဒီရောဂါ ထနေတာကိုး ... ဒီလိုဆို ယူ မုဆိုးမဖြစ်သွားတာ

www.burmeseclassic.com



ဝမ်းနည်းစရာကြီးပေါ့ .....”

“အေးပေါ့ ... သူဆုံးတဲ့သတင်းဖတ်ရတော့ ကိုယ့်မယ် အဟုတ်ငိုရတာ၊ စိတ်ကို နည်းနည်းမှ မကောင်းဘူး ...”

“တော်တော်ပေါ်သေးတာပဲ မိဂျူးဒစ်ရယ် ... ဒီအတိုင်းဆိုရင် ကိုသန်းထိုက် ချမ်းသာရာရပါ့မလားမသိဘူး မိမိညိုရေ့”

မလေးခင်ကား ဂျူးဒစ်အား နောက်ပြောင်လိုက်လေသည်။

“အမယ်လေး မလုပ်ပါနဲ့ကွယ် ... မိမိညို့ပစ္စည်းကို ...၊ မိမိညိုနဲ့ သတ် နေရပါဦးမယ် ....”

“အံမယ် ... ယူပါ၊ မိမိညိုနဲ့ ဘာဆိုင်တာမှတ်လို့ ...”

“တကယ် .....”

“တကယ်ပေါ့ ... မိမိညိုနဲ့ ဘာမှဖြစ်တာမှ မဟုတ်ဘဲနဲ့ ....”

ဂျူးဒစ်သည် ပြောစရာစကား မရှိတော့သဖြင့် နှုတ်ဆိတ်သွားလေသည်။ မလေးခင်သည် ဂျူးဒစ်တစ်လှည့်၊ မိမိညိုကိုတစ်လှည့်ကြည့်ကာ ရယ်မောနေရသဖြင့် စာအုပ်ကို ဆက်မဖတ်တော့ဘဲ စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

× × × × ×

အဆောင် (၃)မှ မစောဝေသည် ဒရောသောပါး တက်လာလေသည်။

“အံမယ် ..... မိန်းမတွေ ဒီမှာ လေပစ်နေလိုက်ကြတာ ..... မေစမ်း တစ်ယောက်ကော မတွေ့ပါလား .....”

“မေစမ်း က သူ့အဒေါ်ဆီ ခဏပြန်တယ် .....”

မိမိညိုက မစောဝေ အား ဖြေကြားလိုက်သည်။

“အဲဒါ အသာထားဦး၊ အောက်မှာ ညည်သည်တစ်ယောက် ရောက်နေတယ် ..... မိမိညိုကို တွေ့ချင်လို့တဲ့ .....”



“ဟင် ..... ဘယ်သူလဲ..ယောကျ်ားလား ... မိန်းမလား.....”

ဂျူးဒစ် အား ရှုတ်တွတ်တွတ်နှင့် ဝင်မေးလိုက်လေသည်။

“ယောကျ်ား.....”

“ဟယ် ... မိမိညိုရေ၊ ယူ့လူတော့ အသက်ရှည်ဦးမယ်၊ ခုတင် သူ့အကြောင်းပြောနေကြတာ၊ ကိုသန်းထိုက် ... ကိုသန်းထိုက် အဖိုးငွေသန်းချီထိုက်တန်ပေမဲ့ မိမိညိုကိုတော့ အလကားပေးပါ့မယ်တဲ့ အဟီး...”

ခြော် ..... ဘာတွေပြောနေတာလဲ စိတ်ပျက်လိုက်တာ၊ မဟုတ်တရုတ် သိပ်ပြောတာပဲ ဂျစ်ဒူးနော်.....”

မိမိညိုသည် ဂျူးဒစ် အား လှမ်းအော်ကာ မီးပူ ထိုးနေရာမှ ထလိုက်လေသည်။ မီးပူပလပ်ကြိုးဖြုတ်ကာ .. “မလေးခင်ရေ ..... မလေးခင်ရဲ့ မီးပူကို ဆက်အသုံးပြုဦးမယ် ညမှယူနော်.....”ဟု ပြောလိုက်ပြီး ထဘီကို ပြင်ဝတ်လိုက်လေသည်။

“ကဲပါ.....သွားလိုက်ဦး၊ အောက်မှာ ခများစောင့်နေတယ်၊ ထိုင်လည်း မထိုင်ဘူး သွားပါ.....မိမိညို ထိုင်ခိုင်းမှထိုင်တော့မှာပဲ.....”

မိမိညိုသည် သူ့အား ရယ်မောကြသော သူငယ်ချင်းများကို မျက်စောင်းပစ်ထိုးကာ အောက်ထပ်သို့ ဆင်းလာလေသည်။ လက်ပတ်နာရီကို မြှောက်ကြည့်လျှင် နှစ်ချက်ထိုးရန် ၁၀ မိနစ်မျှလိုသေးသည်။ ဧည့်ချိန်မှာ မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိဖြစ်သည်။

မိမိညိုသည် အောက်ထပ် ဆင်ဝင်မှထွက်၍ ခုံတန်းများ ရိုက်ထားသောနေရာသို့ လျှောက်လာခဲ့လေသည်။

စနေနေ့ဖြစ်သဖြင့် အိမ်အပြန်များကြသောကြောင့် ဧည့်သည် နှစ်ဦး သုံးဦးသာလျှင် တွေ့ရသည်။ ဧည့်သည် နှစ်ဦး သုံးဦးသည် အဖော် ကိုယ်စီနှင့် ခုံတန်းလျားတွင် တချို့၊ သစ်ပင်အောက်တွင်တချို့ စကား စမြည်ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် ကိုသန်းထိုက် ကို ရှာပါသော်လည်း မတွေ့သဖြင့် ခေါင်းကုပ်ကာ ဟိုဟိုဒီဒီကြည့်နေသည်။ ကိုသန်းထိုက်နှင့်တူသော အစအနကိုပင် မတွေ့ရပေ။

"မိမိညိုပါလား ခင်ဗျာ ....."

"အလိုလေး ....."

မိမိညိုသည် ရုတ်တရက်မို့ လန့်သွားလေသည်။ ခရေပင်အောက်မှ မိမိညိုထံသို့ ဖြည်းညင်းစွာ လျှောက်လာသောသူအား အံ့ဩစွာ ငေးကြည့် နေမိသည်။

၆ ပေနီးပါးခန့် အလွန် ရှည်မားသော အရပ်ကြောင့် ခါး အနည်းငယ်ကိုင်းသလိုရှိသော အသက် ၃၀ ပတ်ဝန်းကျင် လူရွယ်တစ်ယောက်က မိမိညိုအား ညင်သာစွာ ပြုံးပြလိုက်လေသည်။

"လန့်သွားတယ် ထင်ပါရဲ့၊ ရုတ်တရက် ခေါ်မိတာ တောင်းပန်ပါတယ်....."

"ကိစ္စမရှိပါဘူး.....ကျွန်မ ရုတ်တရက်မို့ လန့်သွားတာပါ....."

ထိုသူသည် အရပ်ကြီးမြင့်မားသလောက် အသား မလိုက်နိုင်သဖြင့် အနည်းငယ်ပိန်သလိုထင်ရသည်။ သို့သော် ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကားတို့က သူ၏ ထွားကြိုင်းသောအသွင်ကိုပြနေသည်။ ဘိုကေကို ခပ်တိုတိုညှပ်ထားကာ အသားလတ်လတ်နှင့် ရိုက်ထားသော မုတ်ဆိတ်ပါးပြိုင်းမွေးနေရာမှာ စိမ်း၍ နေသည်မှာ ကြည့်၍ ကောင်းသလိုပင်။

နဖူး မကျဉ်းမကျယ်၊ မျက်ခုံးမွေး အပြားကြီးကြီး၊ နှာတံမပေါ့တပေါ်၊ စူးရှတောက်ပြောင်သော မျက်ခုံးများ၊ ထူဝန်းသောနှုတ်ခမ်းများ၊ နိုင်မာပေါ်လွင်သော မေးရိုးများနှင့် ခန့်ညားလေသည်။

ရှပ်ဖြူလက်ရှည်အောက်ခံ၍၊ ငါးရှဉ့်သွေးရောင် ဆွယ်တာ



လက်ပြတ်၊ အင်းလေးပိုးသား ကြူထရံကွက်လုံချည် မီးခိုးဖျော့ဖျော့တို့ကလည်း သူ၏ ထူးခြားသော ရုပ်ရည်ကို သားနားစေသည်။

"ကျွန်တော် 'အောင်မင်း'ပါ၊ ရွှေဘို ဆည်မြောင်းဌာနကပါ။ မိမိညိုရဲ့ အစ်ကို ကိုဦးက လွှတ်လိုက်လို့ လာရပါတယ်....."

"ဩော်.....ကိုဦးက လွှတ်လိုက်တာလား၊ ဟိုခုံတန်းမှာ ထိုင်ပါဦးရှင်.....ကျွန်မတို့မှာ ဧည့်သည်အတွက် နေရာကောင်းကောင်းတောင် မရှိဘူး....."

"နေပါစေဗျာ....."

နှစ်ယောက်သားသည် ခုံတန်းလျားသို့ အမှတ်မထင် သွားရောက်ထိုင်ကြလေသည်။

"အဲဒီက ကျွန်မကိုမြင်တာနဲ့ သိ ... သိသားပဲနော်....."

သူသည် သိမ်မွေ့စွာ ပြုံးလိုက်လေသည်။

"ကိုဦးက ကျွန်တော့်ကို ဓာတ်ပုံပြလိုက်တယ်၊ ဒါပေမဲ့ မိမိညိုက ဓာတ်ပုံထဲကနဲ့တော့ သိပ်မတူဘူး။ ဓာတ်ပုံထဲမှာ ရင့်နေသလိုပဲ....."

ကိုအောင်မင်းသည် မိမိညိုအား မကြည့်ဘဲ ပြောလိုက်လေသည်။

"ကိုဦးက ဘာတွေများ မှာလိုက်သေးလဲ ရှင့်....."

"ကျွန်တော် ရန်ကုန်လာရမယ့်ကိစ္စပေါ်လာလို့၊ ရန်ကုန်ရောက်ရင် မိမိညို့ဆီဝင်ပြီး ဒါတွေ ပေးပေးပါဆိုလို့....."

ကိုအောင်မင်းသည် လွယ်အိတ်ထဲမှ အညိုရောင် စက္ကူအိတ်ထုပ်များ ထုတ်ယူကာ မိမိညိုအား ပေးလိုက်လေသည်။

"ဩော်..ဆိပ်ခွန်လုံချည်တွေ ထင်ပါရဲ့.....မိမိညို မှာလိုက်တာ၊ အဲဒီက ရန်ကုန်ရောက်အောင် ဒါတွေ သယ်လာရတာ အားနာစရာကြီးရှင်....."

မိမိညိုသည် အထုပ်များကို လှမ်းယူရင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ ကိုဦးက အလွန်ခင်ပါတယ်။ အားနာစရာမရှိပါဘူး။ ကျွန်တော်တို့နှစ်ယောက်ဟာ ဌာနချင်းမတူပေမဲ့ အမြဲတတွဲတွဲပါပဲ၊ နယ်လှည့်ခရီးထွက်တယ်ဆိုရင် အတူတူပဲ၊ ညီအစ်ကိုရင်းမက ရင်းနှီးပါတယ်....."

ကိုအောင်မင်းက စကားကုန် ပြောလိုက်လေသည်။ မိမိညိုသည် နူးညံ့သောလက်ကလေးနှစ်ဖက်ကိုယှက်၍ ပေါင်ပေါ်တင်ထားကာ၊ ကုပ်ကုပ်လေး ထိုင်နေရင်း 'ကိုအောင်မင်း'အား ငေးကာ ကြည့်နေမိသည်။ မိမိညို၏ မျက်စိများသည် ပကတိအပြစ်ကင်းစင်သော ကလေးငယ်၏ မျက်လုံးပမာ ရှိလေသည်။

"ဩော်...ဒီလိုကြားရတာ ဝမ်းသာပါတယ်၊ ကိုဦးကလည်း နှမတွေထဲမှာ ကျွန်မကိုအချစ်ဆုံးလို့ ထင်ပါတယ်....."

"ဟုတ်တယ်.....ဟုတ်တယ်.....ကိုဦး ခင်ဗျားအကြောင်းကို ခဏခဏ ပြောပြတယ်၊ ခင်ဗျား ပညာသင်ကြားချင်လျက်နဲ့ ဆက် သင်ကြားခွင့်မရတာတွေ၊ မအေနဲ့ အိမ်ထောင်စုကြီးအပေါ် သံယောဇဉ်ကြီးမားတာတွေ၊ မောင် ညီထွေးရဲ့ အနှံ့အတာခံတာတွေ စုံလို့ပါပဲဗျာ....."

ကိုအောင်မင်းသည် မိမိညိုတို့၏အကြောင်းကို အတွင်းကျကျ သိနေဟန်တူသည်။ သူ၏ ပြောဆိုဆက်ဆံပုံသည် ရင်းရင်းနှီးနှီးရှိလေသည်။

"ပညာမသင်ရလည်း ကျွန်မအဖို့ မထူးပါဘူးရှင်၊ ကျွန်မရဲ့ မောင်လေးနဲ့ ညီမလေးများကို ကျွန်မရဲ့လုပ်အားနဲ့ မြေတောင်မြှောက်ပေးခွင့်ရရင် လှူပြည်မှာ နေရကျိုးနပ်ပါပြီ.....စိုးရိမ်တာက သူတို့ ပညာမတတ်မှာ ကိုပဲ၊ နောက်ပြီး ညီထွေး....."

"ညီထွေးက မျက်စိ မမြင်ရှာဘူးနော်....."

ကိုအောင်မင်းသည် သည်တစ်ခါ မိမိညိုအား စူးစိုက် ကြည့်ရှုကာ



ဝင်ပြောလိုက်လေသည်။

"ဟုတ်ပါတယ် ..... ကျွန်မရဲ့တစ်သက် ညီထွေးရဲ့တစ်သက်မှာ ညီထွေးရဲ့တာဝန်ကို ကျွန်မ ယူရမှာပေါ့..... အမေက အသက်ကြီးပြီ၊ ရှေ့ကို ဘယ်လောက်နေရမလဲ၊ ကျွန်မတို့မောင်နှမတစ်တွေ ကောင်းစားရင် ငွေရေး ကြေးရေးက နောင်ဆို ပူရမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ညီထွေးဘဝမှာ ငွေတခုတည်းက လုံလောက်တဲ့ အထောက်အပံ့မဟုတ်ဘူး၊ မေတ္တာ၊ ကရုဏာ၊ စေတနာ အကုန်လိုတာ၊ မျက်စိမမြင်တဲ့သူကို ပြုစုစောင့်ရှောက်ဖို့တာဝန်ဟာ နည်းတဲ့တာဝန်မှ မဟုတ်ဘဲနဲ့"

မိမိညိုသည် ဘာကြောင့်ရယ်မသိ၊ ကိုအောင်မင်းအား စကား တသီကြီး ပြောမိလေသည်။ ကိုအောင်မင်းသည် သက်ပြင်း ခပ်လေးလေး ချကာ .....

"အဖိုးတန်လိုက်တာဗျာ ..... ကျွန်တော် မိမိညိုကို အများကြီး လေးစားပါတယ်....."

"မမသိ အနေနဲ့လည်း ညီထွေးကို စိမ်းနေပြီ၊ သူ့ဘဝ တစ်လျှောက်လုံး ညီထွေးနဲ့ အတူနေခဲ့ရတယ်လို့ မရှိဘူး..... နောက်ပြီး သူ နောင်နှစ်ဘွဲ့ရလို့ နိုင်ငံခြားက ပြန်လာဦးတော့ ... ဒီမှာ သူ့အတွက် ပေးစရာနေရာကောင်းမှ ရှိပါ့မလား မသိဘူး....."

"ဒါတော့ ထုံးစံပဲ.....နိုင်ငံခြားက နှစ်ရှည်ကြီး ဘွဲ့ယူလာပြီး ဒီမှာ–ဒီဘွဲ့နဲ့ ထိုက်တန်တဲ့ရာထူးမရှိသေးလို့ ခွကျကြတာလည်း အများကြီးပါပဲ၊ ဒီမှာက သူ့လူ ကိုယ့်လူနဲ့ ပြည့်နေတာ....."

"ဒီတော့..... သူ ပြန်လာပြီး သူ့အဝတ်အစားဖိုးနဲ့ ကုန်မယ့်လခမျိုး ရတဲ့ရာထူးမျိုးဆိုရင် ကော်တာပဲ၊ ဒီယူနီဗာစီတီမှာ ကျွန်မတို့လို သာမန်ဆရာမလေးများ ဝတ်သလို ဝတ်လို့ မရဘူးရှင့်၊ သူ့ဒီဂရီ သူ့ဂုဏ်နဲ့ လိုက်အောင် ဝတ်ရစားရတော့မှာ....."

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် ပြုံးရယ်လျက် ပြောပြလေသည်။ မိမိညို၏ ဝင်းလက်တောက်ပသော သွားတက်လေးများကို ကိုအောင်မင်း က သတိထားကြည့်မိလေသည်။

ချည်တက်ထရှန် အဝါနုရောင်အင်္ကျီ၊ လိမ္မော်ရောင်ခံတွင် အနက်ချိတ်ရနိုင်လုံချည်၊ လိမ္မော်ရောင်ဖျော့ဖျော့ ဖလန်နယ် အပေါ်ဝတ်အနွေးထည် လွှမ်းခြုံလျက် ဆောင်း၏ နေခြည်နွေးနွေးနှင့် လိုက်ဖက်တင့်တယ်နေသည်။

"သီသီညိုက ခု ဟားဗတ် ယူနီဗာစီတီမှာနော်..... သူလိုက်စားတဲ့ ဘာသာရပ်ကတော့ အလွန် အဖိုးတန်တာပဲ၊ ဘာသာရေးဆိုင်ရာဆိုတော့ တစ်သက်လုံး ဩကာသရှိနိုးပြီး၊ ဩကာသအဓိပ္ပာယ်တောင် နားမလည်ခဲ့လို့ ဗုဒ္ဓဝါဒကိုလည်း 'ကကြီးကအစ လေ့လာဆည်းပူးနေရပြီ....."

"သူ သိပ်ညည်းတာပဲ၊ စာအုပ်တွေဖတ်ရတာ ခါးကိုချည့်နေတာပဲတဲ့၊ ဆရာ ဦးလှမောင်တို့ ဦးဖေအောင်တို့ကို စာရေး မေး၊ ဆရာတွေမအားရင် ဟိုလူ့မေး ဒီလူ့မေးနဲ့.....

"ဪ.....ဒါကြောင့် ဟိုတလောက ကိုဦးက ကျွန်တော့်ကို မဟာဘုတ်ဓာတ်ကြီးလေးပါးနဲ့ပတ်သက်လို့ မေးမေးနေတာကိုး....."

"မဟာဘုတ်ဓာတ်ကြီးလေးပါးဆိုတာ မြေ၊ ရေ၊ လေ၊ မီးကို ပြောနေတာလား....."

မိမိညိုသည် ကလေးငယ်ပမာ မေးလိုက်လေသည်။

"ဟုတ်ပါတယ်.....ကျွန်တော်တို့ ဗုဒ္ဓရဲ့ ဖီလော်ဆိုဖီအရ စကြဝဠာအတွင်းရှိတဲ့ အရာဝတ္ထု ခပ်သိမ်းဟာ မဟာဘုတ် ဓာတ်ကြီးလေးပါးရဲ့ အင်အားတွေကို စုပေါင်းထားတဲ့အရာတွေသာဖြစ်တယ်ဗျ၊ ဘယ်အရာဝတ္ထုမဆို ဓာတ်ကြီးလေးပါး မပါဝင်ဘဲ မဖြစ်ပေါ်နိုင်ဘူး၊ ဒါတွေဟာ



ပရမတ္ထ သဘောနဲ့ ခေါ်ဝေါ်တာ....."

မိမိညိုသည် နားမလည့်တလည်နှင့်စိုက်၍ နားထောင်နေသည်။ ပြီးနောက် နီမြန်းသော မျက်နှာလေးနှင့်....."ကျွန်မ ဗုဒ္ဓဘာသာဖြစ်ပြီး ဒါတွေ နားမလည်ဘူး.....ရှက်တောင်မှ ရှက်မိပါတယ်....."

"မိမိညိုသာ မဟုတ်ပါဘူးလေ .... ကျွန်တော့်အဖေ.. အမေ ... ကျွန်တော့်ဆရာတွေလည်း မသိခဲ့ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဟိုတုန်းက မသိခဲ့ဘူး၊ ခုမှ နောင်းလူတွေက လိုက်စားကြလို့ သိလာခဲ့ကြတာ....."

"ကိုဦးက ဟိုတုန်းက သမထ သမားပဲ၊ သူတော့ ဒါတွေ သိမှာပေါ့....."

"ဒါတော့ ခက်သားပဲဗျာ.....ဒါလောက် နက်နဲသိမ်မွေ့တဲ့ တရားတော်ကို သိဖို့ကတော့ မလွယ်ဘူး၊ သမထဆိုတဲ့ လမ်းကြောင်းက လွဲသွားတာ ... သာ မသိသေးတယ်၊ ကျွန်တော်တော့ သူ့ကို သမထကနေ ဝိပဿနာကူးဖို့ဆွယ်သေးတယ်၊ ကျွန်တော်ကတော့ ဝိပဿနာသမားသက်သက်ပဲ၊ လောကီရေးနဲ့ပတ်သက်ပြီး ဘာမှ မမျှော်မှန်းဘူး .....မျှော်လည်း မမျှော်မှန်းကောင်းဘူး၊ သံသရာလည်စေတဲ့အကြောင်းတရားတွေပဲ.....ဘယ်မှာ စိတ်ချမ်းသာစရာ တွေ့သလဲဗျာ....."

သည်တစ်ခါ လေးစားရသူကား ..... မိမိညို ဖြစ်လေသည်။ ကိုအောင်မင်းသည် လေးစားစရာကောင်းသော လူရွယ်ဖြစ်သည်ဟု မိမိညိုသည် ခဏချင်းပင် တွေးမိလေသည်။

"အဲဒီက.....ဒါတွေကို တော်တော်လိုက်စားရမှာပေါ့နော်....."

"ကျွန်တော်လား.....စာအုပ်ပေါင်း မြောက်မြားစွာဖတ်ရပါတယ်၊ ဓိနတ္ထပကာသနီက အစပြုပြီး.....မိလိန္ဒပဉှာ၊ အဘိဓမ္မာကျမ်းတွေ၊ ဝိသုဒ္ဓိမဂ်တို့၊ ဒီဃနိကာယ် သုတ်သုံးကျမ်း ... အစရှိသဖြင့်ပေါ့ဗျာ.....

www.burmeseclassic.com

www.burmeseclassic.com



နေက်ဆုံး ကျွန်တော် ဆည်းပူးနေတာကတော့ ရှုနသင်ယ်ရေးတဲ့ ဗုဒ္ဓ၏ စကြာဝဠာ၊ အင်္ဂလိပ်ဘာသာနဲ့၊ သခင်ဘသောင်း ဗမာဘာသာပြန်တာပါပဲ၊ ရှေ့လျှောက်လည်း ဆက်ပြီး လေ့လာဖတ်ရှုစရာတွေလည်း ရှိသေးတယ် .....”

“တော်တော် စာဖတ်နိုင်မှ နော်.....”

“ဒါပေမဲ့ဗျာ.....တစ်ခုပြောရဦးမယ်.....စာတွေ့ချည်း အားကိုးလို့ မရဘူး၊ လက်တွေ့သဘောပေါက်နားလည်ဖို့ကလည်း ရှိသေး တယ်...”

“ဘယ်လိုပါလဲ ရှင်.....”

“လက်တွေ့ ဝိပဿနာတရား အားထုတ်မှ ရုပ်နဲ့နာမ် ကွဲပြားပြီး၊ စောစောက ကျွန်တော်ပြောခဲ့တဲ့ မဟာဘုတ်ဓာတ်ကြီးလေးပါး အကြောင်းကို ဂဃနဏ သိလာမှာ၊ ဟိုဗျာ ....ကျွန်တော်တို့ လောက ဓာတ်သိပ္ပံ ပညာရပ်တွေလိုပေါ့.....THEORY ချည်း ဘယ်တတ်မလဲ..... PRACTICAL ပါမှ ရှင်းတယ်မဟုတ်လား၊ မိမိညို လေ့လာလိုက်စားချင်ရင်တော့ နောင်စာအုပ်တွေလည်း ငှားပါ့မယ်၊ ကျွန်တော်တို့ ကြုံတဲ့အခါလည်း ဆွေးနွေးကြတာပေါ့ဗျာ.....”

“ဟုတ်ကဲ့.....ကျေးဇူးတင်ပါတယ်.....”

ကိုအောင်မင်းသည် လက်ပတ်နာရီကို မြှောက်ကြည့်ကာ.....

“ကိုင်း.....ကျွန်တော်လည်း ပြန်ရဦးမယ်၊ မပြန်ခင် အရေးကြီးတာ တစ်ခုပြောရဦးမယ်၊ ရွှေဘိုကို ကိုဦးရဲ့ အမေနဲ့ သားသမီးများ လာကြတယ်၊ အလည်လာတယ် ပြောတယ်.....”

“ဟင်.....အမေတို့ ရွှေဘိုသွားတယ်၊ အဲဒါ ကျွန်မ မသိဘူး.....”

“သူတို့ သိပ်မကြာပါဘူး..တစ်ပတ်လောက်နေမယ်ပြောတယ်”

“အမေနဲ့ ဘယ်သူ ပါသေးလဲ.....”

“မောင်ညီထွေးရယ်၊ ညီမငယ် စီစီညိုရယ် ပါလာတယ်.....”



“ကိုလတ် မပါဘူးလား.....”

“အိမ်စောင့်နေရစ်ခဲ့တယ် ပြောပါတယ်၊ သြော်.....ဒီမှာ မိမိညိုရဲ့ အမေက ပေးလိုက်တယ်.....ပယင်းကြယ်သီး၊ ကသာကို မှာလိုက်ရတာတဲ့.....”

ကိုအောင်မင်းသည် ရုပ်အင်္ကျီအိတ်ထဲမှ စက္ကူထုပ်လေးတစ်ထုပ်ကို ထုတ်ကာ မိမိညိုအား ပေးလိုက်လေသည်။

“ဟောဒါကတော့ မောင်ညီထွေးက ပေးလိုက်တဲ့ စာနဲ့ ပန်းခြောက် ဆိုလား ....မောင်ညီထွေးရဲ့စာကိုတော့ သူက နှုတ်ကပြော...ကျွန်တော်က ရေးပေးရတယ်၊ ချာတိတ်ရဲ့အတွေးအခေါ်တွေကလည်း မဆိုးဘူးဗျ၊ စာအစီအကုံး ပြေပြစ်သား၊ ကျွန်တော် အံ့သြယူတယ်.....”

“သူက စာ သိပ်ဖတ်တယ်၊ အဲလေ..ပြောလိုက်တာ .... ကျွန်မက ဖတ်ဖတ်ပြရတယ်၊ သူက စာပေဝါသနာပါတယ်ရှင့်၊ မျက်စိသာမြင်ရင်တော့ ကဗျာဆရာတယောက် ဖြစ်မှာပဲ.....”

ကိုအောင်မင်းသည် ပြုံး၍ အနည်းငယ်ဖောင်းနေသော စာအိတ်ငယ်တစ်ခုကို မိမိညို၏လက်ထဲ ထည့်လိုက်လေသည်။ ကိုအောင်မင်းသည် သွားမပေါ်စေဘဲ မြို့ပြုံးလေရာ ဤအပြုံးသည် နှစ်လိုဖွယ်ရှိသည်ဟု မိမိညိုက ထင်မိလေသည်။ သူ့အပြုံးသည် တစ်ဖက်သား၏စိတ်ကို အေးချမ်းစေသည်။

ကိုအောင်မင်းသည် ထိုင်ရာမှ ထလိုက်သည်။

“ကိုင်း ..... ကျွန်တော် ပြန်မယ်.....”

“ကျေးဇူးအများကြီးတင်ပါတယ် နော်.....”

မိမိညိုသည်လည်း နေရာမှထကာ ပြောလိုက်လေသည်။

“ကျေးဇူးစကား မဆိုပါနဲ့ဗျာ၊ ကျွန်တော့်ကို ကိုဦးလိုပဲ သဘောထားပါ၊ ကျွန်တော်ဟာ တစ်ဦးတည်းသောသားပါ.....မောင်နှမသား

www.burmeseclassic.com

www.burmeseclassic.com



ချင်းမရှိတော့ တွေ့တဲ့လူကို အင်မတန် ခင်မင်တတ်ပါတယ်..... ကျွန်တော်ပြန်မယ်၊ ကျွန်တော် ရန်ကုန်မှာ ကြာကြာ မနေရဘူး၊ သန်ဘက်ခါလောက် ပြန်ဖြစ်လိမ့်မယ် ထင်တယ်....."

ကိုအောင်မင်းသည် မိမိညိုအပါးမှ ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားလေသည်။ မိမိညိုသည် ကိုအောင်မင်း၏ နောက်ကျောကို ငေးမောကာ ကျန်ရစ်သည်။

ကိုအောင်မင်းသည် မြေနီလမ်းလေးအတိုင်း ခပ်သုတ်သုတ်ဆင်းသွားတော့မှ မိမိညိုသည် အမေပေးသော ပယင်းကြယ်သီးကိုဖြေကြည့်ပြီး၊ နောက် ညီထွေး၏စာကို ဖောက်ဖတ်လိုက်လေသည်။ စာအိတ်ထဲမှ နှာညိုပန်းခက်ခြောက်ကလေးတစ်ခက်သည် ထွက်ကျလာသည်။

မမလေးရေ ....

အလွန့်အလွန် သတိရတဲ့စိတ်နဲ့ စာရေးလိုက်ရပါတယ်၊ အထဲမှာ နွေးနေပေမယ့် အပြင်မှာ နှင်းတွေကျနေမှာပဲနော်၊ ကျွန်တော်ဟာ အအေးကြိုက်တဲ့လူမို့ အဲဒီနှင်းတွေကို သိပ် ချစ်တာပဲ.....

မမလေးရဲ့ စိတ်တွေဟာ အဲဒီ နှင်းပွင့်တွေလိုမှ အေးချမ်းပါလေစ ..... အိမ်သားတွေနဲ့ ကွေကွင်းနေရတဲ့ မမလေးဟာ ဘယ်မှာ ရင်အေးရှာပါလိမ့်မလဲနော်.....

စောင့်မျှော်နေသူများအဖို့ အချိန်တွေဟာ ကုန်ခဲ့ပါဘိ၊ ဒါပေမဲ့ မကြာပါဘူး ..... ဆောင်းရက်တွေကုန်ပြီး နွေရက်တွေ လာပါတော့မယ်၊ ဥဩငှက်သံကို အမြဲပဲ နားစွင့်နေရပါတယ် မမလေးရယ်၊ ဥဩငှက် မြည်ကြွေးတဲ့အသံဟာ မမလေးကိုကြိုနေတဲ့ အသံပါပဲ၊ အင်မတန်



မင်္ဂလာရှိတဲ့ အသံပါ မမလေးရယ်.....

ခု မမလေး အလွမ်းပြေ နှာညိုပန်းခြောက်လေး ထည့်ပေးလိုက်ပါတယ်၊ ကျွန်တော့်ကိုယ်စားပြုတဲ့ ပန်းခြောက်လေးပါပဲ၊ ကျွန်တော့် ဘဝဟာ အဲဒီပန်းခြောက်လေးနဲ့ မတူဘူးလား မမလေး.....

ကိုဦး၊ မမကြီး၊ မမလေး၊ ကိုလတ်၊ စီစီတို့ ဘဝတွေကတော့ စိမ်းစိမ်းလန်းလန်း စိုစိုပြည်ပြည်နဲ့ လတ်ဆတ်တဲ့ ပန်းများနဲ့ တူပါတယ်။ ကျွန်တော်ကတော့ ပန်းခြောက်ကလေးပါပဲ၊ ဒီပန်းခြောက်လေးဟာ ဘယ်လိုပဲ ရေလောင်း ရေလောင်း ပြန်ပြီး စိုပြည်ပါဦးတော့မလား မမလေးရယ် ....

ဒါပေမဲ့ တတ်အားသမျှ မမလေးရဲ့ မေတ္တာရေစင်နဲ့ သွန်းလောင်းပေးတဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့ဘယ်တော့မှ မမေ့ပါဘူး၊ ဖြစ်လေရာဘဝကနေ မမလေးကို ကျေးဇူးဆပ်ပါ့မယ် မမလေးရေ.....

ခု ရွှေဘိုမှာလည်း ကျွန်တော် ကျေးဇူးတင်ရမယ့်လူတစ်ယောက် တွေ့နေပြန်ပြီ၊ သူကတော့ ဆည်မြောင်းဝန် ကိုအောင်မင်းတဲ့၊ ကိုဦးနဲ့လည်း အလွန်ခင်မင်တဲ့ မိတ်ဆွေပါပဲ.....

သူက ကျွန်တော့်အပေါ် အလွန်ကြင်နာတယ်..... ကိုဦးဆီ လာလည်တဲ့အခိုက်နဲ့ကြုံရင် ကျွန်တော် နောက်ဖေး နောက်ဖီ သွားချင်တဲ့အခါ တွဲပြီးပို့ပေးရှာတယ်.....

စီစီကတော့ ကျွန်တော့်ကို အမြဲပဲ တွန်းထိုးနေတာပဲ၊ သူက အငယ်ဆုံးဆိုပြီး အင်မတန် ဗိုလ်ကျချင်

www.burmeseclassic.com

www.burmeseclassic.com



တာ။ သူနဲ့ ကျွန်တော်နဲ့ ဘယ်ဘဝက ရန်သူဖြစ်ခဲ့သလဲ မသိဘူး၊ သူ့ကို နမလေးရယ်လို့ ချစ်တဲ့စိတ် နမ်းစေ့လောက်တောင် မရှိဘူး။ သူကလည်း ကျွန်တော့်ကို အစ်ကိုလို သဘောထားဟန်မတူဘူး.....

မမလေးလာမှ ဆုံးမခိုင်းရမှာပဲ..... မမလေးဆီကို ရေးချင်တာတွေ အများကြီးပဲ၊ စာရေးပေးတဲ့ အစ်ကို အောင်မင်းကြီးကိုလည်း အားနာလှပြီ၊ သူကတော့ ကိစ္စမရှိဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ တော်ပါပြီလေ.....

ရော်ရွက်ဝါတွေလည်း မြန်မြန်ကြွေပါစေ ... သရဖီနဲ့ ပန်းပိတောက်တွေလည်း အမြန်ပွင့်ပါစေတော့၊ ဖက်ဆွတ်မိုးလည်း ရွာစေချင်ပြီ၊ ဥသြငှက် တေးသီသံကိုလည်း ကြား ချင်လှပြီ၊ လေရူးဇော့သရမ်းလို့ ကြားနေရတဲ့ မီးရထား ဥသြဆွဲသံဟာလည်း အဲဒီအခါကျတော့ အများကြီး သာယာလာပါလိမ့်မယ်.....

မမလေး လာလမ်းကို မျှော်မှန်းရမ်းဆပြီး

တတမ်းတတနဲ့ကြိုနေမယ့်...

မောင်ငယ် ညီထွေး

× × × × ×

ညီထွေးရေးသကဲ့သို့ပင် ဆောင်းရက်များသည် ကုန်ခဲလှပါပေသည်။

အချိန်ဆိုသည့်အတိုင်းအတာသည် မကုန်စေချင်သူတွေအဖို့ ဖြုတ်ခနဲ ဖြုတ်ခနဲ လျှပ်ပြက်သကဲ့သို့ အကုန်မြန်ကာ ကုန်စေချင်သူများအဖို့ကား ... မကုန်နိုင်ဘဲ လေးတွဲ့၍နေဟန် ရှိလေသည်။ လူ့အလို နတ်မလိုက်နိုင်ပေတကား.....



အမေကလွမ်းလျှင် အလုပ်တွေ ဖိလုပ်ချင်လုပ်၊ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲများသို့ စိတ်ပြေလက်ပျောက် သွားချင်သွား၊ ရွာနီးချုပ်စပ် ခရီးထွက်ချင်ထွက်ဦးတော့ အမေ၏အလွမ်းများ ပြေပျောက်နိုင်မည်ဖြစ်သည်။

ညီထွေးလွမ်းလျှင်ကား–အလုပ်လည်းလုပ်၍ မဖြစ်၊ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲလည်း စိတ်ပြေလက်ပျောက် မကြည့်နိုင်၊ ခရီးထွက်ရန်ကလည်း မျက်မမြင်ဒုက္ခိတမို့ အဆင်မပြေ၊ အိမ်ထဲတွင်ငုတ်တုတ်ထိုင်ကာ အဘယ်မှာ အလွမ်းပြေနိုင်ပါအံ့နည်း။

ခါတိုင်းဆိုလျှင် မိမိညို ကျောင်းမှ နံနက်ပိုင်းတက်ပြီး ဆင်းလာသောအခါ ညီထွေးအား စကားစမြီပြောသည့်အခါပြော၊ စာဖတ်သည့်အခါဖတ်ပြ၊ သီချင်းညည်းသည့်အခါလည်း ညည်းနှင့် ညီထွေးမှာ အလိုလိုနေရင်း စိတ်ကြည်နူးကာနေလေသည်။

ပျော်စရာ အကောင်းဆုံးကား ညီထွေးဖတ်ချင်သောစာကို မိမိညိုက ဖတ်ပြလျှင်ဖြစ်စေ၊ မိမိညို ဖတ်ချင်သည့်စာကို ညီထွေးအား နားထောင်စေ၍၊ မိမိညိုက ဖတ်ပြလျှင်ဖြစ်စေ ပြုလုပ်မြဲဖြစ်သည့် ညဦးအချိန်ပင်တည်း။

ယခုတော့မူ.....

## တပို့တွဲ၊ နှဲ၍ရွာခြင်း၊ သန်မိုးကြွင်း။

ဆိုသည့် တပို့တွဲလအခါကို လွန်မြောက်အောင် ဆုတောင်းရန်သာ ရှိတော့သည်။ သန်မိုးကြွင်းရွာ၍ ထမနဲပွဲများ ကျင်းပပြီးပြီဆိုလျှင်..... တပေါင်းလသို့ ရောက်ပြန်ဦးတော့မည်တကား။

www.burmeseclassic.com

www.burmeseclassic.com



[၈]

**"တပေါင်းလည်းကူး၊ မိုးသားကြူး"**

ညောင်းရင့်ရော်ဝါသော ရွက်ကျင်ရွက်ဟောင်းတို့သည် ကျကြွေပြောင်းခဲ့လေပြီတကား .....

နွေဦး၏ အထိမ်းအမှတ်ဖြစ်သော မြူနှိုးတို့သည် မှုန်ရီမှိုင်းဝေကာ မိုးသားလည်း ကြူးခဲ့လေပြီ။

သရဖီပွင့်တို့သည် ၎င်းတို့၏ ဖြူစိမ်းပြေပြေ ပွင့်ချပ်ကိုလှပ်၍ ရွှေဝါရောင် ဝတ်ဆံတို့နှင့် မြေပြင်ပေါ်တွင် ပန်းမွေ့ရာခင်းကာ နွေဦးကို လှမ်းကြိုလင့်ဟန်ရှိလေသည်။ ကံ့ကော်ပွင့်လိုလို ပုံသဏ္ဌာန်ရှိသော်လည်း မတ်စေ့ဝိုင်းသဏ္ဌာန် အပွင့်လေးများသည် အယဉ်ထုံး၍ တသင်းသင်းတပျံ့ပျံ့ မွှေးကြူနေသည်။

မီမီညိုသည် တိုးတိုးတိတ်တိတ်ပင် မြင်းခြံသို့ ပြန်ခဲ့လေသည်။ ဘယ်နေ့ ဘယ်ရက် ပြန်ခဲ့မည်ဆိုသည်ကို အမေတို့အား အကြောင်းကြား မထားပေ။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်၊ ကိုလတ်နှင့် စီစီတို့ကား ကျောင်းသားအရွယ်သာဖြစ်၍ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်အားမကိုးရ။

တစ်နေရာရာသို့ ခရီးထွက်ရပြီဆိုလျှင်၊ သူတို့ အထုပ်အပိုးကိုသာလျှင် မီမီညိုက ကူသယ်ပေးရလေသည်။

ထို့နောက် အဝတ်သေတ္တာတစ်လုံး၊ အိပ်ရာလိပ်တစ်ခု၊ တိုလီမိုလီ ထည့်စရာ လွယ်အိတ်တစ်လုံးတို့မှာ မီမီညိုသယ်နေကျ ပစ္စည်းများသာလျှင်ဖြစ်ချေသည်။ ညာဘက်ပခုံးတွင် လွယ်အိတ်လွယ်၊ ညာလက်နှင့် သေတ္တာဆွဲ၍ ဘယ်လက်နှင့် အိပ်ရာလိပ်ကိုင်ရသည်မှာ လုပ်ခဲ့ပေါင်းများ၍ ကျင်လည်သော ကူလီတစ်ယောက်ပမာ သယ်ယူနိုင်ခဲ့လေသည်။



မီမီညိုသည် မြင်းလှည်းတစ်စီးငှားကာ ဈေးတန်းဘက်သို့ မောင်းနှင်ခိုင်းလေသည်။ မီမီညို၏အိမ်သည် ဈေးတန်း၏အနောက်ဘက်တွင် ရှိလေသည်။

မြင်းခြံမြို့သည် မြို့ကြီးဖြစ်သည့်အလျောက် ခါးတိုင်းလိုပင် စည်စည်ကားကားဖြစ်လေသည်။ ဈေးတန်းကြီးမှာ ရှည်လည်းရှည် အညာကုန်ပစ္စည်းများ အစုံအလင်တွေ့နိုင်ကာ၊ လူတို့ ဥဒဟိုဖြတ်သန်း သွားလာနေကြသည်။

ဈေးရုံသစ်ကြီးသည် ရန်ကုန် သိမ်ကြီးဈေးမက ကြီးသည်ဟု မီမီညိုက တွေးထင်မိလေသည်။ ဈေးရုံသစ်ကြီးဆောက်ပြီးသည်မှာ သိပ်မကြာသေး၊ နှစ်နှစ်၊ သုံးနှစ်လောက်ပဲ ရှိဦးမည်ထင်သည်။

အမေပိုင်သော ဈေးဆိုင်ကား ဈေးတန်းအစွန်းမှာပဲ ရှိလေသည်။ ဆိုင်ကို အမေ့မောင် ဘထွေး ဦးသာအိုင်က ကြည့်ပေး၍၊ သမီးဖြစ်သူ မနှင်းမယ်က ဝိုင်းကူလုပ်ပေးလေသည်။ စင်စစ်တော့ သူတို့နှစ်ဦးလုံးကို အမေက ကျွေးထားခဲ့ရသည်မှာ ကြာပြီဖြစ်လေသည်။

ဈေးတန်းကိုလွန်၍ လမ်းချိုးတစ်ခုကိုကွေ့လာလျှင် မီမီညို၏ အတွေးများသည် ပြတ်၍သွားလေသည်။

[၉]

"အမေရေ...မမလေး ပြန်လာပြီဗျ၊ လာကြည့်ပါဦး ...မမလေးရယ် ဗျ....."

ကိုလတ်သည် မီမီညို၏ပစ္စည်းများကို ပြေးကူသယ်ရန် သတိမရသေးဘဲ အိမ်ထဲပြေးဝင်ကာ အမေ့အား လှမ်းအော်ခေါ်နေသည်။ မီမီညိုသည် မြင်းလှည်းပေါ်မှ ပစ္စည်းများကို မြင်းလှည်းဆရာနှင့်အတူ အောက်သို့ချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေသည် ယောက်မ လက်ကဆွဲကိုင်ကာ၊ ချွေးတစိုစို မျက်နှာနှင့် ပြေးထွက်လာလေသည်။

စီစီညိုကား ထဘီရင်လျားကို မျက်နှာသုတ်ပုဝါငယ်ခြုံလျက်၊ ရေစက်လက် စိုနေသော မျက်နှာနှင့် ကရောသောပါး ထွက်လာလေ၏။

"လုံမလေးရယ်.....စာလေးဘာလေး ကြိုရေးမှပေါ့အေ..... အမေတို့ ဘူတာကို လာကြိုမှာပေါ့....."

အမေက ဝမ်းနည်းစွာ အပြစ်တင်နေသည်။ မိမိညိုသည် အိမ်၏အဖီအောက်တွင် ပစ္စည်းများချကာ၊ အမေတို့အား ငေးကြည့်ရင်း ပြုံးနေသည်။ မမြင်ရသော ၉ လ, ၁၀ လအတွင်း အမေ၏ရုပ်မှာ အတော်ပင် ကျ၍သွားလေသည်။ ခေါင်းတွင် ဆံတို့သည် တစ်ဝက်မက ဖြူ၍နေပေပြီ။ ရှေ့သွားနှစ်ချောင်းမှာလည်း ကျိုးနေသဖြင့် ကြည့်မကောင်းတော့ပေ။

အသားညိုညို၊ ပုပျပ်ပျပ်၊ ပိန်၍ပါးသော အမေ၏ကိုယ်ဟန်ကလေးကတော့ ယခင်ကလို ပေါ့ပါး၍ ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားသွားလာနိုင်သေးသည်။ ကျယ်ပြန့်ပြေပြစ်သော နဖူး၊ ပါး၍ ကားသောနားရွက်များ၊ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများ၊ နှာတံစင်းစင်း၊ ပါးလွှာသော နှုတ်ခမ်းလေးများနှင့်အမေသည် ငယ်စဉ်က မိန်းမချောတစ်ယောက် ဖြစ်ခဲ့လေသည်။

ယခုတော့မူ ဇရာဖိစီးလာသော အမေ့တွင် အလှအပဟူ၍ လက်ညှိုးထိုးစရာ တယ်မရှိတော့ပေ။

'အမေ ဝမ်းသာအောင်လို့ အသံမပေး၊ ဘာမပေး ပြန်လာတာ၊ ဝမ်းမသာဘူးလား အမေရဲ့....."

မိမိညိုသည် ရီဝေသော မျက်လုံးများနှင့် အမေ့အား စိုက်ကြည့်ရင်း မေးလိုက်လေသည်။



"ဘယ့်နှယ်မေးလိုက်တာလဲ လုံမလေးရယ်...ဝမ်းသာသလားလို့ မေးမှမေးပလေအေ....."ဟု တုန်ရီစွာပြောလိုက်ရင်း၊ မိမိညို့ထံမှ မျက်နှာလွှဲကာ မျက်တောင်များ ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

"အမေ.....နေလို့ကောင်းတယ်နော်....."

မိမိညိုသည် အမေ့ပခုံးပေါ်တွင်ကျနေသော ပြာမှုန့်များကို ပုတ်ထုတ်ကာ မေးလိုက်လေ၏။

"နေလို့ကောင်းပါတယ်.....ည–ည အိပ်မပျော်တာ တစ်ခုပဲ"

"အမေ့ကြည့်ရတာ ပိန်လိုက်တာနော်....."

"အမေလား.....ပိန်တယ်ပြောကြတယ်၊ လုံမလေးလည်း ပိန်သွားသလိုပဲ....."

မိမိညို စကားပြန်မပေး ပြုံး၍သာနေသည်။ အမေသည် မျက်လုံးအိမ်များကို လက်ချောင်းများနှင့် ဘယ်ပြန်ညာပြန်တို့ကာတို့ကာ လုပ်နေသည်။ ပြီးနောက်.....ကိုလတ်နှင့် စီစီညိုတို့အား ပစ္စည်းများကို အိမ်ထဲသို့ အသွင်းခိုင်းလေသည်။

"ညီထွေးကော အမေ....."

"ဟိုမှာ.....ကွပ်ပျစ်ပေါ်မှာ စောစောကပဲ အိပ်ပျော်နေလေရဲ့....."

မိမိညိုသည် ကျယ်ပြောလှသော အိမ်ဝင်းကြီးကို တမေ့တမောငေးမောနေမိသည်။ မြေတလင်းမှာ သိပ်သည်း၍ ပြောင်နေသည်။ ဝါးခြမ်းချွန်များကို ခြံခတ်ထားရာ၊ အချို့နေရာတွင် ယိုင်နဲ့နေလေသည်။

ခြံဝင်းတစ်လျှောက်တွင် ဓောင်းချမ်းပင်များနှင့် ရှားစောင်းဆူးပင်များ ပတ်ပတ်လည်ရံလျက် ပေါက်ရောက်နေသည်။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် စိမ်းဖန့်ဖန့် ရွက်နုလေးများနှင့် မန်ကျည်းပင်များစီရရီပေါက်လျက်နေသည်ကို တွေ့မြင်ရလေသည်။

အချို့ အိုရင့်နေသောအပင်ထက်တွင် ရှဉ့်များ ကူးလူးပြေးလွှား

www.burmeseclassic.com

www.burmeseclassic.com



ကာ မန်ကျည်းကြက်ဆူသီးများကို ကိုက်ဖောက်ချပစ်နေသည်။

"ကိုင်း.....အမေ မလိုင်အိုးသွားကြည့်လိုက်ဦးမယ်.....လုံမလေး နားဦး....."

အမေသည် အိမ်နောက်ဖေးဆောင်သို့ ဝင်သွားလေသည်။ အိမ်နောက်ဆောင်နှင့် အိမ်မှာ သပ်သပ်စီဖြစ်သည်။ မိမိညိုတို့အိမ်မှာ နှစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်သည်။

အိမ်မှာ အတော်ပင် အိုမင်းဆွေးမြည့်နေပေပြီ။ ရေနံချေးများ သုတ်ထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် မဲမဲသဲသဲကြီးဖြစ်ကာ မှောင်၍ပင်နေသည်။

အိမ်နံရံ ကျူထရံကွက်မှာ ရှေးအခါက ကြသောင်းဝါးကို အလုံးလိုက်ထု၍ ထရံခတ်ခဲ့ရာ ဓားပြပစ်သော သေနတ်ကျည်ဆန်ပင် တိုးမပေါက်ခဲ့ဟု အဆိုရှိခဲ့၏။ ယခုတော့မူ ထရံကွက်များမှာ ကျိုးတိုးကျဲတဲ ဖြစ်သည့်နေရာ ဖြစ်ခဲ့လေပြီ။

ကနဦး အိမ်ဆောက်စက မိုးထားသော သွပ်များ ဟောင်းနွမ်း၍ လဲပြီးသည့်နောက်တွင် သက်ငယ်မိုးကိုသာလျှင် မိုးနိုင်ခဲ့တော့သည်။

အိမ်အိုကြီးသည် သူ့အရှင်မ အမေ့လိုပင် ဇရာဖိစီးခဲ့လေပြီတကား။ ကျွန်းသစ်တိုင်ကြီးများသည်သာလျှင် အိမ်၏ခံ့ထည်သောအသွင် အဖြစ် ကျန်ရစ်တော့သည်။

မိမိညို့တို့ မောင်နှမတစ်တွေအနက်၊ ကိုဦးမှ သီသီညို၊ မိမိညို၊ ကိုလတ်အထိ ဤအိမ်အိုကြီးပေါ်တွင် မွေးခဲ့ကာ ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့လေသည်။ အိမ်ကြီး၏နောက်ဘက် မန်ကျည်းပင်ရင်းကား မိမိညိုတို့ ချက်မြှုပ်ဒေသ စင်စစ်လည်းဖြစ်ချေသည်။

ညီထွေးကျတော့ အမေသည် ဆေးရုံတွင် တစ်လုည့်မွေးချင်လာသည်နှင့် မွေးလာခဲ့သည်။ ဆေးရုံပေါ်တွင် ညီထွေးကံကြမ္မာ ယိုယွင်းရသည်ဟု အယူစွဲလာသော အမေသည် စီစီညိုမွေးချိန်ကျတော့ အိမ်မှာပင် ဝမ်းဆွဲနှင့်မွေးလေသည်။



သည်တော့ ညီထွေးတစ်ယောက်တည်း ကံကွက်ကျား၍ မဟားတရား ကံကြမ္မာအမွေခံခဲ့ရသောကြောင့်၊ အမေမှာ ဆေးရုံတွင်မွေး၍ ဤသို့ဖြစ်ရသည်ဟု အယူသည်းကာ ဆေးရုံဘက် ခြေဦးမလှည့်ဖြစ်တော့ပေ။

ထို့ကြောင့် ကိုလတ်နှင့် စီစီညိုတို့၏ အချင်းများသည်လည်း မန်ကျည်းပင်စည်ရင်းတွင် မြှုပ်နှံခံရလေသည်။ သည်မောင်နှမ ငါးယောက်ကား ကံလှသူများပေတကား.....

မိမိညိုသည် အတွေးများနှင့် ခြံပတ်ပတ်လည် လျှောက်၍ကြည့်နေသည်။

ခြံနောက်ဘက်နေရာတွင် အမေ့လက်ရာများဖြစ်သော ဆူးပုတ်ပင်၊ ငရုပ်ပင်၊ ခရမ်းချဉ်ပင်၊ နွေပဲပင် စသည်များကို အညွန့်အဖူး အသီးတွဲလွဲများနှင့် ချစ်စဖွယ် တွေ့မြင်နေရလေသည်။

ခရမ်းပြာပြာအပွင့်များနှင့် ကန်စွန်းရိုင်းနွယ်ပင်များကိုင်း၊ ဟင်းနုနွယ်ပင်များကိုလည်းကောင်း၊ အလေ့ကျပေါက်ရောက်နေသည်ကိုလည်း တွေ့ရလေသည်။

အနီးတွင် ရပ်လာသော ကိုလတ်အား မိမိညိုမှာ လှည့်ကြည့်ကာ.....

"ကိုလတ်ရေ ညီထွေး အိပ်နေတုန်းပဲလား ဟေ့....."ဟု မေးလိုက်၏။

"အိပ်တုန်းပဲဗျ.....ဒီကောင်က ကာလနဂါးပဲဗျ မမလေးရ၊ အိပ်မိရင် တော်တော်နဲ့မထဘူး....."

"အိပ်ပါစေကွယ် ကိုလတ်ကလည်း.....သူ့မှာ တခြား ဘာအာရုံမှ မရှိရှာတာ၊ အိပ်တဲ့အချိန်ဟာ သူ့အဖို့ အကောင်းဆုံးအချိန်ပဲပေါ့....."

www.burmeseclassic.com

www.burmeseclassic.com



"အိပ်တာပဲ ကောင်းတယ်..... မအိပ်ရင် သိပ်ကြေးချွတ်များတာပဲ၊ ဘာလုပ်ပေးပါဦး၊ ညာလုပ်ပေးပါဦးနဲ့၊ စီစီနဲ့ဆို တစ်စက်မှမတည့်ဘူး....."

"ဒီလိုမပြောပါနဲ့ကွယ်.....သူဟာ ဒုက္ခိတ တစ်ယောက်ဖြစ်တယ်ဆိုတာ ကိုလတ်နဲ့ စီစီဟာ မေ့မထားသင့်ဘူး....."

"ဒါကြောင့်မို့ ကျွန်တော် သူ့ကို ဒါလောက်ညှာနေတာပေါ့..... နို့မဟုတ်ရင် ဆွဲအထိုးပဲ၊ တစ်ချက် တစ်ချက် အင်မတန်ကြိုဟ်ကျတဲ့အကောင်၊ အမေနဲ့ မမလေးတို့ အလိုလိုက်ထားလို့ ဒါလောက်ဆိုးနေတာဗျ၊ သူက အမေနဲ့ မမလေးကျတော့ ချွဲချွဲ ချွဲချွဲနဲ့၊ ကျွန်တော်တို့ကျတော့ တစ်မျိုး၊ မျက်စိသာ ကန်းတာ ..... သိပ်ပါးတာပဲ....."

"ကန်းတယ် မပြောပါနဲ့ကွယ်.....ကိုလတ်ရဲ့ စကားလုံးက ရင့်သီးလွန်းပါတယ်....."

"ကန်းတာနဲ့ မမြင်တာနဲ့ အတူတူပေါ့ဗျ၊ မမလေးကလဲ ဇာချဲ့နေလိုက်တာ....."

မိမိညိုသည် ကိုလတ်အား ငေး၍သာ ကြည့်နေမိသည်။ ကိုလတ်သည် မိမိညိုနှင့်လည်းမတူ၊ အမေနှင့်လည်းမတူ၊ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ထွားထွားကျိုင်းကျိုင်းဖြစ်လေသည်။ ကျောင်းတွင် ဘောလုံးကန်၊ ဘော်လီဘောပုတ်၊ ကြက်တောင်ရိုက် စသော အားကစားများ ကစားသဖြင့် ထွားချင်တိုင်း ထွားကျိုင်းသန်မာနေသည်။

မျက်နှာပေါက်ကတော့ အမေနှင့် ဆင်ဆင်တူ၏။ မိမိညိုထက် လေးနှစ်ခန့်ငယ်၍ အသက် (၁၉) နှစ်ဖြစ်သည်။ စိတ်ထက်မြက်သော လူငယ်လေးတစ်ဦးလည်းဖြစ်ပေသည်။

"ကဲ ကိုလတ်.....မမလေးသေတ္တာသော့ ယူသွားပြီး အထဲက လက်ဆောင်ပစ္စည်းတွေ သွားထုတ်ချေစမ်း၊ အမေ့ဖို့က မော်လမြိုင်



တဘက်၊ စီစီဖို့က ယိုးဒယားပါတိတ်လုံချည်၊ ကိုလတ်ဖို့က စပို့ရှပ်၊ ညီထွေးဖို့က ဖလန်နယ်အနွေးအင်္ကျီ၊ သွား ... ယူထုတ်၊ ဘထွေးနဲ့ နှင်းမယ်ဖို့က ဟဲကော့တွန်လုံချည်စ၊ သွားစမ်းပါ ကိုလတ်ရယ်၊ တော်နေ မမလေး လာခဲ့မယ်..ဟုတ်လား....."

မိမိညိုသည် ကိုလတ်အား စိတ်ပြေစေရန် စကားနည်း ရန်စဲ ပြောရင်း စေလွှတ်လိုက်လေသည်။

မိမိညိုသည် သက်ပြင်း လေးလေးမှုတ်ထုတ်ကာ၊ လက်ကိုနောက်ပစ်ပြီး ရှေ့ဘက် တရွေ့ရွေ့ လျှောက်လာခဲ့လေသည်။ အိမ်တွင် ကိုလတ်နှင့် စီစီညိုတို့က တစ်ဂိုဏ်းဖြစ်ကာ၊ ညီထွေးအား တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။ အမေနှင့် မိမိညိုတို့၏အချစ်သည် ညီထွေးအပေါ်တွင် စုပုံနေသည်ကို သူတို့နှစ်ယောက်စလုံး နှစ်မြို့က်လိုလားဟန်မတူ။

[၁၀]

မန်ကျည်းပင်စည်ကို ပတ်ပိုင်း၍ သစ်သားများစပ်ကာ ကွပ်ပျစ်ရိုက်ထားလေ၏။ ပတ်ပတ်လည် ကွပ်ပျစ်အဝိုင်းသည် လူနှစ်ယောက်ချောင်ချောင်ချိချိ အိပ်သာအောင် ရှိလေသည်။

ရှဥ့်ငယ်များသည် တကျိကျိ တကျာကျာ အော်မြည်လျက် မန်ကျည်းကြက်ဆူသီးများကို ကိုက်ဖောက်ချနေသည်။ တောင်လေသည် တဟူးဟူးနှင့် သုတ်ဖြူးလာ၏။

ကွပ်ပျစ်ပေါ်တွင် ညီထွေးသည် တစောင်းလေး အိပ်ပျော်နေသည်။ ရင်ဘတ်တွင် လက်ကလေးနှစ်ဖက်ပိုက်လျက် ပါးစပ်ဟ အသက်ရှူလျက် ကလေးငယ်ပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေရှာသည်။ အဝါဖျော့ဖျော့ ရှပ်လက်တိုအပေါ်မှ မိမိညိုထိုးပေးထားသော အစိမ်းရင့်ရင့် စလစ်အိုဗာခေါ် ဆွယ်တာလက်ပြတ် ဝတ်ဆင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် အကွက်စိပ်စိပ် ချည်လုံချည်ကို လျှော့ရိလျှော့ရဲဝတ်ထားလေသည်။

ညီထွေးသည် မီမီညိုနှင့် သွားရှုတူသည်။ အသားလတ်လတ်ဝါဝင်းတာ၊ သွယ်နွဲ့တာ၊ မျက်ခုံးမွေးထူတာ၊ မျက်တောင်ရှည်တာ၊ နှာတံစင်းတာ၊ နှုတ်ခမ်းလုံးတာ စသည်များသည် မီမီညိုအတိုင်းပင်။ ကွယ်လွန်သူ အဘငယ်စဉ်က ရုပ်ရည်မျိုးဖြစ်သဖြင့်၊ စင်စစ် ညီထွေးသည် လူချောလေးတစ်ယောက်မှုသာဖြစ်ပေသည်။

အသက်ကလည်း (၁၈) နှစ်သာရှိသေး၍ ကိုလတ်ထက် တစ်နှစ်ငယ်၏။ မရိတ်ဘဲထားသော နှုတ်ခမ်းမွေး စိမ်းစိမ်းများကပင် ညီထွေး၏နုနယ်သောအသွင်ကို သက်သေပြလျက်ရှိပေသည်။ နဖူးထက်တွင် ချွေးများစို့၍ ဘိုကေဆံစအချို့သည် ချွေးဖြင့် လူးစိုကာ နဖူးတွင် ကပ်နေသည်။

မျက်စိမှိတ်၍ အိပ်ပျော်နေသော ဤလူငယ်လေးကိုကြည့်ကာ အဘယ်သူက ဒုက္ခိတမျက်မမြင်လေးဟု ယုံမှားပါမည်နည်း။ ညီထွေးနှင့်ရွယ်တူ မိန်းမပျိုလေးကမြင်လျှင် ဤမျှ ရုပ်ရည်သန့်ပြန့်၍ ချစ်စဖွယ် ညီထွေးကို မချစ်မကြိုက်ဘဲနေပါအံ့လော.....

"ဒါဟာ ဝဋ်ပဲ....."ဟု အမေက မကြာခဏပြောလေ့ရှိလေသည်။ ငရဲမှာအပ ဝဋ်မှာအမြဲပေတာကား။ ညီထွေး၏ မျက်စိကား ဘယ်တော့မှ ကုသ၍မရနိုင်တော့ဟု မျက်စိကုဆရာဝန်တိုင်းလိုလိုကပင် ပြောကြလေသည်။ သေရာပါ ဝဋ်ဆင်းရဲပေတကား.....

မီမီညိုသည် ညီထွေး လူးလွန့်လှုပ်ရှားလာသည်ကို အကဲခတ်ကာ ညီထွေး၏နဖူးကို အသာ လက်နှင့်စမ်းသပ်ရင်း၊ "ကြည့်ပါဦးကွယ်.....လေတိုက်ထဲမှာ အိပ်နေလိုက်တာ.....ဖျားနာတော့မှာပဲ....."ဟု တိုးတိုးဆိုမြည်လိုက်လေသည်။



ညီထွေးသည် ကမန်းကတန်း လူးလဲထကာ၊ မီမီညို၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

"မမလေး.....မမလေး.....မမလေးလား ဟင်....."

ညီထွေးသည် နှုတ်မှ တတွတ်တွတ်ခေါ်ကာ မီမီညို၏ မျက်နှာကို စမ်းသပ်နေသည်။ မီမီညိုသည် ညီထွေးအနီးတွင် ထိုင်ချကာ.....

"ညီထွေး အိပ်နေလို့ မမလေး မနှိုးတာ....."

ညီထွေးသည် မီမီညို၏လက်များ လွတ်သွားမည်ကို စိုးရိမ်သည့်ပမာ ဆွဲကိုင်ထားရင်း.....

"မမလေး ဘယ်တုံးက ရောက်လဲ ဟင်....."

"ခုတင်ပဲ ၁၅-မိနစ်လောက်ပဲ ရှိဦးမယ်၊ လမ်းမှာ ရထားလမ်းချော်တာ ပြင်နေလို့ ၁၁ နာရီမှ ရထားဆိုက်တယ်....."

"ကျွန်တော် မမလေး ပြန်လာတယ်လို့ အိပ်မက် မက်နေတယ်၊ စောစောက ရထားဥသြဆွဲသံတွေနားထောင်ရင်း အိပ်နေခဲ့တာ၊ ဒါကြောင့်မို့ မမလေး ပြန်လာပြီ အိပ်မက်မက်တာ၊ အိပ်မက်ထဲမှာ မမလေး ပြန်လာတော့ ကျွန်တော် ကမန်းကတန်းထွက်ကြိုတာ ခလုတ်တိုက် လဲလို့တဲ့ဗျူ၊ ဒါနဲ့ အိပ်မက်ကလည်း လန့်နိုးရော....."

ညီထွေးသည် အသက်မရှူဘဲ စကားကို မြန်မြန်ပြောနေလေသည်။

"ညီထွေး ပိန်သွားတယ်နော် ..... ထမင်း ကောင်းကောင်းစားရရဲ့လား....."

"စားတာတော့ စားပါတယ်.....မအိပ်နိုင်တာက ခက်တယ်၊ ညညကျ အိပ်မပျော်ဘူး"

"အမေ့လိုပဲပေါ့.....ပျော်အောင် ကြိုးစားပါ ညီထွေးရယ်"

"ညလုံးပေါက် လုံးလုံးမအိပ်တာ သုံးညလောက်ရှိသွားပြီ"

"အို.....ဘာလို့များ အိပ်မပျော်တာလည်း ညီထွေးရယ်....."

www.burmeseclassic.com

www.burmeseclassic.com



"သိပ်တွေးလို့ ထင်ပါရဲ့.....မမလေးမရှိတာ ကျွန်တော် သိပ်ပျင်းတာပဲ၊ ကျွန်တော့်ရင်ထဲမှာ အမြဲ ဟာနေတာပဲ..... ကျွန်တော် ဘယ်လိုဖြစ်နေတယ်ဆိုတာ မမလေး သိစမ်းစေချင်တယ်.....မမလေးရယ်၊ မမလေး မရှိတဲ့အချိန်တွေမှာ ကျွန်တော် သိပ်စိတ်အားငယ်တာပဲ၊ အရင်တုန်းကတော့ ငိုတာဟာ အရှုံးပေးတာလို့ မမလေးကို ကျွန်တော် ပြောခဲ့ဖူးတယ်နော်.....မငိုတော့ဘူးလို့လည်း ဆိုခဲ့မိတယ် ထင်ပါရဲ့.....ခုတော့ ကျွန်တော် ငိုရပြီ။ မမလေး မရှိလို့ ကျွန်တော် ခဏခဏငိုခဲ့ရတယ်....."

မိမိညိုသည် မျက်ရည်ပြည့်လျှံသော မျက်လုံးများနှင့် ညီထွေးအား ငေးစိုက်ကာ.....

"ဒါတွေ ပြောမနေပါနဲ့တော့လေ.....ခု မမလေးပြန်လာပြီမဟုတ်လား ....."ဟု ဖြေသိမ့်လိုက်သော်လည်း၊ မိမိညို၏ ရင်ထဲမှာလည်း 'ဟာ' ၍သာ နေလေ၏။

ညီထွေးသည် မိမိညို၏ လက်ကောက်ဝတ်လေးကို ကိုင်တွယ်စမ်းသပ်ရင်း .....

"မမလေးလည်း ပိန်သွားတယ်နော် .... ခါတိုင်း လက်ပြည့်ပြည့်လေးဟာ လက်ကောက်ဝတ် အရိုးပေါ်နေပြီ ကြည့်စမ်း....."

"ဟုတ်တယ်.....မမလေး ငါးပေါင်လျော့သွားတယ်၊ ခါတိုင်း ၁၀၅ ပေါင်ရှိတာ၊ ပေါင် ၁၀၀ ပဲရှိတော့တယ်....."

မိမိညိုသည် စိတ်ပြေလက်ပျောက် ရောက်တတ်ရာရာတွေ ပြောပြနေ၏။

"မမလေး.....ကျောင်းတက်ဖို့ နောက်ကို တစ်နှစ်ကျန်သေးတယ်နော် ....."

"အေးကွယ်..... တစ်နှစ်ကျန်သေးတယ်၊ နောက်တစ်နှစ်ပြီးရင်



ပြီးရော ....."

"အဲဒီ နောက်တစ်နှစ် စဉ်းစားရင်လည်း ကျွန်တော် အိပ်လို့ မပျော်ပြန်ဘူး မမလေးရယ်....."

"ဒါတွေကို မစဉ်းစားနဲ့လေ.....လာ အိမ်ထဲသွားရအောင်..... ညီထွေးဖို့ မမလေး ဖလန်နယ်ရှပ်အင်္ကျီချုပ်လာခဲ့တယ်၊ မှန်းပြီးချုပ်ခဲ့တာ တော်ပါလိမ့်မယ်၊ စကော့ကွက်လေး အဆင်အသွေးကလည်း လှပါဘိနဲ့....."

"စကော့ကွက်ဆိုတာ ဘာလဲဟင်.....မမလေး....."

"စကော့ကွက်ဆိုတာ အနီနဲ့အနက်ကွက်၊ အဲလေ.....သိပ်လှတယ်လို့ မမလေးပြောတာ၊ ညီထွေးနဲ့ဆို သိပ်လိုက်မှာ၊ လာ .....လာ ..... မမလေး ဝတ်ပေးမယ်နော် .... မမလေးပခုံးပေါ် လက်တင်၊ မမလေး ဖြည်းဖြည်းလျှောက်မယ် ဟုတ်လား....."

ညီထွေးသည် မိမိညို၏ပခုံးပေါ် လက်တင်လျက် စမ်းတဝါးဝါးနှင့် လမ်းလျှောက်လာခဲ့လေသည်။ အိမ်အဝင်ဝတွင် "ညီထွေးရေ..... ကျော်လိုက်ကျော်လိုက် တံခါးပေါင်ရှိတယ်....."ဟု သတိပေးလိုက်လေသည်။

"မမလေးရေ ..... မမလေးကို တွဲလျှောက်ရတာ ကျွန်တော် သိပ်စိတ်ချမ်းသာတာပဲ၊ မိစီနဲ့လျှောက်ရတာ တစ်စက်မှမကောင်းဘူး၊ ကျွန်တော် သတိထားနေရတယ်၊ ကျင်းနေရာကျင်း၊ ချိုင့်နေရာချိုင့်၊ ခလုတ်နေရာခလုတ်၊ ဘယ်တော့မှ သတိမပေးဘူးဗျ၊ တစ်ခါတလေ ကျွန်တော့်ရှေ့ကနေ သူက ဒိုင်ခံ ခလုတ်တိုက်နေချည်သေးတော့တယ်ဗျာ ..... သူမှောက်ရက် လဲသွားမှာစိုးလို့ ကျွန်တော်ကပဲ ဆွဲထားရတယ် ဂမ်းကုန်ရောဗျာ....."

ညီထွေးသည် ရယ်လျက်ပြောရာ၊ မိမိညိုကပါ တသော့သော့ ရယ်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ဒီကောင်မလေးဟာ အမြဲ ဒီလိုပဲ ရုပ်ပျက်ပျက်နဲ့..... သူ့ထဘီတွေ အမေ့ခေါင်းရင်း ရေးသေးသတဲ့လား....."

"အမေနဲ့လည်း တဆူဆူပါပဲ.....အမေက သိပ်အလိုလိုက်တာကိုး၊ ဒါကြောင့် ဒါလောက်ဆိုးနေတာ....."

မိမိညိုသည် စောစောက ကိုလတ်၏စကားကို သွားသတိရ၍ ပြုံးမိလေ၏။ "အမေနဲ့ မမလေးတို့ အလိုလိုက်ထားလို့ ဒါလောက်ဆိုးနေတာဗျ....."ဟု ညီထွေးနှင့်ပတ်သက်၍ ကိုလတ်က အပြစ်ဆိုခဲ့ဖူးလေသည်။

အိမ်ထဲရောက်သော် ဘယ်သူမှ မတွေ့ရပေ။ အမေကား မီးဖိုထဲမှ မထွက်နိုင်သေးပေ။ စီစီညိုကား မိမိညိုယူလာသော ယိုးဒယားပါတိတ် လုံချည်ကို စက်ဆိုင်အပ်ရန် စက်ဘီးလေးနှင့်ထွက်ခွာသွားလေသည်။ ကိုလတ်သည်လည်း မိမိညိုပေးသော စပို့ရှပ် ကြည်ပြာရောင်ကို အမြိုင့်သားဝတ်ကာ ဘော်လီဘောကစားရန် ကျောင်းဘက်သို့ ထွက်ခွာသွားလေသည်။

"ကဲ.....ညီထွေး ဒီမှာ ခဏထိုင်နေရစ်ဦးနော်..... မမလေး အဝတ်ဘာလဲပြီး အမေ့ကို သွားကူလိုက်ဦးမယ်၊ အမေတစ်ယောက်ထဲ သနားပါတယ်....."

"သွားကူ .... သွားကူ မမလေး ... အမေ သိပ်ပင်ပန်းတယ် ... တစ်ခါတလေ စကားတောင်မပြောနိုင်ဘူး... အသက်ရှူကျပ်နေတယ်..."

မိမိညိုသည် အပေါ်ထပ်သို့ ကမန်းကတန်း တက်လာခဲ့လေသည်။

× × × × ×

လဆန်းရက်မို့ လဝါရောင်သည် လင်း၍နေသည်။ မြင့်မား၍ ခိုင်



မာသော ထန်းပင်ရိပ်သည် ပြောင်နေသော မြေတလင်းပေါ်တွင် ဖြာလျက် ကျနေသည်။ မန်ကျည်းပင်တို့၏ အခက်အရွက်စိပ်စိပ်လေးများသည်လည်း မြေပေါ်တွင် ဇာကွက်ဖော်နေသည့်ပမာ ရှိလေသည်။

အရှေ့ဘက်တစ်ခိုတွင် တောင်ရိပ်များကို တွေ့မြင်နေရသည်။

ငွေလမင်းသည် ထန်းပင်ထိပ်ဖျားၐ အခက်တစ်ခုပေါ်တွင် မေးတင်မှိုခိုနေဟန်ရှိလျက်၊ တိမ်တို့သည် ထန်းပင်၊ ထန်းလက်ကိုလည်းကောင်း၊ ငွေလကိုလည်းကောင်း ဖြတ်သန်း ကျော်သွားနေကြသည်။

"မမလေး.....ခု အပြင်မှာ လသာနေလား ဟင်....."

"ဟုတ်တယ်.....လသာနေတယ် ညီထွေးရေ....."

"ဒါဖြင့် ကျွန်တော်တို့ အပြင်ထွက်ရအောင်....."

"ဟို.....မန်ကျည်းပင်အောက်ကိုလား၊ လာလေ.....ညီထွေး မမလေးတွဲမယ်....."

မောင်နှမနှစ်ယောက် စမ်းတဝါးဝါးနှင့် မန်ကျည်းပင်အောက်သို့ ရောက်လာကြလေသည်။ ညီထွေးသည် ကွပ်ပျစ်ပေါ်ထိုင်ချပြီးနောက်
.....

"မမလေးကို ထူးဆန်းတာတစ်ခု ပြရမယ်၊ မရှိမသေ အိမ်ပေါ်ထပ်တက်ပြီး တိုင်ကပ်နာရီအောက်မှာ ချိတ်ထားတဲ့ဘင်ဂျို ယူပေးပါလားဗျာ၊ သွားပါ.....မမလေးရဲ့မောင် ဘယ်လောက် တိုးတက်နေတယ်ဆိုတာ ပြချင်လို့....."

မိမိညိုသည် ပေါ့ပါးစွာပင် အိမ်ပေါ်ထပ်သို့တက်၍ ဘင်ဂျိုသွားယူပြီး ညီထွေးထံ ပြန်လာခဲ့လေသည်။ ညီထွေးလက်ထဲသို့ ဘင်ဂျိုထည့်ပေးရင်း.....

"ညီထွေး ဘင်ဂျို တီးတတ်နေပြီလား....."

"မတောက်တခေါက်ပေါ့ မမရာ..... ငါးပေါက်တို့ သံမှန်တို့ ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တို့ ခုနှစ်သံ စတဲ့ အသံစမ်းတာတွေကို ဘထွေးက သင်ပေးတယ်၊ ဟောဒီ သီချင်းကတော့ ကျွန်တော် စမ်းတီးတာ"

"ကိုင်း.....တီးစမ်းပါဦး ငါ့မောင်ရယ်....."

"ကျွန်တော် အစ အဆုံးတော့ မရဘူးနော်....."

"အေးပါကွယ် ..... ရသလောက်ပေါ့ ....."

"ဒီသီချင်းကို ကျွန်တော် သိပ်ချစ်တာပဲ.....သီချင်းနာမည်က "ပြော လိုက်တော့ ရွှေကျီးညို"တဲ့၊ မနက်တုန်းက ကျီးသာလို့ အဲဒီ သီချင်း ကိုတောင် ဆိုနေမိသေးတယ်....."

"ဪ..... သိပြီ .... 'မနက်လာမှာလားဆို..... နေ့လယ် ရောက် မှာလားဆို' သီချင်းလား....."

"အစစ်ပေါ့ဗျာ..... မမလေး ရရင် လိုက်ဆိုနော်....."

ခဏချင်းပင် ညီထွေးသည် ဘင်ဂျိုကိုကိုင်လျက် ကျင်လည်စွာ တီးလိုက်လေသည်။ ညီထွေး၏လက်သံသည် အံ့သြစရာကောင်း လောက်အောင်ပင် အကွက်စိပ်၍ ပြောင်ပြောင်မြောက်မြောက်နှင့် သာတောင့်သာယာရှိလေသည်။

ပြန်ချိန်သင့်ရင်ဖြင့် ပြန်ခဲ့မယ်ဆို.....တာဝန်များ
ထမ်းလျက်နေဆဲကို၊ မယုံရင် မေးကြည့်တော့ ရွှေကျီး
ညို.....
(မနက် လာမှာလား ဆို.....
နေ့လယ် ရောက်မှာလား ဆို.....
ညနေချိန် လာမှာလားလို့ .....
ဗျာများနေစရာမလို)၂
ပြန်ချိန်သင့်ရင်ဖြင့် ပြန်ခဲ့မယ်ဆို.....တာဝန်များ



ထမ်းလျက်နေဆဲကို၊ မယုံရင် မေးကြည့်တော့.....
ရွှေကျီးညို။....

[၁၁]

"လုံမလေးရယ်..... ဖယ်စမ်းပါ၊ ဒီအလုပ်တွေကို သမီး မလုပ် နိုင်ပါဘူး၊ သမီးလက်ကလေးတွေက နုက နုပါဘိနဲ့....."

အမေသည် ချွေးတလုံးလုံးနှင့် သကြားကျိုနေရာမှ လှမ်းအော် ပြောလိုက်လေသည်။

အချင်း(၀ါ)ထိပ်ဝ နှစ်ပေခန့်ကျယ်၍၊ တစ်တောင်ခန့် နက်သော တွင်း တူးထားကာ တွင်းထဲသို့ ထင်းချောင်းကြီးများနှင့် မီးထိုးထားလေ သည်။ တဝုန်းဝုန်းနှင့် အားကောင်းစွာ တောက်နေသော မီးများပေါ်တွင် ကြီးမားသော ဒယ်အိုးကြီး တယ်ထားလေသည်။

အမေသည် သံယောက်မကြီးနှင့် ဒယ်အိုးထဲမှ သကြားရည်များကို မွှေကာ ကျိုနေသည်။ အမေ့နဖူးတွင် ချွေးပေါက်များသီးကာ မီး၏ အပူရှိန်နှင့် မျက်နှာမှာ နီရဲနေသည်။

မီးဖိုချောင်မှာ ချွေးအပြိုက်ပြိုက်ကျခမန်း ပူလှပေသည်။ မီးဖိုချောင် သည် ကျူထရံကာ သက်ငယ်မိုးနှင့် အောက်မှာ ဘာမှအခင်းမရှိဘဲ မြေတလင်းပြင်သာ ဖြစ်သည်။

မိမိညိုသည် အမေ့ဘေးတွင် ခုံတစ်ခုဆွဲထိုင်လျက်၊ ဆန်ကောကြီး တစ်ခုနှင့် နွားနို့ခဲများကို ဆန်မှုန့်များနှင့်ရောကာ နယ်နေသည်။

"ဪ.....ထွက်စမ်းပါ ကလေးရယ်၊ မီးဖိုချောင်မှာ ပူအိုက်က ပူအိုက်ပါဘိနဲ့....."

အမေသည် နဖူးမှ ချွေးများကို သပ်ချရင်း ပြောလိုက်လေသည်။

"မိမိညို လုပ်နိုင်ပါတယ် အမေရဲ့....."

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် နွားနို့နှင့် ဆန်မှုန့်များကို နယ်မြဲနယ်နေသည်။

"ဩော်.....ခက်ပါ့ဘိကွယ်....."

ဆန်ကောတစ်ခုတွင် နွားနို့ခဲနှင့် ဆန်မှုန့်များ နယ်ပြီး အဆင်သင့် ပြုလုပ်ထားသော ကျပ်ပြားဝိုင်းသာသာခန့် မုန့်အပိုင်းလေးများ ဖြန့်ခင်းထားသည်။

အမေသည် ယောက်မ်နှင့် သကြားကိုမွှေကာ၊ ယောက်မကိုမြှောက်၍ သကြားရည်ကို ချကြည့်နေသည်။ သကြားရည်မှာ နီကြန်ကြန်ဖြစ်လာသည်။

"ခု မိမိ ကျောင်းမှာ ပေါက်တူးတွေ ဘာတွေ ကိုင်ပြီး ပေါက်နေရတာ အမေရဲ့၊ မိမိ့အဖို့ ဒါလောက်ဟာ မပင်ပန်းပါဘူး....."

"ဘာလို့ လုံမလေးက ပေါက်တူး ပေါက်ရတာလဲ....."

"စိုက်ပျိုးရေးသင်တန်း တက်ရတယ်လေ အမေရဲ့....."

"ဩ..... စိုက်ပျိုးရေးသင်တန်းလည်း တက်ရတယ် လား....."

"တက်ရတာပေါ့ အမေရဲ့၊ ဒါတင်မကဘူး... မွေးမြူရေးသင်တန်းလည်း တက်ရတယ်၊ အချုပ်အလုပ်၊ အချက်အပြုတ်၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ အားကစား အဘက်ဘက်မှာ ခေါက်မိရတယ်၊ ဒါတွေဟာ ကျောင်းဆရာမတွေ တတ်အပ်တဲ့ အင်္ဂရသ ၁၈ ရပ်ပဲ အမေရဲ့၊ အခြေခံသဘောတွေကို သိရမယ်ပေါ့လေ....."

"အံမယ်လေးကွယ်.....လုံမလေးအစား အမေ မောလိုက်တာ၊ ကိုင်း.....အိမ်ရောက်ပြီ၊ သွား အနားယူချေတော့ .... ဘာမှ ဝင်မလုပ်နဲ့....."

"အမေကလည်း နှင်ချည်းနေတာပဲ၊ အမေနဲ့ စကားပြောချင်လို့ဟာ ....."

"ကိုင်း..... ပြော ပြော၊ စကားပဲပြော ..... ဘာမှမလုပ်နဲ့....."



"ဒါလေးတော့ နယ်ပါရစေ အမေရဲ့....."

"ဘယ်လိုဟာလေးလည်း၊ ကဲ.....နယ်-နယ်....."

အမေသည် မိမိညိုအား မျက်စောင်းတစ်ချက်ထိုးကာ ပြောလိုက်လေသည်။

"အမေက အမေစိန်နဲ့ သိပ်တူတာပဲ၊ ဒေါ်စိန်ပါတီလေ၊ အမေ ကြားဖူးတယ်မဟုတ်လား....."

"ကြားဖူးသားပဲ၊ နာမည်ကျော်ပဲ..... သူဆိုတာ ပါတော်မူသီချင်းလေ၊ သိပ်ကောင်းတာပဲ၊ အင်္ဂလိပ်မင်းလက်ထက်တုန်းက သူ့သီချင်းနားထောင်ရတာ သိပ်ကြေကွဲစရာကောင်းတာပဲ၊ လူတွေဟာ သူ့သီချင်းသံကြားရရင် တို့ဗမာတွေ ကျွန်တွင်းမှာ နစ်ရလေခြင်းဆိုပြီး မျက်ရည်ပေါက်ပေါက်ကျခဲ့ကြတာ"

"ခု သူက မိမိတို့ ဂီတသင်တန်း ဆရာမကြီးလေ....."

"ကောင်းတာပေါ့အေ....."

"လစဉ် စာမေးပွဲတွေစစ်တဲ့အခါဆိုရင် ခါတိုင်းလို သံပြိုင်မဟုတ်ဘူး ..... တစ်ယောက်စီ 'ထ'ဆိုရတယ်၊ မိမိ သိပ်ရယ်ချင်တာပဲ၊ အသံကြောင်တဲ့ သူကကြောင်၊ အက်တဲ့သူက အက်၊ ကွဲတဲ့သူက ကွဲနဲ့ တစ်တန်းလုံး ရယ်ကြရော....."

မိမိညိုသည် သွားတက်ကလေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေလေသည်။ မိမိညိုမှာ အမေနှင့်ဆိုလျှင် "မိမိကလေး..... မိမိကလေး....."နှင့် ပကတိ ခလေးငယ်ပမာ နုနယ်၍ ငယ်စိတ်လေးများ ဝင်လာလေသည်။ တစ်ခါတလေလည်း ဤသို့ ငယ်စိတ်ဝင်ရသည်မှာ စိတ်လွတ်လပ်ပေါ့ပါးသည်ဟု တွေးထင်မိလေသည်။

အမေသည် မိမိညိုနှင့် စကားတပြောပြော လုပ်နေရာမှ ပေါင်တစ်အိုးရသဖြင့်၊ ကျပ်ပြားဝိုင်းသဏ္ဌာန် မလိုင်ခဲများကို လင်ပန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဆယ်ထည့်နေသည်။

မလိုင်တို့သည် ဆေးမဆိုးရဘဲနှင့် ပကတိ အသွေးကျသော တောက်ပသည့် လိမ္မော်ရောင်လေးများ ဖြစ်လာလေသည်။

မီမီညိုသည် စောစောက လုပ်ထားသော မလိုင်တစ်ခဲကို ကောက်စားလိုက်လေသည်။

"မောင်အောင်မင်းကို သမီး သိတယ်မဟုတ်လား၊ တစ်ခါတုန်းက လုံမလေးဆီ ပစ္စည်းတွေပို့ပေးတဲ့ သူငယ်ဟာလေ....."

"ဩော် .... သိပါတယ်....."

"သူ မြင်းခြံကို ပြောင်းရမတဲ့....."

"ဟင် .... ဟုတ်လား ...."

"ကိုဦးဆီက စာလာတယ်၊ မောင်အောင်မင်း မြင်းခြံကို ပြောင်းလာတဲ့အခါ ထမင်းချိုင့် ကောင်းကောင်းပို့မယ့် အိမ်ရှာပေးပါတဲ့၊ တစ်ကိုယ်ရေ တကာယသမားဆိုတော့ စားရေးသောက်ရေးက ခက်တယ်မဟုတ်လား ကွဲ့....."

"သူ့အမေနဲ့ အဖေကလဲ လိုက်မနေဖူးလား ...."

"သူ့ဖအေက ရန်ကုန်မှာ မော်တော်ကားဝပ်လျှော့ထောင်ထားတယ်ဆိုလားကွယ်..... မအားကြဘူးတဲ့....."

"ဒါတော့ ဟုတ်တာပေါ့လေ....."

"အဖိုးတန် သူငယ်လေးပါပဲအေ.....သူက အင်ဂျင်နီယာဘွဲ့ကို ရထားတာ၊ ဒါထက် သူက ကိုဦးထက် အတန်းပိုကြီးတယ်ဆိုပဲအေ့၊ ၁၆ တန်းအောင်တယ်တဲ့....."

"ဘီ၊ အက်စ်၊ စီ အင်ဂျင်နီယာ အောင်တာပါ အမေကလည်း ...."

"အမေဖြင့် မခေါ်တတ်ပါဘူးအေ....."

"ဘယ်တော့လောက် ပြောင်းရမတဲ့လဲ....."



"တန်ခူးလလို့ မောင်ဦးစာထဲမယ် ရေးထားတာပဲ....."

"ရေ့လထဲမှာပဲ ပြောင်းလာတော့မှာပေါ့....."

"သူပြောင်းလာရမယ်ဆိုတော့ အမေ သိပ်ဝမ်းသာသကွယ်"

"ဘာပြုလို့လဲ အမေ....."

"သူနဲ့ ဝိပဿနာတရားတွေ ဆွေးနွေးချင်လို့ပေါ့၊ အင်မတန် လိမ္မာရေးခြားရှိတဲ့ လူပဲ၊ ရွှေဘိုမှာ သူပြောပြတဲ့စကားတွေ သတိရသေးတယ်..... ခေါ်ခေါ်ရယ်တဲ့ ကာယဒုက္ခ၊ စိတ္တဒုက္ခတွေက ကျော်လွန်လွတ်မြောက်ချင်ရင် တဏှာကို ဖျက်ဆီးတတ်တဲ့ မြင့်မြတ်တဲ့ တရားတော်ကို မျက်မှောက်ပြုပါတဲ့..... ပြီးတော့ တရားကို ဘယ်မှာမှ ရှာစရာမလိုပါဘူး၊ မိမိကိုယ်ထဲမှာပဲ ရှာတွေ့နိုင်ပါတယ်တဲ့.....တရားရှာ ကိုယ်မှာတွေ့ ဆိုတာလိုပေါ့.. တဲ့ ...."

"သူပြောတာတွေက သိပ်နက်နဲတာပဲနော်..... မီမီဖြင့် နားတောင်မှ မလည်ဘူး....."

"နက်နဲဆိုကွယ်... ဗုဒ္ဓဘုရားရဲ့ ဟောပြောသွန်သင်ချက်တွေကို သူ ပြန်ပြောပြနေတာကိုး....."

"သူ့ကြည့်ရတာ ဘာသာရေးကို အတော်ခေါက်မိပုံရတယ်....."

"နောက်.. သူက သတိမရှိတဲ့ ပုဂ္ဂိုလ်ဆီမှာ အမြိုက်ချမ်းသာမရှိနိုင်ဘူးတဲ့၊ သမ္ပဒိရှိတဲ့ ပုဂ္ဂိုလ်ရဲ့ လက်ဝယ်မှာတော့ အမြိုက်ချမ်းသာရှိနေတယ်တဲ့.. အေ....."

"သူဟာ အသက်ငယ်ငယ်ကလေးနဲ့ ဘာလို့များ တရားတွေ သိနေပါလိမ့်မလဲနော်.....သူ့အသက်ကကော ဘယ်လောက်ရှိမလဲ အမေ....."

"ကိုဦးနဲ့ ရွယ်တူလောက်ပဲ၊ အသက် (၃၀) လောက်ရှိရောပေါ့....."

"ဟင်... ဒီလိုဆိုရင် ကြီးပြီပဲ ...."

"ယောကျ်ားတစ်ယောက် အသက် (၃၀) ဆိုတာ ဘယ်ကြီးဦးမလဲ

www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ လုံမလေးအစ်ကိုသာ အိမ်ထောင်စောစောပြုလိုက်လို့ အသက်ကြီးတယ် ထင်ရတာ.....”

“မိမိတို့က သုံးနှစ်ကြီး သုံးနှစ်ငယ်တွေနော်.....”

“နေဦး ... တွက်ကြည့်.. ကိုဦးက (၃၀)၊ သီသီက (၂၇) နှစ်၊ မိမိက (၂၄) နှစ်၊ ကိုလတ်ကျတော့ ၄ နှစ်လောက်ခြားသွားပြီး (၂၀) နှစ်၊ ညီထွေးနဲ့ ကိုလတ်က ဆက်တယ် (၁၉) နှစ်၊ စီစီက (၁၅)နှစ် ....”

သားအမိနှစ်ယောက် စကားစမြည်ပြောလို့ မဆုံးနိုင်ပေ၊ ရှေးဟောင်းနှောင်းဖြစ်များကိုလည်းပြောသည်။ လောလောဆယ်ဆယ်အရေးကိုလည်း ဆွေးနွေးကြသည်။ နှောင်ကာလ ပေါက်ဖွားမည့်ကိစ္စများကိုလည်း တိုင်ပင်ကြသည်။

[၁၂]

**တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။**

သင်္ကြန်မိုးတစ်ပြိုက်လည်း သွန်းခဲ့လေပြီ။ ပိတောက်ရွှေဝါဖူးတို့သည်လည်း မိုးကို စောင့်ကြိုကာ ..... ချိုမြသင်းပျံ့သော ရနံ့တို့ဖြင့်လောကကို ထွက်ပြူကာ ကြည့်လေသည်။

ဝတ်ဆံဝါဝါ၊ ဖြူပွင့်လွှာနှင့် ပန်းကုံ့ကော်တို့သည်လည်း ဝေဝေဆာဆာ ဖူးပွင့်ကြလေပြီ။

အခါသစ် နှစ်သစ်တွင် နွေဦးဥက်၏ လွမ်းချင်းလည်း ကွယ်ပျောက်ခဲ့ပေပြီ။ ဘယ်အရာကိုပဲ ကြည့်လိုက်ကြည့်လိုက်၊ ရွှင်စရာ၊ ပျော်စရာ၊ ကြည်နူးစရာတွေနှင့် ပြည့်အံ့ထင်၏။

အိုးစည် ဒိုးပတ်သံများကိုသည်လည်းကောင်း၊ မောင်းသံများသည်လည်းကောင်း၊ လင်းကွင်း၊ ကြေးနှောင်သံများသည်လည်းကောင်း



မြူးကြွခုန်ပျံလေဟန်ကို အသံကြားရုံနှင့်ပင် သိမြင်နိုင်ပေသည်။

မိမိညီမသည် ဘုရားဆွမ်းတော် ကပ်အပြီးတွင် အပြင်ဘက်မှ စီစီညို၏ အော်ဟစ်သံကို ကြားနေရသဖြင့် ပြတင်းပေါက်မှ လှမ်းကြည့် လိုက်လေသည်။

“အစ်ကို အောင်မင်းကြီး ပြေးလို့ ဘာရမလဲ..... ဘာရမလဲ၊ သာဝရာ .....”

ကိုအောင်မင်းက ရှေ့ကပြေး၊ စီစီညိုက နောက်မှ ရေဖလားနှင့်လိုက်၊ အပြေးနှင့်အလိုက်တွင် စီစီညိုက အားမလို၊ အားမရ အော်ဟစ်နေ၏။ သမင်မငယ်ကဲ့သို့ လျင်မြန်စွာပြေးလိုက်နေသော စီစီညိုက ကိုအောင်မင်းအား မီလုမီခင်တွင် ရေများ ဝုန်းခနဲ သွန်းလောင်းချလိုက်၏။

ကိုအောင်မင်း၏ တစ်ကိုယ်လုံးမှာ ရွှဲစို၍ သွားလေ၏။ နောက်သို့ယို့ကာ ရှောင်လိုက်သဖြင့် နောက်ကျောတစ်ခြမ်းသာ သက်သာရာရလေသည်။ ကိုအောင်မင်းက ပြုံး၍.....

“လမ်းတစ်လျှောက်လုံး ကလေးတွေကို ခပ်တည်တည်နဲ့ ရှောင်လာခဲ့သမျှ ဒီတစ်ချီတော့ သွားတာပဲကွာ.....လက်စားချေရမယ်၊ ကိုင်း... လာ.....”

ကိုအောင်မင်းသည် စီစီညိုလက်ထဲမှ ကြေးဖလားကြီးကိုလုယူပြီး ရာဝင်စဥ့်အိုးကြီးမှ ရေခပ်ကာ လိုက်လောင်းလေ၏။ စီစီညို၏ နဂိုစိုနေသောကိုယ်မှာ ပို၍ ရွှဲနစ်နေတော့လေသည်။ မိမိညိုထက် ထွားကျိုင်းသော ခန္ဓာကိုယ်ရှိသည့် စီစီညို၏ ခန္ဓာကိုယ်လေးမှာ မြင်မကောင်းအောင် ပေါ်လွင်ထင်ရှားကာ၊ ဖွံ့ဖြိုးသော ရင်၊ ကားဖွင့်သော တင်သားတို့ကို အထင်းသား တွေ့မြင်နေရလေသည်။

စီစီညိုမှာ ကိုလတ်နှင့် သွားတူသဖြင့် အသားညိုညို၊ ဖောင်ထောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်းမောင်း ပေါ်လွင်ထင်ရှားသော ရုပ်ရည်မျိုးရှိလေသည်။

ကိုအောင်မင်းသည် စီစီညိုအား ငေးလျက် ပြုံးနေသည်။ မိမိညို သည် ပြတင်းပေါက်ကခွာကာ အောက်ထပ်သို့ ပြေးဆင်းလာလေ သည်။ အိမ်အဖီသို့ ထွက်ကာ.....

"စီစီ သွား ..... အဝတ်အစား လဲချေတော့....."

"ဟင်... မမလေးကလည်း စီ ကစားဦးမလို့....."

"တော်တော့လေ ၁၀ နာရီတောင် ထိုးနေမင့်ဟာ .... တော်နေအပူ ရှပ် ဖျားဦးမယ်....."

"ဟင်... ခဏလေးပဲ ကစားရသေးတယ်....."

စီစီညိုသည် နှုတ်ခမ်းစူကာ ခြေကိုဆောင့်ကာ ပြောလိုက်လေ သည်။

"မနက်ဖြန်လည်း ကစားနိုင်သေးသားပဲကွယ်.....သွား ... သွား..... မမလေးပြောတာ နားထောင်စမ်း....."

စီစီညိုသည် မသွားချင်၊ သွားချင်နှင့် လေးကန်စွာ ထွက်သွားရ သော်လည်း မကျေမနပ်ဖြစ်နေသည်။ မိမိညို၏ နောက်ကျောမှနေ၍ မိမိညိုအား လှျာထုတ်ပြောင်ပြကာ လက်သီးဆုတ်ပြကာ မျက်စောင်း ထိုးသွားလေသည်။

ကိုအောင်မင်းသည် ပြုံး၍သာနေ၏။

"ကိုအောင်မင်း ကားမပါဘူးလား....."

မိမိညိုသည် ကိုအောင်မင်းအား လှည့်မေးလိုက်လေသည်။

"မပါဘူးဗျ ... ကျွန်တော့် ရုံးကလူတွေ ရေပက်ခံထွက်ချင်လို့ တဲ့ ... ငှားသွားကြတယ်....."

"လာ... အထဲ ဝင်ထိုင်ပါဦး ရှင့်....."

မိမိညို၏ နောက်မှ ကိုအောင်မင်းသည် လိုက်ပါသွားလေသည်။



အိမ်ထဲရှိ စားပွဲရှည်တွင် ခင်းထားသော သစ်သားကုလားထိုင်တစ်လုံး တွင် ဝင်ထိုင်လိုက်လေသည်။

'ဪ--အဝတ်အစားလဲဦးမလား ..... အားလုံး စိုနေတာပဲနော်၊ ကိုလတ် အဝတ်အစားတွေဆိုယင် တော်မှာပါပဲ....."

"နေပါစေ ကျွန်တော် မလဲတော့ပါဘူး....."

ကိုအောင်မင်းသည် လက်ထဲမှ ကြေးဖလားကို စားပွဲပေါ်တင်ထား လိုက်လေသည်။

"သိပ်ဆိုးတဲ့ ကောင်မလေး၊ အငယ်ဆုံးမို့ အလိုလိုက်ထားကြတာ... ကျွန်မ အားနာလိုက်တာရှင်....."

"ဟာ ... ကိစ္စမရှိပါဘူး၊ သင်္ကြန်တွင်း ရေစားတာပဲဗျာ၊ ပျော်လို့ ပဲဟာ ..."

"ကိုအောင်မင်းကော ဘယ်မှ မလည်ဘူးလား....."

ကိုအောင်မင်းသည် ပြုံးလျက် ခေါင်းခါကာ.....

"မလည်ပါဘူး .... ရုံးအားရက် ရိပ်သာ သွားမလားလို့..... ဒေါ်ဒေါ်များ မနက်ဖြန်လိုက်ချင်သလား မသိဘူး၊ ကျွန်တော် ကားနဲ့ လာခေါ်မလို့ လာချိန်းတာ....."

"အမေလား ... ကိုအောင်မင်းကို တဖွဖွပြောနေတာပဲ၊ လိုက်ပါလိမ့် မယ် ...."

"မိမိညိုကော လိုက်ပါလား....."

"အမေလိုက်ရင် ကျွန်မလိုက်လို့ မဖြစ်ဘူး....."

"ဘာဖြစ်လို့လဲ....."

"ကလေးတွေစားဖို့ ချက်ရေးပြုတ်ရေးက ရှိသေးတယ်၊ အိမ်မှာ ကလေးတွေချည်းပဲ ရှိတာ၊ ဘထွေးနဲ့ နှင်းမယ်လည်း ရှုပ်နေကြ တယ်....."

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုလား၊ ကျွန်တော်က မိမိညိုပါ လိုက်စေချင်တာ....."

"ကျွန်မ မလိုက်နိုင်လို့ပါ....."

"မိမိညို့တာဝန်က တော်တော်ကြီးသားနော်....."

မိမိညိုသည် အိန္ဒြေရရနှင့် ကုလားထိုင်ကို နောက်မှီထိုင်ကာ ငေးနေရာမှ.....

"တာဝန်များဟာ မနေတတ်တဲ့သူရဲ့ ပုခုံးပေါ်မှာ ပိနေတတ်သလား မသိဘူး၊ ကျွန်မဖြင့် ဘယ်တော့မှ အလုပ်နဲ့လက်နဲ့မပြတ်ဘူး....."

"ဟုတ်မှာပဲ .... ကျွန်တော် မိမိညိုတို့အိမ်လာတိုင်း.. လာတိုင်း ဘယ်တော့မှ အားနေတာ မတွေ့ရဘူး၊ အလုပ်တစ်ခုမဟုတ် တစ်ခုလုပ်နေတာကို တွေ့ရတယ်၊ မိမိညိုက မောင်တွေ ညီမတွေကို သိပ်ညာတာကိုး၊ သူတို့ကိုလည်း ခိုင်းပေးဦးမှပေါ့....."

"ခိုင်းတဲ့အခါလည်း ခိုင်းပါရဲ့.....တစ်ခါတလေတော့လည်း စိတ်တိုင်းမကျဘူး၊ ခုလည်း ကြည့်လေ..... အမေက ဈေးဘက် ခဏသွားတုန်း ကိုလတ်ကို တွင်းရေခပ်ခိုင်းတာ ခပ်မသွားဘူး၊ လည်နေလေရဲ့"

"ဟုတ်တယ်.....ခုခေတ် ကလေးတွေဟာ အလုပ်လုပ်ရမှာ သိပ်ပျင်းတာ၊ ကျွန်တော်တို့ ခပ်ငယ်ငယ်ကနဲ့မတူဘူး၊ ကျွန်တော်တို့ ဆိုတာ လူကြီးကခိုင်းရင် အင်မတန် လုပ်ပေးချင်တာ"

"နောက်ပြီး မောင်နှမသားချင်းကများတော့ တစ်ယောက်နဲ့ တစ်ယောက် တွက်ကပ်တာကလည်း ရှိသေး....."

"ခု ကလေးတွေဟာ စိတ်ဓာတ်ညံ့ဖျင်းလာတာဗျ၊ မိမိညိုလည်း ကျောင်းဆရာမပဲ.....သူတို့အချင်းချင်း ကူညီရိုင်းပင်းချင်တဲ့စိတ် ပေါ်ပေါက်လာအောင် ဆွဲပေးဗျ၊ တာဝန်ရှောင်တယ်၊ တွက်ကပ်တယ်ဆိုတာ အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့အကျင့်ပဲ၊ ကာလကြီးကလည်း မကောင်းဘူးဗျာ .... လူတွေဟာ သိပ်တရားဖျက်ကြတာပဲ....."



မိမိညိုသည် သက်ပြင်းတစ်ချက်ချကာ ပြုံးပြုံးလေး ငေးနေ၏။ သူ့အပြုံးလေးမှာ အသက်မပါလှသဖြင့် ခြောက်ခြောက်သွေ့သွေ့လေး ဖြစ်နေသည်။

"စကားတော့ ကောင်းပါရဲ့.....ကိုအောင်မင်းကို ဘာမှလည်း မကျွေးရသေးဘူး၊ လက်ဖက်သွားသုပ်ဦးမယ်နော်၊ လက်ဖက်ရည်ကြမ်းနဲ့ သောက်ရအောင်လို့....."

"ဟာ .... မိမိညို နေပေ့စေ၊ ကျွန်တော် ပြန်မယ်....."

"လက်ဖက်သုပ် မကြိုက်ဘူးလား ..... ခဏလေးပဲဟာ....."

"နေပါစေ .... ကျွန်တော် သွားစရာရှိလို့ပါ၊ မိမိညိုရဲ့ လက်ဖက်သုပ် နောက်များမှ လာစားရဦးမယ်....."

"ကျွန်မတို့ အညာလက်ဖက်သုပ်က အောက်နဲ့မတူဘူးရှင့်..... လက်ဖက်သားကို မရန်းသီးမှည့်နဲ့ နယ်ပြီးပလားဆို ကြက်သွန်ကြော်၊ နှမ်း၊ ပုစွန်ခြောက်နိုင်နိုင်၊ အုန်းသီးစိမ်းခြစ်ထည့်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ငရုတ်စိမ်းထည့်၊ ဆီရွှဲရွှဲဆမ်းပြီးသုတ်တာ၊ စားသူတိုင်းရဲ့ လျှာမှာ တစ်ခါတည်းကို စွဲသွားမှာ....."

"အံမယ်လေးဗျာ .... သွားရည်တောင် ကျချင်လာပြီ....."

မိမိညိုက ရယ်နေသည်။

"ကျွန်မက အကောင်းပြောတာပါ....."

"ဟုတ်ပါတယ်ဗျ....."

ကိုအောင်မင်းသည် နှစ်နှစ်ခြိုက်ခြိုက်ပြုံးလျက် ထိုင်ရာမှထလိုက်လေသည်။

"ပြန်မယ် မိမိညို....."

မိမိညိုကပါ ထိုင်ရာမှ 'ထ'လိုက်လေသည်။ အိမ်တံခါးဝ အထိအထိ မိမိညိုသည် ထွက်လိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ .... မိမိညို ကျွန်တော်ရေငတ်လို့ သောက်ရေလေးတစ်ခွက်လောက်....."

ကိုအောင်မင်းက အိမ့်ပြင်ရောက်သော် လှည့်ပြောလိုက်၏။

"ရပါတယ်....."

မိမိညိုသည် ပေါ့ပါးဖျတ်လတ်စွာပင် အိမ်ထဲဝင်ကာ ရေခပ်လေသည်။ ခဏချင်းပင် ယွန်းခွက်နှင့် ပန်းကန်ပြားခံကာ သောက်ရေခပ်ယူလာလေသည်။ ကိုအောင်မင်းသည် ယွန်းခွက်ကိုအသာယူကာ ရေနည်းနည်းမျှသာ သောက်ပြီးနောက် ကျန်ရေများကို မိမိညို၏ ပုခုံးထက်မှ လောင်းချလိုက်လေသည်။

"အို.....!"

မိမိညိုသည် လန့်၍ ခုန်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်မိလေသည်။ ပြီးနောက် ပုခုံးထက်မှ စက်လက်ကျနေသော ရေများကို လက်ဖြင့် သပ်ချလိုက်လေသည်။

ကိုအောင်မင်းသည် ပြုံးလျက်.....

"စိတ်ဆိုးသလား မိမိညို....."ဟု ညင်သာစွာ မေးလိုက်လေသည်။

"ဆိုးတာပေါ့... ကျွန်မ ရေသိပ်ကြောက်တာ၊ တစ်ခါမှ ရေခံတောင်မထွက်ဖူးဘူး....."

မိမိညိုသည် မျက်နှာလေး အိုအိုနှင့် နှုတ်ခမ်းစူကာ ပြောလိုက်လေသည်။

"မိမိညို စိတ်ဆိုးတယ်ဆိုရင် တောင်းပန်ပါတယ်....."

"ကျွန်မကို စီစီအတွက် လက်စားချေတာပေါ့လေ....."

"အို..... ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော် အိမ်က ထွက်လာကတည်းက မိမိညိုကို ဘယ်လိုနည်းနဲ့ ရေလောင်းပြီး 'စ'ရမလဲလို့ စိတ်ကူးလာတာ ..."



"အိမ်တည်းက စိတ်ကူးလာတာ....."

မိမိညိုသည် ကိုအောင်မင်းအား စွေ၍ကြည့်ပြီး၊ သူ့စကားနှင့်သူ ပွဲတင်ထပ်ကာ မေးလိုက်လေသည်။

"ဟုတ်ပါတယ်ဗျ.....မိမိညို့ ဟန်ပန်ကိုတွေ့ရတည်းက အင်မတန်ရေကြောက်မဲ့ မိန်းကလေးစားမျိုးဆိုတာ အကဲခတ်မိသားပဲ၊ ဒါကြောင့် လောင်းချင်တာ.. လူ့ရဲ့သဘောက မလုပ်စေချင်တာကိုမှ လုပ်ချင်တာမဟုတ်လား၊ အားအားယားယား ရေပက်ခံထွက်နေတဲ့ လူတွေကိုတော့ ကျွန်တော် မလောင်းချင်ပါဘူး"

"ရုတ်တရက်ကြီး လောင်းချလိုက်တော့ ကျွန်မဖြင့် လန့်သွားတာပဲ ....."

မိမိညိုက မကျေနိုင် မချမ်းနိုင် ပြောနေ၏။

"မိမိညို စိတ်အနှောင့်အယှက် တော်တော်ဖြစ်သွားတယ် ထင်ပါရဲ့... ဒီလိုဆိုရင် ကျွန်တော် စိတ်မကောင်းပါဘူး၊ တောင်းပန်ပါ တယ်..."

ကိုအောင်မင်းက ညှိုးငယ်သောမျက်နှာထားနှင့် တောင်းပန်လိုက်လေသည်။

"ဒါလောက်လေးနဲ့ ကိစ္စမရှိပါဘူး....."

မိမိညိုသည် ပြုံးရယ်လာကာ ပြောလိုက်လေသည်။

"ပြောတော့ ဒါလောက်လေးနဲ့တဲ့..... မိမိညို့ မျက်နှာက သိပ်ပျက်နေတာပဲ....."

"ဟုတ်လား ... ကျွန်မ ဘာမှ ဟန်ဆောင်လို့မရဘူး၊ မျက်နှာပျက်စရာရှိရင် သိပ်ပျက်တတ်တာပဲ၊ ခိုးလုပ်ရင် မြန်မြန်မိမှာပဲ....."

"ကဲ..... ဒါတွေ အသာထားပါဦး ..... ခု နှစ်ဟောင်းတွေ ကြွေခဲ့လို့ နှစ်သစ်ပြောင်းလာပြီ၊ ကျွန်တော်ပက်ဖျန်းလိုက်တဲ့ ရေစင်ဟာ မိမိညို့ဘဝတစ်လျှောက်လုံး အေးချမ်းပါစေလို့ ဆုတောင်းပါတယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော် မိမိညို့ကို ရေလောင်းစဥ်က ဒီစေတနာတွေ အပြည့်အဝ ပါပါတယ်ဗျာ၊ ကိုင်း.... ကျေနပ်ပါပြီလား....."

"ကျေနပ်ပါတယ်....."

"ကျွန်တော် သွားမယ်....."

ကိုအောင်မင်းသည် ခြေလှမ်းကျဲကြီးများနှင့် ခေါင်းငိုက်စိုက်ချကာ လေးဖင့်စွာ ထွက်ခွာသွားလေသည်။

မိမိညိုသည် ကိုအောင်မင်း၏ နောက်ကျောကို ငေးမောကာ ကျန်ရစ်လေသည်။

[၁၃]

"မမလေးရေ..... အပြင်ဘက်မှာ ဆူညံနေတာပဲ၊ ရေကစားကြတဲ့ အသံလား ဟင်....."

မိမိညိုသည် မွေ့ရာအခေါက်များကို ပိတ်သားအုပ်ကာ ဖာနေရာမှ၊ ပက်လက်ကုလားထိုင်ပေါ်တွင် မှီထိုင်နေသော ညီထွေးအား.....

"အေး ..... ရေကစားကြတာ....." ဟု ပြုံးစလွယ်ဖြေလိုက်လေ၏။

"ကိုလတ်နဲ့ စီစီကော ရေကစားနေကြသလား....."

"ဟုတ်တယ်..... သူတို့လည်း ကစားနေကြတယ်....."

"သူတို့ အော်သံတွေ ကျွန်တော် ကြားနေရတယ်.....သူတို့ သိပ်ပျော်နေတာပဲ ထင်ပါရဲ့နော်....."

"အလကားပါကွယ်.....ပျော်စရာ မကောင်းပါဘူး၊ ရေခဲတွေမှုန်းအအေးမိနဲ့ ဘယ်မှာ ပျော်စရာကောင်းလို့လဲ....."

မိမိညိုသည် မောင်ငယ်အား နှစ်သိမ့်စကား ဆိုလိုက်လေသည်။

"ပျော်တော့ ပျော်မှာပေါ့ မမလေးရာ.....မပျော်ဘဲနဲ့ ဘယ်သူက ကစားမလဲဗျာ....."



မိမိညိုသည် ညီထွေးငယ်စဥ်ကအကြောင်းများ သတိရကာ မျက်နှာလေး ညိုသွားလေသည်။ ညီထွေးငယ်စဥ်က ရေကစားချင်သည် ပူဆာလွန်း၍ ရေပုံးငယ်တခုနှင့် ပြွတ်တစ်ချောင်း ချပေးထားခဲ့ရာ၊ ဟိုစမ်းသည်စမ်းနှင့် ရေကစားသော်လည်း ဘာမှ အရာမရောက်ပေ။

အရပ်ထဲမှ ကလေးများကား ဟိုလူက သူ့ကိုတို့ သည်လူကတို့နှင့် သူ့ကိုသာ မဲ၍ စနေကြသည်။ ညီထွေးသည် အရူးတစ်ယောက်ပမာ ချာချာလည်လျက်၊ နောက်ဆုံး ကလေးများအားလုံး ညီထွေးခေါင်းပေါ်သို့ ရေများ ပုံးလိုက်လောင်းချကြလေသည်။ ညီထွေးသည် ရေမွန်းကာ အော်ပင် မအော်နိုင်ရှာတော့ပေ။

မိမိညို တွေ့သဖြင့်သာ ညီထွေး ချမ်းသာရာ ရလေသည်။

"မမလေး ...."

"မမလေး... မမလေး... ဘယ်သွားနေသလဲ....."

"ဟေ ..... ဘာတုံး ....."

မိမိညိုသည် အတွေးထဲ နစ်နေရာမှ ကပျာကယာ ထူးလိုက်လေသည်။

"မမလေးကလည်းဗျာ..... ဘာများ စဥ်းစားနေသလဲ မသိဘူး၊ ကျွန်တော်ခေါ်တာ သုံးခါရှိပြီ..... မကြားနိုင်ဘူး....."

"ဟုတ်လား ညီထွေး ခေါ်သလား"

"မမလေး ခု ဘာလုပ်နေလဲ ဟင်....."

"မွေ့ရာ ဖာနေတယ်....."

"ဩော်....."

"ဘာလုပ်ဖို့မေးတာလဲ ညီထွေး....."

"ဘာမှမလုပ်ပါဘူး..... သိချင်လို့ပါ....."

"ညီထွေး....."

www.burmeseclassic.com

www.burmeseclassic.com



"မမလေး....."

"ညီထွေးကို မမလေး အကြံတစ်ခု ပေးချင်လို့....."

"ဘာအကြံလဲ မမလေးရဲ့....."

"ညီထွေး အမြဲအားနေတာပဲ၊ ကမ္မဋ္ဌာန်းထိုင်ပါလား"

"ကမ္မဋ္ဌာန်းထိုင်ရမယ်....."

"အေးပေါ့... ခု မမလေးတို့ဟာ ကုသိုလ်ကံမကောင်းကြလို့ ဒုက္ခဘောင်ထဲ နစ်နေကြတယ်၊ ညီထွေးရဲ့ ဝဋ်ဆင်းရဲကို စဉ်းစားကြည့်စမ်း၊ ပြီးတော့ မမလေးတို့သေရင် ဘယ်ကိုရောက်မလဲ..... ဒီသံသရာက လွတ်မြောက်ကြောင်းကို ရှာကြရမယ် မဟုတ်လား၊ နေပူထဲကိုသွားရင် ထီးနဲ့ဖိနပ်ယူသွားရလို၊ ညီထွေးတို့၊ မမလေးတို့ဟာလည်း ဝိပဿနာတရားဖက်ပြီး ဘဝကို ကူးကြရရင် မကောင်းဘူးလား....."

"မမလေးရဲ့ စကားတွေကလည်း အစ်ကိုအောင်မင်း လေအတိုင်းပဲ....."

"အေးပေါ့ ... ကိုအောင်မင်းက အမေနဲ့ အမြဲပဲ တရားဆွေးနွေးနေတာ၊ အမေတောင် ဥပုသ်သီတင်းပတ်တိုင်း ရိပ်သာကို သွားသွားနေတာ၊ ဒါတောင် အမေတို့ မမလေးတို့က အားကြတာမဟုတ်ဘူး၊ ညီထွေးမှာဆိုရင် ကြည့်စမ်း .... ဘာမှ တာဝန်မရှိဘူး၊ မဟုတ်ဘူးလား ...."

"ကျွန်တော်မှ တရားကို နားမလည်ဘဲ မမလေးရယ်....."

"တရားဆိုတာ အလုပ်စခန်းပဲ..... စာတွေတတ်ဖို့ မလိုဘူး..... အပြောကောင်းဖို့ မလိုဘူး၊ ညီထွေးမှာ သီလရှိတယ်မဟုတ်လား၊ ငါးပါးသီလ မြဲနေတယ်ဆိုရင် သမာဓိစခန်းဆိုတာကို လှမ်းလိုက်ရုံပဲ၊ အဲတစ်ခုတော့ရှိရဲ့..... ဝိပဿနာတရား ကျင့်ကြံအားထုတ်မယ့်လူဟာ အကျင့်ကောင်းရတယ်..... စိတ်နှလုံးသား ဖြူစင်ရတယ် သိလား....."



"မမလေး စကားကို ကျွန်တော် နားထောင်ပါ့မယ်လေ....."

"အေး... အေး...ခု ငါ့မောင် ပူပန်နေတဲ့စိတ်တွေဟာ ဝိပဿနာတရား အားထုတ်မှ ငြိမ်းချမ်းမှုရမှာ.....ကိုယ့်လက်တစ်ကမ်းမှာပဲရှိတဲ့ ငြိမ်းချမ်းမှုကို ရအောင်ယူပါ ငါ့မောင်ရယ်....."

"ဒီလိုဆိုရင် ကျွန်တော့်စိတ်တွေဟာ အေးချမ်းလာမလားဟင်....."

"အေးပေါ့ကွဲ.....ယုတ်စွအဆုံး သမာဓိရအောင် ကြိုးစားရင်း စိတ်တည်ငြိမ်လာမယ်၊ တရားရှိတော့ ဘယ်အရာမဆို တင်းတိမ်လာမယ်၊ ရောင့်ရဲလာမယ်၊ မမလေးတို့မှာ မအားနိုင်လွန်းလို့ လက်တစ်ကမ်းမှာပဲရှိတဲ့ ငြိမ်းချမ်းမှုကို ရအောင် မကြိုးစားနိုင်ကြဘူး....."

ကျွန်တော့်ရဲ့စိတ်တွေဟာ ဘယ်တော့မှ မအေးချမ်းဘူး .... ခုလိုငြိမ်ငြိမ်လေးထိုင်နေပေမယ့် ဟိုတွေး ဒီတွေးနဲ့ အမြဲပဲ ကယောက်ကယက် ဖြစ်နေတာပဲ၊ တစ်ခါတလေ စိတ်သောက သိပ်ရောက်တာပဲ၊ လူဖြစ်ရတာ ငြီးငွေ့လာတယ်..... ဘဝဆုံးတယ်၊ မြန်မြန် သေသွားချင်တဲ့ စိတ်တွေသာ ပေါ်ပေါ်လာတယ်....."

"ကိုင်း..... ဒါတွေ အသာထားပါဦး.....ကိုအောင်မင်း မမလေးကို လက်ဆောင်ပေးထားတဲ့ စာအုပ်တစ်အုပ်ရှိတယ်၊ ညကျရင် ငါ့မောင်ကို ဖတ်ပြရဦးမယ်....."

"ဘာစာအုပ်လဲ မမလေး"

"ညီတော် မင်းနန်တဲ့....."

"ညီတော် မင်းနန် ....."

"အဲဒီစာအုပ်ဟာ အဘိဓမ္မာနဲ့ ကဗျာဆရာကြီး အသဃောသရေးပြီး၊ ဗမာပြည်က စာရေးဆရာ ပါရဂူ ဗမာဘာသာပြန်ထားတာပဲ....."

"မမလေးရေ့..... ညီတော် မင်းနန်ဟာ ဓိနတ္တပကာသနီထဲက မမလေးဖတ်ပြတဲ့ မင်းနန်ပဲလား..... သူ့ကြင်ယာတော်က ဇနပဒ

www.burmeseclassic.com



ကလျာဏီလေ.....”

“အတူတူပဲ..... မမလေးဖြင့် ဒီစာအုပ်ကို ဖတ်ရတာ စိတ်ကို ဖွံ့ဖြိုးရင့်သန်စေသလိုပဲ၊ မမလေး ဖတ်ပြီးတာ နှစ်ခေါက်တောင်ရှိပြီ .....”

“ကျွန်တော့်ကို ခုပဲ ဖတ်ပြပါလား မမလေးရယ်.....”

“နေပါဦး .... ခု မမ်လေး မအားသေးဘူး.....”

“မမလေး မွေ့ရာချုပ်ပြီး ..... ပြီးရော မဟုတ်လား.....”

“မမလေး အမေ့ကို မလိုင်ဝိုင်းကူလုပ်ရဦးမယ်၊ ရေချိုးပြီး ဈေးဘက်ကို ကြွေးတောင်းသွားရမယ်၊ ပြန်လာရင် အဝတ်တွေ မီးပူတိုက်ရဦးမယ်...”

“ဟင်..... မမလေးကလည်း အမြဲပဲ အလုပ်မအားနေတာပဲ ... ကျွန်တော် ပျင်းတယ်ဗျ.....”

“ပျင်းရင် အိပ်ဦးကွယ် ... မမလေးမှ မအားဘဲ.....”

“တစ်ချိန်လုံး အိပ်ချည်းနေတော့ အိပ်ရေးအဝတောင် လွန်နေပြီဗျ၊ ည ညတောင် အိပ်မပျော်တော့ဘူး.....”

“ကွယ် ..... ဒါဖြင့်လည်း ဘင်ဂိုတီး.....”

“ဘင်ဂိုတီးရလွန်းလို့ လက်တောင် အသားမာတက်နေပြီ”

“ဒါဖြင့် ထိုင်နေဟယ်၊ ကဲ.....”

“အဲဒီလို ငုတ်တုတ်ထိုင်နေတာလည်း ကြာပြီ.....”

“ဟဲ့... ဘယ်လိုလဲ ကောင်လေးရဲ့ ..... လူ့အလို နတ်မလိုက်နိုင်ဆိုတာ ကျနေပြီ..... အေးအေးနေစမ်း ညီထွေး၊ မမလေး စိတ်ညစ်အောင် မလုပ်ချင်စမ်းနဲ့ .....”

မိမိညိုသည် စိတ်မရှည်စွာ မာန်သလို ပြောလိုက်လေသည်။ ညီထွေးသည် တစ်ချက်တည်း ငြိမ်သွားလေသည်။ ညီထွေးသည် ပက်လက်ကုလားထိုင်ပေါ်တွင် ငြိမ်ငြိမ်လေးထိုင်ကာ၊ သူ၏ ကြောင်တောင်တောင်



မျက်စိလေးများကို ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ မိမိညိုသည် သနား ကရုဏာစိတ်များ ရင်ဝယ် လှိုင်းထလာကာ.....

“လိမ္မာပါ ညီထွေးရယ်၊ မမလေးဖြင့် ဘာပဲဖြစ်ဖြစ် ကိုယ့်အတွက် ဘယ်တော့မှ ထည့်မတွက်ဘူး .... ညီထွေးအတွက်ပဲ စဉ်းစားနေရတာ၊ မမလေး ရန်ကုန်သွားနေတာတောင် စိတ်မဖြောင့်ဘူး သိလား၊ ညီထွေးကိုပဲ သတိရ ရနေတယ်.....”ဟု နှစ်သိမ့်လိုက်လေသည်။

“ဒါတွေ ကျွန်တော် နားလည်ပါတယ်.....”

ညီထွေးက တိုးတိုးလေး ဖြေလိုက်လေသည်။ မိမိညိုသည် သက်ပြင်းတစ်ချက်ချကာ ချုပ်ပြီးပြီဖြစ်သော မွေ့ရာကြီးကို မနိုင်မနင်းနှင့် ပခုံးထက်တွင်ထမ်းပြီး အောက်ထပ်သို့ သယ်ချသွားလေသည်။

ထို့နောက် မွေ့ရာကို အိမ်အပြင်ထွက်၍ ခြံထဲမှ အနွယ်မတက်ရသေးသော ဘူးစင်ပေါ်သို့ လွှားတင်ကာ လှမ်းလိုက်လေ၏။

[၁၄]

## ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။

၁၂ လ ရှာသည့်မိုးကို အကြောင်းပြု၍၊ မြန်မာ့ရိုးရာမလေ့အတိုင်း ဤသို့ ဖွဲ့ဆိုထားခဲ့လေသည်။

ရွှေဝါရောင် စကားဝါပန်းတို့သည်လည်း မြေသင်းနံ့နှင့်အတူ သင်းပျံ့၍လာလေသည်။

နေ၏ အပူရှိန်သည် ပြင်းပြလာသော်လည်း၊ နေရာတိုင်း၌ မြန်မာ့ရိုးရာ ဘာသာရေး ပွဲထူး ပွဲမြတ်ကြီးဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲကြီးကို သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ကျင်းပရာသာ တောင့်သာယာရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဆုန် ညောင်ရေသွန်းပွဲပြီးသည့်နောက်၊ မိမိညို၏စိတ်ထဲတွင် အချိန်တွေ ကုန်လွယ်သည်ဟုသာ ထင်မိလေ၏။ တတ်များတတ်နိုင်လျှင် နေကို လည်ပတ်၍နေသော ကမ္ဘာလုံးကြီးကို ဆွဲထားချင်သည်။ သို့သော်လည်း ကမ္ဘာလုံးကြီးသည် နေကိုပတ်ရမည်မှာ သူ့ဝတ္တရားသာ မဟုတ်ပေလော.....

မိမိညိုသည် သူ့ဘာသာသူ ရယ်ချင်သည်။ "ဒီမိန်းကလေးနယ်..... သူ့လောက် တရားစကား တဖွဖွပြောတာမရှိဘူး၊ သူ့လောက် တရားမရှိတာလည်း သူ့အပြင်မရှိဘူး၊ သံယောဇဉ်အတွက် သောကမီးတောက်လောင်နေလိုက်တာ....."ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမသတိပေးသော်လည်း မရ။

မိမိညို အထုပ်အပိုးပြင်သည်ဆိုလျှင်ပဲ တစ်အိမ်လုံးမှာ တိတ်ဆိတ်၍နေသည်။ အမေသည် မီးဖိုချောင်တွင် မလိုင်အိုးတည်ရင်း ညှိုးငယ်သောမျက်နှာနှင့် ငိုင်၍နေသည်။

ခါတိုင်း တောက်တောက်ပပနှင့် ခုန်ပျံမြူးကြွစွာ နေတတ်ကြသော ကိုလတ်နှင့် စီစီညိုတို့ပင် နှုတ်ဆိတ်ကာ အမဖြစ်သူအား ငေးနေကြလေသည်။ အထူးသဖြင့် စီစီညိုက အစ်မ၏အဝတ်များကို ခေါက်ပေးရင်း မျက်ရည်တလည်လည်နှင့်ရှိနေ၏။

ညီထွေးသည် ထောင့်တစ်နေရာတွင် ထိုင်မှိုင်ကာ ကြိုးစတစ်စကို လက်နှင့် အမှတ်မထင် ဆော့ကစားနေသည်။ ကြောင်၍နေသော သူ၏ မျက်လုံးများသည် တစ်နေရာတည်းကိုသာ စိုက်နေ၏။

"သိပ် ငြိမ်တာပဲ....."ဟု မိမိညို၏ စိတ်ထဲတွင် မှတ်ထင်နေသည်။ ယမန်နှစ်က အိမ်မှထွက်ခွာရန် ပြင်တုန်းကနှင့်မတူ၊ ယမန်နှစ်ကမှ အနည်းငယ် စိုစိုပြည်ပြည်ရှိခဲ့သေး၏။ ယခုတော့မူ အဘယ့်ကြောင့်ဤမျှ တိတ်ဆိတ်ရပါသနည်း။



"ကိုလတ်တို့ ထမင်းစားပြီးကြပလား....."

မိမိညိုက တိတ်ဆိတ်ခြင်းကို စတင် ဖြိုခွင်းလိုက်လေသည်။

"စောစောကပဲ စီစီနဲ့အတူတူ စားပြီးပါပြီ....."

"ညီထွေးကော....."

"သူတော့ မစားရသေးဘူး....."

"အံ့ရောဟယ်.....နင်တို့ တစ်ခါတည်း ခူးကျွေးလိုက်ရောပေါ့....."

"သူက မစားချင်ဘူးတဲ့၊ စီစီခူးပေးမယ်လို့ ပြောသားပဲ"

"၁၀ နာရီတောင်ကျော်နေမင့်ဟာ ဘာလို့ မစားတာလဲ"

မိမိညိုသည် ခပ်ညည်းညည်းလေး ပြောလိုက်လေသည်။

"ကျွန်တော်မှ မစားချင်ဘဲ....."

ညီထွေးသည် ကြိုးစကို ကိုင်ကစားနေရာမှ ဖြေလိုက်သည်။

"ကိုင်း..... ဒါဖြင့် ခု စားရအောင်၊ အမေ့ကိုလည်း ခူးပေးရမယ်၊ မမလေးလည်း စားမယ်လေ....."

"စားလို့လည်း ရမှာ မဟုတ်ပါဘူး....."

ညီထွေးက တုန့်ရီစွာ ပြောလိုက်လေသည်။

ထို့နောက် ထမင်းကို သုံးယောက်သား စိတ်မပါ့တပါနှင့် စားကြလေသည်။ ညီထွေးသည် တစ်လုတ် နှစ်လုတ်မျှသာစားပြီးလျှင် လက်ဆေးလိုက်လေသည်။

ခါတိုင်းဆိုလျှင် ထမင်းကို မောင်နှမတစ်တွေ အမေနှင့်အတူ တစ်ဝိုင်းကြီး စားခဲ့ကြလေသည်။ စီစီညိုအား ကိုလတ်က စမြဲပင်။ စီစီ အငေးတွင် ထမင်းထဲ ငရုပ်သီးမြှုပ်ထားလေ့ရှိကာ၊ စီစီညိုသည် ခပ်မော့မော့နှင့် ငရုတ်သီးတောင့်များဝါးမိ၍ မျက်ရည်ရွှဲရွှဲနှင့် ရှူးရှူး ရှားရှားအော်ပြီး ကိုလတ်၏ကျောမကြီးကို တဝုန်းဝုန်း ထုတတ်လေသည်။

သည်အခါ၌ ညီထွေးက "ဟဲ့ ဘာဖြစ်နေကြတာလဲ....."ဟု ဝါတော်

www.burmeseclassic.com



ရဆရာတော်ကြီး၏ ရှုမျှိုးနှင့် မာန်မဲကာ၊ ငါးပိရေကို အားရပါးရ ခပ်ပြီး ဟင်းချိုအမှတ်နှင့်သောက်သဖြင့်၊ ခွီးခနဲ ထွေးထုတ်လိုက်ရာ အားလုံး တသောသော ရယ်မောခဲ့ရသည်လည်း ရှိခဲ့ကြ၏။

ယခုတော့မူ တကွဲတပြား စားနေကြကာ ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေ၏။ "ဘာလို့ ဒီလောက်တောင် ခြောက်သွေ့နေရတာလဲ"ဟု မိမိညိုက တွေးရင်း စိတ်ဆင်းရဲနေ၏။ ညီထွေးကိုသာ အစားခိုင်းနေရသော်လည်း သူ့လည်ချောင်းဝတွင် ထမင်းများမှာ ဆို့တစ်၍နေသည်။

အမေတစ်ယောက်သာလျှင် လူကြီးမို့ ဟန်မပျက် ထမင်းကို နေးနေး နှင့် မှန်မှန်စားနေသည်။

× × × × ×

ကိုအောင်မင်း၏ ဝီလီဂျစ်ကားရောက်လာသော် မိမိညိုသည် အမေ့ အား ထိုင်ကန်တော့လေ၏။

"သာဓု..... သာဓု... သမီးလေး မိမိ သွားလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ ကိုယ်ရောစိတ်ရော ချမ်းသာသုခနဲ့ ပြည့်ဝပါစေ၊ လုံမ လေးရဲ့ ဘဝတစ်လျှောက်လုံး အေးချမ်းပါစေကွယ်၊ ခုလို ပင်ပန်းဆင်းရဲ တဲ့ ဒဏ်တွေက အမြန်ဆုံးလွတ်မြောက်ပါစေ၊ အမေ အခါခါ ဆုတောင်း ပါတယ်....."

အမေ၏အသံသည် တုန်နေသော်လည်း မျက်ရည်မကျအောင် ထိန်းထားလေသည်။ ယမန်နှစ်ကတော့မူ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့လေ သည်။ ယခုတော့မူ ဝိပဿနာတရားအားထားသူ အမေကား စိတ် လည်း အနည်းငယ် ရင့်ကျက်ခဲ့ပြီထင်သည်။ သို့သော် အမေသည် ပုထုဇဉ်တစ်ယောက်မျှသာဖြစ်သောကြောင့် စိတ်ထိခိုက်စရာရှိလျှင် ထိခိုက်ပေမည်တကား။



မိမိညိုသည် မျက်ရည်များလျှံနေသော မျက်လုံးများနှင့် အမေ့အား ငေးကြည့်ကာ.....

"ဘုတာကိုတော့ အမေ မလိုက်ခဲ့နဲ့တော့..... ညီထွေးနဲ့နေရစ်နော် အမေ....."ဟု ရှိုက်လျက် ပြောလိုက်လေသည်။

"အေး..... အမေ မလိုက်တော့ပါဘူး၊ ကိုလတ်နဲ့ စီစီ ပို့ပါလိမ့်မယ် ..."

ကိုအောင်မင်းသည် ကားသော့တွဲကိုင်ကာ အနီးတွင် ငြိမ်လျက် ရပ်နေသည်။

မိမိညိုသည် လက်ကိုင်ပဝါနှင့် မျက်ရည်များသုတ်ကာ၊ ညီထွေး ထိုင်ရာ ပက်လက်ကုလားထိုင်ဆီသို့ လျှောက်လာ၍ ညီထွေး၏ ဒူးကို ကိုင်ပြီး "ညီထွေး ...."ဟု ညင်သာစွာ ခေါ်လိုက်လေသည်။

ညီထွေးသည် မျက်နှာကို လက်ကိုင်ပဝါအဖြူအုပ်ကာ ရင်မှာ နိမ့် ချည် မြင့်ချည်နှင့် အသက်ကို ပြင်းပြင်းရှူနေ၏။

"ညီထွေး.....မမလေး သွားမယ်နော်....."

ညီထွေးသည် ကလေးငယ်လို ရှိုက်နေရာမှ ခေါင်းတစ်ချက်ညိတ်ပြ လိုက်လေသည်။ မိမိညိုသည် မျက်ရည်ဖြိုင်ဖြိုင်ကျလာလျက်.....

"ဒီနှစ်မှာတော့ မမလေး သီတင်းကျွတ် ကျောင်းပိတ်ရက်ကို ကြိုးစား ပြန်လာခဲ့မယ်နော်....."ဟု တုန်ယင်သောအသံလေးနှင့် အားယူပြော လိုက်လေသည်။

ညီထွေးကား စကားမပြောဘဲ ခေါင်းသာ တွင်တွင်ညိတ်ပြနေလေ သည်။ သူ့မျက်နှာပေါ်တွင် လက်ကိုင်ပဝါအုပ်ထားဆဲပင်ဖြစ်သည်။

မိမိညိုသည် ညီထွေးမျက်နှာပေါ်တွင် ဖုံးထားသော လက်ကိုင်ပဝါ ကို အသာဆွဲဖယ်ရန် ကြိုးစားသော်လည်းမရ၊ ညီထွေးက လက်နှင့် အုပ်ထားလေ၏။ ညီထွေး၏မျက်လုံးများ မို့မောက်ကာ မျက်နှာတစ်ခု လုံး ပန်းသီးပမာ နီရဲနေမှာ သေချာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် ညီထွေး၏ဦးခေါင်းကို ဖွဖွလေးကိုင်ကာ.....

"ကိုင်း..... မမလေး သွားမယ်..... ညီထွေးကို စာသပ်သပ်ရေးလိုက်မယ် ဟုတ်လား....."ဟု ပြောပြောပြီးပြီး ချာကနဲ လှည့်ထွက်ခဲ့လေသည်။

ကိုအောင်မင်းသည် စိတ်မကောင်းသော အမူအရာနှင့် ငေးလျက်နေရာမှ၊ "ပစ္စည်းတွေ ကားပေါ်တင်ကြစို့ မိမိညို....."ဟု သတိပေးလိုက်လေ၏။

မိမိညိုသည် ခေါင်းတစ်ချက်ညိတ်ကာ ကိုလတ်နှင့်စီစီညိုအား ပစ္စည်းများ အသယ်ခိုင်းလေ၏။ ကိုအောင်မင်းသည် ပေါ့ပါးစွာ မိမိညို၏ သေတ္တာကို ဆွဲကိုင်လေသည်။

"အို... ကိုအောင်မင်း မဟုတ်တာဘဲ..... ကလေးတွေ သယ်ပါလိမ့်မယ်၊ ဟဲ့–ကိုလတ်ရယ် ယူပါဦး ....."

မိမိညိုက ပျာပျာသလဲလဲ ဝင်ပြောလိုက်လေ၏။

"နေပါစေဗျာ ..."

"နေပါစေ .... မလုပ်ပါနဲ့၊ ကျွန်မ ထဘီတွေပါတယ်....."

"ကိစ္စမရှိပါဘူးဗျာ ... ခင်ဗျား ကားပေါ်တက်မှာသာ တက်စမ်းပါ ..."

ကိုအောင်မင်းကား သေတ္တာကို လျင်မြန်စွာ ယူထုတ်သွားလေသည်။

"ပစ္စည်းလည်း ဘာမှ များတာမဟုတ်ဘူး .... အလကား ဝင်သယ်တယ် အားနာစရာကောင်းလိုက်တာရှင် ...."

ကိုအောင်မင်းသည် နှုတ်ဆိတ်လျက် ကားပေါ်တက်ကာ၊ မိမိညို ထိုင်ရန် ရှေ့ထိုင်ခုံမှ နောက်မှီကိုချပေးလိုက်၏။ ပြီးမှ.....

"မိမိညိုနဲ့ စီစီက နောက်ကထိုင်..... ကိုလတ်က ရှေ့လာ"ဟု စီစဉ်လိုက်လေ၏။

ကိုအောင်မင်းသည် ကားကို မှန်မှန်မောင်းလာသည်။ တစ်လမ်းလုံး



တွင်လည်း ဘယ်သူမှ စကားမပြောကြဘဲ တိတ်ဆိတ်၍သာနေကြသည်။ ဤတိတ်ဆိတ်ခြင်းကို မိမိညိုက မကြိုက်မနှစ်သက်ပေ။

မိမိညိုကိုယ်တိုင်ကလည်း လမ်းတစ်လျှောက်လုံး စကားမပြောနိုင်ပဲ တံခါးဝတွင် ညှိုးငယ်စွာလက်ပြရင်း ကျန်ရစ်သော အမေနှင့် မျက်နှာတွင် လက်ကိုင်ပဝါအုပ်၍ ရှိုက်ငိုနေသော ညီထွေးကိုသာ မြင်ယောင်နေမိသည်။

"ဒီကသွားတော့ မိမိညို အဖော်ရှိရဲ့လား....."

ကိုအောင်မင်းက စ၍ စကားပြောလေသည်။

"ဟုတ်ကဲ့ ရှိပါတယ်..... ကျွန်မတို့ နွားထိုးကြီးက အရီးလှကလည်း သူ့သားရှိရာ ရန်ကုန်သွားမလို့ဆိုတော့ သူနဲ့ အဖော်စပ်သွားရပါတယ် ....."

"တော်သေးတာပေါ့... မိန်းကလေးတစ်ယောက်တည်းသွားရမယ်ဆိုရင်တော့ စိတ်ပူလို့ပါ....."

"မနှစ်ကတော့ ကျွန်မတယောက်ထဲ သွားရတာပဲ..... အဖော်စပ်လို့မှ မရတာ၊ ကျွန်မ မကြောက်ပါဘူး ..... သွားရဲပါတယ် ....."

"အေးလေ ..... ဒီလိုအခါမျိုးလည်း ရှိမှာပဲ ....."

"နေရာတိုင်းမှာ ကိုယ်ဖြစ်ချင်သလိုမှ မဖြစ်ဘဲရှင်၊ ကံစီမံရာပေါ့ ....."

မိမိညိုသည် သံဝေဂရစွာနှင့် ပြောလိုက်လေ၏။ ကိုအောင်မင်းသည် ကားမှန်ထဲမှ မိမိညို၏ ညှိုးငယ်နွမ်းလျနေသော မျက်နှာလေးကို စိုက်ကြည့်နေမိသည်။

× × × × ×

ဘူတာရုံသို့ရောက်၍ မိမိညို ရထားတွဲပေါ်တက်ပြီးသည့် တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



နက် ခေါင်းတွဲ ချိတ်လေသည်။

"သာစည်မှာ တွဲပြောင်းစီးတော့ မိမိညို ပစ္စည်းသယ်ဖို့ အလုပ်သမားခေါ်ရတာ လွယ်ရဲ့လား ...."

ကိုအောင်မင်း၊ ကိုလတ်နှင့် စီစီညိုတို့သည် တွဲနားရပ်နေသည်။ ထမင်းသည်၊ ခေါက်ဆွဲသည်၊ လက်ဖက်ရည်၊ ရှုလပတ်ရည်သည်၊ အကြော်သည် စသော အထမ်းသည်၊ ခေါင်းရွက်သည်တို့သည် ဥဒဟို ဖြတ်သန်းနေသည်။ မြင်းခြံဘူတာမှာ စည်ကား၍ ဘူတာကြီးဖြစ်လေသည်။

"အလုပ်သမားတွေရှိပါတယ်၊ ဒါပေမဲ့ မိမိညို ဘယ်တော့မှ အလုပ်သမား မငှားဘူး၊ ကိုယ့်ပစ္စည်း ကိုယ်သယ်တာပဲ....."

"ဩော်..... ကိုယ့်ဘာသာကိုယ်သယ်သလား....."

"အံ့သြသွားသလား .... ကျွန်မကို ရုပ်ကြည့်ပြီး နွဲ့နွဲ့ပျောင်းပျောင်းလေး ထင်လို့လား....."

မိမိညိုကား ပြုံးလျက် မေးလိုက်လေ၏။ ကိုအောင်မင်းသည် သွားမပေါ်စေဘဲ မြို့ပြုံးနေသည်။

"ဩော် ..... မိမိညို ..... မိမိညို ....."ဟု သက်ပြင်းတစ်ချက်ချကာ ညည်းလိုက်လေ၏။

"မိမိညို ဘာဖြစ်သလဲရှင်....."

"မိမိညိုရဲ့ နုနယ်တဲ့ရုပ်ကလေးနဲ့ ပင်ပန်းတဲ့အလုပ်တွေကို မလုပ်စေချင်လို့ပါ....."

"ဒါတွေကို ပင်ပန်းတယ်လို့ ကျွန်မ မထင်ပါဘူး....."

"ကိုင်း ..... ကိုလတ်နဲ့စီစီ ကြားသလား ..... မင်းတို့ရဲ့ အစ်မကမင်းတို့ ရှေ့မှာ မားမားကြီးရပ်နေတယ်၊ မင်းတို့က သိတတ်ရမယ်၊ လိမ္မာရမယ် ဟုတ်လား ....."



ကိုအောင်မင်းသည် ကိုလတ်နှင့် စီစီတို့ဘက်လှည့်ကာ ပြောလိုက်လေသည်။

"ဟုတ်ကဲ့... ကျွန်တော် လိမ္မာပါတော့မယ်....."ဟု ကိုလတ်က မဆိုင်းမတွဖြေကာ၊ စီစီကတော့မူ ခေါင်းညိတ်ပြလိုက်လေသည်။

ကိုအောင်မင်းသည် သူလွယ်ထားသော ကချင်လွယ်အိတ်ထဲမှ အလျား တစ်ပေခန့်၊ ပြက် တစ်လက်မခွဲခန့်ရှိသော စက္ကူဘူးရှည်လေးကို ဆွဲထုတ်ကာ.....

"ကျွန်တော် မိမိညိုကို လက်ဆောင်ပစ္စည်းတစ်ခု ပေးပါရစေဗျာ....."

"ဒုက္ခရှာလို့ ရှင်....."

"လက်ခံပါဗျာ..... ကျွန်တော် မော်လမြိုင်ကတောင် မှာလိုက်ရတာ .....နဲ့သာယပ်တောင်လေ၊ နွေဘက်ရောက်လာပြီမဟုတ်လား၊ မိမိညို့အတွက် အများကြီး အသုံးဝင်ပါလိမ့်မယ်....."

မိမိညိုသည် ကိုအောင်မင်းပေးသော ပစ္စည်းကို လှမ်းမယူသေးဘဲ .....

"ဒီလိုအကောင်းစား ပစ္စည်းမျိုးဟာ ကျွန်မနဲ့ ထိုက်တန်ပါ့မလား၊ ကျွန်မ မယူပါရစေနဲ့....."

"ဘယ်လိုပြောလိုက်တာလည်း မိမိညိုရယ်..... သွားခါနီး ကျွန်တော်စိတ်မကောင်းကျန်ရစ်အောင် မလုပ်ချင်ပါနဲ့၊ ယူပါဗျာ..... ရော့ပါ....."

မိမိညိုသည် ကိုအောင်မင်းအား ငေးကြည့်လျက်.....

"ကိုအောင်မင်းရဲ့ ကျေးဇူးတွေ ကျွန်မတို့အပေါ် အပုံကြီးများနေပါတယ်၊ ကျွန်မမှာ အယူချည်းပဲဖြစ်နေလို့ ခက်တယ်ရှင်....."

"ဒါတော့ ကူညီရမယ့်ဝတ္တရား ကျွန်တော့်မှာ ရှိပါတယ်ဗျာ၊ တစ်ဖက်သားကို စိတ်ချမ်းသာအောင် အမြဲလုပ်တတ်တဲ့ မိမိညိုဟာ ဒီလက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လေးကို လက်ခံဖို့တော့ ဝန်လေးမယ်မထင်ပါဘူးဗျာ.....”

“ကဲ... ကျွန်မ ယူပါ့မယ် ရှင်.....”

မိမိညိုသည် ပစ္စည်းကို လှမ်းယူလိုက်ပြီး စီစီညိုအား လှမ်းကြည့်လိုက်လေသည်။

“စီစီဖို့လည်း အိမ်မှာရှိတယ်နော်..... အပြန်တော့ ဝင်ယူပေးမယ်”ဟု ကိုအောင်မင်းက အကင်းပါးစွာ ပြောလိုက်လေသည်။

စီစီညို၏မျက်နှာမှာ ဝင်းပ၍သွားလေသည်။

ထိုအခိုက် ရထားဥသြဆွဲကာ ရထားကြီးသည် တရွေ့ရွေ့နှင့် ရှေ့သို့ထွက်လေသည်။

“နေရစ်ခဲ့ကြတော့..... သွားမယ်နော်.....”ဟု မိမိညိုသည် ရီဝေသောမျက်လုံးများနှင့် ပြုံးမဲ့မဲ့လေး နှုတ်ဆက်လိုက်ရှာသည်။

သွယ်၍ နွဲ့ပျောင်းသော လက်ကလေးကို ဝှေ့ယမ်းလိုက်စဉ်၊ ကိုအောင်မင်းသည် သွားမပေါ့တပေါ်ပြုံးလျက် ..... လက်မြှောက်ကာပြန်၍ ဝှေ့ယမ်းပြနေသည်။ နှုတ်မှပြုံးနေသော်လည်း သူ၏မျက်လုံးများကား မှုန်ဝေးနေသည်။ ဤသို့ ညှိုးငယ်သောအပြုံးမျိုးကို ကိုအောင်မင်း၏ မျက်နှာတွင် မကြာခဏတွေ့မြင်လေ့ရှိ၏။

“ကျွန်တော့်ဆီလည်း စာသီးသန့်ရေးနော်.....”ဟု လှမ်း၍ ပြောလိုက်လေသည်။

ကိုလတ်မှာ လက်ပြရင်း ငိုင်တိုင်တိုင်နှင့်အစ်မအား ငေးကြည့်နေသည်။

စီစီညိုမှာ လက်တစ်ဖက်မှ မျက်ရည်သုတ်ကာ ..... ကျန်လက်တစ်ဖက်မှ ဝှေ့ယမ်းကာပြနေသည်။

ဥသြဆွဲသံသည်လည်း “နေရစ်တော့..... နေရစ်တော့.....”ဟု သတိပေးသည့်အလား ကြေကွဲစွာ အော်မြည်နေ၏။ ရထားကြီးသည် မြင်းခြံ



ဘူတာမှ တစ်စ ... တစ်စ ခွာခဲ့လေပြီတကား.....

[၁၅]

**နယုန်မိုးသေး၊ မြက်သားမွေး.....**

မိုးဦးကျပြန်လေပြီ.....

မိုးသည် တောင်သူလယ်သမားများ၏ ချစ်မိတ်ဆွေဖြစ်သည်။ တောင်သူလယ်သမားများ အားကိုးရာလည်းဖြစ်ပေသည်။ ကိုးကွယ်ရာလည်းဖြစ်သည်။ မိုးဦးရောက်၍မှ မိုးမရွာလျှင် မရွာရွာအောင် ငါးရံ့မင်း ပရိတ်တော်ကိုရွတ်ဆိုကြကာ၊ တစ်ခါတစ်ရံ လွန်ပွဲများ ပြုလုပ်ကျင်းပလေသည်။

ထို့ပြင် အခါနှောင်းမှ မိုးလွန်ကဲစွာ ရွာပြန်လည်း စပါးပျက်မည်စိုး၍၊ မိုးကို မလိုတမာ ရန်တွေ့သည့်အခါလည်းရှိ၏။ တစ်ခါတစ်ရံလည်း အသနားခံရသည်။ ရှင်ဥပဂုတ်ပူဇော်ပွဲများပြုလုပ်၍ မိုးရပ်အောင် ဆုတောင်းကြရပြန်သည်။

မိုး‌ဖွဲဖွဲကျလာပြီဆိုလျှင် ပုလဲငုံစံပယ်ဖြူတို့ ဝေဝေဆာဆာပွင့်ဖူး ကြလေသည်။ ဘုရားစင်တို့တွင် စံပယ်ကုံးများ တွဲလွဲချိတ်၍လည်းကောင်း၊ ပန်းမွှေ့ရာခင်း၍လည်းကောင်း၊ တသင်းသင်း မွှေးပျံ့ ကြိုင်လှိုင်နေလေသည်။

မိန်းမ ပျို၊ အိုတို့ ဦးခေါင်းများတွင်လည်း စပယ်ရနံ့က သင်းထုံနေသည်။

စံပယ်နှင့်အတူ ခရေပွင့်တို့သည်လည်း မြေသို့ကြွေ၍ မွှေးသောရနံ့ကိုဖြန့်လျက် အားလုံး ‘မွှေးစေသား’ဟု ရည်ရွယ်လေဟန်ရှိလေသည်။

ကံ့ဘဲ့ ဆရာအတတ်သင်ကျောင်းကြီးသည်လည်း စိမ်းလန်းစိုပြည်လာပြန်သည်။ ကျောင်းဝင်းဂိတ်ပေါက်မှ သူများနှင့်မတူ ထူးခြားသော

www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပွင့် လိမ္မော်ရောင်တို့သည်လည်း ပင်လုံးကျွတ် ညွတ်နေအောင် ပွင့်ဖူးလေ၏။

မိခင်မြေကြီးကား ပြန်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ အပေါင်းနှင့် စည်ကားသိုက်မြိုက်စွာ ဝေဝေဆာဆာဖြစ်လာပြန်သည်။

နေ့နှင့်ည တရစပ် ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှား လာရသောအခါ၌၊ တွေးစရာ၊ ငေးစရာ အချိန်ရယ်လို့မရှိ၊ မီမီညိုသည် မိမိ၏ တမြေ့မြေ့ ပူပန်ရသော စိတ္တဒုက္ခများကို ခေတ္တမေ့ပျောက်ထား ခဲ့လေသည်။

× × × × ×

တနင်္ဂနွေတစ်နေ့ဖြစ်၍၊ မီမီညိုသည် အားလပ်သည့်အလျောက် ခေါင်းလျှော်ကာ ဆံပင်များ ရှင်းနေသည်။

"မီမီညို ..... အောက်မှာ ဧည့်သည်....."

မလေးခင်က ဆံပင်ကို ဘီးနှင့်ရစ်ပတ်လျက် အပေါ်ထပ်သို့ ပြေး တက်လာရင်း ပြောလိုက်လေသည်။

"ဘယ်သူများပါလိမ့်....."

"အသားညိုညို ... ပိန်ပိန်ပါးပါးပဲ၊ မီမီညို့သူငယ်ချင်းတဲ့....."

"မီမီညို ဆင်းခဲ့မယ်လေ....."

မီမီညိုသည် ဆံပင်ဖားလျားချကာ အောက်ထပ်သို့ ဆင်းသွားလေ သည်။ အောက်ထပ်တွင် ထင်းရှူးပင်များနံဘေး၌ ဘောင်းဘီအိတ်ကို နှိုက်၍ ခေါင်းငိုက်စိုက်ချကာ ရပ်နေသောသူတစ်ယောက်ကို တွေ့မြင် ရလေသည်။

"ဟင် ..... ကိုသန်းထိုက် ....."

ကိုသန်းထိုက်သည် မီမီညို့အား ကျောပေး၍ ရပ်နေရာမှ ဖျတ်ကနဲ



လှည့်လိုက်လေသည်။ သူလှည့်လိုက်ပုံမှာ လျင်မြန်လွန်းသဖြင့် ဘယ်သို့ ဘယ်ပုံ လှည့်လိုက်သည်ကိုပင် မီမီညို မမြင်တွေ့လိုက်ရပေ။

"မီမီညို့ ကျွန်တော် တွေ့မတွေ့ပါ့မလားလို့....."

မရယ်မပြုံး တည်သောမျက်နှာထားနှင့် မှုန်တုန်တုန်ကြည့်ကာ ပြောလိုက်လေသည်။

"ကျွန်မ ဒီကိုပြန်ရောက်ပြီး ဘယ်မှမထွက်သေးဘူး .... မြို့ထဲလည်း ဘယ်မှမထွက်တတ်ပါဘူး....."

"ဟို... တစ်ခေါက်တုန်းက အလွန်ကြာခဲ့ပြီဖြစ်တဲ့ရက် တစ်ရက် ကပေါ့ ဗျာ... မီမီညိုကို လာတွေ့တာ မီမီညို မရှိဘူး....."

"ဟုတ်လား..... ဘယ်တုန်းကပါလိမ့်....."

"ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ စနေနေ့....."

ကိုသန်းထိုက်က တိကျစွာဖြေလိုက်လေသည်။

"ဪ ... အဲဒီတုန်းက ကျွန်မ ဗိုလ်ချုပ်ဈေးကိုထွက်နေလို့ ထင်တယ် ....."

"ဒါတော့မသိဘူး .... နောက်တစ်ခေါက်လည်း လာသေးတယ်..... မတွေ့ပြန်ဘူး၊ မီမီညို ပြန်သွားပြီတဲ့....."

"ဖြစ်ရလေရှင်... ကိုသန်းထိုက် လာ လာပြီး လွဲသွားရတာကိုး..."

"ဒါထက် ..... ကျွန်တော်ပေးတဲ့စာကော ရရဲ့နော် ..... အဲဒီစာကော မှတ်မိသေးရဲ့လား၊ ကြာပါပြီလေ ....."

ကိုသန်းထိုက်၏ မှုန်နေသောမျက်နှာကို မီမီညိုသည် လှမ်း၍ကြည့် ကာ.....

"ကိုသန်းထိုက်ကလည်း ကျွန်မကို ခနဲ့နေလိုက်တာ.....ကျွန်မ မှတ်မိပါတယ်၊ အဲဒီတုန်းက မအားတာကတစ်ကြောင်း၊ စိတ်ညစ်တာ တစ်ကြောင်း တို့ကြောင့် မပြန်ဖြစ်တာပါ....."

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ....."

"ထားပါတော့လို့ မပြောပါနဲ့ရှင်..... ထားပါတော့လို့ပြောတာဟာ ကျွန်မကမှားပြီး ကိုသန်းထိုက်က မှန်ရက်သားနဲ့ သက်သက် အလျှော့ပေးလိုက်သလိုလိုနဲ့ သိပ်တင်စီးတဲ့စကားပဲ....."

"ဒါဖြင့်..... အဲဒီ ထားပါတော့ကို ရုပ်သိမ်းပါတယ်....."

ကိုသန်းထိုက်က ရယ်လျက် ပြောလိုက်လေသည်။

"ထိုင်ပါဦးရှင့်..... ဒီခုံမှာပဲ ထိုင်ကြတာပေါ့....."

ကိုသန်းထိုက်က ကုလားထိုင်ခုံတန်းရှည်တစ်ခုတွင် ထိုင်ချလိုက်ကာ၊ မိမိညိုကလည်း ဆားတိုက်နေရာမှ အသာထိုင်လိုက်လေသည်။

ကိုသန်းထိုက်သည် မိမိညိုအား စေ့စေ့ငေးကြည့်ကာ .....

"မိမိညို ပိန်သွားတယ်နော် ..... ကျွန်မ ပိန်သွားသလား၊ ကိုယ့်ဘာသာ ကိုယ်တော့ မသိဘူး ....."

"တော်တော်ပိန်သွားတယ် ..... နေမကောင်းဘူးလား....."

"နေလို့ကောင်းပါတယ် ..... ပင်ပန်းလို့ထင်ပါရဲ့ ....."

"ကျွန်တော်နဲ့ မိမိညို အင်ဖွိုင်းမှာ တစ်ခေါက်တွေ့ပြီးကတည်းက မတွေ့ရတော့ဘူး၊ ၅ လတောင် ကျော်သွားခဲ့ပြီ....."

"ဩ ..... ငါးလတောင် ရှိသွားပြီလား၊ ကိုသန်းထိုက်က မှတ်မိသားပဲ....."

မိမိညိုက အံ့ဩစွာပြောပြီးနောက် ကိုသန်းထိုက်အား ခပ်ငေးငေးလေး ကြည့်နေမိသည်။ ခါတိုင်း မဖီးဘဲ စုတ်ဖွားဖွားနေလေ့ရှိသော ဘိုကေဆံကို သန့်ရှင်းသပ်ယပ်စွာ ဖီးထားလေသည်။ ပေါပလင် ရှပ်ဖြူလက်ရှည်နှင့် သက္ကလပ်ဘောင်းဘီ ချော့ကလက်ရောင် ဝတ်ဆင်ထားကာ ရှုးအနက်ကား တလက်လက်တောက်ပြောင်နေသည်။

ကိုသန်းထိုက်သည် ပြုံးလျက် စီးကရက်တစ်လိပ် မီးညှိကာ သောက်



နေသည်။

"ကျွန်တော် မိမိညိုကို ပြောပြချင်တာတွေ အများကြီးပဲ"

"ငါးလစာ စုထားတာပေါ့လေ ... ဟုတ်လား ....."

"ဆိုပါတော့ ..... ကျွန်တော့်မှာ ပြောပြရမယ့်လူ ကျော်မောင်ကြီးရယ်၊ မိမိညိုရယ် ဒီနှစ်ယောက်ပဲ လောကကြီးမှာရှိပါတယ်"

"ပြောပြပါဦး ..... ကိုသန်းထိုက်ရယ်၊ ကျွန်မ တတ်နိုင်တာလည်း ကူညီမှာပေါ့....."

"မလိုပါဘူးဗျာ ..... ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော် ရပ်တည်နိုင်အောင် ကြိုးစားရမှာပေါ့ ....."

"ကိုသန်းထိုက်မှာ ဒီလိုမာနရှိတယ်ဆိုတာ ကျွန်မ အစကတည်းက သိခဲ့သားပဲ ....."

"ဒါဟာ မာနမဟုတ်ဘူး မိမိညို၊ လူ့တစ်ဖက်သားကို ဒုက္ခမပေးလိုတဲ့ သက်ညှာစိတ် ....."

"ကိုင်း ..... ဒီလိုဆိုရင် ကိုသန်းထိုက် ဘယ်လိုနေ၊ ဘယ်လိုစားတယ်ဆိုတာ ပြောပါဦး ....."

"ကျွန်တော်လား၊ အရင်စကားမျိုးနဲ့ပြောရရင် ကျွန်တော့်အကြောင်းတွေဟာ အရှည်ကြီးပဲ၊ လုံးချင်းဝတ္ထုတစ်ပုဒ်စာပဲ"

ကိုသန်းထိုက်ကား 'ဟတ်'ခနဲ တစ်ချက်ရယ်ပြီး ပြောလိုက်လေသည်။ ပြီးနောက် မိမိညိုကို စိုက်ကြည့်နေလိုက်သည်။ သူ၏ အကြည့်သည် ရဲရင့်လွန်းသည်။ စူးရှသည်။

မိမိညိုသည် မိမိကိုယ်ကို ခိုင်မာသောစိတ်ဓာတ်နှင့် ရဲဝံ့စွာ ပြန်ကြည့်မည် စိတ်တင်းသော်လည်း နောက်ဆုံး မျက်နှာလွှဲလိုက်ရလေသည်။ မိမိညိုသည် မိန်းမသားပေတကား .....

ပန်းရောင်ပြေပြေ စီပီယာအင်္ကျီ လက်စက ဝတ်ထားကာ၊ မီးခိုး

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖျော့ဖျော့တွင် ပန်းရောင်အပွင့်ငယ်များ ဖော်ရက်ထားသော ရခိုင်လုံချည် ဝတ်ထားသည်။

နားတွင်ပန်ထားသော ပတ္တမြားနားပွင့်အရောင်မှာ နီရဲတောက်ပနေသည်။ နန်းသေးသေး ရွှေဆွဲကြိုးမှာ သွယ်နွဲ့သော လည်တိုင်မှဆင်းကာ ရင်ညွန့်တွင် ပတ္တမြားကျောက် သေးသေးလေးများဖြင့် စပျစ်ခိုင်ပုံသဏ္ဍာန် စီခက်ထားသော လော့ကက်လေးမှာ အသာအယာလှုပ်ရှားနေလေသည်။ တစ်ပတ်လျှို ရိုးရိုးဆံထုံးတွင် ခရေပွင့်များ သီကုံးထားသောပန်းမှာ ယဉ်ယဉ်လေးကြည့်ကောင်းသလို၊ ရနံ့မှာလည်း ပြေပြေလေးဖြစ်သည်။

မိမိညို ဝတ်ဆင်ထားသမျှ အဖိုးထိုက်တန်ခြင်းမရှိသော်လည်း ယဉ်စစနှင့် အသွင်လုလေသည်။ မိမိညို၏ အပြင်အဆင်၊ အယဉ်အကျေးကို ထပ်ဖြည့်လိုဟန်နှင့် နက်ပြာရောင် ကတ္တီပါပုံတော်ဖိနပ်မှာ "ကြည့်စမ်း ..... ငါကကော မိမိညို့ခြေချောင်းသွယ်သွယ်လေးတွေနဲ့ မလိုက်လား ....."ဟု ဝင့်ကြွားနေဟန်ရှိလေသည်။

"ပြောတာပေါ့ ကိုသန်းထိုက်ရယ်၊ ပြောလို့မကုန်သေးရင် အရင်တစ်ခါလိုပဲ စာနဲ့ရေးပြောပေါ့....."

မိမိညိုက ရယ်သွမ်းသွေးကာ ပြောလိုက်လေ၏။

"ဘယ်က စ ပြောရမှန်း မသိဘူး ....."

"ပြောချင်တဲ့ဆီက စ ပြောရှင် ....."

"ဒီမနက်ကအကြောင်း စ ပြောမယ်နော် ....."

"ပြော ..... ပြော ....."

"ကျွန်တော် မနက် ၇ နာရီလောက်ထဲ၊ ကျော်မောင်ကြီးတိုက်တဲ့ လက်ဖက်ရည်တစ်ခွက်သောက်ပြီး ကျော်မောင်ရဲ့မော်တော်ဆိုင်ကယ်နဲ့ မြန်မာ့အလင်းသတင်းစာတိုက်အထိ လိုက်လာတယ်၊ မြန်မာ့အလင်း



သတင်းစာတိုက်ကနေ ဟောဒီကျောင်းကို ခြေကျင်လျှောက်လာခဲ့တယ်"

"ဟောတော့ ..... ဘယ်လိုဟာလဲ၊ မြန်မာ့အလင်းသတင်းစာတိုက်ကနေ ဒီကံဘဲ့ကို ခြေကျင်လျှောက်သတဲ့လား ....."

"ကျွန်တော့်ခြေလှမ်းတွေဟာ မိမိညို့ဆီကို ဘယ်လောက်တောင် လာချင်နေသလဲ ..... ဖြစ်အောင် လာခဲ့တယ်ဆိုတာ ပြောပြချင်လို့ပါ ....."

"ဖြစ်မှဖြစ်ရလေ ကိုသန်းထိုက်ရယ်၊ ရှင် ရူးနေသလား ....."

မိမိညိုသည် ညည်းလိုက်မိလေသည်။ ထို့နောက် ကိုသန်းထိုက်ပါးစပ်မှ မီးခိုးဝိုင်းကလေးများကို ငေး၍ကြည့်နေမိသည်။

"ကျွန်တော် ရူးနေသလား၊ ရူးချင်နေပြီလား မပြောတတ်ဘူး၊ ရူးတော့ ရူးတော့မယ်နဲ့ တူပါရဲ့ ....."

"ဘာတွေပြောနေတာလဲ ကိုသန်းထိုက်၊ မြန်မာ့အလင်းတိုက်နဲ့ ကံဘဲ့ဆိုတာ ၅မိုင်၊ ၆မိုင်လောက်ဝေးတာ၊ စရိတ်မရှိဘူးဆိုရင်လည်း နေ နေပါဦးတော့ရှင် ....."

မိမိညိုသည် စိတ်မရှည်စွာ ပြောနေသည်။

"စရိတ်ရှိဖို့သာ စောင့်နေရင် ဘယ်မှရောက်တော့မှာမဟုတ်ဘူး၊ ဘာလို့လည်းဆိုတော့ ....."

"ဘာလဲ ..... စရိတ်မရှိတဲ့အခါချည်းပဲ ဖြစ်နေလို့လား ....."

"အဟဲ ..... မိမိညိုက အင်္ဂဝိဇ္ဇာပဲ ....."

ကိုသန်းထိုက်က ရယ်သွမ်းသွေးကာ ဆိုလိုက်လေသည်။

"ရှင်မို့လို့ ရယ်နိုင်တယ်ရှင်၊ ကျွန်မသာဆိုရင် သိပ်စိတ်ညစ်မှာပဲ၊ ကဲ ... မေးပါရစေဦး၊ ကျွန်မနဲ့မတွေ့ရလို့ ပြန်သွားရရင်ကော ခြေကျင်လျှောက်ရမှာလား ....."

"ဒီလို မဟုတ်ပါဘူး၊ ခု ကျွန်တော့်မှာ ရန်ကုန်ပြန်ဖို့ ပြား ၃၀ ပါ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်တော့်တွက်ကိန်းက အလာတော့ခြေလှမ်းသွက်တယ် မမောဘူး၊ အပြန်ဆိုရင် မောမယ်၊ ခြေထောက်တွေခဲဆွဲသလိုလေးလာမယ် ..... 'ကြည်အေး'ရေးသလို နွမ်းလျအိမ်ပြန် ဖြစ်မယ်၊ ဒါကြောင့်..... ဒီစရိတ်ကို ကပ်ထားရတာ....."

မိမိညိုသည် သက်မချကာ ကိုသန်းထိုက်အား မျက်စောင်းထိုးလျက် .....

"ဖြစ်လည်း ဖြစ်တယ်ရှင် ..... တော်တော် ဇရုတ်ကျတဲ့လူပဲ၊ ခုထိ အလုပ်ရှာလို့ မရသေးဘူးလား ....."

ကိုသန်းထိုက်သည် ပြုံးလျက် ခေါင်းခါပြလေသည်။ သူ၏အပြုံးကား လောကကြီးကို မထေမဲ့ပြင်ပြုဟန်ရှိလေသည်။ အရွဲ့တိုက်လိုဟန်လည်း ရှိလေသည်။ သရော်ပြုံး၊ အထေ့ပြုံး၊ ခနဲ့တဲ့တဲ့အပြုံးပင်တည်း။

"ခုတော့ ..... မြို့မကျောင်းနား လမ်းမတော်မှာ ရှိတဲ့ အလုပ်သမားရှာဖွေ ရေးဌာနကို လျှောက်လွှာတင်ထားတာပဲ၊ ရ မရ မသိသေးဘူး၊ ဒီဂရီ မရသေးတော့လည်း ခက်တယ်ဗျာ ....."

"အင်တာတော့ အောင်ပြီးပြီမဟုတ်လား ....."

"မန္တလေး ကောလိပ်ကတည်းက အောင်ခဲ့တယ်လေ ....."

"ဩော် ..... သတိရပြီ ..... လောဂျစ်ဒစ်စတင်းရှင်း ရတယ်လေ ..... ကျွန်မ ခုမှ သတိရတယ် ....."

"ပိုနေတာပါပဲဗျာ ....."

"ဘယ့်နှယ်ပိုရမလဲရှင့်..... တစ်နေ့ကျတော့ အသုံးကျမှာပေါ့"

"အဲဒီတစ်နေ့ကို ကျွန်တော် မမျှော်မှန်းပါဘူး၊ လောလောဆယ်ဆယ် ဘိုင်ကျနေတာက ခက်တယ် ..... ကျော်မောင်ကြီးကျွေးတဲ့ထမင်းကိုလည်း ကြာတော့ မြိန်လို့မကျဘူးဗျာ....."

"သတင်းစာတွေထဲမှာ ကိုသန်းထိုက် နိုင်ငံရေးနဲ့ ဘောဂဗေဒ



ဆောင်းပါးတွေ ရေးသေးတယ်ဆို ....."

"တစ်ခါတလေမှပါ ..... ဆောင်းပါးတစ်ခုကို ငွေ ၂၀ ကျပ်လောက်ရပါတယ်၊ အဲဒီ ငွေလေးနဲ့ မြို့ပေါင်းလည်းဆပ်ရင်း မြီးသစ်လည်းယူရင်း အသက်ဆက်နေရတာပေါ့ဗျာ ..... ဟေး၊ ဒါထက် ကျွန်တော် ဆောင်းပါးရေးတာ မိမိညို့ကို ဘယ်သူပြောသလဲ....."

ကိုသန်းထိုက်သည် မိမိညို့အား လက်ညှိုးထိုး၍မေးလိုက်၏။

"ဒီလိုပေါ့ ..... ကျွန်မလည်း ကြားတာပေါ့ ... ရှင့်ကလောင်နာမည်တောင် ကျွန်မ သိသေးတယ် ....."

"အလို ..... တယ်ဟုတ်ပါလား ....."

"မိုးငြိမ်း မဟုတ်လား ....."

"ဟောဗျ ... ကေန္တတော့ ခွေးကောင် ကျော်မောင်ကြီးပြောပြီ ထင်တယ် ....."

"သူများကို စွပ်စွပ်စွဲစွဲမပြောပါနဲ့ရှင် ..... ကျွန်မ မြင်းခြံပြန်တုန်းက ကြားခဲ့တာပါ ....."

"ဟုတ်ရဲ့လား ဗျာ ....."

"ဩော် ... ဟုတ်ပါတယ် ... ရှင့်ကို ကျွန်မ ဘာပြုလို့ လိမ်ရမှာလဲ ..."

ကိုသန်းထိုက်သည် မိမိညို့ကိုမကြည့်ဘဲ အဝေးသို့ မျှော်ကြည့်၍ငေးနေသည်။ သူ့စိတ်ထဲတွင် ဘာရှိနေမည်ကို မိမိညို မှန်းဆနိုင်စွမ်းမရှိသော်လည်း သူ စိတ်အိုက်နေသည်မှာ သေချာသည်။ သူ၏ မျက်နှာမှာ မှုန်မှိုင်း၍နေသည်။

ဝန်းပိုက်ကော့ပျံသော မျက်တောင်ကို တစ်ချက်ခတ်၍၊ ညိုမှောင်သော မျက်ခုံးကို ကုတ်ထားလျှင် အနည်းငယ်ဆိုးပြီး တေချင်သော အမူအရာကိုပြလျက်ရှိလေသည်။

သူ၏ စူးရှတောက်ပြောင်သော မျက်လုံးများကား၊ သူ၏ ထက်

www.burmeseclassic.com

www.burmeseclassic.com



မြက်သောအသွင်ကို ပြလျက်ရှိလေသည်။

"ခက်တာက ကျွန်တော့်အနေနဲ့ ကျွန်တော် မယုံကြည်တာကို မရေးချင်ဘူး၊ မပြောချင်ဘူး၊ မလုပ်ချင်ဘူး။ ယုံကြည်တာကိုပဲ ရေးချင်တယ်၊ ပြောချင်တယ်၊ လုပ်ချင်တယ်၊ အမှန်တရားကိုသာ ဖော်ထုတ်ချင်တယ်။ တစ်ခါတလေ မှန်တယ်ထင်တဲ့အရာပေတဲ့လည်း သူများတွေ ဝအောင် အီအောင် အော်သွားတဲ့ကိစ္စတွေကိုလည်း မရေးချင်တော့ဘူး၊ ငါးသိုင်းများတော့ ဟင်းဟုန်တာပေါ့ဗျာ ..... အဲဒါကြောင့် ကျွန်တော့် ကလောင်နယ်ဟာ ကျဉ်းသွားသလား၊ ကျယ်နေသလား မစဉ်းစား တတ်ဘူး ....."

"ဒါကြောင့်မို့ ဆောင်းပါးတွေ ရေးရတာကို အရေးရခက်နေတာလား ....."

မိမိညိုကား နားမလည့်တလည်နှင့် မေးလိုက်သော်လည်း ဆီလျော်သော မေးခွန်းဖြစ်နေ၏။

"ဆိုပါတော့ဗျာ ..... ကျွန်တော်နဲ့အတူ အရင်က လုပ်ဖော်ကိုင်ဖက်တွေကတော့ သူမယုံကြည်တဲ့အရာကိုလည်း မျက်စိမှိတ်ပြောတယ် ... ရေးတယ် ... လုပ်တယ်၊ ဒီတော့ ခွမကျဘူးလား ....."

"ဟုတ်ကဲ့ ....."

"အဲလေ ... ဘာပဲဖြစ်ဖြစ် ..... ကျွန်တော့်ကလောင်ဟာ တိုင်းပြည်အတွက် လက်နက်ကောင်းတစ်ခုတော့ ဖြစ်ရမှာပေါ့ ....."

မိမိညိုသည် သက်ပြင်းတစ်ချက်ချကာ ငေးနေသည်။

"ကျွန်တော့်စကားတွေ နားထောင်ရတာ မောသွားပြီလား"

မိမိညိုသည် ပြုံးလျက် ခေါင်းကို ခါယမ်းလိုက်လေ၏။ ကိုသန်းထိုက်သည် ဖြုန်းဆို ထိုင်ရာမှထကာ.....

"စကားတော့ကောင်းပါရဲ့၊ ဒါပေမဲ့ ကျွန်တော် ပြန်ဦးမယ် .....



နောက် စာရေးလိုက်ဦးမယ်ဗျာ ....."

ပြောပြောဆိုဆို မိမိညိုစကားမဆိုမီပင် ထွက်သွားလေသည်။

မန္တလေးတက္ကသိုလ်ကတည်းက မိမိညိုသိခဲ့သော ကိုသန်းထိုက်သည် ဤကဲ့သို့သော လူစားပေတည်း။

## [၁၆]

**မိမိညိုရေ ....**

အဲဒီလို တမ်းတလို့သာ ခေါ်နေချင်လိုက်တော့တယ် မိမိညိုရယ်၊ ညီမနဲ့ မောင်တွေအပေါ်မှာ ကြင်နာရှာသူ၊ မိမိညိုဆိုတဲ့ နာမည်လေးကိုက ပညတ်သွားရာ ခတ်သက်ပါလေရော့သလားကွယ်.....

မိမိညို့ကို ပြောပြချင်တာတွေ ရင်ထဲမှာ ပြည့်လာပြီးရင်း ပြည့်လာပြန်ရင်းပဲ .....

ဟိုနေ့က မိမိညိုဆီကို စကားတွေအများကြီး ပြောဖို့လာခဲ့တာပဲ၊ ဒါပေမဲ့ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတာ သတိရလို့ စကားဖြတ်ပြီး လှည့်ပြန်ခဲ့ရတယ်၊ စကားဝအောင်တောင် မပြောခဲ့ရဘူး။

ကျွန်တော်သာ ငှက်တစ်ကောင်ဖြစ်ရင်တော့ မိမိညို့ဆီကို ခဏ ခဏ ပျံလာမှာပဲ၊ ငှက်တွေဟာ ကိုယ်သွားလိုရာ သွားလို့ရတယ်နော်၊ (ကားစရိတ်ရှိဖို့ မလိုဘူးပေါ့ဗျာ ဟား ... ဟား ...)

ကျွန်တော် ရောက်တတ်ရာရာတွေရေးလို့ မိမိညိုကတော့ ရယ်ချင်မှာပဲ၊ ကျွန်တော် တစ်ခါတလေ ကိုယ့်ဘာသာကိုယ်၊ စဉ်းစားနေမိတယ်၊ ငါ ရူးများနေသလား

www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့၊ ဘာပဲဖြစ်ဖြစ်လေ ..... လူဆိုတာ ပုထုဇနော ဥမ္မတကောမဟုတ်လား၊ လူတစ်ကိုယ်ရူးတာ တစ်မျိုးစီတော့ရှိမှာပေါ့နော်၊ ကျွန်တော်ကတော့ စိတ်ညစ်လေလေ ရူးချင်လေလေပဲ၊ ရူးသွားတယ်ဆိုရင်တော့ ဘာမှသိတော့မှာ မဟုတ်ပါဘူး .....

ဒါပေမဲ့ လောကဓံတရားရှစ်ပါးကိုတော့ ရင်ဆိုင်နိုင်တဲ့ သတ္တိတွေ ကျွန်တော့်မှာရှိနေပါပြီ .....

မိမိညို့ဆီမှ ပြန်လာတဲ့နေ့က ကျွန်တော့်မိတွေး မြမြဟာန်ဆီက စာလာတယ် ..... ပြန်လာဖို့ ကျွန်တော့်ကို ခေါ်တယ်လေ၊ ဩ ..... မြမြဟာန်ဆိုတဲ့နာမည်ကြားလို့ အံ့ဩသွားသလား ..... အဖေ့နာမည် ဦးသာဟာန်ရဲ့ နာမည်အဖျားကိုယူပြီး မှည့်ထားတာ၊ သူ့နာမည်ရင်းကတော့ မြမြပါပဲ .....

ကျွန်တော့်ထက် ငါးနှစ်လောက်ပဲကြီးတော့ အသက် (၃၀) လောက် ရှိပြီဆိုပါတော့၊ အင်မတန်လှတဲ့ မိန်းမပါပဲဗျာ ..... လှသလောက် ရက်စက်တယ်၊ ကြောက်စရာလည်းအလွန်ကောင်းတယ် .....

အဖေ့ကို 'စက်ရှင်မင်းကြီး'ဆိုတဲ့ဂုဏ်ကိုမက်လို့ ယူထားတာ၊ အဖေက အလကားလူကြီးပါဗျာ ..... ကျွန်တော့်စိတ်ထဲ မိန်းမတွေသာ ကဗ္ဗန်းဥအမှတ်နဲ့ မစင်စားတယ်အောက်မေ့ခဲ့တာ၊ ယောကျ်ားတွေလည်း ဒီအတိုင်းပါပဲလားဗျာ ..... ကျွန်တော်တော့ ရှုံတယ်.....

မြမြဟာန်က ကျွန်တော့်ကို ကျောင်းဆက်ထားပေးမတဲ့။ အဖေ့ပစ္စည်းနဲ့ သူက မျက်နှာလုပ်နေတာ၊ ဘယ်ရ



မလဲ ..... ကျွန်တော် ကလည်းသူ့ လက်ဝါးကြီးအုပ်နေတဲ့ အဖေ့ပစ္စည်းကို အပ်တိုတစ်ချောင်းကိုတောင် မယူခဲ့ဘူး၊ ထောင်ကျကတည်းက ဆိုပါတော့ဗျာ .....

ထောင်ကထွက်တော့လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ အစွမ်းအစ မရှိတဲ့လူတွေသာ သူများကို မှီခိုတာ ..... ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်လာပါပြီ၊ ဒါဟာ ကျွန်တော့်ဒုက္ခတွေကြားထဲက ရခဲ့တဲ့ ရလဒ်ပေါ့ .....

သူများကတော့ ဒုက္ခတွေ့လေလေ စိတ်ဓာတ်ကျဆင်းလေလေပဲတဲ့၊ ကျွန်တော်ကတော့ ဒုက္ခတွေ့လေလေ၊ မာနကြီးလေလေပဲ၊ ခုဆိုရင် မိမိညို့မို့ ပြောရဦးမယ် ..... ကျွန်တော် နာမည်မဖော်လိုတဲ့ သံရုံး တစ်ရုံးက စာအုပ်တစ်အုပ် ဘာသာအပြန်ခိုင်းတယ် .....

သတင်းစာထဲက ကျွန်တော့်ဆောင်းပါးတွေကို သဘောကျလို့တဲ့ဗျာ ..... အဲဒီစာအုပ် ပြန်ဆိုခငွေ ပက်ခနဲ ပေးမယ်ပေါ့ဗျာ၊ ဒီငွေကို မမက်ဘဲ ဘယ်နေပါ့မလဲဗျာ ..... ကိုင်သုံးချင်စရာကောင်းတဲ့ငွေကို လူတိုင်းမက်တာပေါ့၊ ကျွန်တော့်လို ဘိုင်ကျတဲ့ကောင်ကသာမက်သေး။

ဒါပေမဲ့ ကျွန်တော် လက်မခံပါဘူး၊ ကျွန်တော်ပြောခဲ့ပါရောလား ..... ကိုယ်မယုံကြည်တာကို ဘာမှမလုပ်ချင်ဘူး၊ နောက်ပြီး ကိုယ့်ရဲ့ မွန်မြတ်တဲ့ ကလောင်တစ်ချောင်းကို သူများဝါဒအတွက် ဘာကြောင့် ရောင်းစားမလဲဗျာ .....

တစ်ခါတုန်းက ကျွန်တော် ဆရာတင်ခဲ့ဖူးတဲ့ အာစ

www.burmeseclassic.com

www.burmeseclassic.com



ရှိတွေက ရောင်းစားနေတာတွေ့ရတော့ ဒေါသဖြစ်ရသေးတယ်၊ ကိုသိန်းမြင့်တို့ ကိုဘငွေတို့လို လူစားတွေလေ၊ မီမီညို သိလား .....

သူတို့ဟာ ကျွန်တော်တို့ရဲ့ ရဲရဲတောက် ကျောင်းသားခေါင်းဆောင်တွေ ဖြစ်ခဲ့တာပဲ၊ ကျွန်တော်နဲ့ ရဲဘော်တစ်စု ထောင်ကျချိန်မှာတော့ သူတို့မပါဘူးဗျ။ တစ်နေရာမှာ ကောင်းစားနေတာ တွေ့ရတယ် ..... သူတို့လို လူစားတွေဟာ ခေတ်အဆက်ဆက် ကောင်းစားတတ်တဲ့ သတ္တဝါတွေပဲဗျာ ..... OPPORTUNISTS တွေပါဗျာ၊ လွယ်လွယ်ပြောရရင် အချောင်သမား၊ ရေသာခိုသမားတွေပါပဲ .....

တကယ်တော့ သူတို့ဟာ ကျွန်တော်တို့ ခေါင်းပေါ်တက်နင်းပြီး အခွင့်အရေးယူသွားတာပဲ၊ ခံစရာရှိတော့ ကျွန်တော်တို့လို လူငယ်တွေက ခံရတာပဲ၊ ကျွန်တော်တို့ကတော့ အမြဲပဲ အခွင့်အရေးမရတဲ့ သတ္တဝါတွေပါ

ခုတော့ ကားပေါ်ကနေပြီး ကျွန်တော်တို့လို ခြေကျင်လျှောက်နေရတဲ့ ရဲဘော်ဟောင်းတွေကို ဆေးဖော်ကြောဖက် မလုပ်တော့ဘူး .....

ဒါပေမဲ့ ခြေဖဝါးတွေကွဲအက်ပြီး ခြေကျင်လျှောက်ရတဲ့ဘဝကို ကျွန်တော် ဂုဏ်ယူပါတယ် ..... ကျေလည်းကျေနပ်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ လူသားတွေအပေါ် သစ္စာရှိလို့၊ တိုင်းပြည်ကို သစ္စာရှိလို့၊ ကိုယ့်ယုံကြည်ချက်အပေါ်သစ္စာရှိလို့၊ ကိုယ့်စေတနာကိုယ်သစ္စာရှိလို့ .....



ကျွန်တော် လုပ်တာကိုင်တာ မှားချင်မှားမယ်၊ ဒါပေမဲ့ စေတနာ အရင်းခံတဲ့အမှားမို့ ကိုယ့်ကိုယ်ကို ခွင့်လွှတ်တယ်၊ ပြည်သူတွေ ကလည်း ခွင့်လွှတ်မှာပဲ .....

ဒါတွေရေးရင် ဆုံးမှာမဟုတ်ပါဘူး မီမီညိုရေ .....

ကျွန်တော့်စာကိုတော့ မီမီညို ငြီးငွေ့မှာပဲ၊ ရေးချင်တာတွေသာ စွတ်ရေးနေတော့ အစီအစဉ်ရှိမှာမဟုတ်ဘူး .....

ကျွန်တော့်မှာ ပြောစရာလူလည်းမရှိတော့ မီမီညို့ကိုပဲ ပြောရတာ၊ ကျော်မောင်ကြီးလည်း ဒါတွေ ကြားရဖန်များလို့ နားငြီးရောပေါ့......

တော်သေးပြီနော်
မီမီညို ဘဝ ငြိမ်းချမ်းပါစေ ....
သင့် ထာဝရ
**သန်းထိုက်**

မီမီညိုသည် ကိုသန်းထိုက်ထံမှ စာရှည်ကြီးရပြီး နောက်တစ်ပတ်ခန့်အကြာတွင် ကိုသန်းထိုက်ထံမှ လူကြုံနှင့် ထီးတစ်လက်ပို့လိုက်လေ၏။

ထီးမှာ နံ့သာရောင် ပုသိမ်ထီးလေးဖြစ်လေသည်။ နံ့သာရောင်ပိုးသားပေါ်တွင် ကျပ်ပြားဝိုင်းခန့် ကြက်သွေးရောင် နှင်းဆီပွင့် ၆ ပွင့်ကို မြစိမ်းရောင်အရွက်များနှင့် ခက်နွယ်ကာ ဆီဆေးလှလှရေးခြယ်ထားလေသည်။

နှင်းဆီသုံးပွင့်၏ အလည်နေရာတွင် M.M.N. ဟု မီမီညို၏ အင်္ဂလိပ်နာမည် အတိုကောက်ကို အဖြူရောင်ဆေးသားနှင့် စာလုံးသေးသေးလေးရေးကာ အမှတ်အသားပြုလုပ်ထားလေသည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပွင့်တို့သည် အသွေးလည်းကျ၊ လှလည်းလှ၊ သဘာဝလည်း ကျကာ ရွှန်းစိုတောက်ပနေသည်။ သည်ဒီဇိုင်းမျိုး ဘယ်ပုသိမ်ထီးမှာမှ မတွေ့ဖူးဘူးဟု မိမိညိုကတွေးနေသည်။

ဤထီးလက်ဆောင်နှင့်တွဲလျက် ကိုသန်းထိုက်၏ စာတစ်စောင် ပါလာပြန်သည်။

ချစ်လှစွာသော မိမိညိုခင်ဗျား .....

ဆောင်းပါးခ ၂၀ ရပြန်လို့ မိမိညို့အတွက် အမှတ်တရ ဘာပေးရမလဲ စိတ်ကူးနေတာ..... မြန်းဆို ထီးကို သွားသတိရတယ်၊ ကျော်မောင့်အစ်မက ပုသိမ်ထီးလုပ်ငန်းကို ထောင်ထားတယ် ..... ရန်ကုန်မှာပဲ .....

အဲဒါ အော်ဒါမှာရင်း ထီးရဲ့ဒီဇိုင်းကို ကျွန်တော်ကိုယ်တိုင် ဝင်ဆွဲတယ် ..... သဘောကျရဲ့လား၊ အံမယ် ..... မိမိညို သဘောမကျရင်သာ ရှိရမယ်၊ ကျွန်တော်လက်ဆော့ပြီး ထီးငါးလက်၊ ခြောက်လက်ပန်း ပန်းချီရေးပေးလိုက်တာ သံရုံးကနိုင်ငံခြားသူတွေက ကျွန်တော့်ဒီဇိုင်းနဲ့ ထီးကို ချက်ချင်း ကောက်ဝယ် သွားလေရဲ့ဗျာ။

အခု ကျွန်တော် ပုသိမ်ထီးတောင် လုပ်တတ်နေပြီ၊ ထီးပုံရအောင် ပထမ ဝါးတံကလေးတွေနဲ့ ထီးတံ ခရိုင်နဲ့ အဝန်းတို့မှာ ကြိုးချည်ရတယ်.....

ထီးပုံရပြီလားဆိုရင် ထီးရွက်ကပ်တယ်၊ ခရိုင်ကို ထီးရွက် အရောင်အလိုက် ပန်းထိုးပြီး ထီးရွက်တွေကို ချိုးတယ်၊ နောက် ပန်းချီဒီဇိုင်း ရေးဆွဲပြီး မိုးရေခံရအောင် ဆီသုတ်ပေးရတယ်.....



အဖိုးတန်တဲ့ ဗမာ့လက်မှုပညာတစ်ရပ်ပါပဲ၊ နိုင်ငံခြား သားတွေ က ကျွန်တော့်ရဲ့ ပုသိမ်ထီးကို သိပ်ကြိုက်တာပဲ၊ နိုင်ငံခြားသားတွေရဲ့ ပိုက်ဆံ ဗမာ့အိတ်ထဲဝင်လာမယ့် ထွက်ကုန်တစ်မျိုးပေါ့၊ နောက် ကမ္ဘာအရပ်ရပ် ပြန့်နှံ့သွားရင် ဒီ့ထက်ဒီ တွင်ကျယ်လာစရာအကြောင်း ရှိတာယ် .....

မိန်းမတွေရဲ့ ဖက်ရှင်လုပ်စရာ ပစ္စည်းဟာ တွင်လည်း တွင်ကျယ်တတ်တယ် မဟုတ်လားဗျာ .....

ကျွန်တော်ကတော့ မိမိညိုကို ကျွန်တော်ပေးတဲ့ ပုသိမ်ထီးလေး နဲ့ စိတ်ကူးမျက်စိထဲမှာ မြင်ယောင်သေးတော့ဗျာ ..... ပုသိမ်ထီးလေးနဲ့ မိမိညို့အလှဟာ ပိုပေါ်လွင်နေမှာပဲ။

ပြီးတော့လည်း ပုသိမ်ထီးလေးရဲ့အရိပ်နဲ့ အေးချမ်းသလို၊ ကျွန်တော့်စေတနာတွေနဲ့ မိမိညို့ဘဝ အေးချမ်းပါစေလို့ ဆုတောင်းပါတယ် .....

ဒါကြောင့် ဒီထီးကို ဆောင်းဖြစ်အောင်တော့ ဆောင်းပါနော် .....

သင့်ထာဝရ

**သန်းထိုက်**

## [၁၇]

"ဟော့ သရဲမ နင့်ကို ငါ သိပ်မနာလိုတာပဲ ....."

မေစမ်းက မိမိညိုအား ထောမနာ ပြုလေသည်။

"ဘာဖြစ်လို့ ....."

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် ခုတင်ထက်တွင် အင်္ဂလိပ်သတင်းစာ ဖြန့်ခင်းလျက် လက်သည်းညှပ်ရင်း မေးလိုက်လေသည်။ မေစမ်းသည် မိမိညို့ခုတင် ပေါ်တွင် ခေါင်းအုံးကို ရင်ထက်တင်လျက် လဲလျောင်းနေရာမှ .....

"သူ့မယ် လာလိုက်တဲ့စာတွေ၊ ကိုယ်တို့များ တစ်လနေလို့မှ တစ်စောင်မလာဘူး....."

"သူ့ကုသိုလ်နဲ့သူဖြစ်တာ ဘာမနာလိုစရာရှိသလဲ....."

မိမိညိုက ခြေရင်းမှနေကာ ပြုံးလျက် ဖြေလိုက်လေသည်။

"ဘယ်သူ့ဆီက လာသလဲဆိုတာကို စစ်ပါဦး မိစမ်းရဲ့..... ကိုယ်တော့ မိမိညိုကို တစ်နေ့တခြား မသင်္ကာလာဘူး....."

တစ်ခုတင်ခြားတွင် ထဘီများကိုခေါက်နေသော ဂျူးဒစ်က ဝင်တောလိုက်၏။

"အေး ... ကိုယ်လည်း သတိထားမိတယ် ဂျစ်ဒူးရေ ..... စာတွေ ရင်ဘတ်ပေါ်တင်ပြီး တွေးနေ ငေးနေတာ အမော....."

မေစမ်းက ဂျူးဒစ်အား စစ်ကူပေးလေသည်။

"အဲဒါ ဘာဖြစ်သလဲ....."

မိမိညိုက တမင်တကာပင် ကန့်လန့်စကား ပြောလေသည်။

"ဘာဖြစ်ရမလဲကွယ်..... ရှေ့သို့ ချီတက်ရုံပေါ့....."

မေစမ်းက ရုတ်ခနဲ ဝင်ဖြေသည်။

"ဘယ့်နှယ်....."

မိမိညိုက မျက်မှောင်ကုတ်ကာ မေးလိုက်လေ၏။

"ဩော် ... အကောင်း ဒီက ခေတ်နဲ့လျော်ညီတဲ့စကားပြောတာပါ၊ ရှေ့ဆက်ပြီး အချစ်စခန်းကို ချီတက်လှမ်းရုံပဲရှိတော့တယ်လို့ ပြောတာပါ....."ဟု မေစမ်းသည် မေးကို ရှေ့သို့တိုးကာ ဟန်မူပါပါပြောလိုက်လေသည်။



မိမိညိုသည် မေစမ်း၏ခြေထောက်ကို လှမ်းဆိတ်ကာ.....

"တော်စမ်းပါ.....မိမိညိုတို့က ရိုးရိုးပါ....."

"ရိုးတာ...ဆန်းတာ အသာထားပါဦး .... ခု မိမိညိုက နှစ်ယောက်ဖြစ်နေတာ၊ ကိုသန်းထိုက်လား၊ ကိုအောင်မင်းလား၊ ဘယ်သူ့ကို ပိုပြီး မဲတင်းသလဲကွယ်....."

ဂျူးဒစ်က ဖော်ကောင်လုပ်လေသည်။

"ကြည့်စမ်း ..... ဂျူးဒစ် ခွေးမ..... မိမိညို့စာကို ခိုးဖတ်တယ် ဟုတ်လား ....."

"ဟယ် ယူ ကိုယ့်ကိုဆဲသလားကွယ်၊ ကိုယ် ခွေးတော့မဖြစ်ချင်ဘူး၊ အဲ... ငှက်တော့ဖြစ်ချင်တယ်၊ ဒါမှ ကိုယ်ချစ်တဲ့လူဆီ ပျံသန်းသွားနိုင်မှာ....."

ကိုသန်းထိုက်၏စာကို ရည်စူးပြောဟန်တူသော ဂျူးဒစ်အား မိမိညိုသည် မျက်စောင်းချိတ်လိုက်လေ၏။

"မကောင်းဘူးကွယ်.....ဂျူးဒစ်ကလဲ....."

"ကိုယ့်ကို အထင်မလွဲပါနဲ့ မိမိညို၊ ကိုယ် ဒါလောက် စည်းကမ်းမမဲ့ပါဘူး၊ ယူ စာကို ယူ ဖတ်နေတုန်း နောက်က တွေ့ရလို့ပါ....."

"အဲဒါလည်း ဘာထူးလဲ ခိုးဖတ်တာပေါ့....."

"အံမယ် ထူးတာပေါ့ ခိုးဖတ်ရင် စာတစ်စောင်လုံး အရသာရှိရှိနဲ့ ဖတ်ရမယ်၊ ခုဟာ ဆံ့တင့်ငံ့နဲ့.....ဟိုတစ်ပိုင်း ဒီတစ်ပိုင်း ဖတ်ရ တာ....."

"အဲ...အဲဒီ ဟိုတစ်ပိုင်း ဒီတစ်ပိုင်းလေးပဲ ငါ့ကိုပြန်ပြီး ဖောက်သယ်ချပါဦး မိဂျူးရယ်....."

မေစမ်းက ကမန်းကတန်း ဝင်ပြောလိုက်လေ၏။

"ဟင်း .... မိန်းမက ဝါသနာမပါရှာဘူး....."

မိမိညိုသည် မေစမ်းကိုပါ မျက်စောင်းထိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စာ အရေးအသားချင်းယှဉ်ရင်တော့ ကိုသန်းထိုက်က ပိုပြီးနဲ့တယ်၊ မိမိညို..... ရေတဲ့... အဲ့ဒီလို တမ်းတလို့သာ ခေါ်နေချင်လိုက်တော့တယ် မိမိညိုရယ်တဲ့....."ဟု ဂျူးဒစ်က အမူအရာနှင့် မျက်စချီကာ ပြောလိုက်လေရာ၊ မေစမ်းက ပါးစပ်ဟကာ နားထောင်နေ၏။

မိမိညိုသည် မေစမ်း၏မေးစေ့အောက်မှ လက်ဝါးခံကာ "သွားရေလေးများ သိမ်းလိုက်ပါဦး....."ဟု ခနဲ့လေသည်။ မေစမ်းသည် မိမိညို၏ လက်ကိုဆွဲဖယ်ကာ.....

"ဟိုတစ်ယောက်ကတော့ အဲ... သူ့နာမည် ဘယ်သူ....."

"ကိုအောင်မင်း"ဟု ဂျူးဒစ်က ဝင်ထောက်ဆဲတွင်.....

"အဲ ကိုအောင်မင်းကတော့ ဘယ်လိုစသတဲ့လဲ....."မေစမ်းက ကပျာကယာမေး၏။

"မိမိညို နေကောင်းပါစဗျာတဲ့..... ခပ်တိုတို ခပ်ရိုးရိုး စ,ထားတယ်....."ဟု ဂျူးဒဟစ်ကဖြေလေ၏။

"ဟင် ... ဒါဖြင့် အဲဒီ ကိုအောင်မင်းကြီးက လ.အ.ကနဲ့ တူပါရဲ့ ...."

"ဘာရယ်..... ဘာ....."

ဂျူးဒစ်က မေစမ်း၏စကားကို နားမလည်သဖြင့် မေးလိုက်လေသည်။

"သြော် ... လူအကြီးလို့ ပြောတာပါ....."

"အံမယ်..... မိစမ်း နင် ပညာတွေ တော်တော်တိုးနေပါလား၊ ငါတောင် မျက်စိလည်သွားတယ်ကွယ်....."

ဂျူးဒစ်က ပြောရင်း တသောသော ရယ်မောနေ၏။

"ချေးနဲ့နှလုံး ခွေ့သွားပြီ..."ဟု မေစမ်းက ဘာက်ကန်ကာ ဝေဖန်သော်...

"နင့်စကားကလည်း ရိုင်းလိုက်တာ၊ ဆရာမလုပ်ပြီး အဲဒါ ဖရဏပီတိ ဝါဂွမ်းဆီထိတဲ့ ပမာလိုပဲလို့ နှိုင်းခိုင်းရတယ်ကွဲ....."ဟု ဂျူးဒစ်က အသားတင်ကာ ပြောလိုက်၏။



"အံမယ်..... တစ္ဆေမ ခုမှ ကမ္ဘဝါဖတ်နေလိုက်တာ၊ နင် အရင်တုန်းက ရေကူးတဲ့ကောင်လေးပြောတာ မှတ်မိသေးလား....."

မိမိညိုသည် သတင်းစာ စက္ကူထဲမှ လှီးဖြတ်ထားသော လက်သည်း၊ ခြေသည်းခွံများကို စက္ကူစုတ်ထဲထည့်၍ ထုတ်နေရာမှ.....

"ဘာလဲ ရေကူးတဲ့ကောင်လေးဆိုတာ....."ဟု ကြားဖြတ်ဝင်မေးလိုက်လေ၏။

"မိဂျူးက မစ်ရှင်ကျောင်းက လာတယ်မဟုတ်လားကွယ်.....

သူ မက်ထရစ်ဖြေတာ ဗမာစာနဲ့ချည်း သုံးနှစ် ဆက်ကျသတဲ့.....

ဟိုတုန်းက သူက LOWER BURMESE ယူတာ၊ ဖြူန်းဆို ဦးဩဘာသရဲ့ မဟာဇနက္ကဇာတ်တော် သင်ရတာကိုး။ ဒီတော့ သူ ဘာပြောသလဲ၊ ရေကူးတဲ့ ကောင်လေးပါတဲ့ ဇာတ်ရယ်လို့ ဝိသေသပြုတော့တာပဲ....."

မေစမ်းက ရှင်းပြရာတွင် မိမိညိုက တသောသော ရယ်မောနေသည်။

သည်တစ်ခါတွင် ဂျူးဒစ်သည် မိမိညိုရော မေစမ်းကိုရော မျက်စောင်းထိုးလိုက်လေသည်။

[၁၈]

"ဝါဆိုလပြောင်း၊ မိချောင်းဖွေးဖွေး၊ မိုးအေးအေး....."

ရှစ်ခွင့်ရှစ်ရပ်၊ အုံ့မှိုင်းဝေရီကာ ပုန်းညက်ပန်းတို့သည်လည်း ဝေဝေဆာဆာ ဖူးပွင့်လေသည်။

ကျောင်းကြီး၏ ပတ်ဝန်းကျင်ကား စိမ်းလန်းစိုပြည်မြသာတည်း။ မိုးပွင့်တို့သည် မြစိမ်းရွက်တို့တွင် တွဲလွဲခိုကာနေ၏။ ရွှေသောရေ ခြည်အောက်၌ စိန်ပွင့်ပမာ ပြိုးပြက်တောက်ပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ဆည်းဆာတွင် သက်တန့်ရောင်စုံ တံတားကား ကွေးကွေးလေး ခုန်းနေသည်။

အင်္ဂါနေ့တစ်နေ့ မိမိညို၏မွေးနေ့အပြီး ၅ ရက်မြောက်သောနေ့တွင် ဖြစ်လေသည်။ မိမိညို၏မွေးနေ့ကား ကြာသပတေးနေ့ကဖြစ်၏။ သူ့အတွက် စာသုံးစောင်နှင့် လက်ဆောင်ပစ္စည်းများရောက်လာသဖြင့် ထူး၍ ပျော်နေသည်။

မျက်စိမှိတ်ကာ ပထမဦးဆုံးစာကို "ဖွဟဲ့" မိမို့အချစ်ဆုံးရဲ့စာ"ဟု ကောက်ပြီး စာအိတ်ကို ကမန်းကတန်း ဖွင့်ဖောက်လိုက်လေသည်။

စာအိတ်ထဲမှ စာလေးစောင်ထွက်ကျလာလေသည်။ စာတိုလေးများ ဖြစ်သည်။

**လုံမလေး မိမိ.....**

သမီးမွေးနေ့အတွက် အမေ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်။ အမေရဲ့မေတ္တာဓာတ်တွေနဲ့ ငါ့သမီးအေးချမ်းပါစေ။ အမေ့မေတ္တာသည်သာလျှင် လုံမလေးရဲ့မွေးနေ့အတွက် အကောင်းဆုံး လက်ဆောင် ဖြစ်သည်ဟု အမေ ယုံကြည်သည် သမီး ....

ရတနာသုံးပါးကို အမြဲဆည်းကပ်၍ မိဘ ဆရာသမား ဂုဏ်ကျေးဇူးကို မမေ့မလျော့နေပါလေ။

**အမေ။**

× × × × ×

**မမလေးရေ ....**

မမလေးတစ်ယောက် လူပြည်ရောက်လာအောင် ဆောင်ကြဉ်းပေးတဲ့ အတိတ်ကံကို ကျွန်တော်ဖြင့်



ကျေးဇူးတင်လို့ မဆုံးပါဘူး မမလေးရယ် .....

ဘာဖြစ်လို့လဲဆိုတော့ မမလေးဟာ ကျွန်တော်တို့နားခိုရာ ညောင်ပင်ကြီးနဲ့တူပါတယ် .... နေပူထဲက ဖြတ်လာတဲ့ ခရီးသည်ဟာ ညောင်ပင်အောက်ရောက်ရင် အမောအပန်းပြေတယ် မဟုတ်လား.....

ဒီလိုပဲ မမလေးရဲ့အရိပ်ကို ခိုလှုံရတဲ့ ကျွန်တော်တို့ဟာ အေးမြချမ်းသာလှပါတယ် မမလေးရေ....

ကျွန်တော်တို့ မောင်နှမသုံးယောက်စုပြီး မမလေးသို့ လက်ဆောင်တစ်ခုပေးလိုက်ပါတယ်.....

အဖိုးမတန်လှသော်လည်း မမလေး နှစ်သက်မြတ်နိုးလိမ့်မယ်လို့ ယုံကြည်ပါတယ်.....

မမလေးကိုချစ်သော

(ညီထွေး)

× × × × ×

**မမလေး ....**

ညီထွေးလို ဖွဲ့ဖွဲ့နွဲ့နွဲ့မရေးတတ်တော့ ဘာက စရေးရမယ်တောင် မသိပါဘူး.....

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ မမလေးကို ညီထွေး ချစ်သလောက်ပဲ ချစ်ပါတယ်ဗျ၊ ဘာလဲ မမလေးကမယုံလို့ပြုံးသလား။ ဒီကောင်က မမလေးကို အားထားရလို့ ချစ်တာဗျ၊ ကျွန်တော်ကတော့ ဘာမှ မမျှော်လင့်ဘဲ ချစ်တာ.... မမလေး ကိုချစ်တဲ့အတွက် စာမေးပွဲအောင်ချင်ပါတယ်.... ကုသိုလ်ကံမလှလို့ ဒီနှစ်ကျရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



နှောင်နှစ်တော့ အောင်မှာပေါ့နော်.... အောင်အောင်လည်း ကြိုးစားပါ့မယ်.....

ကျွန်တော် ကြီးလာလို့ အလုပ်ရရင် အမေနဲ့ မမလေးကိုပဲ လုပ်ကျွေးမှာ၊ မိန်းမ မယူဘူး၊ နို့မဟုတ်ရင် သွေးမစပ် သားမစပ် အလကား သူတို့ကို လုပ်ကျွေးနေရမှာ၊ မိန်းမယူရင်လည်း ချမ်းသာပြီး မမလေးကို စည်းစိမ်နဲ့ ထားနိုင်မယ့် မိန်းမမျိုးမှ ယူမှာဗျ.....

ကိုင်း ကျွန်တော်တို့ရဲ့စာဖတ်ပြီး လက်ဆောင်ဖွင့်ကြည့်ပါဦး

ညီထွေးထက် ပိုရင်သာမိုမယ်
မလျော့သောအချစ်နှင့်
ကိုလတ်

× × × × ×

ချစ်လှစွာသော မမလေးရှင့်.....

ညီမငယ် စာရေးလိုက်ပါတယ်၊ မမလေးရဲ့ မွေးနေ့မှ အစပြု၍ ရှေ့လျှောက် ချမ်းမြေ့သာယာရှင်ကြည်ပါစေလို့ ကောင်းမြတ်သော ဆုမွန်ကောင်းတောင်းလိုက်ရပါတယ် မမလေးရှင့်.....

မမလေးရဲ့ မွေးနေ့အတွက် ကျွန်မတို့ မောင်နှမသုံးယောက်ရဲ့ မုန့်ဖိုး တစ်ယောက် ၁၀ ကျပ် စီစုပြီး ငွေဆွဲကြိုးလေး လုပ်ပေး လိုက်ပါတယ် .....

ဘကြီးခပန်းထိမ်မှာ အပ်တယ် .... လက်ခက ၁၅ ကျပ်ကျတယ်၊ ငွေဖိုးနဲ့ ဆတူပဲ၊ လော့ကက်သီးလေးက



ခလုတ်လေးနဲ့ ဖွင့်လို့ရတယ်၊ အထဲဖွင့်ကြည့်ပါဦး မမလေးရေ.....

စီစီတို့ ငယ်ငယ်တုန်းက မမလေးပြောပြတဲ့ ဝတ္ထုထဲက လော့ကက်သီးထဲမှာ အချစ်ဆုံးသူရဲ့ ဓာတ်ပုံတို့၊ အမှတ်တရပစ္စည်းတို့ ထည့်ပြီး လက်ဆောင်ပေးတယ်ဆိုတာကို သွားအမှတ်ရလို့ပါ.....

သုံးယောက်သား သူ့ဓာတ်ပုံထည့်မယ်၊ ငါ့ဓာတ်ပုံထည့်မယ်နဲ့ အငြင်းပွားပြီး အဝေမတည့်လို့ .... ဘယ်လိုလုပ်ရသလဲဆိုတော့..... ဓာတ်ပုံတစ်ခုကို လေးလဆီထည့်ဖို့ သဘောတူကြရတယ်၊ နောက်ပြီး ၁၊ ၂၊ ၃ မဲချပြီး ခု ကိုလတ်ပုံ အရင်ဆုံးထည့်ဖို့ မဲကျတယ်.....

ဒါကြောင့် ကိုလတ်ပုံထည့်ပေးလိုက်ပါတယ်၊ ဒုတိယ ညီထွေးပုံ၊ တတိယ စီစီပုံပါပဲ၊ လေးလပြည့်တိုင်း မမလေးက လဲထည့်ပေးရမယ်နော်၊ မမလေး အလွယ်တကူ ထည့်နိုင်အောင်လို့ စီတို့ရဲ့ ခေါင်းပုံ ဓာတ်ပုံများကို လော့ကက်နဲ့ တိုင်းပြီး ဖြတ်ပေးလိုက်ပါတယ်.....

ဒီလက်ဆောင်လေးကို မမလေးရဲ့ ရင်ထက်မှာ အမြဲဆွဲထားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ် မမလေးရှင့် ...

မမလေးကို အချစ်များစွာနှင့် စာကို ဒီတင်ပဲ ရပ်နားခွင့် ပြုပါရစေရှင့်.....

စီစီညို

www.burmeseclassic.com



အော် ... ဒါထက် ခုတလော စီစီ ကားမောင်းသင်နေတယ်.. အစ်ကို အောင်မင်းနဲ့လေ၊ အစ်ကို အောင်မင်းကြီးက သင်ဖို့ သိပ်ဈေးကိုင်တာပဲ၊ လုံးလုံး မသင်ချင်ဘူး .... စီစီက အတင်း ဇွတ်နားပူနားဆာတိုက်တာပဲ၊ စီစီက ဘာမဆို မဖြစ် ဖြစ်အောင်လုပ်ချင်တာ၊ ခုတော့ အတော်လေး မောင်းနိုင်ပြီ.....

ညီမငယ် စီစီညို

× × × × ×

မိမိညိုသည် အမေနှင့် မောင်ငယ်၊ ညီမငယ်တို့၏စာများကိုကိုင်ကာ ငေးရင်း မျက်ရည်များ ဝေ့၍လာလေသည်။

လူကြုံနှင့်ပေးလိုက်သော လက်ဆောင်ပစ္စည်းလေးကို ဖြေ၍ကြည့်၏။ ပစ္စည်းလေးကို စက္ကူသေတ္တာငယ်ထဲသို့ထည့်၍ အထပ်ထပ် စက္ကူများနှင့် ရစ်ပတ်ချည်နှောင်ထားလေသည်။

သေတ္တာငယ်ထဲမှ ငွေဆွဲကြိုးလေး ထွက်လာလေသည်။ လော့ကက်ကလေးသည် အသည်းပုံဖြစ်သည်။ လော့ကက်၏ဘေးမှ ခလုတ်ငယ်ဘုလေးကိုနှိပ်လိုက်ရာ၊ ပွင့်အန်လာလျက် ကိုလတ်၏ပုံဖြစ်သော မန်ကျည်းစေ့ခန့်မျက်နှာကို ပြုံးမြမြလေးနှင့်တွေ့ရလေသည်။

မိမိညိုသည် သက်ပြင်းချလျက်၊ သူတို့လေးတွေ၏ ချစ်စရာကောင်းပုံကို တွေးမိပြီး သနားကြေကွဲလည်း ဖြစ်မိလေသည်။ သူတို့ဆင်းဆင်းရဲရဲနှင့် စားကာ ဝတ်ကာ ပညာသင်ကာ နေနေရရှာသည်ကို စဉ်းစားမိလျှင် သူတို့ကိုယ်စီ၏ မုန့်ဖိုး ၁၀ ကျပ်အတွက် ရင်နင့်သွားမိလေသည်။

မိမိညိုသည် စိတ်မပါ့တပါနှင့် နောက်စာတစ်စောင်ကို ဖောက်ကာ



ဖတ်လိုက်ပြန်သည်။

ညီမလေး မိမိညို.....

ညီမအရွယ်မို့ ညီမလေးလို့ပဲ ခေါ်ပါရစေတော့ဗျာ၊ ကျေနပ်ရဲ့လား ....

ဇွန်လ ၂၅ ရက်နေ့၊ ကြာသပတေးနေ့ဟာ မိမိညိုရဲ့မွေးနေ့လို့ စီစီညိုတို့ရဲ့ ပြောကြားချက်အရ သိရပါတယ် ....

မိမိညို့ကို အမှတ်တရလက်ဆောင်ပေးရမယ်လို့ စဉ်းစားတုန်း ဗြုန်းဆို ကျွန်တော့်အဘွား မသေမီက သူ့ရဲ့တစ်ဦးတည်းသော မြေးကလေးကို ပေးသွားတဲ့ မြလက်စွပ်ကို သတိသွားရတယ်.....

လက်စွပ်ကလေးက မိန်းမကွင်းလေးဆိုတော့ မိမိညို့ရဲ့ လက်လှလှလေးနဲ့ သိပ်လိုက်မှာပဲ ... ကျွန်တော့်ရဲ့ လက်သူကြွယ်နဲ့တော်ရင် မိမိညိုရဲ့ လက်ခလယ်နဲ့ တော်မှာပဲ၊ ဝတ်ဖြစ်အောင် ဝတ်ပါ မိမိညို.....

ဖြူစင်တဲ့ စေတနာအရင်းခံပြီးပေးတဲ့ လက်စွပ်မို့လို့ မိမိညို နှစ်နှစ်သက်သက် ဝတ်ထားလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်.....

မိမိညိုရဲ့ဘဝတစ်လျှောက် ရေစင်ဖျန်းတဲ့ ပွင့်သစ်စပန်းလို လန်းပါစေသတည်း။ ငွေလလိုဝင်းပ၍ ကြယ်ပွင့်လိုလည်း ထွန်းတောက်ပါစေသတည်း။ မေယုတောင်ပမာ ဂုဏ်ရှိန်မြင့်မားစေသတည်း။ ပညာဉာဏ်ကြီး၍ အနာမဲ့ အဆင်းလှပါစေသတည်း။ ကျွန်တော် လိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လှဲလှဲ စေတနာ အပြည့်အဝနဲ့ ဆုတောင်းပါတယ် မိမိညို.....

ဆင်းရဲခြင်းဆိုတဲ့ ဆူးညှောင့်ခလုတ်တွေ အမြန်ဆုံး ရှင်းစေချင်လှပါတယ်။ ပင်ပန်းခြင်းဆိုတဲ့ ဒဏ်တွေကိုလည်း လျော့ကျ ပျောက်ကင်းစေချင်ပါတယ်။ သောက ဆိုတဲ့ အပူမီးကိုလည်း ငြိမ်းစေချင်ပါတယ်.....

အရွယ်နနု ရုပ်လှလှလေးနဲ့ ခံစားနေရတဲ့ ကာယ ဒုက္ခ၊ စိတ္တဒုက္ခဆိုတဲ့ ညွန့်ထဲက လွတ်မြောက်စေလိုပါတယ်။

အိမ်မှာနေရင်ဖြစ်စေ၊ ကျောင်းမှာနေရင်ဖြစ်စေ၊ နဖူးကချွေး ခြေမကျရှာတဲ့ မိမိညို့ကို ချွေးသိပ်လို့ အပန်းပြေစေချင်ပါတယ်.....

မျက်မမြင် မောင်ငယ်အတွက် တင်းလွန်းလှတဲ့ သံယောဇဉ်ကြိုးကိုလည်း လျှော့ဖြေစေချင်ပါတယ် ... မောင်ငယ်, ညီမငယ်အတွက် ပူရတဲ့ ဗျာပါဒကိုလည်း လွင့်စင်သွားစေချင် ပါတယ်.....

မိမိညို၊ရဲ့ မွေးနေ့မှာ ကျွန်တော့်ရဲ့ စေတနာ ကွန်ရက်ကို ဖြန့်ကျက်လိုက်ခြင်းသာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ စေတနာကို တလွဲမထင်စေလိုပါခင်ဗျား။

ကာယသုခ၊ စိတ္တသုခအပေါင်းနှင့် ပြည့်ဝပါစေ

**အောင်မင်း**

× × × × ×



မိမိညိုသည် ကိုအောင်မင်းပေးသော 'မြ'လက်စွပ်ကို အသာကိုင်ကြည့်လျက် "ကိုအောင်မင်းနယ်နော် ဘာလို့များ ဒါလောက်အဖိုးတန်တဲ့ပစ္စည်းကို ပေးရပါလိမ့်ကွယ်၊ ငါ လက်မခံချင်ပါဘူး၊ ဒီလိုပစ္စည်း အဖိုးတန်မျိုး၊ သူစိမ်းယောကျာ်းဆီက လက်ခံလို့တော်ပါ့မလား၊ မတော်ပါဘူးထင်ပါရဲ့။ အမေ့ကိုမေးရင် ကိုအောင်မင်းကိုအားနာတာနဲ့ လက်ခံလိုက်လို့ ဆိုမှာပဲ..... အမေကဆိုရင် စိုက်လိုက်မတ်တတ်၊ ရိုးလည်းရိုး၊ အလည်း အပါတ်နဲ့၊ ဘာလုပ်ရမလဲကွယ်.....

မိမိညိုမှာ စိတ်အိုက်နေရှာသည်။ မြလက်စွပ်ကလေးကို သူစံနေရာ သစ်သားကြုတ်ကလေးထဲပြန်ထည့်ကာ သက်ပြင်းလေးလေး ချနေမိသည်။

နောက်ဆုံးကျန်နေသော စာတစ်စောင်ကို အိတ်ဖောက်ဖွင့်ရင်း ဖတ်လိုက်ပြန်သည်။ စာမှာ အစ်မဖြစ်သူ သီသီညို၏ စာဖြစ်လေသည်။

"**မိမိညို** ...

စာရေးမယ် ရေးမယ်နဲ့ မအားလွန်းလို့ မရေးဖြစ်ဘူး၊ ခုလည်း မအားပါဘူး။ ဗမာပြည်ပြန်ရောက်မှပဲ နားရတော့မှာပဲ။ ပညာသင်တုန်းဆိုတော့ ဒီလိုပဲပေါ့လေ။ ငါ ဗမာ ပြည်လွမ်းတဲ့အလွမ်းဟာ ပြောတောင် ပြောမပြချင်ပါဘူး ညီမရယ်။ တွေးတိုင်း မျက်ရည်ဝဲရတယ်။

လူသူမသိတဲ့အချိန်ဆိုရင် ခေါင်းအုံးနဲ့မျက်နှာ အပ်ပြီး ငိုရတယ် ညီမရယ်၊ ဒီအထိပါပဲ။

ဟိုနေ့က အမေဆီကစာလာလို့ နင်တစ်ယောက်တည်း တို့အိမ်ထောင်စုအတွက် ကြိုးပမ်းရုန်းကန်နေရတယ်ဆိုတာကိုသိရလို့ မမကြီး စိတ်မကောင်းပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွယ် ... ဒါပေမဲ့ မမကြီးမှာ မီမီ့ကိုသနားရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ ခက်တယ်။

တစ်နေ့တစ်နေ့ ငါ့မှာလည်း ဗုဒ္ဓဘာသာတရားနဲ့ ခရစ်ယာန်တရားကို ယှဉ်ပြီး ဆွေးနွေးနေတာနဲ့ အချိန်ကုန်ရော...

သူတို့ အမေရိကန်တွေဟာ ဗုဒ္ဓဘာသာတရားတော်ကို နှိုက်နှိုက်ချွတ်ချွတ် မလေ့လာရသေးတော့ အထင်သေးဟန် တူတယ်။ ပြီးတော့ မဟာယာနခေါ် မြောက်ပိုင်းဗုဒ္ဓဘာသာနဲ့ ခုတို့များ သက်ဝင်ယုံကြည်တဲ့ 'ထေရဝါဒ' ခေါ်တဲ့ တောင်ပိုင်းဗုဒ္ဓဘာသာကို သဲကွဲဟန် မပေါ်ဘူး၊ အဲဒါ ရှင်းရတာကိုက အမောပဲ။

နောက်ပြီး သူတို့သိတဲ့ ဗုဒ္ဓဘာသာဟာ၊ သူတို့ အလွန်မုန်းတီးနေတဲ့ တောင်ဗီယက်နမ်က ဗုဒ္ဓဘာသာဖြစ်တယ်လို့ ငါတွေးမိတယ်။ ဗုဒ္ဓဘာသာဆိုတာ နိုင်ငံရေးပယောဂ အနှောင့်အယှက်ကိုလည်း အဝင်ခံတဲ့ အပျော့စားဝါဒလို့လည်း ထင်ဟန်တူပါရဲ့.....

သူတို့ရဲ့မေးခွန်းကို အတော် သတိထားဖြေရတာ .... ပြီးတော့ သူတို့က ဗုဒ္ဓဘာသာကို ဘာသာရေးရယ်လို့ အသိအမှတ်ပြုချင်ပုံမရဘူး၊ လူ့ကျင့်ဝတ်တစ်ရပ်သာ ဖြစ်တယ်ရယ်လို့ ပြောတတ်သေးတယ် .... ဒါကြောင့် ... BASIC BUDDHISM IS THUS LESS A RELIGION THAN A BODY OF ETHICS လို့ တိုင်းမဂ္ဂဇင်းထဲမှာတောင် ဖော်ပြထားတယ် မဟုတ်လား။



သဘောပေါက်တတ်တဲ့သူကျတော့လည်း ခဏခြင်းပဲ သက်ဝင်ယုံကြည်လာကြတယ်။ ငါတော့ ကိုအောင်မင်းရဲ့ ညွှန်ကြားချက်အရ လက်တွေ့ ဝိပဿနာတရားကို အား ထုတ်ကြည့်ရသေးတယ် ... ဒါပေမဲ့ ပါရမီမရှိလို့ သမထအဆင့် မတက်သေးဘူး .... ရုပ်နာမ် မကွဲသေးဘူး။

CONCEN TRATION တော့ ရလာတယ်။ အာရုံခဏစိုက်လိုက်ရုံနဲ့ စိတ်ကိုချုပ်လို့ လွယ်ကူလာတယ်၊ ညညကျရင် နှာသီးဝကို အာရုံယူပြီးအိပ်ရင် သိပ်အိပ်ပျော်တာပဲ၊ အိပ်မက်တောင်မမက်ဘူး.....

ကိုအောင်မင်းကို ရုပ်မမြင်ဘူးပဲနဲ့ ကျေးဇူးတင်လို့ မဆုံးဘူး၊ သူ့အကူအညီနဲ့ ဘာသာရေး ရှင်းပြတာတယ် လွယ်ကူတာပဲ။ ဗုဒ္ဓတရားတော်မှာ SCIENTIFIC ဖြစ်တဲ့ အချက်တွေ အများကြီးတွေ့ရတယ် ... ဒီလိုသိပ္ပံနည်း ကျကျ လေ့လာနိုင်မှလည်း သူတို့က ယုံကြည်မှာကိုး။

တချို့များ ပါရမီရှိလို့လားမသိဘူး ..... ဝိပဿနာတရား ကျင့်ကြံအားထုတ်ရာမှာ ဗမာတွေထက်တောင် ပေါက် ရောက်တာ မြန်သေးသတဲ့၊ သိပ်ချစ်ဖို့ကောင်းပြီး အရွယ်ငယ်ငယ်နဲ့ အမေရိကန် သီလရှင်တစ်ပါးကိုတောင် ငါတွေ့ခွင့်ရသေးတယ်၊ သူနဲ့ ဘာသာရေးဆွေးနွေးတာ အတော်ကြာတယ်။

သူဟာ ဘာသာတရား ဘယ့်လောက်ကိုင်းရှိုင်းသလဲဆိုရင် ဗမာပြည်ရောက်ခဲ့တုန်းက ဒေါဘူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုတောင် မော်တော်ကားသစ်ကြီးတစ်စင်း လှူခဲ့တယ်။ သူလေးရဲ့မိဘတွေဟာ ကြေးရတတ်တွေပဲ၊ ကဲ… ဘယ့်လောက်များ အားရဖို့ကောင်းသလဲ။

တို့က သူ့လောက် ပါရမီမရင့်လို့ ခက်နေတာ၊ ဒါပေမဲ့ ကြိုးတော့ ကြိုးစားရမှာပေါ့ကွယ်၊ ကိုအောင်မင်းကို ဝေဘူဆရာတော်ဘုရား မိန့်တော်မူတာလိုပေါ့…..

"ရှေ့ကိုသွားနေတဲ့ ခြေလှမ်းဟာ နောက်ကို ဆုတ်သေးသလား ဒကာလေးတဲ့….." မဆုတ်ပါဘုရားလို့ ဖြေတော့၊ "အေး … ဒီလိုပဲ ….. ဒကာလေးဟာ ဝိပဿနာကျင့်စဉ် ကျင့်ရင်း ရှေ့ကိုသာ တရွေ့ရွေ့ သွားနေတယ်၊ ကိုယ့်ဘာသာကိုယ်မသိလို့ ….."တဲ့…..

ဒါလောက် အေးမြပြီး အဖိုးအနဂ္ဃထိုက်တန်တဲ့ တရားတော်ကို တို့လက်ထဲမှာ ရှိရဲ့သားနဲ့၊ တရားတော်ရဲ့တန်ဖိုးကို ငါတို့ စကတည်းက ဘာလို့ မသိခဲ့ပါလိမ့်။

ငါတို့ဟာ 'ဩကာသ'ကို အကျယ်ကြီးအော်ပြီး ရှိခိုးခဲ့တယ်၊ ဩကာသရဲ့ အဓိပ္ပာယ်ကိုတောင် မသိခဲ့ဘူး ….. ငါးပါးသီလတော့ ခံပါရဲ့၊ ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အဘိဇ္ဈာ၊ ဗျာပါဒါတွေ ဖုံးလွှမ်းလို့ နေခဲ့တယ်။

ကိုင်း … မိမိတော့ မမကြီးရဲ့စာတွေဖတ်ပြီး ပျင်းလာပြီလား၊ ဒါ စိတ်ရှည် လက်ရှည် ရေးလိုက်တာ ညီမရေ အမေ့ဆီတောင် စာတိုတိုပဲ ….

တော်သေးပြီ …

မမကြီး

သီသီညို၊



[၁၉]

**ဝါခေါင်တစ်ကြောင်း၊ ထနောင်း ကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း။**

မိုးရာသီကား ကုန်ခဲလှပေသည်။

အညာမလေ့အတိုင်း စာစပ်ခဲ့ဟန်တူသော "ဝါခေါင်တွင် ရွာပါသော်လည်း မိုးမသည်း….."ဟု ဆိုရသော်လည်း ရန်ကုန်၏ မိုးလယ်ရာသီကား ဝုန်းဝုန်းဒိုင်းဒိုင်း တရစပ်ရွာသွန်းကောင်းတုန်း ဖြစ်လေသည်။

ရန်ကုန်မိုးတွင်းကား အားလပ်သူများအဖို့ဆိုလျှင် အလွန် ချစ်စရာကောင်းပေသည်။ မိုးအေးအေးနှင့် အိပ်ရာထဲ ကွေးနေရတာလောက် ဘယ်သင်းက ပို၍ မြတ်နိုးစရာ ကောင်းပါသလဲ…..

သို့သော် မိမိညိုမှာ အိပ်ရာထဲ ကွေးခွင့်ရဖို့ဝေးစွ၊ အားလပ်သည့်အခါရယ်လို့ တယ်မရှိလှပေ။

နံနက် ၅နာရီခွဲ အိပ်ရာမှထပြီးကတည်းက သံပတ်ပေးထားသော စက်ရုပ်ပမာ လှုပ်ရှားသွားလာနေရရှာသည်။ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် စိုက်ပျိုးရေးတစ်ပတ်၊ မွေးမြူရေးတစ်ပတ်၊ သင်တန်းဆင်းချိန်များတွင်ဆိုလျှင် သေချင်ပက်ကျိပင်ပန်းလွန်းလေသည်။

ဆယ်ယောက်တစ်တွဲ မိမိတို့နေရာထိုင်ခင်းများကို အလှည့်နှင့် တံမြက်လှဲ၊ မျက်နှာကျက်ပိုးအိမ်များခါ၊ ဖုံသုတ် ရှင်းလင်းသုတ်သင်ရသေးသည်။

သည်ကြားထဲ လစဉ်စာမေးပွဲများအတွက် ကျက်ရ၊ မှတ်ရသေးသည်။

စိုက်ပျိုးရေးသင်တန်း တစ်ပတ်တက်ပြီးနောက် မိမိညိုတို့ မိုးမိကာ ရွဲရွဲစိုကြလေသည်။ ထိုနေ့ညက မိမိညိုသည် လူမှန်းမသိအောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖျားလေသည်။

အဖျား ၁၀၃˚ ဒီဂရီပင်ရှိလေသည်။ ခေါင်းမထူနိုင်အောင်ကိုက်ကာ တစ်ကိုယ်လုံးကိုက်ခဲကာ လှိမ့်၍ ညည်းနေရသည်။ မိမိညိုသည် နှုတ်မှ "အမေ–အမေ....."ဟုသာ တဖွဖွ တ၍ နေသည်။ ဘယ်လိမ့် ညာလိမ့် ငါးဖယ်ပြန်လူးလျက် သတိလစ်ချင်ချင်နှင့် ကယောင်ကတန်းများ ပြောနေ၏။

"ညီထွေး ညီထွေး .... ညီထွေးကို ကယ်ပါဦး ကိုအောင်မင်းရယ် ....."

"အမေ–အမေ..... အမေ မလိုင်အိုးနား မနေပါရစေနဲ့၊ မီးလိုပူတယ် အမေရေ..... မီးလိုပူတယ်၊ ဘုရား ကယ်တော်မူပါ....."

"ကိုလတ်ကို မမလေး ချစ်ပါတယ်....."

"စီစီ ... အနေအထိုင်ဆင်ခြင်ပါ၊ စီစီဟာ မိုက်ချင်တယ်....."

"ဖွတ်မတိုးချင်ပါနဲ့ ကိုသန်းထိုက်ရယ်....."

သုံးညတိတိ ကယောင်ကတန်းနှင့် ပြောချင်ရာများပြောနေ၏။ အဆောင် ဆရာဝန်မက ဆေးများ တစ်လုံးပြီးတစ်လုံး လာထိုးရလေသည်။

မိမိညို အဖျားကျသွားသည့်နောက်တစ်နေ့၌ မိမိညို၏မျက်နှာလေးမှာ ယူပစ်သလို ချောင်၍ကျသွားလေသည်။

အဆောင်မှူး (ဘော်ဒါအုပ်)ကိုယ်တိုင်ပင် ဆန်ပြုတ်များကျိုကာ မိမိညိုအား တိုက်လေသည်။

"မိမိ ဆန်ပြုတ်ကုန်အောင် သောက်လိုက်နော်....."

အဆောင်မှူးက ကြင်နာစွာ ပြောလိုက်လေသည်။ အဆောင်မှူးသည် မိမိညိုအား အမေခေါ်သကဲ့သို့ပင် 'မိမိ'ဟု ခေါ်လိုက်သဖြင့်၊ အမေ့ကို အထူးအမှတ်ရကာ မျက်ရည်ဝိုင်းလာလေသည်။



အဆောင်မှူးသည် မိမိညိုတို့ကျောင်းသူများအခေါ် 'တီချာ ဂစ်(လ်)ဒါ' ဖြစ်၍၊ ဒေါ်နော်ဂစ်လ်ဒါထွေး (Naw Gilda Htwe) ဖြစ်လေသည်။ ရန်ကုန်တက္ကသိုလ်မှ ဘီ အီး ဒီဘွဲ့ကိုယူပြီးနောက် ဩစတြေးလျပြည်မှ M.E.D ဘွဲ့ ယူလာသည်။

အသားဝါဝါ၊ အရပ်ပျပ်ပျပ်၊ မျက်နှာဝိုင်းဝိုင်း၊ နဖူးကျယ်ကျယ်၊ မျက်လုံးပြူးပြူး၊ ပါးလျားသော နှုတ်ခမ်းများ ရှိသည်။ သူသည် ရုပ်မလှသော်လည်း အလွန် သန့်စင်လှပသော စိတ်နေသဘာဝရှိလေသည်။ ရိုးသားဖြောင့်မတ်သော ဟန်ပန်ရုပ်သွင်လည်းရှိသည်။

ကရုဏာစိတ်ရှိသော သူ၏မျက်နှာသည် အစဉ်အမြဲ ချိုပြုံး၍နေသည်။ အမျက်ထွက်လွယ်ခြင်းမရှိ၊ သည်းခံစိတ်ရှိ၏။ သို့သော် စိတ်ဓာတ်မြဲမြံ၍ စည်းကမ်းကြီးလေသည်။ သူကိုယ်တိုင်က အရက်အကြောက်ကြီး၍ အဝတ်အစားမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်က အတိုင်းပင် သိုသိုသိပ်သိပ်ရှိလှသည်။

"ခု ဘယ့်နှယ်နေသေးလဲ ဟင်....." နော်ဂစ်(လ်)ဒါက မိမိညို့အား ဆန်ပြုတ်မှုတ်တိုက်ရင်း မေးလိုက်၏။

"ရင်ထဲမှာ တလှပ်လှပ်နဲ့နေတယ် တီချာ၊ ဘယ့်နှယ်မှန်းမသိဘူး ..... မလှုပ်ချင်ဘူး....."

မိမိညိုသည် မောပန်းအားပျော့စွာ ပြောလိုက်လေသည်။

"တီချာကျိုထားတဲ့ဆန်ပြုတ်ကို သောက်လိုက်နော်..... အားပြည့်လာအောင်၊ ဒီတခါ မိမိ သိပ်ဖျားတယ်ကွဲ့..... ဟိုညက တီချာ မအိပ်ဘဲ စောင့်ကြည့်တော့..... မိမိ သတိလစ်နေတယ်ကွယ်၊ တီချာဖြင့် ဘုရားသခင်ကို ဆုတောင်းလိုက်ရတာကွယ်..... စိတ်ပူလိုက်ရဟာ....."

တီချာ ဂစ်(လ်)ဒါက ဖြည်းညင်းစွာ ပြောလိုက်လေသည်။ သူ့အသံသည် အေးဆေးကာ တည်ငြိမ်လေသည်။ သို့သော်လည်း အသင်ခန်း

www.burmeseclassic.com

www.burmeseclassic.com



များတွင် အော်ရလွန်းသဖြင့် လည်ချောင်းအကြောများဆိုင်းခြင်း (Throat Paraliise)ဖြစ်ကာ အသံမှာ တိမ်ဝင်၍သွားလေ၏။ အလွန်သေးသော အသံနှင့် အားယူပြောနေရရှာသည်။

မိမိညိုသည် သူ၏တီချာအား ငေးကာ ဆန်ပြုတ်များကို အသာ ယူသောက်နေသည်။

× × × × ×

တော်သလင်းတိမ်ညို၊ စဖိုသည် ဆင်းရဲ၊ မိုးမစဲ။

မည်သို့ဖြစ်စေ၊ မိုးတိတ်ပြီးစအချိန်သည် လှပသာယာလေသည်။ နေခြည်ပွင့်လာပြီဆိုလျှင် မိုးပုလဲဥများ ဖြိုကွဲကာသာ မြရွက် မြခက် နွယ်တို့၌ လွမ်းချင့်စဖွယ် ကြေကွဲနှုတ်ဆက်နေကြဟန်ရှိကြသည်။

သည်အခါမျိုး၌ လောက၏အလှတရားကို ရှာဖွေတွေ့ရှိလေသည်။ ပုလဲရည်မိုးပွင့်တို့၏ သစ္စာရှိဟန်ကိုမြင်နိုင်၍ နေခြည်၏ ထွေးနွေးသော ကြင်နာခြင်းကိုလည်း တွေ့ရှိနိုင်ပေသေး၏။

မိုးပန်းတို့သည် ဝေဝေဆာဆာ ဖူးပွင့်ပြန်လေပြီ။

မိုးရေကြောင့် ရှင်သန်နေရသော သစ်ပင်၊ နွယ်ပင်၊ ပန်းပင်နှင့် မြက်ပင်တို့သည် ကျေးဇူးတရားကို သိတတ်လေဟန်နှင့် မိုးကိုသာ မျှော်၍ ကြည့်နေကြရှာသည်။ မိုးဘက်မှလည်း ကရုဏာသက်လေဟန် နှင့် ထွေးနွေးသောနေခြည်ဖြာသည့်ကြားထဲမှပင် တဖွဲဖွဲ ရွာချနေပြန်သည်။

ကိုသန်းထိုက်သည် သဘာဝ၏သစ္စာတရားကို တွေ့မြင်ရသော အခါမျိုး၌ သူ့ရောင်းရင်းတို့၏ သစ္စာမဲ့မှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ကို ဆဲရေးနေမိသည်။ ထိုသူတို့သည် တစ်ကြိမ်တစ်ခါက သူတို့လိုက်လှဲ ထောက်ခံခဲ့သူများကို ဆဲရေးပြစ်တင်၍၊ ဆဲရေးပြစ်တင်ခဲ့သူများကို ထောက်ခံချီးမွမ်းသော သဘောရှိတတ်လေ၏။



အပြောင်းအလွဲ မြန်တတ်သူများပေတကား ..... ပန်းပြားပင်ဆန် သော လူသားတို့ ဓမ္မတာပေတကား။ သူ့ကို ဒုက္ခတွင်းနက်အောင် ချောက်ချခဲ့သူများသည် သူတို့ကိုယ်တိုင်က ဒုက္ခတွင်းသို့ဆင်းရန် ယောင် ၍ပင် စိတ်မကူးပေ။

ထို့ပြင် သူတို့ကောင်းစားသောအခါ၌ ရဲဘော်ဟောင်းများကို လှည့် ၍ပင် မကြည့်ပေ။ ခေါ်ရမည်စိုးသောကြောင့် မျက်နှာလွှဲနေသောအခါ 'တောက်' ခေါက်ရုံမှအပ ဘာမှမတတ်နိုင်ပေ။

သူတို့သည် တစ်ခါတုန်းက ပြည်သူ့ဘက်တော်သားဟူ၍ အခါခါ ကြွေးကြော်ကာ၊ ပစ္စည်းမဲ့လူတန်းစားအကြောင်းကို အများဆုံးပြော သလောက်၊ ကားတစီစီစီးလျက် မြေပေါ်သို့ ခြေမချနိုင်ကြသူများ ပေတကား။

ပီကင်းသွားစဉ်က ပီကင်းဘဲပေါင်းကို လျှာဖျားပေါ်တွင်တင်ခဲ့ လျက်၊ ရုရှားရောက်ခဲ့ကာ ရုရှားငန်းရေကန် ဘဲလေးအက၏ ပေါင်ဖြူ လေးများတွင် နစ်မြောနေခဲ့ကြသူများပင်တည်း။ ခေတ်ဆန်ဆန် တိုက် နှင့်ကားတစ်စီးပိုင်ဆိုင်သော်လည်း၊ သူများကို ဖောက်ပြန်ရေးသမား၊ ဖိမ်ခံလူတန်းစားဟု လက်ညှိုးထိုးရန် ဦးမလေးခဲ့ပေ။ လက်ညှိုးထိုး လည်း ထိုးခဲ့၏။ သူများကို 'နေရစ်တော့ ခေတ်ဟောင်း'ရယ်လို့ ကြွေး ကြော်ခဲ့သော်လည်း မိမိကိုယ်တိုင်က ခေတ်ဟောင်းထဲမှ မထွက်နိုင်ဘဲ တဝဲလည်လည်ရှိသည်ကို သိမှသိပါလေစ။

ကိုယ့်ဘာသာကိုယ် ဘူဇွာဆန်နေသည်ကို မသိကျိုးကျွန်ပြုလျက် သူများကို ဘူဇွာဆန်သည်ဟု ဝေဖန်ရသည်မှာ အလွန်ဂုဏ်ရှိသော အလုပ်ပေတကား၊ မိမိကိုယ်တိုင်က ဘူဇွာတို့၏အဆောင်အယောင်နှင့် နေပါသော်လည်းမမြင်။ သူများကို လက်ညှိုးထိုး ဆဲရေးနေရသည်မှာ အရသာတစ်မျိုးပေတကား။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် သူတို့လို လူစားမျိုးသည် ဒေါက်တာ 'ဂျီးလပ်(စ်)'ရေးသကဲ့သို့ လူတန်းစားသစ် (NEW CLASS) ဖြစ်မှန်းမသိ ဖြစ်ဖြစ်လာသည်ကို သူတို့ဘာသာသူတို့ မသိဘဲ နေသလော။ သိလျက်နှင့် အိပ်ပျော်ချင်ယောင် ဆောင်နေသလော၊ ကိုသန်းထိုက် မတွေးတတ်နိုင်ပေ။

ကိုသန်းထိုက်သည် သူ့လူတွေ၏ ဖောက်ပြန်သောအကျင့်များကို မြင်တွေ့ရလျှင် ရှေ့ကို ဘာလုပ်ရမည် မသိအောင်ပင်ရှိလေသည်။ ဘာကို ဆည်းကပ်ကိုးကွယ်ရာ ပြုရမည်ကို မမှန်းတတ်ပေ။ တစ်ခါတုန်းက မိမိအထင်ကြီးခဲ့သူများ၏ ချွတ်ယွင်းချက်များတွေ့ရသော် မိမိမှာ လောကကြီးကိုသာ ရွံ့ချင်စိတ်ပေါက်လာ၏။

တစ်ခါတစ်ရံ မိမိ၏ဆောင်းပါးများတွင် ကိုသိန်းမြတို့အပေါ်၌ ပုဂ္ဂလိက တိုက်ခိုက်မှုများ ပါလာသလား၊ ကိုယ့်ဘာသာကိုယ် မဝေခွဲတတ်ပေ။ "ငါလည်း တော်တော် သေးသိမ်ပါလား၊ မရင့်ကျက်ပါကလား၊ မိန်းမဆန်ပါကလား...." ဟု တွေးမိလျှင် များစွာ အရှက်ရနာကျည်းကာ ကိုယ့်လက်ခုံကိုကိုယ် ကိုက်မိမတတ် ဒေါသထွက်လာပြန်လေသည်။

ခုတစ်လော မိမိ၏လက်များကား ဝါကျင်ကျင်ဖြစ်နေသည်ကို သတိထားမိလေသည်။ မှန်ထဲသာကြည့်လျှင် မျက်လုံးများလည်း ဝါနေမည်ထင်သည်။ ည ည ခြေသလုံးများသည် မခံမရပ်နိုင်အောင် ကိုက်ကိုက် လာသည်။ အိပ်ရာမှနိုးသည်အထိပင် ဝေဒနာပြင်းပြလာသည်။ တောက်တစ်ခေါက်ခေါက်နှင့် ပရုတ်ဆီ 'ထ'လူးသော်လည်း မပျောက်။

ဤရောဂါကို ဆရာဝန်က JAUNDICE (အသားတွေဝါလိုက်လာသော ဆီးရောဂါတစ်မျိုး)ဟု အမည်တပ်၏။ ဤရောဂါသည် ဘားလမ်း အကျဉ်းထောင်မှရရှိသော အမွေအနှစ်ဖြစ်ဟန်တူသည်။ ငြိမ်းချမ်း



ရေး အတွက် ကြိုးပမ်းရင်းမှရရှိသော ရလဒ်သာလျှင်တည်း။ လူသားတို့သည် တစ်ဦးအပေါ်တစ်ဦး အကောက်ကြံနေကြသည်။ အမြတ်ထုတ်ရန် ကြိုးစားကြသည်။ လူလည်လုပ်ကြသည်။ ထို့နောက် ..... ထို့နောက် ...

ငြိမ်းချမ်းရေးကား အဘယ်မှာနည်း .....

လောလောဆယ်အားဖြင့်တော့ ဒါတွေတွေးရင်း မောလာတော့သည်။ ရောဂါအတွက်လည်း စိတ်ညစ်သည်။ ကျော်မောင်ကြီးကမနေသာသဖြင့် "သန်းထိုက် လာစမ်းကွာ ..... အလကား ရောဂါကို မွေးထားတယ် ....."ဟု မြည်တွန်တောက်တီးလုပ်ကာ သူ့မော်တော်ဆိုင်ကယ် နောက်မြီးတွင်တင်၍ ဆရာဝန်ဆီ ခေါ်သွားပြခဲ့လေ၏။

လောကကြီးတွင် ကိုးကွယ်ရာဟူ၍ ကျော်မောင်ကြီးတစ်ယောက်တော့ဖြင့် ရှိလေသည်။

ထို့နောက် မိမိညို .....

မိမိညိုသည် ကိုသန်းထိုက်အပေါ်တွင် အမေ တစ်ယောက်လို၊ အစ်မ တစ်ယောက်လို ကြင်နာသည်ကို တွေ့မြင်ရလေသည်။

"ကိုသန်းထိုက်ကလည်း စီးကရက်တွေ သိပ်သောက်တာကိုး ..... ကြည့်စမ်း၊ လက်ခလယ်တောင်ဝါနေပြီ၊ ဥပဒ်ဖြစ်တော့မှာပဲ"ဟူ၍ တမျိုး.....

"ရုပ်ရှင်ကို ဘာလို့ ဆက်တိုက်နှစ်ပွဲ၊ သုံးပွဲ ဆက်ကြည့်ရတာလဲ၊ ကိုယ့်စိတ်ကိုကိုယ် တယ်အလိုလိုက်တာပဲ ....."ဟူ၍တစ်ဖုံ .....

"စိတ်ညစ်လို့ အရက်သောက်တယ်ဆိုတာ လူပျော့တွေရဲ့အလုပ်ပဲ၊ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းကို မိန်းကလေးတွေတောင် မျက်ရည်အဖော်ပြုပြီး ခံနိုင်ရည်ရှိရင် ကိုသန်းထိုက်လို ယောကျာ်းရင့်မကြီး ဘာလို့ မခံနိုင်ရမှာလဲ ....."ဟူ၍ တစ်နည်း .....

www.burmeseclassic.com

www.burmeseclassic.com



"ကိုသန်းထိုက်ဟာ အသက် အစိတ်တောင် ရှိတော့မယ် ..... ဘာမဆို မိုက်ရူးရဲ မလုပ်ချင်စမ်းပါနဲ့ ..... မိုက်ရူးရဲ လုပ်တယ်ဆိုတာ အဆင်ခြင်ကင်းတာ၊ အမြော်အမြင်နည်းတာ ....."ဟူ၍ တစ်လမ်း .....

"ကိုသန်းထိုက်ဟာ ကျွန်မရဲ့မောင်လေးဆိုရင်၊ ခေါင်းကို ခေါင်ကနဲ နေအောင် ခေါက်ပစ်လိုက်မှာ အဟုတ်ပဲ ....."ဟူ၍ တစ်သွယ် .....

တွေ့တိုင်း သတိပေးတတ်သည်။ သည်အခါမျိုး၌ ဝမ်းပန်းကြည်နူး ပျော်ရွှင်မြူး၍ မေ့မူးမူးနှင့် စိတ်နှလုံးရွှင်ပြုံးခဲ့ရသည်လည်း ရှိခဲ့ပေသည်။

လောက၏တန်ဆာဖြစ်သော ပန်းတို့သည် မိုးရေကြောင့် ရှင်သန်ကာ ဝေဝေဖြာဖြာ ဖြစ်လာရသည့်ပမာ၊ မိမိရင်ထဲတွင် ကြည်နူးမှု၊ ပျော်ရွှင်မှု၊ လန်းဆန်းမှု၊ လတ်ဆတ်မှု၊ အစုစုတို့သည် မိမိညို၏ အကြင်နာမိုးရေပေါက်များ သွန်ချလာသည်နှင့် ပေါ်ထွန်းလာရပေသည် တကား။

[၂၀]

### သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။

ဘယ်သူမှ စောင့်ကြည့်နေအားသည်မဟုတ်သဖြင့်၊ ရာသီ၏ အပြောင်းအလွဲမြန်သူကို သတိထားမိကြမည်မဟုတ်ပေ။ တစ်မြန်မနေ့ ကလိုလိုပင် ပန်းပိတောက်တွေ ပွင့်ခဲ့သည်။ ကံ့ကော်၊ သရဖီသင်းပျံ့ ကြိုင်လှိုင်နေခဲ့သည်။

နောက်များမကြာမီပင် စံပယ်၊ မြတ်လေး၊ ပုန်းညက်တို့ ပွင့်ခဲ့ကြ ပြန်သည်တကား။ စံပယ်ပွင့်များနှင့်အတူ မိုးရည်တို့သည် မြေသို့ ကြွေကျလာခဲ့လေသည်။ ယင်းသည့်တစ်ပြိုင်နက် မြေသင်းနံ့ကို ရှူရှိုက် ရလေသည်။



ယခုမူ ကြာမျိုးငါးပါး ဝေဝေဆာဆာ ပွင့်ကြတော့မည်။ ကန်ရေ ပြင်သည် တည်ငြိမ်လာလျက် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိတ်၊ ပဒုမ္မာကြာတို့ဖြင့်၊ "ငါ့ကိုကြည့်စမ်းပါ့ ....."ဟု ကြွေးကြော်သယောင် နှင့် ဂုဏ်ယူဝင့်ကြွားနေဟန်ရှိလေသည်။

တိုတောင်းသော အချိန်ပိုင်းအတွင်းမှာပင် ငွေနှင်းရည် ပုလဲပေါက် တို့ကျလာလျက်၊ ဆောင်တော်ကူး ဒီဇင်ဘာပန်းတို့ ဝေဆာပွင့်ဖူးကြ ပြန်ဦးတော့မည်တည်း။

အချိန်ဆိုသည်မှာ မည်သူ့မျက်နှာမှ ထောက်ထားဖော်မရ၍ အားနာ ခြင်း အလျှဉ်းမရှိသော တိကျပြတ်သားသည့် ကာယအပိုင်း အခြား ပေတကား .....

× × × × ×

အမှတ်မထင် လဟာပြင်ဈေးထဲ၌ ကိုသန်းထိုက်နှင့် မိမိညိုတို့ ဆုံမိကြလေသည်။

မိမိညိုသည် တိုလီမိုစ ပစ္စည်းများရောင်းသည့်ဆိုင်တွင် တွယ်အပ် ချိတ်များကို ဝယ်နေရင်း နောက်မှ တစ်စုံတစ်ယောက်က မိမိညို၏ ချိုင်းတွင် ညှပ်ထားသော ပိုက်ဆံအိတ်ကို ဇတ်ခနဲ ဆွဲယူလိုက်လေ သည်။

မိမိညိုက နောက်သို့ ဖျပ်ခနဲ လှည့်ကြည့်လိုက်လေသည်။

"ဟင် ..... ကိုသန်းထိုက်၊ အံမယ်လေး ကျွန်မဖြင့် လန့်လိုက်တာ၊ ပိုက်ဆံအိတ် ခါးပိုက်နှိုက်များ ဆွဲသွားသလားလို့၊ ရန်ကုန်က လူစည် ကားတဲ့နေရာ အင်မတန် သတိထားရတယ်၊ ဟိုတစ်ပတ်က ဂျူးဒင် ခါးပိုက်နှိုက်ခံထိပြီးပြီ ..... ပိုက်ဆံအိတ်ကို ခြင်းထဲထည့်ထားပြီး မော့ မော့ မော့မော့နဲ့ လမ်းလျှောက်တာကိုး၊ ဒါကြောင့် လန့်သွားတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းထိုက်ရယ် ..... အသံမပေး ဘာမပေးနဲ့ .....”

ကိုသန်းထိုက်သည် မိမိညို့အား စိုက်ကြည့်ရင်း ပြုံးရယ်လျက်၊ မိမိညို၏ စိမ်းနုနု လက်ကိုင်အိတ်ပျော့ပျော့လေးကို ပြန်ပေးလိုက်လေသည်။

ကိုသန်းထိုက်၏ဘေးတွင်ပါလာသော ကိုကျော်မောင်ကြီးက ပါးစပ်ဟကာ ရယ်နေသည်။

“မိမိညို သိတယ်မဟုတ်လား ..... ကျော်မောင်ကြီးရယ်လေ”

“သြော် ... သိပါတယ်ရှင်၊ ကိုကျော်မောင်ကြီးက ဝလာတယ် နော် ...”

“ကျွန်တော်လား .....”ဟု စကားထောက်ရင်း၊ မိမိညို၏ဘေးမှ မလေးခင်အား မျက်စိကစားလိုက်လေသည်။

“သူက ကျွန်မရဲ့သူငယ်ချင်း မလေးခင်တဲ့၊ ကျွန်မနဲ့ တစ်ခန်းတည်းပဲ၊ မော်လမြိုင်က .....”

မိမိညိုက ပါးနပ်စွာ မိတ်ဆက်ပေးလိုက်လေသည်။ ကိုသန်းထိုက်သည် မိမိညိုအားသာ ငေးလျက်ငိုင်နေသည်။ ကိုကျော်မောင်ကလည်း ဖြူဖြူဖွေးဖွေးနှင့် မော်လမြိုင်သူ မလေးခင်အား တိတ်တခိုး မျက်လုံးလှန်ကာ ကြည့်နေသည်။

“ဒီကောင် သန်းထိုက်ကို သိပ်လက်မခံနဲ့ မိမိညို .....”ဟု ကိုကျော်မောင်က ကြားဝင်ဖောက်လေသည်။

“ဘာဖြစ်လို့လဲရှင့် .....” မိမိညိုက မေးလေသည်။

“ဟာ ..... ဒီကောင် အန္တရာယ်ပဲ၊ ခင်ဗျား သူ့ကို မကြောက်ဘူးလား .....”

“သူက ကြောက်စရာကောင်းလို့လား ရှင့်.....”

“ပေါင်းရသင်းရ အတော်ကျပ်တဲ့လူဗျ၊ ခု စကားပြောနေရင်း ဖြုန်းဆို



ထချင်ထသွားတာ၊ သူ့ကိုမေးပေမဲ့ ကြားချင်မှကြားတာ၊ ခေါ်ပေမဲ့လည်း ထူးချင်မှထူးတာ၊ ထမင်းစားပြီးပေမဲ့ မစားရသေးဘူး ငြင်းချင်ငြင်းတာ၊ မပြောရသေးတဲ့စကားလည်း ပြောပြီးပြီလို့ ဖွတ်ငြင်းတာ၊ သူနဲ့ပေါင်းရတဲ့ လူက အရူးကိုဖြစ်လို့ .....”

“အို .... ဒါလောက်တောင်ပဲလား.....”

“ဒီထက် ပိုချင်ပိုဦးမယ် ..... စိတ်မအောင်ဘူး ဒီကောင် .....”

ကိုကျော်မောင်သည် သူ့ဦးခေါင်းသူ လက်ညှိုးထိုးပြရင်း လက်ခါပြလေသည်။

“တော်ကွာ ... မင်းကလဲ .....” ကိုသန်းထိုက်က ကိုကျော်မောင်အား ဟန့်နေသည်။

“အံမယ် ..... မင်းက မိမိညိုကို ရှက်နေသလား.....”

သည်အခါတွင် ကိုသန်းထိုက်၏မျက်နှာနှင့် နားရွက်များသည် ပန်းသွေးရောင်ထကာ နီမြန်းလာလေသည်။

“ခွေးမသား .....”

ကိုသန်းထိုက်က မိမိညိုတို့ မမြင်သာအောင် တိုးတိုးလေး ရေရွတ်နေသည်။ ကိုကျော်မောင်က ပါးစပ်ဖြဲကာ တဟဲဟဲ ရယ်မောနေသည်။

မိမိညိုက မသိကျိုးကျွန်ပြုလျက် တစ်ဖက်သို့လှည့်ကာ ငေးနေ၏။ မလေးခင်ကမူ ကိုကျော်မောင်နှင့် ကိုသန်းထိုက်တို့အား အကဲခတ်သလို ကြည့်နေသည်။ ပိန်နိုင်သလောက် ပိန်၍ ရှည်နိုင်သလောက်ရှည်သော ကိုကျော်မောင်သည် အမြဲတစေ သူ၏ အနည်းငယ်ခေါသော သွားများ ပေါ်အောင် ပြုံးနေတတ်၏။

ကျယ်ပြန့်၍ ပြောင်နေသော နဖူးအောက်မှ အပြားကြီးကြီးနှင့် ထူသောမျက်ခုံးမွေး၊ ပြူးကျယ်သောမျက်လုံးများက သူ၏ရုပ်ကို ထင်ရှားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



မလေးခင်သည် ကိုကျော်မောင်၏ နဖူးပြင်ကျယ်ကိုကြည့်ကာ ပြဇာတ်ထဲတွင် လူရွှင်တော်များ ပြက်လေ့ရှိသော.....

"မင့်နဖူးက ဂျစ်ကားနှစ်စီး ရှောင်သာတယ် ....."ဟူသည့် စကားကို ရုတ်တရက်သွားသတိရကာ လှစ်ခနဲပြုံးလိုက်မိသည်။

"ဒီသီတင်းကျွတ် ကျောင်းပိတ်ရက်မှာ မိမိညို မြင်းခြံပြန်ဦးမလား....."

ကိုသန်းထိုက်က တိဇ်ဆိတ်ခြင်းကို စတင် ဖြိုခွင်းကာ မေးလိုက်လေသည်။

"ဒီတစ်ခေါက်တော့ ပြန်ဖြစ်ချင် ပြန်ဖြစ်မယ်၊ ကိုဦး ငွေပို့မယ်ပြောတာပဲ၊ ငွေမပို့ပေးလည်း ကျွန်မ ပိုက်ဆံစုထားပါတယ်လေ ....."

"အင်တော်ခံ စုထားရတယ် ဆိုပါတော့ ....."

"ကိုသန်းထိုက်တွက်တာလည်း မမှားပါဘူး ..... ဒီတစ်ခေါက် ကျွန်မ သိပ်ပြန်ချင်တာပဲ၊ အမေကလည်း ကောင်းကောင်း မမာဘူး မဟုတ်လား ....."

"မိမိညို မပြန်ချင်တဲ့အခါရယ်လို့များ ရှိသေးလားဗျာ ....."

"ပြန်တော့ပြန်ချင်တာချည်းပဲပေါ့၊ ဒါပေသိ ဒီတစ်ခါတော့ မပြန်ရမနေနိုင်အောင်ကို ဖြစ်နေတာရှင့် .....ဘယ်လိုပဲနေနေ ကျွန်မ ပြန်မယ်ရှင် ....."

မိမိညိုသည် သူ့ဆန္ဒကို လှစ်ဟရင်း ကြွေးကြော်နေသည်။

"ပြန်ပါဗျာ ..... ပြန်ပါ ....."

ကိုကျော်မောင်က ဝင်ထောက်လိုက်သည်။

"မိမိညို ပြန်ဖို့ အဖော်ရှိလား ....."

ကိုသန်းထိုက်က ဆက်၍မေးလိုက်၏။

"ဟင့်အင်း ..... အပြန်ဆို ဘယ်တော့မှ အဖော်မရဘူး၊ အသွားသာ အဖော်စပ်လို့ရတာ ....."



"ဒီလိုဆို ကျွန်တော်နဲ့ ပြန်တာပေါ့၊ ကျွန်တော်လည်း နွားထိုးကြီး သွားမယ် ....."

"တကယ် ....."

မလေးခင်က မိမိညို၏ခါးကို မသိမသာတို့လိုက်ရာ မိမိညိုက ကိုယ်ကိုတွန့်လျက် မလေးခင်၏လက်ကို ကိုသန်းထိုက်တို့မမြင်သာအောင် ဆိတ်လိုက်လေသည်။

"တကယ်ပေါ့ဗျ .....ကျွန်တော်လည်း ရသမျှ ငွေစုထားတယ် ....."

"ငွေစုမယ် စုမယ်နဲ့ အရမ်းချွေတာနေတာ၊ ဘယ်တော့ ဗိုက်ပွသေမယ့်မသာဖြစ်မလဲမသိဘူး ဒီကောင်....."

ကိုကျော်မောင်က ကိုသန်းထိုက်အား ချီးကျူးထောမနာပြုလေသည်။

"ဘာဖြစ်လို့လဲ ....."

မိမိညိုက ရိုးသားစွာ မေးလိုက်လေသည်။

"ထမင်းစားရင် အနည်းဆုံး သုံးမတ် တစ်ကျပ် ထွက်တယ်ရယ်လို့ ဗယာကြော်သုတ်တစ်မတ်ဖိုးနဲ့ ရေချည့် အဝသောက်နေတာ ....."

"အို့ရှင် ....."ဟု မိမိညိုက ကရုဏာသံနှင့်ဆိုဆဲ .....

"ဟော့ကောင် ကျော်မောင် ..... တော်ကွာ မင်း ....."

"ဘာလို့တော်ရမှာလဲကွ ..... ငါ့ပါးစပ်နဲ့ငါပြောတာ ....."

ကျော်မောင်ကြီးက ယောက်လိုက်လေသည်။

"အေး ..... မင်း နောက်တော့ ထိမယ် ....."

ကိုသန်းထိုက်က ကြိမ်းမောင်းဆဲတွင် မိမိညိုနှင့် မလေးခင်တို့က ခပ်သဲ့သဲ့ရယ်မောနေကြသည်။

ကိုကျော်မောင်က ကြီးမား၍ အပြားကြီးသော သူ၏မျက်ခုံးမွေးကို ပင့်၍ မျက်စချီကာ ကိုသန်းထိုက်အား မျက်လုံးပြူးပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မလေးခင်က ဟက်ဟက်ပက်ပက်ရယ်မောနေ၏။ ကိုကျော်မောင်က မလေးခင်အားငေး၍ "ရုပ်ရည်ကလေးကဖြင့် မော်လမြိုင်သူစင်စစ်ပီသပါရဲ့ကွယ် ..... ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်နဲ့ မက်လောက်စရာပဲ၊ သူတို့မော်လမြိုင်သူတွေက ဟင်းချက်တော်တယ်လို့လည်း ပြောသံကြားတယ်၊ ဒီလို ထူဝန်းတဲ့ ပါးစပ်မျိုးဟာ ယောယောဒိုင်းဒိုင်းပြောချမယ့်ပုံသဏ္ဌာန်ပဲ၊ အဲ ..... အစားတော့ ပုပ်လိမ့်မယ်ထင်ရဲ့ ....."ဟု စိတ်ကူးဖွဲ့ဆင်နေ၏။

သူတို့လေးဦး လမ်းခွဲလာသည့်တိုင်အောင်ပင်၊ ကျော်မောင်ကြီးက မလေးခင်အား ငေးမောနေဆဲပင်တည်း။

[၂၁]

ခရီးအတူတွဲသွားမှပင် ကိုသန်းထိုက်သည် မီမီညိုအား ပို၍သာအံ့သြနေမိသည်။ ပစ္စည်းသယ်တာ ချတာ တွဲနေရာယူတာ သွားဟန်လာဟန်တို့သည် ယောကျ်ားပျိုလေးတစ်ယောက်ပမာ ဖျတ်လတ်သွက်လက်လေသည်။

ခပ်စိပ်စိပ် လှမ်းတတ်သော သူ၏ခြေလှမ်းလေးများသည် အိန္ဒြေမပျက်စေရဘဲ မြန်လေသည်။ ထဘီရှည်ရှည် ဖားဖားကြီးဝတ်လျက်ကြားကပင် မီမီညိုသည် ဘယ်သို့မြန်အောင် လှမ်းသည်ကို မတွေးတတ်နိုင်ပေ။

ရှိုးသားပွင့်လင်းသော မျက်နှာလေးသည် အမြဲလိုလိုပင် သန့်စင်ဝင်းကြည်နေသည်။ စကားပြောလျှင် မိမိမျက်လုံးကိုပင် ရှင်းရှင်းကြည့်လျက် သူလေး၏ ဝိညာဉ်သန့်ရှင်းသည်ကို မျက်လုံးတွင် တွေ့နိုင်လေသည်။ မောင်ငယ်များနှင့် အမြဲနေနေကျဖြစ်နေသူသည် ယောကျ်ားလေးနှင့် လက်ပွန်းတတီးနေရသည့်အတွက် တုန်လှုပ်ဟန်မပြ။ ရွံ့တွန့်



တွန့်အမူအရာ စိုးစဉ်းမျှမပြ။

ကိုသန်းထိုက်သာလျှင် ရင်ထဲတွင် မရှင်းမလင်း မကြည်မလင်ဖြစ်နေသည်။ သူ၏စိတ်သည် အဘယ်ကြောင့် သည်လောက်တုန်လှုပ်နေသည်ကို မတွေးတတ်ပေ။ တုန်လှုပ်သည်မှာ ရင်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်ဖြစ်လာလေသည်။

ဥပမာ သူ့ပခုံးကို နူးညံ့သောလက်ကလေးများဖြင့် အမှတ်တမဲ့ကိုင်သည့်အခါဖြစ်စေ၊ လူချင်းမတော်တဆ တိုက်မိသည့်အခါတွင်ဖြစ်စေ၊ လက်ချင်းမသိမသာ ထိမိသည့်အခါဖြစ်စေ၊ ပူးတွဲ၍ အတူထိုင်လာရသည့်အခါတွင်ဖြစ်စေ မိမိ၏ရင်မှာ အဘယ့်ကြောင့် တဒိတ်ဒိတ်ခုန်နေရပါသနည်း။ လူပျိုပေါက်အရွယ်၏ ခံစားမှုမျိုး ဝမ်းထဲကိန်းအောင်းလာတတ်သည့်အခါတွင် ကိုသန်းထိုက်သည် သူ့ကိုယ်သူစိတ်ဆိုးချင်ချင် ဖြစ်လာလေသည်။

မီမီညို့အပေါ်တွင် မိတ်ဆွေ သူငယ်ချင်းစစ်ကဲ့သို့ ရိုးသားသောစိတ်များပေါ်အောင် ပြန်၍ ကိုယ့်ကိုယ်ကိုယ် ချော့ကာ မွေးမြူခဲ့ပါသော်လည်းမရ၊ နေမထိ ထိုင်မထိ လှုပ်ရှား၍သာနေလေသည်။

မီးရထားမှာ တရိပ်ရိပ်ပြေးနေရာ နွယ်သစ်ပင် ဝါးရုံပင်တို့သည် တရွေ့ရွေ့လှုပ်ရှားကာ ကျန်ရစ်လေသည်။ သူ၏စိတ်သည် ဤသို့လှုပ်ရှားနေသော မီးရထားပမာသာတည်း။

အနီးကပ်၍ စေ့စေ့ကြည့်မှပင် မီမီညို၏ မျက်သားဖြူပြာခံလျက်ညိုမှောင်သောမျက်ဆံကို သတိပြုမိလေသည်။ ဤသို့ မျက်ဆံညိုသောမိန်းကလေးများကို တွေ့ရခဲပေသည်။ မျက်လုံးမှာ ဝန်းလည်းဝန်း၊ ကြည်လည်းကြည်လင်ကာ မျက်ဆံညိုညို လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း ရွှန်းရွှန်းရယ်နေသည်။ မျက်လုံးလေးက ရယ်နေသည်ဆိုသည်မှာ ဤမျိုးကိုပင် ဆိုလိုလေသလား .....

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်တွင် ထိုင်နေကြသော သီလရှင်နှစ်ပါးသည် ခရီးပန်းသဖြင့် ငိုက်မြည်းလာကြရှာ၏။

မိမိညိုသည်လည်း နောက်သို့ခေါင်းမှီကာ မျက်လုံးလေးများ မှေးစင်းလာလေသည်။

သနပ်ခါးရေကျဲလေး လိမ်းထားသည်ဆိုရုံပဲ လိမ်းထားလေသည်။ ဖြူဝင်းသန့်စင်သော မျက်နှာလေးသည် ဝင်းဝင်းပပဖြစ်မြဲပင်တည်း။ ဆေးမဆိုးသော နှုတ်ခမ်းအစုံသည် နဂိုပန်းသွေးရောင် တောက်ပနေသည်။

လိမ္မော်ရောင်ဖျော့ဖျော့ ဂျော်ဂျက်နနအင်္ကျီလက်ရှည်နှင့် နီညိုရင့်ရောင်တွင် အဖြူပွင့်သေးသေးလေး ခက်ထားသော သရက်ထည်လုံချည်လေးမှာ မိမိညို၏ကိုယ်ပေါ်တွင် ထူးခြားစွာ တင့်တယ်နေ၏။

ညဥ့်အမှောင်သည် နက်သည်ထက် နက်လာလေသည်။

ကြယ်ပွင့်များသည် ကတ္တီပါကမ္ဗလာအနက်ခံလျက် ပြိုးပြက်တောက်ပနေသည်။

ကိုသန်းထိုက်သည် မိမိညိုအား ငေးစိုက်ကာ သက်ပြင်းသာချနေမိသည်။ မိမိညို၏ နဂိုဖွံ့ဖြိုးသောရင်မှာ နိမ့်တုံမြင့်တုံနှင့် အသက်ကို မျှင်းမျှင်းရှူနေရှာသည်။

မိမိညို မသိရှာသောအဖြစ်ကို သတိရကာ မိမိညိုထံမှ မျက်နှာလွှဲလိုက်လေသည်။ လေတဟူးဟူးတိုက်လာသဖြင့် အအေးဓာတ်သည် လှမ်း၍ ပက်ဖျန်းလိုက်၏။ ကိုသန်းထိုက်သည် လွယ်အိတ်ထဲမှ မျက်နှာသုတ်ပဝါထုတ်ကာ မိမိညို့အား လွှမ်းခြုံပေးလိုက်၏။

× × × × ×



တစ်ခါတုန်းကမူ မိန်းမများကို အထင်သေးခြင်း ဖြစ်ခဲ့၏။ မိန်းမဆိုတာ ယောကျ်ားတို့၏ အပျင်းဖြေရာကလွဲ၍ ဘာမှ တန်ဖိုးမရှိဟု တွေး၏။ မိခွေး မြမြဟန်ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူများဖြစ်ကာ၊ ဣတ္ထိဝက်ႋနဒီဝက်ႋ ဟုသာ ကောက်ချက်ချခဲ့သည်သာများ၏။

မန္တလေးတက္ကသိုလ် ရောက်ပြန်တော့လည်း မိန်းမဆိုသည်မှာ အနှစ်မရှိ၊ ယုံလွယ်သူ၊ ဆွဲဆောင်လွယ်သူ၊ ဟန်ရေးပြသူ၊ လင်ကောင်းတစ်ယောက် ခေါင်းခေါက်ယူရန် ပညာသင်ကြားသူ၊ ထို့နောက် လင်ယူသားမွေးကိစ္စကလွဲလို့ ဘာမျှမသိသူများ ထင်ခဲ့သည်။

ထို့ထက်ပို၍ အထင်သေးဖို့ဖြစ်လာသည်ကား ကျော်မောင်ကြီး ကျေးဇူးပင်တည်း။ ကျော်မောင်ကြီးနှင့်အတူ မော်တော်ဆိုင်ကယ်စီး၍ မြို့လည်တွင် ကျင်လည်ကျက်စားရင်း (.......) လမ်း အောက်လမ်းတစ်နေရာသော တိုက်ခန်းတစ်ခန်းသို့ ရောက်ခဲ့၏။

ပေအဝက်မျှသာကျယ်၍ အပြင်အဆင်အပေါ်စားဆန်သောအခန်းသို့ ချွတ်နင်းဝင်ခဲ့မူး၏။ ပေါ်လစ်ဆေးရောင်ခြောက်၍ မဲညိုညို ညစ်ထပ်ထပ် ဘုရားရှူးဓာ့ ကျွန်းသားစားပွဲ ကုလားထိုင်များ၊ ဟောင်းနွမ်း၍ ဖုံအထပ်ထပ်တင်နေသော ပလတ်စတစ်ပန်းထိုးထားသည့် အပေါ်စားကြွေပန်းအိုး၊ မွဲပြာပြာ ဓာခန်းဆီးကာရံထားသော နှစ်ယောက်အိပ်ခုတင် ခင်းထားသည့် မှောင်ညိုညိုအိပ်ခန်း၊ ဝပ်အားနည်းသော မီးချောင်း ပြာမှိန်မှိန်ကို တွေ့မြင်ရသည့် အခန်းမျိုးပင်တည်း။

ရမ် သုံးခွက်ခန့်နှင့်ပင် ခေါင်းထဲတွင် ရီတီတီဖြစ်လျက်၊ မျက်လုံးများ ထွေပြားရာမှပင် မြူးချိုသော အပြုံးတေ့တေ့ကိုမြင်မိသည်။ အသက် (၂၅) နှစ်ခန့်၊ ပါးလွှာသောအင်္ကျီအောက်မှ ကြိုးလျှော့လျော့ ဓာသော်လီ ပျော့ပျောင်းသော ထဘီနှင့် ရွက်ကြမ်းရေကြိုရုပ်ရည်မျိုးကို တွေ့ရသည်။

ရှေ့မှ ရှုပ်ပွလိမ်ကောက်ကာ နောက်တွင် ပြင်သစ်ဆံခွေလိပ်၊

www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်ခြယ်၍ အက်နေအောင်ဆိုးထားသော နှုတ်ခမ်းနီနီတို့ အပေါ်စား ရေမွှေးအနံ့တို့နှင့် ထိုမိန်းမကား .....

"လာ ..... မောင် ....."ဟု လက်ကိုဆွဲခေါ်သည်။

"မရှက်ပါနဲ့ ..... ဒီမှာ ဘယ်သူမှမရှိပါဘူး ....."ဟူ၍လည်းကောင်း၊ "မြနဲ့မောင် နှစ်ယောက်ထဲပါ ....."ဟူ၍လည်းကောင်း၊ "မြကို မချစ်ဘူးလား မောင်၊ မြဆီလာတဲ့သူတိုင်းဟာ မြကို ချစ်ကြတာချည်းပဲ ....."ဟူ၍လည်းကောင်း စကားနွဲ့နွဲ့များကို ကြားရလေ၏"ချစ်သည်"ဟူသော စကားကို အပေါစား မိန်းမဆီမှ ကြားခဲ့ရသည်ဖြစ်၍ တန်ဖိုးထားတွက်ရန် ယောင်၍မှ စိတ်မကူးခဲ့ပေ။

"မောင်က ကောလိပ်ကျောင်းသားလား ..... အသက်ငယ်ငယ်လေး ရှိသေးတာပဲ မောင်ရယ်၊ မောင့်ကို မြ သနားတယ် ....."ဟု အမူပိုပို ဆိုခဲ့သော်လည်း၊ နံနက်လင်း၍ နေခြည်ဖြာသော် မိမိကော၊ ကျော်မောင်ကြီးကော ခုတင်တစ်လုံးစီတွင်အိပ်လျက် ကျန်ရစ်ကာ အိတ်ထဲမှ ပိုက်ဆံများ တစ်ပြားမှ မကျန်တော့သည်ကိုတွေ့ရသည်။

ကိုကျော်မောင်သည် သူ့ပိုက်ဆံအိတ်ကိုဖွင့်ကြည့်ရင်း တောက်တစ်ခေါက်ခေါက်နှင့်နေ၏။ "ညက သောက်တာများသွားတယ်၊ ရေချိန်လွန်သွားတော့ ဒီလိုဖြစ်တာ နည်းတောင်နည်းသေးတယ်၊ သောက်မြင်းမတွေကလည်း အလစ်ချောင်းနေတာ ....."ဟု ဆဲရေးသဖြင့် ငိုအားထက် ရယ်အားသန်ဖြစ်ရလေသည်။

ကိုသန်းထိုက် အင်္ကျီအိတ်ထဲမှ ပြီးစလွယ်ထည့်ထားသော နှစ်ဆယ်တန်နှစ်ချပ်နှင့် ကျပ်တန်ခြောက်ချပ်လည်း မရှိတော့ပေ။ ကိုသန်းထိုက်သည် မတတ်သာသည့်အဆုံး ခေါင်းကို ဆွဲဖွ၍သာနေလေ၏။ ထို့နောက် အခန်းစောင့်ဒရဝမ်ကုလားကို တံခါးဖွင့်ခိုင်းကာ ထွက်လာကြလေ၏။ ဒရဝမ်က ဆလံပေးသည်ကို ဂရုမစိုက်နိုင်ဘဲ တဝုန်းဝုန်း



ဆင်းလာခဲ့ကြလေသည်။

သည့်နောက် ကျော်မောင်ကြီးနှင့်အတူ ချောင်ကျသော ရပ်ကွက်တစ်ခုသို့ နှစ်ခေါက်လား ရောက်ခဲ့သေးသည်။

ဆေးထိုးပြီးသည့်နောက် စိတ်ကို ယတိပြတ်ဆုံးဖြတ်ရန် တွေဝေဆဲတွင် မိမိညိုနှင့်သွားတွေ့သည်။ မိမိညိုနှင့်တွေ့ပြီးသည့်နောက်ပိုင်း၌ ကိုကျော်မောင်နှင့် ည ည အဖော်မလိုက်တော့ပေ။ "မင်းကို ငါ့ပိုက်ဆံနဲ့ ဒကာခံရတာ ငါ့လူ ..... မလိုက်ရင် အကုန်သက်သာတယ် ....."ဟု ဆောင့်အောင့်ထွက်သွားတတ်လေသည်။

"ငါတော့ မင်းလို အငွေ့လေးရှူလိုက်ရတာ ပျင်းတယ်ကွာ ..... မာမီ့ဆီသွားရမှ ....."

သည်အခါမျိုး၌ ကိုသန်းထိုက်သည် ရှုးရှုးရှားရှား ဒေါသထွက်လာလေသည်။

"မင်း မိမိညို့ကို ဒီလိုမိန်းမစားတွေနဲ့ ရောရောမပြောပါနဲ့ကွ၊ မင်း... မင်း သိပ်စော်ကားတဲ့ကောင် ....."

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ငါက အကောင်း မင်းအတွက် ပြောနေတာ၊ မိမိညိုကို မင်းချစ်ရင် အပိုင်ကြံပါလား၊ ဘာလို့ တွေဝေနေသလဲ၊ ငေးငိုင်နေသလဲ၊ အမိအရဖြစ်အောင် လုပ်မှပေါ့ ငါ့လူ၊ မင်းဟာက တစ်နေ့သွားလည်း ဒါ ..... တစ်နေ့သွားလည်း ဒါ ..... ငါတော့ မင်းကြည့်ရတာ ပျင်းတာနဲ့ လဲသေချင်တယ် ....."

"မိမိညိုဟာ သာမန်မိန်းကလေး မဟုတ်ဘူး၊ မင်းလည်းသိသားပဲ....."

"အံမယ် ..... မိန်းမပဲကွ အတူတူနဲ့ အနူနူပေါ့ ....."

"မိန်းမချင်းတူပေတဲ့ အသက်ရှူချင်းကွဲသေးတယ်ကွ... ခက်တော့တာ မိန်းမအကြောင်းဖြင့် မသိဘဲနဲ့၊ မင်းသိတာက အခန်းထဲက

www.burmeseclassic.com

www.burmeseclassic.com



ဟာတွေ .....”

“မင်းက ငါ့ကို ဒီလိုအထင်မသေးပါနဲ့ကွ၊ ဗိုလ်ချုပ်ဈေးထဲက သန်းသန်းတို့၊ ကမာရွတ်က မခင်လှတို့လည်း ငါ့လက်တစ်ကမ်းမှာပဲ ရှိတယ်ဆိုတာ မင်းအသိ .....”

“သူတို့ထဲက တစ်ယောက်ယောက်ကို မင်းယူလိုက်တာမှ အေးကင်းသေးတယ်၊ ခုတော့ ဆေးချည်းထိုးနေရတာ၊ ဘယ်သွားကောင်းနိုင်မှာလဲ .....”

“ခုခေတ်ဆေးတွေက စွမ်းပါတယ်ကွ .....”

“ဘယ်လောက်စွမ်းစွမ်း၊ မင်းရောဂါ အမြစ်ပြတ်ပါ့မလား ကျော်မောင်ရ၊ နောက်ပြီး ရဲကဖမ်းမိလို့ ဘယ်တော့ ဒုက္ခရောက်မယ် မသိဘူး .....”

“ဒါပေမဲ့ ငါ မိန်းမ မယူချင်သေးဘူးကွ .....”

“ဘာလဲ လွတ်လွတ်လပ်လပ် မနေရမှာစိုးလို့လား.....”

“မင်းလည်း ငါ့အကြောင်းသိသားပဲ၊ အေး ..... မင်းရဲ့ မိမိညိုလို စိတ်တိုင်းကျမယ့်ဟာမျိုးကို တွေ့ရင်တော့ မပြောတတ်ဘူး .....”

ကိုကျော်မောင်၏စကားများကို အမှတ်ရ၍သာ နေလေ၏။

ထိုစဉ်တုန်းက အဖြစ်တွေကို ခုမှ နောင်တရနေ၏။ မိမိ၏ မသန့်ရှင်းသော ဘဝများကို တွေးမိတိုင်း ကျော်မောင်အား အကြီးအကျယ် မကျေမချမ်းဖြစ်မိလေသည်။

“ငါ့နယ်နော် ငါဟာ မိမိညိုနဲ့ မထိုက်တန်ပါဘူး၊ ကြံလည်း မကြံသင့်ပါဘူးလေ ..... ပြီးတော့ ငါ့ဘဝဟာ ခြေသလုံးအိမ်တိုင်ဘဝ .....”

× × × × ×

“ကိုသန်းထိုက်၊ ဟင်... ကိုသန်းထိုက် ခုထိ မအိပ်သေးဘူးလား...”

အချိန်ကား သန်းခေါင်ကျော်လေပြီ။ မိမိညိုသည် မျက်စိဖွင့်၍ ကိုယ်ကိုမတ်ကာ အံ့ဩစွာ မေးလိုက်လေသည်။ ကိုသန်းထိုက်၏ မျက်နှာရှေ့တွင် တလူလူ ဖုံးလွှမ်း၍ တဝေ့ဝေ့နေသော စီးကရက်မီးခိုးများကို ငေးကြည့်ရင်း .....



“အို ..... ကိုသန်းထိုက်က စီးကရက်တွေ အရမ်းသောက်နေတာကိုး၊ ကင်ဆာရောဂါတော့ ဖြစ်ပါတော့မယ် ဆိုတာနော်”ဟု ညည်းညူနေရှာသည်။

“အဲဒီ ကင်ဆာရောဂါကို ကျွန်တော် အမြဲပဲ ဖိတ်ခေါ်နေတယ် .....”

“ဘာဖြစ်လို့လဲ .....”

မိမိညိုသည် ကိုသန်းထိုက်၏ သုန်မှုန်သော မျက်နှာထားကို အကဲခတ်သလိုကြည့်ရင်း မေးလိုက်လေသည်။

“သေချင်တယ်ဗျာ ...”ဟု နောက်ဆုံး ညည်းလိုက်မိလေ၏။

မိမိညိုလွယ်အိတ်ထဲမှ ဆွယ်တာ အဝါဖျော့ဖျော့လေးကိုထုတ်ကာ ပုခုံးထက်မှ လွှမ်းခြုံလိုက်လေသည်။

“စိတ်ဆင်းရဲတာကိုမခံနိုင်လို့ သေချင်တယ်ဆိုတာ ပျော့ညံ့တာပဲ ...”

“မိမိညိုပြောတာ မှန်ပါတယ်.....”

မိမိညိုသည် ဆွယ်တာအင်္ကျီလက်ကို လက်ဖြင့်အသာကိုင်ရင်း–

“ဒါဖြင့် ဘာလို့ ညည်းတာလဲ.....”

“ဘာလို့လည်းဆိုတော့.....”

ကိုသန်းထိုက်သည် မိမိညို့အား မကြည့်ဘဲ စကားစကိုဖြတ်ထားလေသည်။ မိမိညိုသည် ကိုသန်းထိုက်၏မျက်နှာကို စေ့စေ့ကြည့်ကာ .....

“ဆက်ပါလေ.....”

“မိမိညိုမှာ ဒီလိုခံစားမှုမျိုးမရှိတော့ .... ကိုယ်ချင်းစာတတ်မှာ မဟုတ်ပါဘူးဗျာ.....”

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းထိုက်ကား ပခုံးတွန့်ကာ ပြုံးလျက်ပြောလိုက်လေ၏။ သူ့အပြုံးမှာ မဲ့နေသည်ဟုထင်ရသည်။

"ကျွန်မမှာ ဒီလိုခံစားမှုရှိဦးတော့လဲ ... သေချင်စိတ်ကို ဖွတ်အတင်းဖျောက်ပစ်မှာပဲ.....ဘ၀ကို ဘာလို့ အရှုံးပေးမလဲရှင်၊ ကျွန်မတော့ ဘယ်တော့မှ အရှုံးမပေးဘူး၊ ကိုသန်းထိုက်ဟာ နိုင်ငံရေးရာမှာ ထက်သလောက်၊ ဒီဘက်မှာ တယ်ညံ့တာပဲ ..... ယောကျ်ားပဲရှင်....."

"နောက်မဆုတ်သာအောင်ဖြစ်နေတော့ စိတ်ထဲ ဘယ့်နှယ့်ဖြစ်နေမှန်းမသိဘူး၊ အေးလေ..... မိမိညိုကတော့ ဒါတွေ စိတ်မဝင်စားဘူးမဟုတ်လား ..."

"ဒါတွေဆိုတာ ဘာတွေလဲ.....ရှင်းရှင်းပြောပါ ကိုသန်းထိုက်ရယ်၊ ချစ်ရေးကိစ္စကိုပြောတာ မဟုတ်လား....."ဟု မိမိညိုက ရဲဝင့်စွာမေးလိုက်လေ၏။

"မိမိညိုရယ်..... ကျွန်တော် လေ....."

ကိုသန်းထိုက်သည် ဖြူနီးဆို နဖူးတွင် ချွေးများ သီးလာကာ၊ စကားကို မည်သို့ဆက်ရမည် မသိတော့ပေ။

မိမိညိုသည် တည်ငြိမ်သောမျက်နှာထားနှင့်.....

"ကိုသန်းထိုက် ကျွန်မကို ဘယ်လိုသဘောထားသလဲ ...."ဟု အေးဆေးစွာ မေးလိုက်လေသည်။

"ကျွန်တော် ဒီစကားကို မပြောရက်ဘူး မိမိညို၊ အထူးသဖြင့် ခုလိုအချိန်မျိုးမှာ သာမပြောရက်သေးတယ်၊ အခွင့်အရေးယူရင် ယောကျ်ားမပီသရာ ကျနေပါဦးမယ်....."

"ကိုသန်းထိုက် ကျွန်မကို ချစ်နေတယ်ဆိုတာ ကျွန်မ ရိပ်မိပါတယ် ..."

မိမိညိုသည် ဟန်ဆောင်မှုအလျဉ်းကင်းစွာနှင့် ဟောဟောဒိုင်းဒိုင်းပြောချလိုက်လေသည်။



ကိုသန်းထိုက်၏မျက်နှာသည် သဖန်းသီးမှည့်ပမာ နီရဲကာနေပြီး ဆေးလိပ်ကိုသာ တွင်တွင်ရှိုက်ဖွာနေ၏။

"မိမိညိုရယ် .... ဒီစကားကို ဒီလို လွယ်လွယ်လေး မပြောပါရစေနဲ့လားဗျာ၊ အို .... မိမိညို့အပေါ် ကျွန်တော့်မေတ္တာဟာ ဘယ်လောက်ကြီးမားတယ်၊ ရင့်သန်နေတယ်ဆိုတာ မိမိညို သိသင့်ပါတယ်....."ဟု ကိုသန်းထိုက်က တိုးတိုးလေး ညည်းညူလိုက်လေသည်။

"ဒါတွေ ကျွန်မသိပါတယ် ..... ဒါပေမဲ့ ကိုသန်းထိုက် ကျွန်မမေးချင်တာတွေ ရှိနေပါသေးတယ် ....ဒီမှာ ကိုသန်းထိုက်၊ ကျွန်မကို လက်ထပ်ဖို့အထိ စိတ်ကူးသလား ...."

မိမိညိုက ပွင့်လင်းစွာ မေးလိုက်လေ၏။ ကိုသန်းထိုက်၏မျက်နှာမှာ ညိုနေကာ ....

"မိမိညို ကျွန်တော့်ကို အထင်သေးသလား ...."

"အထင်မသေးလို့ ကျွန်မမေးနေတာပေါ့၊ ကျွန်မ ကိုသန်းထိုက်ကို ဖြေစရာတွေ အများကြီးရှိနေပါတယ် .... ကျွန်မ မေးတာကို အရင်ဖြေပါ ..."

"မိမိညို့ကို တစ်သက်လုံး မြတ်မြတ်နိုးနိုး ပေါင်းသင်းပါ့မယ်ဆိုတာ ဖြေလိုက်ရင် သိပ်ပေါ့ဆနေပါတယ်ဗျာ ... ချစ်တာမြတ်နိုးတာတွေကို နှုတ်နဲ့တောင် မပြောချင်ပါဘူး၊ နှုတ်နဲ့ ပြောနေတာ အလကားပါပဲ၊ အို .... မိမိညိုရယ် ကျွန်တော့်စိတ် ဘယ့်နှယ်ဖြစ်နေတယ်ဆိုတာ ရင်ကို ခွဲပြလို့ရရင် ခွဲလို့ပြချင်ပါတယ်ဗျာ....."

ကိုသန်းထိုက်ကား တုန်လှုပ်စွာ ပြောပြနေမိသည်။ သူသည် စိတ်လှုပ်ရှားလွန်းသဖြင့် မျက်နှာ အကြီးအကျယ်ပျက်နေသည်။

ရထားသည် အရှိန်ကောင်းစွာ တဝေါဝေါနှင့် ခုတ်မောင်းဆဲ၊ ယင်းရှိ လက်တံတိုသည် ၁၂ နာရီကျော်ကျော်တွင်ပြလျက်၊ လက်တံရှည်သည် မိနစ် ၃၀ ကျော်တွင် ပြ၍နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ချစ်လို့ပဲဖြစ်ဖြစ်၊ မချစ်ဘဲဖြစ်ဖြစ် လက်ထပ်ရမယ့်သူဟာ ကျွန်မတစ်ယောက်တည်းကို မဟုတ်ဘူးဆိုတာ ကိုသန်းထိုက်ကို နားလည်စေချင်တယ်..... ကျွန်မကို လက်ထပ်မယ့်သူဟာ ကျွန်မရဲ့ အိမ်ထောင်စုကိုပါ လက်ထပ်ရလိမ့်မယ် .... အထူးသဖြင့် ညီထွေးကို"

မိမိညိုက စဉ်းစဉ်းစားစား ပြောလိုက်လေသည်။

"ဒါကိုလည်း ကျွန်တော် ထည့်စဉ်းစားပြီးပါပြီ၊ မိမိညိုရဲ့ဆန္ဒအတိုင်းဖြစ်အောင် ကြိုးလည်းကြိုးစားပါ့မယ်လေ ..... ဒါပေမဲ့....."

ကိုသန်းထိုက်သည် မိမိညို၏ အပြစ်ကင်းစင်သော မျက်နှာလေးကို ငေးစိုက်နေ၏။ ကိုသန်းထိုက်သည် မိမိညိုအား ချစ်သောစိတ် စေတသိက်တွေ ဖြိုးဖြိုးဝေကာ မိမိညို၏ နူးညံ့သောလက်ကလေးကို ဆွဲကိုင်၍ မွှေးလိုက်ချင်သောစိတ်များ ဖြစ်ပေါ်လာလေသည်။ ထို့နောက် မိမိညို၏ပါးကလေးကို နမ်းခွင့်များရလျှင် တအောင့်လောက်ဖြစ်ဖြစ် မှေးလျက် အသာရှုရှိုက်ချင်ပါသည်။

"ဒါပေမဲ့ ခုလောလောဆယ် အရေးကြီးတာက မိမိမိညို ကျွန်တော့်ကို ချစ်တယ်၊ မချစ်တယ်ဆိုတာသာဘဲ....."

"ကျွန်မလား ...."

ကိုသန်းထိုက်သည် မိမိညိုအား လက်ဝါးကာပြကာ.....

"မိမိညို မဖြေနဲ့ ... မိမိညို ကျွန်တော့်ကို မချစ်ဘူးဆိုတာ ကျွန်တော် သိပါတယ် .... ကျွန်တော်လည်း ရိပ်မိပါတယ်ဗျာ၊ ဒီအဖြေကို ကျွန်တော် မကြားချင်ဘူး၊ မကြားပါရစေနဲ့ မိမိညိုရယ်....."

"ကိုသန်းထိုက်ကို ကျွန်မ ခင်ပါတယ်၊ သံယောဇဉ်လည်းရှိပါတယ် ....." မိမိညိုက မျက်လွှာချကာ ဖြည်းညင်းစွာပြောလိုက်၏။

"ဒါပေမဲ့ ကျွန်တော်ချစ်သလိုတော့ မချစ်ဘူးဆိုတာ ကျွန်တော် သိခဲ့ပါတယ်၊ ချစ်တယ်ဆိုတဲ့ မျက်လုံးမျိုးဟာ ဒီမျက်လုံးမျိုးမဟုတ်ဘူး၊



အမူအရာဟာ ဒီအမူအရာမဟုတ်ဘူး၊ ဒီမျက်နှာထားမျိုးလည်းမဟုတ်ဘူး၊ တည်ပါ့ပေတယ် မိမိညို ... ကျွန်တော် ချီးကျူးပါရဲ့....."

ကိုသန်းထိုက်သည် ဝမ်းနည်းသံ အဖျားခတ်ရင်း ပြောလိုက်လေ၏။

"ကျွန်မကို ခနဲ့နေတာလား....."

"မခနဲ့ပါဘူးဗျာ..... မိမိညိုနဲ့ ခနဲ့ဖို့၊ ထေ့ဖို့၊ ဟန်ဆောင်ဖို့ စကားလုံးတွေကို ရှာလို့မတွေ့ပါဘူး။ ကျွန်တော်ပြောချင်တဲ့ စကားလုံးတွေကတော့ ချစ်တာတစ်ခုတည်းကိုသာပဲ ....."

ကိုသန်းထိုက်မှာ ပြောရင်းဆိုရင်း စကားကို ရပ်ပစ်လိုက်ရလေသည်။ ရင်ထဲတွင် "မိမိညိုကို သိပ်ချစ်တာပဲ ...."ဟု ပဲ့တင်မြည်ဟီးနေသည်။ သည်မျှနှင့် မလုံလောက်သေး။ မိမိညို့အတွက် တစ်ကိုယ်လုံးအရည်ကျိုပြီး ပေးရမလား၊ ပေးနိုင်ပါ၏။ လည်ချောင်းသွေးကိုဖောက်၍ ယဇ်ပူဇော်ရမလား၊ ပူဇော်နိုင်ပါ၏။

ထို့နောက် ရင်ထဲတွင် ကြေကွဲခြင်းသည် လာရောက်မိုတွယ်ကာ သည်းပွတ်နှလုံးကို လှိုက်စားပြီထင်လေသည်။ သည်အခိုက်အတန့်၌ ဘာကိုမှ သတိမရ။ မိမိချစ်သော နိုင်ငံကိုလည်းသတိမရ။ တစ်ခါတုန်းက သွေး၊ ချွေး၊ အသားကြွေ ပူဇော်ခဲ့ရသော ငြိမ်းချမ်းရေးကိုတောင် သတိမရ။ မှန်တာပြောရလျှင် ကိုသန်းထိုက်သည် မိမိညိုအား ချစ်ခင်စိတ်တွေသာ ရင်ထဲပြည့်လျှံလျက် တုန်လှုပ်ချောက်ချားနေမိသည်။

ပုထုဇဉ်သားပီပီ၊ အလွန်မိုက်မဲသော စိတ်တို့ဝင်လာလေသည်။ မိမိညို့အား သည်တစ်ရက်ပဲ ပေါင်းသင်းခွင့်ရပြီး၍ နောက်တစ်ရက် ချောက်ကမ်းပါးထဲ ခုန်ဆင်းသေဆိုလျှင် သေဝံ့သည်အထိပင်ဖြစ်လေသည်။ "မိမိညို့ကို ဒီလောက်တောင်ပဲ ချစ်ပါတယ် မိမိညိုခင်ဗျား ....." ဟု ထုတ်ဖော်ပြောချင်စိတ် မရှိလှသော်လည်း မိမိ အဘယ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြောင်းကို မီမီညို့အား သိစေချင်သည်။

"အင်းလေ ..... ကိုသန်းထိုက်ကို ကျွန်မ တစ်ခုပြောချင်တာကတော့ ကျွန်မရဲ့အပြုအမူ၊ အပြောအဆိုတွေဟာ ကိုသန်းထိုက် ကျွန်မအပေါ် တိမ်းညွှတ်စေဖို့ ဖြစ်လာတယ်ဆိုရင် အများကြီးဝမ်းနည်းပါတယ် ....." ဟု သာယာညှင်းပျောင်းစွာ ပြောလိုက်လေသည်။

"မီမီညို့ဘက်က ရှင်းပါတယ်လေ ..... မီမီညိုရဲ့ ပြုမူပုံတွေဟာ အပြစ်ကင်းစင်ပါတယ်၊ မီမီညိုရဲ့ သန့်ရှင်းတဲ့ မျက်နှာလေးကို တွေ့ရပြီလားဆိုရင် ကျွန်တော် စိတ်မကောင်းဘူး ....."

"ကျွန်မလို နောက်ကြောင်းမအေးတဲ့ မိန်းမတစ်ယောက်ကို ဘယ်သူမှ ချစ်ဖို့တောင်မကောင်းပါဘူးရှင် ..... ကျွန်မကို လက်ထပ်ရမယ့်သူဟာ ရှုံးတာပဲ၊ ကိုယ့်ကလေးကိုယ် မထိန်းခင်မှာ မောင်တွေ၊ ညီမတွေရဲ့ မစင်ကို ကြုံးနေရတာ၊ နောက်ဆိုရင် အမေ့ကိုလည်း ပြုစုရမယ်၊ အမေလည်း မမာတော့ဘူး၊ ဒီဒုက္ခတွေကြားထဲက ဘယ်သူ့ကိုမှ အမြတ်မထုတ်ချင်ပါဘူး ....."

"ဆိုလိုတာက မီမီညို အိမ်ထောင်မပြုတော့ဘူးပေါ့ ....."

"စကားကို အဆုံးထားတော့ မပြောချင်ပါဘူး ..... ဒါပေမဲ့ လောလောဆယ်အားဖြင့်တော့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဘာမှစဉ်းစားလို့ဖြစ်မှာမဟုတ်ပါဘူး ....."

ကိုသန်းထိုက်သည် ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်ကာ စီးကရက်အသစ်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေပြန်သည်။ မီမီညိုအား မေးကြည့်ကာ ပြုံးလျက် .....

"မီမီညို့တစ်သက်မှာ တစ်ခါမှ မချစ်ဖူးသေးဘူးနဲ့တူပါရဲ့"

"ချစ်ဖူးတယ်ပဲ ထားပါဦး ... အချစ်တစ်ခုတည်းနောက်ကို ကောက်ကောက်ပါအောင်လိုက်ပြီး ကျွန်မရဲ့အိမ်ထောင်စုကြီးကို သဲပြင်ပွမှ



ပေါ်မှာ ပစ်ထားခဲ့ရမလား၊ ကျွန်မတော့ မပစ်နိုင်ဘူး ကိုသန်းထိုက်၊ ကျွန်မအသက်ရှင်ရက်နဲ့ သူတို့ကို ဒုက္ခဆင်းရဲတွင်းမှာ မနစ်စေလိုဘူး ....."

"အဖိုးတန်ပါ့ဗျာ ..... ကျေးဇူးတင်ပါတယ် မီမီညို၊ ကျွန်တော်လည်း အသိဉာဏ် ထင်လင်းလာပါပြီ၊ မီမီညိုပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ .....

ကိုသန်းထိုက်သည် စိတ်အနည်းငယ် ပေါ့ပါးသွားသလိုဖြစ်သော်လည်း ရင်ထဲတွင် မရှင်းနိုင်သေးပေ။ မိမိ၏စိတ်ကို ဘယ်လိုပင်ဖြေဖြေ မီမီညို့အား ချစ်သည့်အချစ်ကို ဘယ်သို့မှ ဆွဲနှုတ်ယူလို့ရနိုင်မည်မဟုတ်ပေ။ တကယ်ဆိုတော့လည်း ဖူးစာရေးနတ်၏ ငွေမြားတံသည် ကိုသန်းထိုက်၏ရင်ကို ဆွဲနှုတ်မရအောင်ပင် စူးကာ စိုက်နေပေပြီတကား။

ဒါပေမဲ့ ဆိုပါဦး ....."

"နောင်တစ်နေ့ကျရင် မီမီညို သိပ်ကိုချစ်တဲ့လူတစ်ယောက် တွေ့လာပါလိမ့်မယ်၊ တစ်နေ့မမြင်ရရင် မနေနိုင်တဲ့လူမျိုးကို တွေ့လာတဲ့အခါ သန်းထိုက်ရဲ့အချစ်ဆိုတာ ဒီလိုပါလားလို့ မီမီညို နားလည်လာပါလိမ့်မယ် ....."

မီမီညိုသည် ငြိမ်လျက် ရထားအပြင်ဘက်သို့ လှည့်ငေးနေ၏။

အပြင်၌ ပိန်းပိန်းပိတ်ပိတ်မှောင်နေ၏။ ကြယ်ရောင်သာလျှင် တတ်စွမ်းသမျှ အလင်းရောင်ပေးနေရှာ၏။

မီမီညိုသည် ကိုသန်းထိုက်ပြောစကားများကို တွေးလာလေ၏။ "ချစ်သည်"ဆိုသည်မှာ ဘာပါနည်း။ ချစ်ခြင်း၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုး အနက်အဓိပ္ပာယ်ပြန်ကြ၏။ မီမီညိုလည်း ကြားဖူးနားဝရှိခဲ့ဖူးပါ၏။

ချစ်ခြင်းဆိုသည်မှာ ပိုင်ဆိုင်လိုခြင်းဟု ဆိုသူကဆိုခဲ့၍ အနစ်နာ

www.burmeseclassic.com

www.burmeseclassic.com



ခံခြင်းဟုလည်း ဆိုကြပြန်၏။ ခွင့်လွှတ်ခြင်းဟု ပြောသူကပြော၏။ ချစ်ခြင်းအစ မျက်စိကဟူသော ရှေးစကားပမာ မျက်စိချင်းဆုံတွေ့လိုက်ရုံနှင့် ရင်ထဲ ဒိတ်ခနဲခုန်ကာ ချစ်သွားရခြင်းလည်းရှိသည်ဟု ဆိုပြန်ပါချေသည်။

ချစ်ခြင်းအစ သနားခြင်းက ဆိုဘိသကဲ့သို့၊ သနားကရုဏာသက်ရာမှ တစိမ့်စိမ့် မေတ္တာဖွားများလာရသည်လည်းရှိပါသေး၏။ တချို့ကလည်း ကြည်ညိုရာမှ သဒ္ဓါပွားများပြီး ချစ်လာရသည်လည်းရှိ၏။ ရိုးသားလို့ လှလို့ ချစ်လာရသည်မှာ မေတ္တာစစ်မဟုတ်သော်လည်း အချစ်စာရင်းထဲ ဝင်နေပြန်၏။ လှလို့ချစ်သလို ချစ်လို့လှတာလည်း ဒုနှင့်ဒေးပင်တည်း။ အရုပ်ဆိုးသည်သိပါလျက်နှင့် ခွင့်လွှတ်သူများလည်း ရှိသေး၏။ ချစ်ခြင်းအစ တဏှာကဟု ဆိုထားပြန်သေးရာ သည်နှစ်ခုပေါင်းစည်း ရောနှောသွားရာမှ လူမျိုးဆက် ပြန့်ပွားရသည်မှာ သိပ္ပံနည်းကျသော အတွေးတစ်ရပ်သာတည်း။

မြတ်စွာဘုရားက ချစ်ခြင်းသည် သံယောဇဉ်အနှောင်အဖွဲ့ပင်ဖြစ်၍ ၅၂၈ ပင်ဖြစ်စေ၊ ၁၅၀၀ ပင်ဖြစ်စေ၊ ချစ်ခြင်းကို ပြတ်အောင် ကြိုးစားနိုင်မှ သံသရာမှ လွတ်မြောက်မည်ဟု မိန့်တော်မူသည်။

ကိုသန်းထိုက်ကမူ တစ်ခါတစ်ရံ မိမိညို့ထံ အလည်ရောက်ရင်း သူချစ်သောမိန်းကလေးကို ဘာမှ မျှော်လင့်ချက်မရှိဘဲ ချစ်နိုင်ကြောင်း၊ တစ်ခါတစ်ရံ ဟိုလိုစိတ်မပါဘဲ ရိုးရိုးသားသားပင်ချစ်လျက်၊ သူ့ချစ်သူကို တဏှာကင်းသည့် မေတ္တာစိတ်သက်သက်နှင့်ပင် မြတ်မြတ်နိုးနိုးချစ်နိုင်ကြောင်း စသည်ဖြင့် ဖွင့်ဟကာဆိုဖူးလေ၏။

ဤသို့သော အချစ်မျိုးကို PLATONIC LOVE (ယောကျ်ား မိန်းမ မိတ်ဆွေချစ်၊ တဏှာကင်းသောအချစ်)ဟူ၍ ကိုသန်းထိုက်က အမည်တပ်လေ၏။



မိမိညို့ကား 'အချစ်'နှင့်ပတ်သက်သော တွေးခေါ်ယူဆချက်များကို နားမလည့်တလည်နှင့်ပင်ရှိလေ၏။ ကိုသန်းထိုက်ပြောသကဲ့သို့ပင် သူ ဘယ်ယောကျ်ားကိုမှ မချစ်ဘူးလို့ နားမလည်တာလျှင်လည်း ဖြစ်ချင်ဖြစ်ပေမည်။ မကြုံဘူးလို့ဟု ကိုသန်းထိုက်က စွပ်စွဲ၏။ ဟုတ်ပေလိမ့်မည်။

ငယ်စဉ်ကမူ ဈေးသွားသည့်အခါတိုင်းလိုလို ခြင်းတောင်းထဲသို့ စာထည့်ပစ်ခြင်းခံရ၏။ သည်စာများကို ဘယ်တော့မှ စိတ်ဝင်စားခဲ့သည်မရှိ။ အမေ့လက်ထဲသို့သော်လည်းကောင်း၊ သီသီညို့ လက်ထဲသို့သော်လည်းကောင်း ရောက်သွားခဲ့၏။

မန္တလေးတက္ကသိုလ်ရောက်ခဲ့စဉ်က ယောကျ်ားလေးမိတ်ဆွေများ အသင့်အတင့်ရှိခဲ့၏။ မောင်ရင်းနှမပမာသော်လည်းကောင်း၊ သူငယ်ချင်းစစ်များကဲ့သို့လည်းကောင်း ဆက်ဆံခဲ့၏။ ဆန်းဆန်းပြားပြား စိတ်မျိုးရယ်လို့မရှိခဲ့။ ဥပမာ သူ့မိတ်ဆွေမလေးများ ပြောသလို မျက်လုံးချင်းတစ်ချက်ဆုံရုံနှင့် ဒိတ်ခနဲဖြစ်သွားတာမျိုး၊ လက်ဖျားလေး ထိလိုက်ရုံနှင့် တုန်လှုပ်ပုံမျိုး၊ အိပ်မက်ထဲတွင် ဆုံတွေ့ရပုံမျိုး စသည်များကို မသိလှပေ။

တစ်ခုတော့ရှိ၏။ ဘယ်သို့သောပုံစံမျိုးကြိုက်သည်ဟူ၍ ငယ်စဉ်က စိတ်ကူးတော့ ယဉ်ခဲ့မိလေ၏။ ရုပ်ရည်က ယောကျ်ားပီသကာ ကိုယ်ကျင့်တရားကောင်း၍ အတွေးအခေါ်ရင့်သန်လျှင်ဖြစ်စေ၊ ကြင်နာသိမ်မွေ့၍ သဘောထားမြင့်မြတ်လျှင်ဖြစ်စေ၊ မိမိအပေါ်လည်း လိုက်လိုက်လှဲလှဲ၊ နှစ်နှစ်ကာကာ မြတ်နိုးလျှင်လည်းဖြစ်စေ၊ ထိုသူမျိုးသည် မိမိချစ်နိုင်သူ မလွဲမသွေဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့လေသည်။

ယခုတော့မူ ဤသို့ လှပသောစိတ်ကူးလေးများ ပျက်ပြယ်ရသည်မှာ အတော်ကြာခဲ့ပေပြီတကား .....

လောကတွင် မိမိညို့ အချစ်နိုင်ဆုံးသောသူများကား အမေ၊ ညီ

www.burmeseclassic.com

www.burmeseclassic.com



တွေး၊ ကိုလတ်နှင့် စီစီတို့သာလျှင်တည်း။ သူတို့ကလွဲ၍ ချစ်စရာ ရှာမတွေ့။

ကိုသန်းထိုက်ပြောသကဲ့သို့ မတွေ့သေးလို့လား မသိပေ။ မိမိ၌ တစ်ပါးယောကျာ်းကို ချစ်ရန်အတွက် မိမိ၏အသည်းနှလုံးတွင် နေရာမှ ပေးနိုင်ပါဦးမလားဟု တွေးနေမိသည်။

"ကျွန်မမယ် ဒီလိုအကြောင်းတွေ စဉ်းစားဖို့ အချိန်လည်းသိပ်မရှိလို့နဲ့ တူပါရဲ့ ....."

မီမည်ိုက သူထင်ရာကိုသာ ဆက်ပြောနေ၏။

"မိမိညိုရယ် ကျွန်တော်ပြောတာတွေကို မိမိညို သဘောမပေါက်သေးပါဘူး၊ ချစ်တယ်ဆိုတဲ့ကိစ္စမှာ စဉ်းစားတာ တယ်မပါဘူး၊ စဉ်းစားနေတယ်ဆိုရင် မချစ်သေးလို့ဘဲ ....."

"ထားပါတော့လေ ..... ကျွန်မ မကြုံဘူးသေးလို့ပြောတယ်လို့ ကိုသန်းထိုက်က ပြောဦးမှာ ....."

"ဘာပဲဖြစ်ဖြစ်ဗျာ ..... ချစ်တယ်ဆိုတာမျိုးဟာ တဖြည်းဖြည်း တစ်စိမ့်စိမ့်နဲ့ တွယ်တာချစ်ခင်လာတတ်တာမျိုးလည်းရှိလေတော့ ကျွန်တော့်အနေနဲ့ မိမိညို့ကို စောင့်နေဦးမှာပဲ ....."

ကိုသန်းထိုက်က လှိုက်လှဲစွာပြောလိုက်လေ၏။

"ဩော် ..... ဒါလောက်တောင်ပဲလား၊ ကျွန်မက အတော်ဟုတ်နေတာပေါ့၊ အဆင့်အတန်းတွေ အထူးတိုးတက်နေပါလား"

"မချစ်တဲ့သူဆိုတော့ သရော်နိုင်တာပေါ့ဗျာ ....."

ကိုသန်းထိုက်က အပြုံးထေ့ထေ့နှင့်ခနဲ့လေ၏။

"အို ... ဘာလို့ ကိုသန်းထိုက်ကို သရော်ရမလဲရှင်၊ ကျွန်မ မသရော်ရက်ပါဘူး..... ကိုယ့်ကိုယ်ကို အထင်ကြီးဖို့ဖြစ်လာလို့ ကျွန်မ ပြောလိုက်မိတာပါ ....."



"ဒီကြားထဲမှာ မိမိညို လှိုက်လှဲချစ်ခင်မြတ်နိုးမယ့်လူကို သွားမတွေ့ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းနေရတယ် ....."

"တွေ့စရာအကြောင်း မရှိပါဘူးရှင် ....."

မိမိညိုက ပြုံးလွယ် စီးလွယ်ပင် ဖြေ၏။

"ဒါတော့ ဘယ်ပြောနိုင်မလဲဗျာ ....."

ကိုသန်းထိုက်သည် ပြောရင်း ဆိုရင်းပင် စိတ်ဆင်းရဲခြင်းဖြစ်ကာ ထိုင်ရာမှ ဖြုံးဆို ထလိုက်လေ၏။ တတ်များတတ်နိုင်လျှင် မိမိညို၏ လက်ကလေးကို တယုတယဆွဲခေါ်ကာ ရထားပေါ်မှဆင်း၍ သွားချင်၏။ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက် မိုးမြေမဆုံး သွားရမည်လား၊ စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီးတောတောင်ကို သွားရမည်လား၊ ခြုံနွယ်သစ်ပင်များကို ရင်နှင့် တွန်းကန်ဖယ်ရှားပြီး မိမိညို၏ရှေ့မှ မားမားကြီး ရပ်ကာ သွားနိုင်ပါရဲ့ .....

သားရဲတိရစ္ဆာန်များတွေ့လျှင်လည်း မိမိညို၏ရှေ့မှနေ၍ အသေခံနိုင်ပါ၏။ မိမိညို၏အတွက်ဆိုလျှင် ကိုယ်ကျိုးအတန်တန်ပင်စွန့်နိုင်ပါရဲ့ .....

ကိုယ်ကျိုးစွန့်သည့်စိတ်ဓာတ်မျိုးမှာလည်း တစ်ခါက နိုင်ငံရေးလုပ်ရင်း အကျင့်ပါရင့်သန်လာခဲ့လေရာ၊ အချစ်အတွက်တွင်လည်း ဤမျှလောက်တော့ စွန့်စားနိုင်သည်မှာ မဆန်းတော့ပေ။

"အလကား စိတ်မချမ်းသာစရာတွေ တွေးမနေပါနဲ့ရှင် ..... ကိုသန်းထိုက်ဟာ အသက်အငယ်လေးရှိသေးတာပဲ၊ ကျွန်မတို့ ရှေ့ကို အများကြီး လုပ်စရာ ကိုင်စရာတွေရှိသေးတယ်မဟုတ်လား ....."

"ဒါတော့ မှန်ပါတယ် ....."

"အပျော်တကာ့ အပျော်တို့တွင် အလုပ်သည် အစွဲဆုံး၊ အမြဲဆုံး အစစ်အမှန်ဆုံးသော အပျော်ဖြစ်သည်ရယ်လို့ ဆရာကြီးပီမိုးနင်းက

www.burmeseclassic.com

www.burmeseclassic.com



ရေးခဲ့ဖူးတယ်မဟုတ်လား၊ နောက်ပြီး ဦးလှရဲ့ ထောင်တွင်းပေးစာများမှာ ကမ္ဘာလောကကြီးမှာ လူတစ်ယောက်အနေနဲ့ရောက်လာပြီး လူ့လောက သာယာကောင်းမွန်ရေးကို ဘာမှ (+)လက္ခဏာ မတိုးနိုင်ခဲ့ဘူးဆိုရင် လူလာဖြစ်လာတာဟာ ထမင်းလာစားပြီး သေသွားတာရယ်လို့ပဲ အဓိပ္ပာယ်ရှိလိမ့်မယ်တဲ့၊ ဒါတွေ ကိုသန်းထိုက် သိပါတယ်လေ၊ မိကျောင်းမင်း ရေကင်းမပြပါရစေနဲ့တော့ .....”

“သိတော့လည်း သိတာပေါ့လေ .....”

ကိုသန်းထိုက်က တွေဝေစွာ ဆိုနိုက်တွင် .....

“အသိခေါက်ခက် အဝင်နက်နေတာလား .....”

မိမိညိုက ထောက်၍ပြောလိုက်လေသည်။ ကိုသန်းထိုက်သည် သက်ပြင်းကို ခပ်လေးလေးချ၍ ခေါင်းတစ်ချက်ညိတ် ပြလိုက်လေသည်။

လက်ပတ်နာရီကိုမြှောက်ကြည့်ရင်း .....

“လေးနာရီထိုးတော့မယ်၊ တော်နေ ..... တောင်ငူဘူတာလည်း ဆိုက်တော့မယ်၊ မိမိညို ခဏနေရစ်ဦး၊ ကော်ဖီသွားသောက်လိုက်ဦးမယ်.....”ဟု ကိုသန်းထိုက်သည် ပြောပြောဆိုဆို ထွက်သွားလေသည်။

[၂၂]

သည်တစ်ခေါက် မိမိညိုပြန်ရောက်ချိန်တွင် ‘အမေ’သည် အိပ်ရာတွင် ခွေခွေလေးလဲကာ မမာဖြစ်နေ၏။ အမေ၏ ပန်းနာရောဂါ‘ထ’ပြန်သည်။ ညညချောင်းတွေဆိုးကာ ရင်ထဲကျပ်၍ မော မောလာတတ်ပေသည်။

မိုးတွင်းတုန်းက အေးသဖြင့် အမေ ရောဂါအခြေအနေဆိုးသည်ဟု ပြော၏။ အမေအိပ်ရာထဲလဲခဲ့သည်မှာ နှစ်လကျော်သုံးလလောက်ရှိပြီ



ဟုပြောကြသည်။ အမေမှာ အရိုးပေါ်အရေတင်ပိန်ကျသွားကာ၊ အိပ်ရာထက်တွင် အမေ့ကိုယ်ကလေးမှာ ပြားပြားချပ်ချပ်လေးဖြစ်နေ၏။

မိမိညိုသည် အမေ၏ခြောက်သွေ့နေသော လက်ကလေးကို တယုတယ ကြင်နာစွာဆုပ်နယ်ကာ .....

“အမေရယ် စာထဲလည်း ထည့်မရေးဘူး ..... အမေ ဒါလောက်ဖြစ်တာကို ဘာလို့ မိမိ့ကို အသိမပေးတာလဲ ဟင် ..... မိမိ မရှိတုန်း အမေ သေနေရင် ဘယ့်နှယ်လုပ်မလဲ .....”ဟု ကြေကွဲစွာ ပြောမိလေသည်။

အမေသည် ပြုံးလျက် အားနည်းသောအသံနှင့် .....

“လုံမလေးကို အမေ ဒုက္ခမပေးချင်ဘူး .....”

“မဟုတ်သေးပါဘူး အမေ ..... ဆရာဝန်တွေ ဘာတွေ မခေါ်ဘူးလား၊ ကိုလတ်နဲ့ စီစီက ဒါလောက်မှ အားမကိုးရဘူးတဲ့လား၊ ခက်တာပဲ အမေရယ် .....”

မိမိညိုသည် အမေ့အား စေ့စေ့ကြည့်ကာ ညည်းလိုက်လေသည်။

“လွန်ခဲ့တဲ့တစ်ပတ်ကပဲ မောင်အောင်မင်းက ဆရာဝန်ခေါ်လာပေးတယ်၊ ဒါကြောင့် အခု အမေဒါလောက် နလန်ထူလာတာ၊ အစားဝင်လာပြီဆိုရင်တော့ မကြာခင်ပဲ အားပြည့်လာမှာပါ .....”

“ကြည့်ပါဦး ပိန်လိုက်တာ၊ အရင်ရုပ်လုံးလုံးမရှိတော့ဘူး ..... အမေက သိပ်အပင်ပန်းခံတာကိုး ..... တစ်နေ့နေ့တော့ လဲမှာပဲလို့ မိမိ တွက်ထားတာ၊ ထင်တဲ့အတိုင်းလည်း လဲတော့တာပဲ .....”

အမေသည် သူ့သမီးကြီးအားငေးကာ ပြုံးနေသည်။ ရီဝေသော မျက်လုံးများနှင့် .....

“သမီးလည်း ပိန်တာပဲ .....”

“မိမိပိန်တာက အရေးမကြီးပါဘူး၊ အမေ အသက်ရှည်ရှည်နေရဖို့

www.burmeseclassic.com

www.burmeseclassic.com



က အရေးကြီးတယ် ..... တစ်အိမ်လုံး အလုပ်တွေကို တစ်ယောက်တည်း ကြုံးလုပ်နေတော့ ဘယ်မှာခံနိုင်မလဲ အမေ၊ ခု အမေ့ အသက် ဘယ်လောက်ရှိပြီလဲ .....”

“၆၀ ထဲမှာ .....”

“အဲ အသက် (၆၀) က (၁၅) နှစ် သမီးလေးလို ပြေးလွှားလုပ်ကိုင်နေရတော့ ခက်တယ်.....”

“အမေ မလုပ်လို့ ဘယ်သူလုပ်မလဲကွယ် ..... ကိုလတ်ကလည်း စာမေးပွဲကျထားလေတော့ ဒီနှစ် သူ့ကို တက္ကသိုလ်ဝင်အောင်ချင်လှပြီ၊ စီစီကလည်း ၉ တန်းရောက်လာပြီ၊ သူတို့ မြန်မြန်အောင်ဖို့အရေးကလည်းရှိသေးတယ် မဟုတ်လား.....”

အမေ့စကားကြောင့် မိမိညိုမှာ တဒင်္ဂပဟာန်မျှ နှုတ်ဆိတ်နေသည်။ နောင်ရေးတွေ၊ နောင်ရေးတွေ တွေးလို့ပင်မဆုံးနိုင်ပေတကား။

အမေ မရှိလျှင် ဟူသော အတွေးသည် မိမိညို၏ရင်ထဲတွင် အမြဲခြောက်လှန့်နေခဲ့လေသည်။ အရင်က ပခုံးတစ်ဖက်တွင်သာရှိသော ဝန်ထုပ်ဝန်ပိုးများသည် မိမိညို၏ပုခုံး နှစ်ဖက်စလုံးပေါ်သို့ ကျရောက်လာတော့မည်ဖြစ်သည်။

မိမိညိုက စီးပွားရှာရသည်ပဲဖြစ်စေဦးတော့၊ အမေက နောက်ပိုင်း စားရေးသောက်ရေးအေးအောင် အိမ်မှုကိစ္စတွင် လုံခဲ့လေသည်။ အမေသည် အိမ်ထောင်မှုကိစ္စအဝဝကို ထမ်းရွက်သည့်ကြားထဲကပင် တစ်ဖက်တစ်လမ်း ငွေဝင်အောင်လည်း ရှာကြံခဲ့သေးသည်မဟုတ်လော။

“ဈေးထဲက ဆိုင်ပိတ်လိုက်ပြီဆို .....”

“ပိတ်လိုက်ရတယ် ..... သမီးတို့ ဘထွေးသာလှိုင်နဲ့ နှင်းမယ်ကိုတော့ အိမ်မှာပဲ ခေါ်ထားလိုက်တယ်၊ မလိုင်ဖို့အလုပ်ကို သူတို့ပဲ လုပ်နေတာ၊ စီစီကလည်း ဝိုင်းကူလုပ်ပါတယ် .....”



“ဒီလို တစ်ခုပဲ လုပ်တာ ကောင်းပါတယ်၊ နောင်နှစ်ဆိုရင် မိမိလည်း ကျောင်းကထွက်ပြီး အလုပ်ပြန်ဝင်တော့မှာပဲ၊ ရှေ့လျှောက် သိပ်ကျပ်တည်းဖို့လည်း မရှိတော့ပါဘူး.....”

“မရှိတော့ပါဘူး ..... ကံဆိုတာ အမြဲပဲ ဆိုးချည်းမနေပါဘူး၊ ဒီလိုချည်းပဲ အမြဲနေရမယ်လို့ ဘယ်ဟုတ်ပါ့မလဲ ..... နိမ့်တုံမြင့်တုံတဲ့၊ အမေတို့ ကောင်းစားတဲ့အလှည့် လာရဦးမှာပေါ့ .....”

“ဒီလိုပဲ မျှော်လင့်ရတော့မှာပေါ့ အမေရယ် .....”

“အမေ့စိတ်ထဲမှာတော့ လုံမလေးကို ချမ်းသာစေချင်တယ်ကွယ်၊ အမေက အသက်ကြီးပြီ ..... အရေးမကြီးပါဘူး၊ လုံမလေးကိုသာ အမေ သနားတယ်.....”

မိမိညိုသည် အမေ့ရင်ဘတ်ပေါ်သို့ စောင်းဆွဲခြုံကာ နေရာမှ ထလိုက်လေ၏။

[၂၃]

အမေ ထူထူထောင်ထောင်ရှိလာသောအခါ၌ တစ်အိမ်လုံး စိုစိုပြေပြေ ဖြစ်လာပြန်သည်။

အမေသည် တလှုပ်လှုပ်နှင့် မလုပ်သာလုပ်သာ အလုပ်သေးသေးဖွဲဖွဲများကို စတင်လုပ်ကိုင်စပြုလေသည်။ မိမိညို ပြုစုသည့်ကြားတည်းကပင် အမေသည် ဖွတ်ပင် အလုပ်ဝင်လုပ်လေသည်။ ဒါကို ကိုလတ်ကော စီစီကကော .....

“သူ့သမီးကြီး မိမိပြန်လာလို့ အမေ နလန်ထတယ် .....”ဟု ဝိုင်းခနဲ့ကြလေသည်။

“အမေ့ရောဂါက ဆိုက်ကိုပါဗျာ .....”ဟု ကိုလတ်ကပင် ခေတ်မှီမှီ စလေ၏။

“ဘာ ဆိုင်ကို? .....”အမေက နားမလည်ဟန်နှင့်မေးသော်၊ စီစီက

www.burmeseclassic.com



ရယ်မောကာ .....

"အမေကလည်း 'ဆိုင်ကို' မဟုတ်ပါဘူး ..... 'ဆိုက်ကို' လို့ ပြောတာပါ ....."

"ဘာလဲ ဆိုက်ကိုဆိုတာ ....."

"စိတ္တဇလို့ပြောနေတာ အမေရေ့ ....."

မိမိညိုက ရယ်လျက် ဝင်ဖြေသည်။

"ပန်းနာပါဆိုမှ စိတ္တဇရယ်လို့ သူတို့ပဲ ရှာရှာပေါက်ပေါက် ပြောတတ်တယ်အေရယ် ....."

"ပြောမှာပေါ့ ..... မမလေးလည်းလာရော အမေလည်း တစ်ခါတည်း နေကောင်းလာတာပဲ" ဟု စီစီက စကားနှင့် ထေ့မဆုံးနိုင်အောင်ရှိလေသည်။

"အမေက ပန်းနာဆိုရင် ဟောဟိုကောင်ကမှ ဆိုက်ကိုအစစ် ....."

ကိုလတ်ကား ပက်လက်ကုလားထိုင်ပေါ်တွင် ငြိမ်ငြိမ်လေးထိုင်နေသော ညီထွေးအား မေးငေါ့ပြရင်း ပြောလိုက်၏။

"နင်ကလည်းဟယ် ..... သူ့ဘာသာသူ အေးအေးချမ်းချမ်း နေနေတာ မစစမ်းပါနဲ့ ....."

မိမိညိုက တိုးတိုးပြောလေ၏။

"ဘာရယ် ..... ကျွန်တော့်ကို ပြောနေတာလား ....."

ညီထွေးကား မိမိညိုတို့ဘက်သို့မှန်း၍ မျက်နှာလှည့်ကာ မေးလိုက်လေသည်။

"ဟုတ်တယ် ကိုညီထွေး၊ ကိုညီထွေးကို ကိုလတ်က ဆိုက်ကိုတဲ့ ....."

"ဘာလဲ ဆိုက်ကိုဆိုတာ ....."

"ဆိုက်ကိုဆိုတာ အရူးလို့ပြောတာ ....."



စီစီကဖြေရင်း သူ့ဘာသာသူ သဘောကျကာ ရယ်နေသည်။

"အံမယ် ..... ငါ အကန်းဘဝကနေ မရူးပါရစေနဲ့၊ နင်တို့သာရူးကြ ..."

ညီထွေးက ရှူးရှူးရှားရှားနှင့် ဖြေလေ၏။

"မဟုတ်ပါဘူးကွ ..... မိစီ အပြောမတတ်လို့ပါ၊ အလွန်နူးညံ့တဲ့ စိတ်ကလေးကို ဆိုက်ကိုလို့ပြောတာ၊ မင်းဟာ သိပ်နုလွန်းတယ်မဟုတ်လား၊ စကားပြောတာတောင် တို့နဲ့မတူဘူး ..... ဟို ဟို ဝတ္ထုထဲကလို စကားလုံး နုနုလေးတွေ ပြောတတ်တယ်မဟုတ်လား၊ ဒါကြောင့်ပါ ....." ဟု ကိုလတ်က ပြုံးစစနဲ့ ဝင်ပြောဆဲတွင်၊ ညီထွေးကား မှုန်ကုတ်ကုတ်နှင့် .....

"အဲတော့ ဘာဖြစ်သလဲ ....."

"ဒီတော့ ဒီနေ့ကစပြီး မင်းနာမည်ကို ကိုဆိုက်ကိုလို့ ပြောလိုက်ပေါ့ကွ ....."

"ခင်ဗျားအမေလင်ကြီး ပြောင်းရမယ် ....."

ညီထွေးက ဖြုန်းဆို ထကာ ရေရွတ်နေသည်။ ကိုလတ်သည် ညီထွေး အနီးမှ ထွက်ပြေးကာ .....

'မင်းတို့ ငါတို့အမေလင်က ဆုံးခဲ့ရှာပြီကွ" ဟု ပြုံးရယ်၍ ပြောလိုက်လေသည်။

"နင်တို့နှယ်နော် သေသွားတဲ့ ငါ့လင်တောင် မနေရဘူးဟဲ့၊ တော်တော် ကောင်းစားမယ့်ဟာတွေ ....." ဟု အမေက ကွပ်ပျစ်ပေါ်တွင် ဆန့်ပြာရင်း လှမ်းအော်လိုက်လေ၏။

စီစီက ဟက်ဟက်ပက်ပက် ရယ်မောနေ၏။

ကိုလတ်သည် ညီထွေး၏ပုခုံးကို လှမ်းတို့ရင်း "ကိုဆိုက်ကို" ဟု စနေ၏။ ညီထွေးသည် လက်ကို ရှေ့ထုတ်ကာ စမ်းရင်း စမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကာ ကိုလတ်ကို ရှာသော်လည်း မတွေ့၊ နောက်ဆုံး မတတ်သာ၍ .....

"မမလေး မမလေး ..... ကိုလတ်ကို ခေါင်းခေါက်လိုက်စမ်းပါဗျာ၊ ကျွန်တော့်ကို လိုက်လိုက် စနေတယ် ဟောဒီမှာ ....."

မီမီညိုသည် ကိုလတ်၏ကျောပြင်ကို ထထုကာ "ကိုလတ်ရယ် တော်စမ်းပါဟယ် ..... သူ့ဘာသာသူ အေးအေးဆေးဆေးနေစမ်းပါစေ" ဝင်၍ ဟန့်တားလေ၏။

"မမလေးရဲ့မောင်က သူပြောတုန်းကတော့ ဖြောင့်လို့ဗျ၊ ဟိုနေ့က ကျွန်တော် စာအော်ဖတ်နေတာကို ကိုလတ် ခင်ဗျား ဘယ်လောက်ဖတ်ဖတ် ဒီတောင်က ခင်ဗျားမကျော်ဘူး၊ ကျုမှာပဲဗျတဲ့၊ ဘယ်လောက်ဆိုးသလဲ ....."

မီမီညိုက ပြုံးမိကာ .....

"အေးလေ ..... ဒါတော့ ညီထွေးက မပြောသင့်ဘူး ..... ဟုတ်သားပဲ ....."

"ပြောမှာပေါ့ဗျ၊ ကျွန်တော့်ဘင်ဂျိုကို သူဖွက်ထားတာကိုး"

ညီထွေးက တိုင်တည်လေ၏။

"နားငြီးတယ် မမလေးရာ တစ်ချိန်လုံး တစ်ဒေါင်ဒေါင်နဲ့တီးနေတာ ..."

ကိုလတ်ကလည်း လျှောက်လဲလေ၏။

"တီးမှာပေါ့ ..... မင်းတို့လိုမှ ငါ လုပ်စရာမရှိဘဲ၊ ပျင်းတာကိုး"

"ကဲ ..... တော်ကြပါကွယ် ....."

မီမီညိုက မျက်နှာထားနှင့်အော်လိုက်၏။ ကိုလတ်သည် ငြိမ်လျက် အိမ်အပြင်သို့ အသာထွက်သွားလေ၏။ မကြာမီ ဟောင်း၍ သံချေးကိုက်နေသော 'ရာလေး'အမျိုးအစား စက်ဘီးတစ်စီးကိုထုတ်ကာ အပြင်ထွက်ရန် ပြင်လေသည်။



"ကိုလတ် ..... ဘယ်လဲ ....."

"ဒီနားတင်ပါဗျ ....."

"ဘာလဲ ..... နင် ဓာတ်ရှင် နေ့ပွဲကြည့်မလို့ မဟုတ်လား ....."

"မဟုတ်ပါဘူးဗျ မမလေးကလည်း ....." ကိုလတ်က ပြုံးဖြဲဖြဲနှင့်ဖြေ၏။

"အံမယ် ..... နင် ငါ့ကိုမဖြီးနဲ့၊ ငါ သိတယ်၊ သွား သွား ..... ငါ မကြည့်နဲ့လို့တော့ မပြောဘူး၊ ဒါပေသိ နင့်ဟာ ရက်ဆက်နေပြီ ....."

"ကားကောင်းလို့ပါဗျ၊ နောက် မကြည့်တော့ပါဘူး ....."

ကိုလတ်သည် စက်ဘီးပေါ်သို့ ခုန်တက်ကာ ရှေ့သို့ ကိုယ်ကို ကုန်း၍ နင်းသွားလေ၏။

ညီထွေးသည် ပက်လက်ကုလားထိုင်ထက်တွင် မှီထိုင်ကာ မျက်စိမှိတ်ထားလေ၏။ သူ့အဖို့ မျက်စိဖွင့်သည်နှင့်ပိတ်သည် ဉာဏ်နှစ်လီသိပ်ထူးခြားမည်မထင်ပေ။ သို့သော် သူစိတ်ညစ်သည့်အခါတွင် မျက်စိမှိတ်ထားတတ်လေသည်။

× × × × ×

စိမ်းညို့သော သရက်ပင်တို့သည် စိမ်းစိမ်းလတ်လတ် ညိုဖက်သော အရွက်ဖားဖားကြီးများနှင့် ဝေဝေဆာဆာရှိလေ၏။ မရန်းပင်ပျိုတို့သည်လည်း သေးသေးစိပ်စိပ် စေ့စေ့သိပ်သော အရွက်ဖြိုင်ဖြိုင် အခက်မြိုင်သည့် အကိုင်းအလက်များနှင့် စိမ်းဖန့်စိုပြေနေ၏။

မီမီညိုသည် ခြံထဲသို့ လှည့်၍လျှောက်ရင်း မန်ကျည်းပင်စည် အရောက်တွင် .....

"ဘထွေး ... ဘထွေး ..... ဒီမှာ လာစမ်းပါဦးဗျ ....."

www.burmeseclassic.com

www.burmeseclassic.com



စီစီ၏ခေါ်သံကို ကြားရလေ၏။

"ဘာတုန်းဟ ..... ဒီကောင်မလေးဟာ ....."

"ကျွန်တော့်ဘော်လီကြိုးပြုတ်နေလို့ ချိတ်တွယ်ပေးစမ်းပါ"

"တယ်ခက်ပါလား ..... ညီးလေးဟာ၊ တခြားလူကို ခိုင်းစမ်း"

"ဘယ်သူမှ မအားဘူးဗျ ..... လုပ်စမ်းပါ၊ ဘထွေးကလည်း တယ်ကြေးချွတ်များတာပဲ၊ ကျွန်တော် အပြင်ထွက်စရာရှိလို့ပါ ....."

မိမိညိုသည် ကပျာကယာ မီးဖိုဘက်သို့ ပြေးလျှောက်၍လာခဲ့ရလေသည်။

မီးဖိုပေါက်တွင် ဘထွေး ဦးသာလှိုင်သည် ပါးစပ်တွင် ချိတ်ကို ကိုက်ထားပြီး စီစီ၏ကျောနောက်မှ အပေါ်ဝတ်အောက်လက်လျှိုကာ ကြိုးနှင့်ပြုတ်သည့်နေရာကို ဆက်၍ ချိတ်တွယ်ရန်ပြင်နေ၏။

"စီစီ လာခဲ့စမ်း ..... မမလေး တွယ်ပေးစမ်းမယ် ....."

မိမိညိုက အနီးတွင် သွားရပ်ရင်း ပြောလိုက်၏။ ဘထွေးသည် မိမိညိုလက်ထဲသို့ ချိတ်လှမ်းပေးကာ .....

"လုပ်စမ်းပါဦး မိညိုရာ ..... ငါ့ကို တော်တော်ဒုက္ခပေးတဲ့ ဟာမလေး ....."ဟု ညည်းလိုက်လေ၏။

"စီစီ တော်တော်ဆိုးပါလား ..... ဘာလို့ လူကြီးတစ်ယောက်ကို ဒီလိုခိုင်းရတာလဲ....."

"ဘယ်သူမှ မအားတာ ..... အမေကလည်း ဈေးမှာ ဆန်မှုန့်သွားမှာတယ်၊ ကိုလတ်လည်းမရှိဘူး၊ နှင်းမယ်ကလည်း ဆန်မှုန့်နယ်နေတယ်၊ လက်မအားဘူး၊ မမလေးက အိမ်သာတက်နေတယ်၊ ဘထွေး တစ်ယောက်ပဲအားတာ ဘယ့်နှယ်လုပ်မလဲ ....."

စီစီက နှုတ်ခမ်းစူကာ ပြောလိုက်လေသည်။

"ငါ့များဆို မိစီက သိပ်နိုင်တာ ....."



"နိုင်တာပေါ့ ..... ဘာဖြစ်လဲ ....."

"မိစီ ဘယ်လိုဖြစ်နေတာလဲ ....."

မိမိညိုသည် မိစီအား မာန်လျက် ကြိုးကို ချိတ်နှင့်ဆက်ပေးလိုက်လေသည်။

ဘထွေးသည် ရယ်၍သာ နေသည်။

ဘထွေးကား မိမိညိုတို့ မောင်နှမတစ်တွေ နိုင်ဖတ်ဖြစ်လေ၏။ ဘထွေးသည် အမေ့ထက် ၅ နှစ်ခန့်ငယ်၏။ ငယ်စဉ်တည်းက အမေနှင့်အတူလာနေကာ အမေမွေးသမျှ သား၊ သမီးများကို ဒိုင်ခံထိန်းကျောင်းခဲ့ရလေသည်။ "ကလေးအမေဟာ ကလေးတစ်ယောက်မွေးပြီးတိုင်း သူ့ဝမ်းထဲကို မစင်ကြက်ဥတစ်ဥစာ ဝင်တယ်ဆိုရင် ငါ့ဝမ်းထဲကို နင်တို့ချေးတွေ တစ်ယောက်စီရဲ့ ဂုံညင်းတစ်လုံးစာစီတောင်ဝင်နေပြီ ....."ဟု ဆိုလေ့ရှိခဲ့လေ၏။

တစ်ယောက်က ဆင်လုပ်ပါဆိုလျှင် လုပ်ရပြန်၊ မြင်းလုပ်ဆိုလျှင် လုပ်ရပြန်၊ နွားလုပ်ဆိုလျှင် လုပ်ရပြန်လေ၏။ တူ၊ တူမများထဲတွင် မိမိညိုက အနိုပ်စက်ဆုံးဖြစ်လေ၏။ မျက်နှာကို သနပ်ခါး၊ ပေါင်ဒါ လူးပေး၏။ အလူးမခံလျှင် လိမ့်ငိုတတ်သဖြင့် ဒီအတိုင်းခံနေရ၏။ ပြီးနောက် ခေါင်းတွင် စက္ကူပန်းနီ ပန်ပေးလေသည်။ ညဉ့်သည် မြန်းဆိုလာ၍ အိမ်ထဲဝင်လျှင် "မေမယ်လေး ..... ကိုသာလှိုင် ဘယ်လိုဖြစ်နေတာလဲ၊ မြင်ကောင်းသေးရဲ့လား ....."ဟု အလန့်တကြားဆိုကာ ဟက်ဟက်ပက်ပက် ရယ်မောတတ်ကြလေသည်။

အိမ်ထောင်ကျတော့လည်း အစ်မနှင့် အိုးမခွဲဘဲ နေလာလိုက်ရာ နှင်းမယ်မွေးပြီး၍ မိမိအိမ်သူ ဆုံးပြီးသည်အထိပင်တည်း။ ယခုတော့လည်း တူတွေ တူမတွေကို သားသမီးတမျှ သံယောဇဉ်ဖြစ်ကာ မခွဲနိုင်အောင်ဖြစ်နေ၏။ နှင်းမယ်ကိုငဲ့၍ နောက်အိမ်ထောင်လည်း မပြုပေ။

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် စီစီအား ဘထွေးကွယ်ရာ ကြိတ်၍ဆုံးမလေ၏။

“ဘထွေးဟာ နင် ခိုင်းစရာမဟုတ်ဘူး ….. ပြီးတော့ ဘော်လီကြိုး တပ်ခိုင်းတာဟာ မြင်ကောင်းရဲ့လား ….. နင်ပဲ စဉ်းစားပါဦး”

“မသိဘူးလေ …..”

စီစီက ပုခုံးတွန့်ကာ မထေမဲ့မြင်ဆိုလေ၏။ “ဒီအရွယ်မျိုးဟာ ဒီလိုပါပဲ …..”ဟု ခွင့်လွှတ်ရန် တွေ့သော်လည်း မိမိညိုက အနည်းငယ် ဒေါသထွက်မိလေ၏။

“ဘာ မသိဘူးလေ လဲ ….. နေတာထိုင်တာ အဆင်ခြင်တရားမရှိဘူး၊ ကိုအောင်မင်းကို ကားမောင်းသင်ခိုင်းလား ….. သင်ခိုင်းရဲ့၊ ယောကျ်ားတွေကို လက်ပွန်းတတီးမနေအပ်ဘူးလို့ အမေက ပြောတယ် မဟုတ်လား …..”

“အမေက ဘိုးတော်ဘုရားခေတ်ကအမြင်နဲ့ ပြောမှာပေါ့”

“မိစီ နင် ဒီလိုတော့ တယ်စကားတတ်ပါလား၊ ကိုယ့်ကိုယ်ကိုယ် လူကြီးမဟုတ်၊ ကလေးမဟုတ် စကောစကနဲ့ မိစီနေတာ၊ ထိုင်တာ မမလေး နည်းနည်းမှမကြိုက်ပါဘူးကွယ် ….. မမကြီးနဲ့ မမလေးတို့ဟာ မိစီ အရွယ်ကပဲ ကြီးလာတာပါ၊ ဒါပေမဲ့ မိစီလိုတော့ ဆတ်ကော့လတ်ကော့ မနေခဲ့ပါဘူး …..”

“ဘယ်မှာ ဆတ်ကော့လတ်ကော့ နေလို့လဲ …..”

“ဒါပေါ့ ကိုယ်ဘာသာကိုယ်တော့ မသိဘူး၊ ကိုအောင်မင်းကို ပုတ်လိုက် ခတ်လိုက် လုပ်တာတွေ၊ အိမ်ဘေးက သက်သက်ကို ထွေးလားလုံးလားနေတာတွေဟာ နည်းနည်းမှ မတော်ဘူး စီစီ၊ စီစီနေတာတွေဟာ ဟုတ်ကို မဟုတ်ဘူး၊ မမလေးပြောလိုက်ပါပြေရဲ့ …..”

မိမိညိုသည် ခေါင်းကိုခါ၍ သက်ပြင်းလေးလေးချကာ ပြောလိုက်လေသည်။



[၂၄]

ဂျစ်ကားသည် တရိပ်ရိပ် ပြေးလာသည်။

ကတ္တရာစေးလမ်းသည် မြွေကြီးလို ဖြူးဖြောင့်၍ နက်ပြောင်ချောမွေ့နေသည်။

လမ်းသည် ခင်းထားစ ဖြစ်ဟန်တူသည်။ ကျင်းချိုင့်မရှိဘဲ လမ်းကောင်းနေသည်။ လမ်းဘေးမှ မန်ကျည်းပင်များ၊ ထနောင်းပင်များ တရိပ်ရိပ်ပြေးနေသည်။ ကိုအောင်မင်းသည် ကားကို အရှိန်နှင့် မောင်းလာလေသည်။

စနေနေ့ နေ့လယ်ခင်း ဖြစ်လေသည်။

ကားနောက်တွင် အမေ၊ ညီထွေးကထိုင်၍ ဘေးခုံတွင် စီစီနှင့် မိမိညိုက တစ်ဖက်တစ်ချက် ထိုင်လာကြလေသည်။ ကားရှေ့မှ ကိုအောင်မင်းက မောင်းကာ၊ ကိုလတ်နှင့် သူ့သူငယ်ချင်းသက်သက်တို့ ထိုင်လာကြသည်။

သက်သက်နောက်မှ စီစီထိုင်ကာ၊ ကိုအောင်မင်းနောက်မှ မိမိညို ထိုင်မိလျက်သား ဖြစ်နေ၏။

“တောင်သာ ရောက်လာပြီ အမေ …..”ဟု ကိုလတ်က ကားသံကြားမှ အော်ဟစ်ပြောလိုက်လေ၏။

မိမိညိုသည် မှိုင်းပြာပြာ တောင်တန်းများကို ငေးကြည့်နေမိလေ၏။ တောင်များသည် နေ၏ ရွှေသောရောင်ခြည်အောက်တွင် ခရမ်းပြာရောင် လွှင်နေသည်။ မိုးသားအပြာ၊ နေ၏ နီလွင်လွင်၊ တောင်၏ညို့တိုတို့ အရောင်ရောစပ်သောအခါ တောင်များမှ ခရမ်းပြာရောင် လွှင်လာသည်ဟု မိမိညိုက တွေးထင်မိလေသည်။

“တောင်တွေက သိပ်လှတာပဲ …..”

ကိုအောင်မင်းက အောင်မြင်ကြည်လင်သော အသံနှင့်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ သူ၏အသံသည် ဩဇာရှိ၍ အတော်ပင် ပြတ်ပြတ်သားသားရှိလေသည်။

"THE PURPLE PLAIN ပဲဗျ ....."

သက်သက်က "ခရမ်းရောင်လွင်ပြင် ....."ဟု စိတ်ကူးယဉ်ယဉ်နှင့် ဆိုလိုက်မိလေသည်။

"တောင်တွေ လှတယ်ဆိုတော့ ဘယ်လိုနေလို့လဲ ....."

ညီထွေးက မသိသားဆိုးဝါးစွာ မေးလိုက်၏။

"သာယာတာကို ပြောတာပေါ့ဗျ"ဟု သက်သက်ကဆို၏။

သက်သက်သည် ဖြူဖြူသေးသေး နွဲ့နွဲ့လေးနှင့် မိန်းကလေးဆန်ဆန်လှသလောက် အသံမှာလည်း နွဲ့လေ၏။

"အဲဒီ သာယာတယ်ဆိုတာကိုလည်း ကျုပ်က မသိပြန်ဘူးဗျ၊ ကျုပ်က အသံရဲ့ သာယာတာကိုသာ နားလည်တာ ....."

"ညီထွေး တိတ်တိတ်နေစမ်း ....."ဟု မိမိညိုက ဟန့်လေ၏။

"ခု ဖြတ်လာတဲ့ တောင်တွေဟာ နွားပြင်းတောင်နဲ့ ဇန္ဗူဝတောင် မဟုတ်လား ဟင် ....."

စီစီက ဝင်မေးလေ၏။

"အေး ဟောဟိုဟာက တောင်သာတောင် ....."

ကိုလတ်က ဘေးတစ်ဖက်သို့ လက်ညှိုးထိုးပြနေ၏။

"အစ်ကို ခု မြင်းခြံနဲ့ ဘယ်လောက်ဝေးခဲ့ပြီလဲ ဟင် ....."

သက်သက်က ကိုအောင်မင်းအား မေးလိုက်လေ၏။

"၁၄ မိုင် ဝေးခဲ့ပြီကွ ....."

"ဟုတ်လား ..... ဒီလိုဆိုရင် ပုပ္ပားတောင်ရောက်ဖို့ ဘယ်နှစ်မိုင်ကျန်သေးလဲ ဟင် ....."ဟု ကိုလတ်က ဆက်မေးပြန်၏။

"၃၅ မိုင် ....." ကိုအောင်မင်းက ကား၏ စတီးယာရင်ကိုထိန်းရင်း



ဖြေလိုက်၏။

"ဟင် အဝေးကြီးပဲ ကျန်သေးတယ်နော်၊ အစ်ကိုရေ မြန်မြန် မောင်း ... စီစီ ရောက်ချင်လှပြီ ....."

ကိုအောင်မင်းက ပြုံးနေ၏။

"ဟဲ့ ဘယ့်နှယ်လဲ ကားမောင်းတာကို သွားလောနေတာ"

မိမိညိုက ကြားဖြတ် မာန်လိုက်လေ၏။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် တစ်လျှောက်လုံး ပေါက်ရောက်နေသော ထန်းပင်များသည် ၎င်းတို့၏ ရှည်လျားသော အရွက်များနှင့် ဝေဝေဆာဆာရှိလေသည်။ မိုးသားအပြာကို ထိလုခမန်းဖြစ်သော ထန်းပင်များသည် ပြတ်သားကြည်လင်သော ဓာတ်ပုံကားချပ်နှင့်တူသေးတော့သည်။

× × × × ×

ညနေမှ ပုပ္ပားတောင်ခြေရင်း ဘိုတဲသို့ ရောက်ကြသည်။

စင်စစ်အားဖြင့် ပုပ္ပားသို့ ဘုရားဖူးရောက်လာကြသူများသည် ဘိုတဲရှေ့ဘက်ရှိ ဇရပ်တွင် တည်းခိုကြသည်သာတည်း။ ဘိုတဲမှာ သီးသန့်တည်းခိုစရာလိုဖြစ်နေသည်။ ဘိုတဲကို ပိုက်ဆံကြေးငွေ ချမ်းသာသူတစ်ဦးက ဆောက်ထားကာ သူ၏အိမ်ထောင်စု ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသင်္ဂဟများတည်းခိုရန်အတွက်ဖြစ်၏။

ထိုဘိုတဲမှာ သစ်သားတန်းလျားရှည်ကြီးပေမယ့်လည်း ရှေးခေတ်က အရာရှိများ ဘိုတဲကဲ့သို့ပင် ခမ်းနားသပ်ရပ်လေသည်။ အိပ်ခန်းများ ဖွဲ့ထားပြီး အခန်းဖွဲ့ထားပုံမှာလည်း သေသပ်လှ၏။

ဘိုတဲ၏ပတ်ဝန်းကျင်ခြံဝိုင်းကြီးမှာ ကျယ်ပြော၍ ငှက်ပျောပင်များ၊ နာနတ်ပင်များစွာ စိုက်ပျိုးထားလေသည်။ ငှက်ပျောသီးများသည် အခိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက် ပြွတ်သိပ်သီးမှည့်ကာ ..... နာနတ်သီးတို့သည် လှိုင်လှိုင်သီးနေ၏ ။

ကိုလတ်သည် ငှက်ပျောပင်များကြားထဲလျှောက်ပြေးကာ ..... "ငှက်ပျောတော မင်းသားပါဗျ ....." ဟု ပုဆိုးစခွဲကာ ပတ်ချာဝိုင်းကနေသည်။ သက်သက်နှင့် စီစီတို့သည် နာနတ်သီးများကို လိုက်ရေတွက်နေကြသည်။

ညီထွေးသည်သာ ဝရန်တာတွင် တိုင်ကိုမှီကာ ထိုင်နေသည်။ အမေနှင့် မိမိညိုသည် စားရေး၊ သောက်ရေးအတွက် စီမံနေကြသည်။

× × × × ×

ညနေဆည်းဆာချိန်တည်း။

ပုပ္ပားတောင်ကလပ်၏ အောက်ခြေရင်းနေရာကား အေးချမ်းလှပေသည်။ တောင်ခြေနှင့် တောင်စောင်းတစ်ဝိုက်တွင် ငှက်ပျော၊ ပိန္နဲ၊ သဘော်၊ ကော်ဖီ စသော အပင်များနှင့် သရဖီ၊ ကုံကော်၊ နော်ဇာ၊ စကား စသော သီးပင် ပန်းပင်များ စိုက်ပျိုးထားလေသည်။ ရေထမ်းနှင့် တောင်ပေါ်သို့တက်ကြသူ ပုပ္ပားသူကလေးများ၏ အသားသည် ဝါဝင်း၍ နှုတ်ခမ်းလေးများမှာ ပကတိ နီထွေးနေသည်။ သူတို့၏ အဝတ်အစားများသည် စုတ်ကာ ဟောင်းလွန်းသဖြင့် သူတို့အလှကို ဘယ်သူမှ သတိမထားမိပေ။

မိုးခေါင်ရေရှားရပ်ဝန်းတွင် တည်ရှိပါသော်လည်း မိုးပိုမိုရရှိသောကြောင့် သစ်ပင်များကို လူတို့ ခုတ်ထွင်လွန်း၍ မိုးပါးရှားလာခဲ့ရာ၊ အစိုးရ သစ်တောဌာနနှင့် မြေကျေးရှင်း (မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း)အဖွဲ့မှ သစ်တောများကို ပြန်လည်ထူထောင်နေသည်။ စီမံကိန်းများဖြင့် သရက်၊ ကော်ဖီ စသော အပင်များ



ကို စိုက်ပျိုးလေ၏။

တောင်တစ်ဝိုက်တွင် စမ်းရေများ အလိုလိုစိမ့်၍ ထွက်စီးကျနေရာ ..... အေးမြစိမ်းစိုကာ မြမြမှိုင်းနေ၏။ ချော်မြေဖြစ်သဖြင့် မြေဩဇာလည်း ကောင်း၊ ရေလည်းပေါကာ သီးနှံပင်များအတွက် အထောက်အကူပြုလေသည်။

ပုပ္ပားတောင်သည် သဲကန္တာရထဲမှ အိုအေစစ်သဖွယ်ဖြစ်သဖြင့် ခရီးထွက်သူများ၏စိတ်ကို အထူး ကြည်အေးစေ၏။

မိမိညို၏စိတ်သည် လွတ်လပ်ပေါ့ပါးနေ၏။

လန်းလန်းဆန်းဆန်းလည်းရှိကာ ဝမ်းပန်းကြည်နူးလျက် မြူးတူးမိလေသည်။ သည်အချိန်တွင် မိမိညို၏ပုခုံးပေါ်၌ ဘာတာဝန်မှမရှိ၊ ဘာကိုမှလည်း တွေးပူစရာမလို၊ ဘာမှ အပူအပင်မရှိပါတကား .....

မိမိညိုသည် စီလျက်ပေါက်ရောက်နေသော ငှက်ပျောပင်များကြားတွင်၊ ငှက်ပျောရွက်လေးများကိုဆွဲကာလျှောက်ရင်း တေးသီချင်းကိုပင် ညည်းမိလေသည်။ သူ၏ တေးသီချင်းသံသည် ငှက်ကလေးများ အိပ်တန်းဝင်ချိန်တွင် ကြွေးကြော်သံများကဲ့သို့ သာယာလေသလော။

စမ်းရေ စီးဆင်းသံကဲ့သို့ ညင်သာလေသလော၊ ငှက်ပျောရွက်ဖတ်ကြီးများကို လေတိုးသံကဲ့သို့ နူးညံ့ပျော့ပြောင်းလေသလော .....

ပုပ္ပား ပုပ္ပား တောင်တော်ရွှေပုပ္ပား .....၊ ပုပ္ပားရဲ့သာလာချင်ပါရဲ့ လေး× × (စကားပွင့် ဂမုန်းရယ် ..... အများဖြင့်သုံးတယ် .....၊ ပုပ္ပားတောင်မြတ် တောင်ကလပ်ဝယ်၊ ဝိဇ္ဇာဇော်ဂျီ တပသီ ဆေးကြိတ်ပါတယ်)၊ စိမ့်စမ်းရေတံခွန် ၉၉ နဲ့ ကျောက်နသိုးကိုးကောင် ရှိပါတယ်.....)

ရေထွက်များမှစီးဆင်းလာသော စမ်းရေယာဉ်သည် တောင်ခြေတစ်ဝိုက်တွင် တဝေါဝေါမြည်နေသည်။ ရှေးအခါကာလက ဤစမ်းချောင်းရေတွင် ကျားများပင် ရေလာသောက်ကြသည်ဟု အဆိုရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

(ပန်းပဲမောင်တင့်တယ် ..... နတ်မောင်နှမရယ်၊ ပျော်စံမြန်းတဲ့ နတ်နန်းကြီးလည်း ရှိရာဌာနတကယ်)၊၊ ပေါက္ကံပြည်ကို ပန်းတော်ဆက်တဲ့ ကိုဗျတ္တနဲ့ မယ်ဝဏ္ဏာတို့ တူစုံမောင်မယ်၊ ချစ်ကြိုးသွယ်ကာ ရွှေဖူးညီနောင် ဖွားရာဒေသကွယ် .....

× × × × ×

"မိမိညို ပျော်သလား ....."

မိမိညို၏တေးသီသံမှာ ရပ်သွားသော်လည်း၊ ရင်ထဲတွင် သံသာကျူးရင့်ဆဲပင်တည်း။

ကိုအောင်မင်းကို ကင်မရာလွယ်လျက် မားမားကြီးလာရပ်သည်ကို တွေ့မြင်ရလေသည်။

"ဟုတ်ကဲ့ရှင့် ..... ကျွန်မရဲ့စိတ်တွေဟာ သိပ်ကြည်နူးတာပဲ ..... ပုပ္ပားတောင်ရဲ့ ညနေရှုခင်းက သိပ်လှတာပဲနော် ..... "မိမိညိုက အားရပါးရ ပြောပြနေမိသည်။

"မိမိညို တစ်ယောက်တည်း နေရစ်သလား ....."

"မဟုတ်ပါဘူး ..... အမေနဲ့ ညီထွေးက အိပ်ခန်းထဲမှာမောလို့ နားနေကြတယ် ..... စီစီညိုတို့၊ ကိုလတ်တို့၊ သက်သက်တို့ကတော့ နှမတော် ရေထွက်ကို သွားကြည့်ကြတယ် ....."

မိမိညိုသည် လက်ကလေးနှစ်ဖက်ကိုပိုက်ကာ ဖြေလိုက်၏။ ကိုအောင်မင်းသည် မိမိညိုအား ငေးကြည့်ကာ ပြုံးရင်း .....

"ကျွန်တော် မိမိညိုကို တစ်ခုပြချင်လို့ လာခေါ်တာ ....."

"ဘာကိုများပါလဲ ....."

"တိမ်တွေတောက်ပြီး နေဝင်သွားပုံဟာ သိပ်လှတာ ..... ဟိုဘက်မှာ မြင်ရတယ်၊ ဒီကနေ တက်သွားရင် စိုက်ပျိုးရေးခြံကိုကျော်သွားရမယ်၊ လှတာမှ သိပ်လှတာပဲ၊ ကျွန်တော်သာ ပန်းချီဆရာတစ်ယောက်ဆိုရင် တောင်စွန်းကနေ နေဝင်သွားပုံ အမိအရ ပန်းချီရေးဆွဲမှာပဲ၊ အရောင်တွေဟာ နီပြီး လွင်နေတာပဲ၊ ဆည်းဆာရဲ့အလှဆိုတာ ဒါပဲနေမှာ ....."

"ဆည်းဆာရဲ့အလှ ....."

"ဟုတ်ပါတယ် မိမိညိုရေ ..... ကျွန်တော်တို့ဟာ သိပ်အမှတ်မဲ့နေတတ်ကြတာဗျာ၊ ဆည်းဆာရဲ့အလှကို သတိမထားမိကြဘူး၊ လာပြောနေကြာရော့မယ် ..... ကျွန်တော်နဲ့လိုက်ခဲ့၊ မိမိညိုမြင်ရင် သိပ်သဘောကျမှာ၊ ပြီးတော့လည်း ဟိုတောင်ကုန်း သရဖီပင်အောက်မှာ မိမိညို့ ကို SILHOUETTE ပုံတစ်ပုံလောက်ရိုက်ချင်သေးတယ် ....."

"ဘာပုံရယ် ....."

"အေးတိုက် အရိပ်ပုံလေ ..... အလင်းရောင်ကို ဆန့်ကျင်ဘက်ပြုပြီး ရိုက်ထားတဲ့ပုံမျိုးဟာကော ....."

"ဪ ..... သိပါပြီ ....."

"ကိုင်း ဒါဖြင့်လာ၊ နေရောင်ကျန်သေးတယ်၊ ရိုက်ရအောင်"

ကိုအောင်မင်းက ရှေ့ကသွား၍ မိမိညိုက နောက်မှလိုက်သွားလေသည်။ ကိုအောင်မင်းသည် ကုတ်အင်္ကျီ မီးခိုးရောင်ဖျော့ဖျော့၊ မာဖလာလည်စည်း၊ ပုဆိုးအကွက်ကျဲနှင့် ရှေးလူကြီးဆန်သောအဝတ်အစားများကို ဝတ်ထား၏။

မိမိညိုကား ဆံကျစ်နှစ်ဖက်၊ အင်္ကျီလက်ပြတ် စိမ်းပြာရောင်၊ အဖြူခံတွင် အနက်ပွင့်လေးများရက်ထားသော ရခိုင်လုံချည်နှင့် များစွာနုနယ်သောအသွင်ကို ဆောင်နေ၏။ စီစီနှင့် အသက်ချင်းမခြားလှသော ရုပ်ရည်မျိုးကို တွေ့ရသောအခါ၌ ကိုအောင်မင်းက .....

"မိမိညိုက အသက်အငယ်လေးရှိသေးတာပဲနော် ....."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအသက် (၂၄) နှစ်ရှိပါပြီ ....."

"ကျွန်တော့်ထက် ၄ နှစ်ပဲ ငယ်တာပဲ၊ ဒါပေမဲ့ မိမိညိုက နုတယ် ..."

နှစ်ယောက်သား တောင်ခြေမှ တစ်စတစ်စ တက်လာကြလေသည်။

"မိမိညိုရေ ..... အနောက်ဘက်ကို ကြည့်လိုက်စမ်း၊ တွေ့လား ..... နေလုံးနီနီရဲရဲကြီးရဲ့အရောင်တွေဟာ လောကကြီးကို နှုတ်ဆက်ဟန်နဲ့ ကျန်ရစ်တယ်၊ မကြာခင်ပဲ ဒီအရောင်တွေဟာ ပျောက်ကွယ်ရှာရတော့မှာ ....."

မိမိညိုသည် ကိုအောင်မင်းညွှန်ပြရာသို့ လှမ်းကြည့်ရင်း .....

"ဟုတ်ပါရဲ့ ..... သိပ်လှတာပဲနော်၊ တိမ်တောက်တာသာ မြင်ဖူးတာ ..... ဒီလို ကောင်းကင်ကြီးတစ်ခုလုံး နီရဲတောက်ပနေတာ ကျွန်မတခါမှ မတွေ့ဖူးဘူး၊ အသက်နဲ့အမျှ ဆိုပါတို့လေ"

ကိုအောင်မင်းသည် ကင်မရာကိုချိန်ကာ .....

"မိမိညို ..... အဲ အဲ ဟိုနားမှာ ခဏရပ်လိုက်စမ်းပါ၊ ငြိမ်ငြိမ်လေး ..... ငြိမ်ငြိမ်လေး ....."ဟုဆိုလိုက်၏။

ကိုအောင်မင်းမှာ မိမိညို၏ပုံ သုံးလေးပုံခန့်ကို ရိုက်ယူလိုက်လေသည်။

ကျောက်ဆောင်ကြီးတခုသို့ တရွေ့ရွေ့လျှောက်လာကာ ..... ကိုအောင်မင်းက ကျောက်တုံးပေါ်ထိုင်ချ၍

"မိမိညို ..... လာလေ ထိုင်ပါဦး ....."ဟု လှမ်းခေါ်၏။

မိမိညိုက ကိုအောင်မင်း၏ဘေး ကျောက်တုံးတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်၏။ သစ်ခက်ခြောက်တစ်ခုဖြင့် မြေပြင်ပေါ်တွင် တောင်ခြစ်မြောက်ခြစ်ပြုလုပ်ရင်း .....

"ကျွန်မတို့ မနက်အစောကြီး 'ထ' ပြီး တောင်ကလပ်ပေါ်တက်ကြရမှာနော် ....."



"စောစောတက်တော့ ပိုကောင်းတာပေါ့ ....."

"တောင်က ပေ ၃၀၀၀ တောင် မြင့်တယ်တဲ့နော် ..... ရေထွက်ပေါင်း ၂၀၀ နီးပါးတောင်ရှိသတဲ့။ ရှေးပုဂ္ဂမင်းများလက်ထက်က နတ်တွေကို နေရာချထားပေးတဲ့ နေရာဖြစ်လေတော့ ပုပ္ပားနတ်တောင်လို့ခေါ်ကြ တာပေါ့နော် ..... ရှေးဂရိတိုင်းပြည်က အိုလန်ပတ်(စ်)တောင်လိုပေါ့လေ ..... နတ်တို့ရဲ့ ပျော်စံရာတောင်ပဲ ....."

"မိမိညို စောစောကဆိုတဲ့ သီချင်းလား ..... ပျော်စံမြန်းတဲ့ နတ်နန်းကြီးလည်း ရှိရာဌာနတကယ် ..... ဆိုလားလေ ....."

မိမိညိုက ရှက်ရှက်နှင့်ရယ်မောလျက် .....

"ကျွန်မ သီချင်းမဆိုတာ အတော်ကြာသွားပြီ၊ ဘယ်နှစ်လတောင်ရှိသွားပြီလည်းမသိဘူး၊ ဟိုတုန်းကတော့ တော်တော်ဝါသနာပါတာ၊ ခုတော့ ဆိုကျင့်မရှိတော့ ကလေးကလားလိုပဲ ....."ဟု တုံ့ဆိုင်းစွာ ဖြေလေ၏။

"သီချင်းဆိုတာ ဘာဖြစ်သလဲဗျာ ..... မိမိညိုဟာ ကိုယ့်ကိုယ်ကိုယ် သိပ်သိက္ခာတင်းနေတာကိုးဗျ၊ စင်စစ် မိမိညို့အသက်အရွယ်လေးဟာ ပျော်ပျော်ပါးပါးနေဖို့ အချိန်တွေပဲ ....."

"ကျွန်မမယ် ပျော်ချင်ပါးချင်တဲ့စိတ်တောင် မရှိပါဘူး၊ အိမ်အတွက်နဲ့ ငွေရေးကြေးရေးအတွက်ပဲ ပူပန်နေရတာပဲ၊ တစ်ခါတလေတော့လည်း ကိုယ့်ဘဝက်နနိ့နဲ့တာကို စိတ်နာတယ်....."

မိမိညိုသည် ကိုအောင်မင်းကို ပြောပြချင်တာတွေ ရင်ထဲမှာ ပြည့်နှက်လျက်၊ ပြောမထွက်ပြန်သဖြင့် စကား'စ'ကို တိုတိုနှင့်ပင် ရပ်နားလိုက်၏။

"မိမိညိုဟာ လူလှသလောက် ကံမလှဘူးနော် ... ."

"တခြား စိတ်ညစ်စရာတော့ တယ်မရှိပါဘူး ..... ပင်ပန်းလွန်းတာ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ကျွန်မ တစ်ခါတလေ အလုပ်လုပ်ရင်း အသက်ဘယ်ကရှူရမယ်တောင် မသိဘူး၊ ကျွန်မရဲ့လက်တွေကြည့်ပါဦး ..... အသားမာတက်နေလိုက်တာ၊ ရပ်နဲ့တောင်မလိုက်ဘူး၊ ဒီမှာနေရင် တွင်းရှေင်ရတာ ..... ရန်ကုန်မှာနေတုန်း တစ်ချက်တစ်ချက် ပေါက်တူးပေါက်ရတာရှိသေးတယ်၊ ကျွန်မက ပင်ပန်းတာနဲ့ ဖူးစာဖက်လေရှေသလားကို မသိပါဘူးရှင် .....”

မိမိညိုသည် ရယ်လျက် ခေါင်းကို စောင်းငဲ့ကာ ကလေးငယ်ပမာ ပြောပြနေမိသည်။

ကိုအောင်မင်းသည် မိမိညိုအား စိန်းစိန်းကြည့်ကာ .....

“မနေတတ်တဲ့သူတွေဟာ ပင်ပန်းတာပေါ့ဗျာ .....”

“လောကကြီးကိုက မတရားပါဘူး၊ ကျွန်မလို ကိုယ့်အိမ်ထောင်စုအပေါ်သိတတ်သူ၊ မိဘအပေါ် လိမ္မာတဲ့သူဟာ ဘာလို့များ ဆင်းရဲရပါလိမ့်မလဲ ..... ငယ်ငယ်လေးတည်းက ပစ္စည်းအကောင်းဆိုရင် ကျွန်မ မရဘူး၊ မမကြီးကဖြစ်ဖြစ်၊ ကိုဦးကဖြစ်ဖြစ် ဦးသွားတာချည်းပဲ၊ ခုကျတော့ ကိုလတ်နဲ့ စီစီက ယူကြတယ်၊ ညီထွေးကိုလည်း သနားလို့ ညာရသေးတယ် ... ဒီတော့ ကျွန်မအတွက် ဘာမှ မကျန်တော့ဘူး...”

“ဩော် ..... မိမိညို ..... မိမိညို .....”

ကိုအောင်မင်းသည် သက်ပြင်းချ၍ ညည်းညူလိုက်သည်။

မိမိညိုသည် ကိုအောင်မင်း၏ ညည်းညူသံအကြားတွင် စိတ်တို့သည် အရေပျော်လုလုဖြစ်ကာ .....

“ဒါကြောင့် တစ်ခါတလေ ကျွန်မ ဘယ်သူ့အတွက်ကိုမှ မတွေးဘဲနေချင်တယ် ..... ကိုယ်လွတ်လက်လွတ်ပေါ့လေ .....”ဟု မျက်ရည်စစနှင့် ပြောလိုက်လေသည်။

“မိမိညို့ကိုမြင်တော့ ကျွန်တော်ဖတ်ရတဲ့ ခရစ်ယာန်သမ္မာကျမ်းစာ



ထဲက အဖြစ်ကလေးတစ်ခုကို သွားသတိရမိတယ် .....”

“ဟင် ..... ကိုအောင်မင်းက ခရစ်ယာန်သမ္မာကျမ်းစာကိုလည်း ဖတ်တယ်လား .....”

“ကျွန်တော်လား ..... ခရစ်ယာန်ရော၊ အစ္စလာမ် ကျမ်းစာတွေရော ဖတ်ကြည့်ပါတယ် .....”

“ဩော် ..... ဩော် .....”

“ယုံကြည်တာ မယုံကြည်တာ အပထားလို့၊ ဘာသာတရားတိုင်းမှာ အင်မတန်မွန်မြတ်တဲ့သဘောတရားတွေကို တွေ့ရတယ်၊ ဥပမာ စိတ်ထားဖြူစင်တာ၊ ဒုစရိုက်ကိုပယ်တာ၊ ဒါနနဲ့ သီလသဘောထားတွေမှာတော့ အတူတူပါပဲ၊ ဗုဒ္ဓဘာသာမှာ ဘာဝနာအဆင့်ကပိုတယ်၊ အဲဘာဝနာကတော့ နိဗ္ဗာန်ရောက်ကြောင်းပဲဗျ .....”

“ကျွန်မကတော့ သီလစင်ကြယ်အောင် အမြဲကြိုးစားတာပဲရှင့် .....”

“အဲ ... မိမိညိုကို ပြောပြရဦးမယ်၊ BIBLE ထဲမှာပါတဲ့ဝတ္ထုလေးတခုဟာ နာမည်ကတော့ The Good Samaritian တဲ့ဗျ .....”

“ဆယ်မယ်ရီတန်ဆိုတာ ဘာပါလဲရှင် .....”

“အဲဒီပုံထဲက လူတစ်ယောက်ရဲ့နာမည်ပါပဲ၊ ကောင်းမြတ်တဲ့ ဆယ်မယ်ရီတန်တဲ့ .....”

“ဟုတ်ကဲ့ ... ဆိုပါဦးရှင် .....”

“ရှေးတုန်းက ခရီးသည်တစ်ဦးဟာ သဲကန္တာရခရီးတစ်ခုကို ဖြတ်သွားတော့ လူတစ်ယောက်နဲ့တွေ့တယ်တဲ့၊ အဲဒီလူက ခရီးသည်ရဲ့ ပစ္စည်းရှိသမျှအကုန် လုယက်တိုက်ခိုက်ယူပစ်လိုက်တယ်တဲ့ .....”

“လူဆိုးပေါ့နော် .....”

“သူများပစ္စည်းကို လုတယ်ဆိုကတည်းက လူဆိုးပေါ့၊ သူက ပြောသေးသဗျ၊ “မင်းပစ္စည်းဟာ ငါ့ပစ္စည်း ..... ဒါကြောင့် ငါယူမယ်”တဲ့

www.burmeseclassic.com

www.burmeseclassic.com



What is your' is mine, I will take it ဆိုတာပေါ့ဗျာ ....."

"ဟင် တယ်ပိုင်ပါလား ....."

"နောက် ဒီခရီးသည်လည်း သဲကန္တာရခရီးကို ပစ္စည်းမပါ ဗလာကိုယ်ထီး လျှောက်သွားရရှာတယ်တဲ့၊ စားရမဲ့ သောက်ရမဲ့ဖြစ်နေရှာတာပေါ့လေ၊ ဒါနဲ့ လမ်းမှာ ဒုတိယလူတစ်ယောက်နဲ့ ဆုံပြန်ရော၊ နှစ်ယောက်သား အရိပ်အောက်မှာ နားခိုရင်း၊ အဲဟိုလူကတော့ စားစရာပစ္စည်းအပြည့်၊ အိပ်ရာအဝတ်အပြည့်အစုံနဲ့ သူတစ်ယောက်ထဲ စားသောက်ရင်း "ငါ့ ပစ္စည်းဟာ ငါ့ပစ္စည်းပဲကွ ..... ငါ့ဘာသာ ငါပဲစားမယ်"လို့ ပြောတယ်တဲ့၊ What is mine is mine. I will keep it ပေါ့ဗျာ ....."

"သူကတော့ တစ်ကိုယ်ကောင်းသမားပဲရှင် ....."

"ဒါပေါ့ လောကကြီးမှာ ဒီလိုလူတွေ ဘယ်နှစ်ယောက်ရှိသလဲ မိမိညို ပြောနိုင်သလား ..... ထားပါတော့၊ ဒုက္ခသည် ခရီးသွားသူလည်း ခရီးဆက်ပြန်ရင်း တစ်နေရာမှာနားတော့ နောက်ဆုံးလူ တတိယလူပေါ့ဗျာ ..... ဆုံပြန်ရော၊ အဲဒီလူကတော့ ကြင်နာစိတ်အပြည့်နဲ့ သူ့မှာပါတဲ့ အစားအသောက်၊ အဝတ်၊ အိပ်ရာနေရာများ ပေးကမ်းမျှတယ်တဲ့ဗျာ ....."

"ဆယ်မယ်ရီတန် ဆိုတာလား ....."

"အစစ်ပေါ့ဗျာ ..... ဝွတ် ဆယ်မယ်ရီတန်ပါပဲ၊ သူကပြောတယ်တဲ့၊ "ငါ့ပစ္စည်းဟာ မင်းပစ္စည်းပဲ၊ မင်းကို ငါ ဝေမျှပါ့မယ်"လို့ဆိုတယ်၊ What is mine is yours, we will share it ပေါ့ဗျာ ....."

မိမိညိုသည် ကလေးတစ်ယောက်ပမာ ပါးစပ်လေးဟကာ နားထောင်ပြီး သဘောကျနေသည်။

"ကျွန်မ သဘောပေါက်ပါပြီ ..... လောကကြီးမှာ ဒီလိုလူမျိုး



သုံးမျိုး သုံးစားရှိ ထင်ပါရဲ့နော်၊ မင်းပစ္စည်းဟာ ငါ့ပစ္စည်းဆိုတဲ့လူစားရယ်၊ ငါ့ပစ္စည်းဟာ ငါ့ပစ္စည်းပဲဆိုတဲ့ လူစားရယ်၊ ငါ့ပစ္စည်းဟာ မင့်ပစ္စည်းပါပဲလို့ဆိုတဲ့လူစားရယ် သိပ်ဆီလျော်တဲ့ ပုံဝတ္ထုလေးပဲ ....."

"ကျွန်တော်တို့ဟာ တတိယအမျိုးအစားထဲမှာ ပါဖို့ကို ကြိုးစားရမှာပေါ့ဗျာ ....."

"တရားဓမ္မတွေ ဖြန့်ဝေနေတဲ့ ကိုအောင်မင်းလိုလူမျိုးကတော့ ပါမှာပေါ့ရှင့် ....."

"မိမိညိုက ဒီအထိ ကျွန်တော့်ကို အထင်ကြီးသေးတာပေါ့နော် ..."

"ကျွန်မ အစကတည်းက ကိုအောင်မင်းကို လေးစားခဲ့တာပဲ"

မိမိညိုသည် ကျောက်ဆောင်တွင် ထိုင်နေရာမှ ထလိုက်၏။ အနောက်ဘက်တစ်ခို၌ နေလုံးကြီးသည် သူ့ရောင်ခြည်များကို ဖြန့်ထားခဲ့ဆဲပင်ဖြစ်၏။

"မိမိညို သွားတော့မလို့လား ..... နေပါဦးဗျ ....."

ကိုအောင်မင်းက ထိုင်ရာမှထပြီး မိမိညိုအနီးတွင် လာရပ်ကာ မေးလိုက်လေ၏။

"အမေ မျှော်နေရော့မယ် ..... စီစီတို့တောင် ပြန်ရောက်လောက်ပြီ ..."

"နေပါဦး မိမိ ..... မိမ့်ကို ကိုယ် မေးစရာတစ်ခုရှိလို့ပါ ....."

ကိုအောင်မင်းသည် မိမိညို၏မျက်လုံးများကိုစိုက်ကြည့်လျက် ရင်းနှီးစွာ ပြောလိုက်လေသည်။ မိမိညိုသည် ကိုအောင်မင်း၏ ရူးရှုတောက်ပြောင်သော မျက်လုံးများမှ မျက်နှာလွှဲရင်း .....

"ဘာကိုပါလဲ ရှင် ....."

"မိမိညို ဘာဖြစ်လို့ ကျွန်တော့်လက်စွပ်ကို ပြန်ပေးရသလဲ"

"လက်ဆောင်ပစ္စည်းဆိုတာ ပြန်မပေးကောင်းပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုသည် ပြုံးပြုံးလေးနှင့်ငေးနေသည်။ သူတို့နှစ်ဦး၏နှုတ်သည် ငါးမိနစ်တာခန့် ဆိတ်နေကြလေသည်။

“ဟော ..... မိမိ မဖြေနိုင်လို့ ငိုင်နေပြီ၊ ဒီလိုမလုပ်ပါနဲ့ မိမိရယ်”

“ကျွန်မ ဒါလောက် အဖိုးတန်တဲ့ပစ္စည်းကို မလိုချင်လို့ပါ .....”

မိမိညိုက တိုးတိုးဖြေလေသည်။

“အို ..... ဘယ့်နှယ်ဗျာ ..... အဖိုးတန်တဲ့ပစ္စည်းမို့လို့ ပိုတောင် တန်ဖိုးထားရဦးမယ်၊ ပေးတဲ့လူက စေတနာနဲ့ မဟုတ်လား ..... အဲဒီ စေတနာကိုတောင် မိမိ အသိအမှတ်မပြုချင်ဘူးလား .....”

“မဟုတ်ပါဘူး ..... ကျွန်မနဲ့ ဒီပစ္စည်းနဲ့ မထိုက်တန်ဘူး ထင်လို့ပါ .....”

“ဒီလို မပြောပါနဲ့ဗျာ .....”

“ဪ ..... ဟုတ်တယ်၊ ကျွန်မ စိန်ရွှေပစ္စည်း ဘယ်တော့မှမဝတ်ဘူး ..... ကိုအောင်မင်းရဲ့ မြလက်စွပ်မြင်တော့ ပြန်ပေးမှာပဲလို့ တစ်ခါတည်း ဆုံးဖြတ်ချက်ချလိုက်တာပဲ .....”

“ကဲ ..... ဘာတွေညာတွေ စကားများမနေနဲ့ ..... မိမိ ကျွန်တော့် လက်စွပ်ကို ဝတ်ထားရမှာပဲ၊ ကျွန်တော်ပေးကတည်းကိုက ပြန်ပေးရင် ဘယ်တော့မှ မယူဘူးဆိုပြီး အဓိဋ္ဌာန်ပြီးပေးခဲ့တာ .....”

“ဪ ..... ပြန်ပေးမှာကိုလည်း ထည့်တွက်သေးတယ်လား .....”

မိမိညိုက ပြုံးလျက် မေးလိုက်လေသည်။

“ဟာ ..... တွက်တာပေါ့၊ မိမိ့စိတ်ကို ကိုယ်သိနေတာပဲ၊ မိမိ ..... မိမိ ..... မိမိ သန္နိဋ္ဌာန်ခိုင်မာသလို ကိုယ်လည်း ခိုင်မာပါတယ်ကွယ်”

ကိုအောင်မင်းသည် ဖြူနုံးဆို မိမိညို၏ ဘယ်လက်ကိုဆွဲကိုင်ကာ ကုတ်အင်္ကျီအိတ်ထဲတွင် အလွယ်တကူထည့်ထားသော လက်စွပ်ကိုယူလျက် လက်သူကြွယ်တွင် ဝတ်ပေးလိုက်လေသည်။



မိမိညိုသည် ရုတ်တရက်မို့ ရုန်းလည်းမရုန်းမိ၊ လက်ကိုပင် အကြည်တသာ ဖြန့်ပေးမိလားမသိပေ။ အဘယ့်ကြောင့် ကိုအောင်မင်း၏ လွှမ်းမိုးခြင်းခံနေရသည်ကို သူ့ဘာသာသူ မတွေးတတ်နိုင်ပေ။

ကိုအောင်မင်းသည် မိမိညို၏ လက်ကလေးကိုဆုပ်လျက် ..... “ဒီလောက်လှတဲ့ လက်သွယ်သွယ်လေးဟာ ဘာဖြစ်လို့ ဒီလက်စွပ်နဲ့ မထိုက်တန်ရမှာလဲ မိမိရယ် ..... မိမိဟာ အရူးအမိုက်လိုပဲ စကားပြောတယ် .....”ဟု ပြောလိုက်လေ၏။

မိမိညိုသည် ပြုံးရယ်လျက် နေဝင်ရာသို့ငေးမောကာ ..... “ကျွန်မ မိုက်တယ်လား ..... အကောင်းကိုမကြိုက်တတ်လို့ ရူးတယ်လို့ ဆိုချင်တာပေါ့လေ၊ ဒါပေမဲ့ ကျွန်မလည်း ဘာသားနဲ့ထုထားတာမို့ အကောင်းကို မကြိုက်ဘဲနေရမှာလည်း ကိုအောင်မင်းရယ်”ဟု ခပ်လေးလေး ဆိုလိုက်လေသည်။

“မိမိဟာ အလကား စိတ်ကို ချုပ် ချုပ်ထားတယ် ..... အခု မိမို့ ကမ္ဘာလေးဟာ ကျဉ်းကျဉ်းကလေး၊ ကိုယ့်ဘာသာကိုယ်ကောသိရဲ့လား၊ မိမိဟာ အသက် (၆၀) ကျော် အဖွားကြီးတစ်ယောက်မဟုတ်ပါဘူး ... (၂၄) နှစ်အရွယ် ပျော်လို့ မြူးထူးလို့ကောင်းတဲ့ အရွယ်ပါကွယ် ....”

ကိုအောင်မင်းက ညည်းလိုက်လေသည်။

“ကျွန်မ ပျော်သားပဲ .....”ဟု မိမိညိုက မပွင့်တပွင့်လေး ဖြေလိုက်၏။

ကိုအောင်မင်းသည် အားမလို အားမရနှင့် မိမိညို၏ ညာဘက် ပုခုံးကိုဆွဲကိုင်ကာ .....

“ပျော်တယ် ..... ကိုယ် မယုံပါဘူးကွယ် .....”

“အို ..... မယုံလည်း မတတ်နိုင်ဘူးလေ .....”

“မိမိ ..... ဒီမှာကြည့်စမ်း .....”

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မင်းက မိမိညို၏ မေးစေ့ချွန်းချွန်းလေးကို ဆွဲမကာ သူ့အား ကြည့်စေသည်။ မိမိညိုက မော့ကြည့်လျှင် ကိုအောင်မင်းသည် စိတ်ညို့ အိပ်မွေ့ဆရာပမာ မိမိ၏မျက်လုံးများကို စိုက်ကြည့်နေသည်။ မိမိညိုသည် ကိုအောင်မင်းအား ငေးကြည့်ရင်း မျက်ရည်ကြည်များ တလဲ့လဲ့ တောက်လာသည်။

"ဒီမျက်လုံးလေးတွေဟာ အများကြီး စကားပြောနေတယ်ဆိုတာ ကိုယ်သိပါတယ်၊ မိမိဟာ ကိုယ့်ကိုယ်ကိုယ် လှည့်စားနေတယ်၊ စိတ်ကို တင်းထားတယ်၊ ချုပ်တီးထားတယ်၊ ရင်ထဲကိုဖောက်ဝင်လာတဲ့ အကြည်ဓာတ်ကလေးတွေကို အတင်းဖယ်ထုတ်ပစ်နေတယ်၊ ပြီးတော့ မိမိညိုဟာ ကိုယ့်ကိုယ်ကိုယ် နိုင်မာအောင် ကြိုးစားနေတယ် မဟုတ်လား ....."

ကိုအောင်မင်းသည် လက်ညှိုးထောင်လျက် မိမိညိုအား စေ့စေ့ကြည့်ကာ ပြောလိုက်လေသည်။ မိမိညိုသည် ပင့်သက်ဖြာကာ

"ဘာဖြစ်လို့ ဒါတွေ ပြောနေရတာလဲ ....."

တိုးတိတ်ငြင်သာစွာမေးလိုက်လေ၏။

"ဘာဖြစ်လို့လဲဆိုတာ ယောဒီ ပုပ္ပားတောင်ကို သက်သေထူရမှာပေါ့ ..."

"ဘယ်လို...."

မိမိညိုသည် မျက်ခုံးလေးတွန့်ကာ မေးလိုက်လေသည်။

"ပုပ္ပားတောင်စောင့်နတ်မင်းများကို တိုင်တည်ရင်း ကိုယ်ဖြေပါ့မယ် ..... ကိုယ်ဟာ မိမိ့ကို သနားလည်းသနားလို့ ချစ်လည်းချစ်လို့ ဒီစကားတွေကို ပြောနေရတာပါ ညီမလေးရယ်၊ နောက်ပြီးတော့ မိမိကလည်း ကိုယ့်ကို ပြန်ပြီးချစ်တယ်လို့ ယုံကြည်လို့ ....."

"ဘယ့်နှယ်ကြောင့် ....." မိမိညိုက တုန်ရီစွာမေးလိုက်လေ၏။

"ကိုယ်သိပါတယ်ကွယ် ..... မိမိဟာ ဟန်တောင်တတ်တဲ့မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ မျက်လုံးလေးတွေကို အကဲခတ်



လိုက်ရင် ဝမ်းနည်းနေလား၊ ဝမ်းသာနေလား၊ စိတ်ဆိုးနေလား၊ ချစ်သလား မုန်းသလားဆိုတာတွေကို ကိုယ်နားလည်ပါတယ်၊ မိမိရဲ့ အတွင်း အစ္ဈတ္တသဏ္ဍာန်ရဲ့အရိပ်တွေဟာ မျက်လုံးမှာပဲ လာထင်နေတာ မဟုတ်လား ညီမလေး ....."

မိမိညိုသည် မျက်ရည်ရစ်ဝိုင်းသော မျက်လုံးများနှင့် ကိုအောင်မင်းအား မော့ကြည့်ကာ ကိုအောင်မင်းလက်မှ မိမိလက်အိုးကို ဆွဲရုန်းကာ ကိုအောင်မင်းအပါးမှ ကမန်းကတန်းခွာ၍ အပြေးအလွှား တောင်ခြေသို့ ဆင်းလာလေသည်။

ပြေးရင်းပင် သူ၏ရင်မှာ တဒိတ်ဒိတ်ခုန်နေသည်။ အဘယ့်ကြောင့်ဤသို့ ရင်တဒိတ်ဒိတ်ခုန်ရသည်ကို မိမိညိုမှာ ကိုယ့်ကိုယ်ကိုယ် နားမလည် နိုင်ပေ။ အံကိုကြိတ်လျက် ပြေး၍ပြေး၍သာ ဆင်းလာလေသည်။

"မိမိ ..... မိမိ ..... မိမိညို ....."

ကိုအောင်မင်းက အော်ခေါ်ရင်း ပြေးလိုက်လာသည်ကိုပင် လှည့်၍မှမကြည့်။

စိုက်ပျိုးရေးခြံနားသို့ရောက်သော် ..... မိမိညိုမှာ မောနေသည်။ ရင်မှာ နိမ့်တုံမြင့်တုံနှင့် အသက်ကို ပြင်းပြင်းရှူနေ၏။ မျှားမကြာခင် ကိုအောင်မင်းသည် မီ၍လာလေသည်။ ကိုအောင်မင်းသည် မိမိညို၏ လက်ကို ဖမ်းဆွဲကာ .....

"ဘာကြောင့် ဒီလိုထွက်ပြေးရတာလဲပြောစမ်း ....."ဟု မေး၏။

မိမိညိုမှာ မျက်ရည်တွေကျလျက် ခေါင်းကိုခါယမ်းကာ .....

"ကျွန်မကို ကိုအောင်မင်း မချစ်စေချင်ဘူး၊ ကျွန်မကလည်း မချစ်ချင်ဘူး ....."ဟုသာ ဖြေလေ၏။

ကိုအောင်မင်းသည် ကြင်နာစွာပြုံး၍ အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ကာ မိမိညိုအား မျက်ရည်သုတ်ပေးရင်း .....

www.burmeseclassic.com

www.burmeseclassic.com



"တိတ် ..... တိတ် ..... မငိုနဲ့ ဒါ ငိုစရာမှမဟုတ်ဘဲနဲ့၊ မိမို့ကို ကိုယ်နားလည်ပါတယ်၊ မိမိစိတ်ချမ်းသာအောင် စီမံပါ့မယ် ..... ပြီးတော့ မိမို့တာဝန်တွေကို ကိုယ်မျှပြီး ယူပါရစေကွယ် ....."

"အဲဒီလိုလည်း ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး ....."

"အို ..... ဒုက္ခရယ် ဘယ်ဟုတ်ပါ့မလဲ....."

"ဒုက္ခမှ ဒုက္ခပါ .....ကိုအောင်မင်း မသိဘူးနော် ..... ပြီးတော့လည်း ကိုအောင်မင်းရဲ့မိဘများကလည်း သဘောတူမှာမဟုတ်ဘူး၊ ကျွန်မနဲ့ ကိုအောင်မင်း မထိုက်တန်ပါဘူးလေ ....."

"တစ်ဖက်သား စိတ်မချမ်းသာအောင် ဘာလို့ ဒီစကားတွေပြောရတာလဲ၊ ဘာပဲဖြစ်ဖြစ် မိမိကျောင်းဆင်းရင် လက်ထပ်ကြတာပေါ့ ..... ကိုယ့်မိဘများဟာ အေးပါတယ်၊ ကိုယ့်သဘောတစ်ခုပါ ....."

"မဖြစ်သေးပါဘူး ....."ဟု မိမိညိုက ညည်းလေ၏။

"အသက် (၆၀) ကျော် အဘွားကြီးလို တွေးရင်မဖြစ်သေးဘူးပေါ့၊ အသက် (၂၄) နှစ်လို တွေးပါကွာ ....."

ကိုအောင်မင်းသည် မိမိညိုအား စိုက်ကြည့်ရင်း ပြောလိုက်လေ၏။

"ကျွန်မတော့ ဘယ်လိုမှ မတွေးချင်ပါဘူး ....."

"ပေါတာမလေး.... ချစ်တာကို မချစ်ချင်ဘူးဆိုပြီး ငိုလို့ရသလား ..."

ကိုအောင်မင်းသည် မိမိညို၏ပါးကလေးကို အသာဆွဲလိမ်လိုက်လေသည်။

## [၂၅]

ပုပ္ပားတောင် အစပိုင်းမှာ ပြေပြေလေးဖြစ်သော်လည်း၊ တက်ရင်းတက်ရင်း ကျောက်လှေကားများသည် မက်စောက်၍လာလေသည်။

မိမိညိုတို့ တောင်တက်ချိန်မှာ စောသောကြောင့် မျောက်အချို့သည်



သစ်ပင်ထက်မှ ဆင်းသက်လာကြကာ အစာတောင်းလေ၏။

ကိုလတ်၊ သက်သက်နှင့် စီစီတို့သည် ဝမ်းသာအားရခုန်ပေါက်ကာ ငှက်ပျောသီး၊ မြေပဲလှော်များဝယ်ပြီး မျောက်များကိုကျွေးလေသည်။ မျောက်များသည် လူတွေနှင့်ယဉ်ပါးကာ လူနားကပ်နေကြသည်။

ကိုလတ်သည် မျောက်ကို မျက်နှာမဲ့ပြကာ တခွီးခွီးနှင့်လုပ်ပြနေသည်။ ပထမမျောက်များသည် ခေါင်းကို စောင်းငဲ့ကြည့်ကာ တကျိကျိအော်ဟစ်ပြီး သစ်ပင်ပေါ်သို့ တက်ပြေးကြလေသည်။

"ဟဲ့ကောင်လေး ..... မျောက်ကိုက်မယ် ..... ဘာသွားလုပ်ပြနေတာလဲ....." မိမိညိုက ဟန့်လေသည်။

"မမလေးရေ ဟောဟိုမှာ ပိန္နဲပင်ပေါ်ကဟာ မျောက်မနဲ့တူတယ်၊ ကျွန်တော့်ကို မျက်စပစ်ပြနေတယ် ....."ဟု ကိုလတ်က ရွှတ်တွတ်တွတ်နှင့် ဆိုလေ၏။

"ရှေ့က တက်မှာတက်စမ်း ဒီကောင်လေးဟာ ..... တောင်ပေါ်မှာ မတော်တရော် မပြောစမ်းနဲ့ ....."ဟု မိမိညိုက ဟန့်တားဆဲတွင်၊ အမေက .....

"အရှင်ကြီး၊ အရှင်ကောင်းများ အမိုက်အမဲမို့ ဗွေမယူပါနဲ့ ....."ဟု တောင်းပန်နေသည်။

ကိုလတ်၊ သက်သက်နှင့် စီစီတို့ ရှေ့မှပြေးတက်လျက်၊ မိမိညိုက အမေ့ကိုတွဲကာ၊ ကိုအောင်မင်းက ညီထွေးကိုတွဲ၍ တက်လာကြလေသည်။

"ညီထွေးပါလာတာ ကိုအောင်မင်းကို အားနာစရာကောင်းနေပြီ ....." ဟု အမေက ပြောရာ .....

"ကိစ္စမရှိပါဘူး ..... ဒီလို တောင်တွေ၊ ဘာတွေ တက်တာဟာ ညီထွေးရဲ့ ကျန်းမာရေးအတွက် အထူးကောင်းပါတယ်"ဟု ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းက အလိုက်သင့်ဖြေလေသည်။

တစ တစနှင့် နေလည်း မြင့်လာလေသည်။

အမေနှင့် ညီထွေးတို့ကား ပါးစပ်ဟကာ မောနေကြသည်။

"ဒါ နောက်ဆုံးအဆင့်ပဲ ..... လှေကားက သိပ်စောက်တာပဲနော် ....."မိမိညိုက ပြောလေရာ .....

"အမေနဲ့ ညီထွေး ဒီအောက်မှာပဲ နေရစ်မယ်ကွယ်၊ သမီးတို့ပဲ တက်ကြ ....."

ကိုလတ်၊ စီစီနှင့် သက်သက်တို့မှာ ရှေ့ကအရင်ဦးအောင်တက်လာကြလေသည်။ စီစီမှာ ကြောက်သည်ဆို၍ ကိုလတ်နှင့် သက်သက်က တစ်ဖက်စီ တွဲလာရလေသည်။

မိမိညိုသည် ခဏတာအချိန်ပိုင်းလေးအတွင်းမှာပင်၊ သက်သက်၏ မရိုးသားသော မျက်လုံးများကို အကဲခတ်၍နေမိသည်။

လှေကားမှာ ကျောက်လှေကားဖြစ်၍ လက်ရမ်းမှာ သံနှင့်ပြုလုပ်ထားလေသည်။

ကိုအောင်မင်းသည် မိမိညို၏လက်ကိုဆွဲကာ တက်လေ၏။ မိမိညိုသည် ကိုအောင်မင်း၏ ကြမ်းတမ်းပူနွေးသော လက်ဖဝါးအောက်မှ လက်ကလေးမှာ ထွေးထွေးနွေးနွေးရှိရင်း ရင်တသိမ့်သိမ့်ခုန်၍သာနေလေ၏။

ထို့နောက် ရထားပေါ်မှ ကိုသန်းထိုက်ပြောစကားများကို သတိရမိသည်။

"မိမိညို တစ်သက်မှာ တစ်ခါမှ မချစ်ဖူးသေးဘူးနဲ့ တူပါရဲ့"

"နောင်တစ်နေ့ကျရင် မိမိညို သိပ်ချစ်တဲ့လူတစ်ယောက် တွေ့လာပါလိမ့်မယ်၊ တစ်နေ့မမြင်ရရင် မနေနိုင်တဲ့လူမျိုးကို တွေ့လာတဲ့အခါ သန်းထိုက်ရဲ့အချစ်ဆိုတာ ဒီလိုပါလားလို့ ..... မိမိညို နားလည်လာပါလိမ့်မယ် ....."



"ဒီကြားထဲမှာ မိမိညို လိုက်လုံချစ်ခင်မြတ်နိုးမယ့်လူကို သွားမတွေ့ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းနေရတယ်....."

မိမိညိုသည် အတွေးများနှင့်အတူ ကိုအောင်မင်းဆွဲခေါ်ရာသို့ လိုက်ပါလာလေသည်။

× × × × ×

ရုံးပိတ်ရက် အားလပ်ချိန်ဖြစ်သဖြင့် လူတွေ စည်ကားနေသည်။ အဆင်းနှင့်အတက်တွင် မိမိညိုတို့သည် တစ်စုံတစ်ယောက်နှင့် ဆုံမိလေသည်။

"ဟော ... မိမိညို ....."

မိမိညိုသည် များစွာအံ့ဩလျက် ဆင်းလာသူအားငေးနေ၏။

"ကိုသန်းထိုက်ပါလား ....."

ကိုသန်းထိုက်သည် မိမိညိုအားတစ်လှည့်၊ ကိုအောင်မင်းအားတစ်လှည့် ကြည့်ကာ မျက်နှာပျက်သွားလေသည်။ ကိုအောင်မင်းသည် မိမိညို့အား ဆွဲထားသောလက်လေးကို လွှတ်လိုက်သည်။

ကိုသန်းထိုက်သည် အဝတ်အစား ဖရိုဖရဲ ဝတ်စားထားလျက် ဆံပင်ကို မဖီးဘဲထား၏။ သူ၏တွန့်လိမ်သော ဆံပင်များသည် နဖူးထက်တွင် ဝဲကာကျနေသည်။ ရှပ်ဖြူလက်ရှည်မှာ တံတောင်ဆစ်တွင် မသေမသပ်ခေါက်ထားကာ ဘောင်းဘီရှည်ဝတ်ထားရာ၊ ခါးနေရာတွင် ရှပ်အင်္ကျီမှာ လျော့ရဲရဲနိုင်လှသည်။ လည်ပင်းနှင့် ရင်ဘတ်ကြယ်သီးများ ပြုတ်နေသည်။

"ကျွန်တော့်ကို မှတ်မိသေးတယ်နော် ....."

ကိုသန်းထိုက်က ဝမ်းနည်းစကားဆိုလေ၏။ မိမိညိုသည် မျက်

www.burmeseclassic.com

www.burmeseclassic.com



မှောင်လေးကြုတ်လျက် .....

"ကိုသန်းထိုက်က တယ်ရန်စကားပြောတာကိုး ....."

"ကိုသန်းထိုက်သည် ပုခုံးတစ်ချက်တွန့်ကာ ရယ်လျက် ....."

"မေ့ပင်ကြီးအောက်ကို ရောက်တဲ့သူများဟာ မိတ်ဟောင်းဆွေဟောင်းများကို မေ့တတ်တဲ့ လောကထုံးတမ်းရှိလို့ မေးမိတာပါ၊ ရွှေစိတ်တော် အလိုမကျ မဖြစ်လိုက်ပါနဲ့ဗျာ ....."

ကိုင်းပါ ..... အိုးနင်းခွက်နင်း စကားတွေပြောမနေပါနဲ့၊ ဆားကို ကပ်ရပ်လိုက်ဦး၊ လူတွေ အဆင်းအတက်နဲ့ ....."ဟု မိမိညိုက သတိပေးလေ၏။

ကိုသန်းထိုက်သည် ဆားသို့ကပ်လိုက်ပြီး မိမိညိုအား စိန်းစိန်းစားစားကြည့်ကာ.....

"မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ သိပ်ကို ဝမ်းသာတာပဲ ..... ကြည့်ပါဦး ချိန်းထားတာကျနေတာပဲ၊ ဒါပေမဲ့ ဒီလိုတွေ့ရပြန်တော့လည်း သိပ်ကို ဝမ်းနည်းတယ် ....."

"ကိုသန်းထိုက် ဘာတွေလျှောက်ပြောနေတာလဲ၊ ခက်တာပဲ အရက်တွေသောက်လာတယ် ထင်ပါရဲ့ ....."

"ကျွန်တော် အရက်သောက်မလာပါဘူးဗျာ ....."

"ကြည့်ရတာ မူးနေသလိုပဲ၊ မျက်နှာတွေလည်း နီရဲလို့ ....."ဟု မိမိညို က ဆိုဆဲ

"အရက်တော့ မသောက်ဘူး၊ မနက်ကအေးလို့ ထန်းရည်သောက်လာတယ် ....."ဟု ကိုသန်းထိုက်က ဖြောင့်ချက်ပေးလေ၏။

ကိုအောင်မင်းက ကိုသန်းထိုက်၏စကားကြောင့် ပြုံးမိလေသည်။ ကိုအောင်မင်းပြုံးသည်ကို ကိုသန်းထိုက်က ဖျတ်ခနဲ အကင်းပါးစွာ မြင်မိကာ .....



"ဦးအောင်မင်းက ပြုံးတယ်.....ပြုံးနိုင်တာကိုးဗျ....."

ကိုသန်းထိုက်က အမိပ္ပာယ်ပါစွာ ပြောနေ၏။

"ကိုအောင်မင်း နာမည်ကိုတော့ သိနေတာကိုး ..... မိတ်ဆက်ပေးရဦးမယ်၊ ကိုသန်းထိုက်လေ ..... အရင်တုန်းက မန္တလေးယူစီမှာ ကျောင်းသားခေါင်းဆောင် တစ်ယောက်ပေါ့၊ နိုင်ငံရေးခေါင်းဆောင်လည်း ဖြစ်လိုက်သေးတယ်၊ ခုတော့ ... သတင်းစာတွေထဲမှာ ကိုမိုးငြိမ်းနာမည်နဲ့ ဆောင်းပါးတွေ ရေးနေတယ် ....."

"တွေ့ရတာ ဝမ်းသာပါတယ် ..... ကိုမိုးငြိမ်းရဲ့ ဆောင်းပါးတွေကို လေးလေးစားစားနဲ့ ဖတ်ရှုရပါတယ်ဗျာ ....."

ကိုအောင်မင်းက ညာလက်ကိုကမ်းပေးလိုက်ရာ၊ ကိုသန်းထိုက်က ကိုအောင်မင်း၏လက်ကို လက်နှစ်ဖက်နှင့်အုပ်ကိုင်လှုပ်ကာ .....

"ဝမ်းသာပါတယ် မိတ်ဆွေ ..... တစ်ချိန်ထဲမှာ ဝမ်းနည်းခြင်းလည်း ဖြစ်မိတယ်ဗျ ....."

"ဩော် ... ကိုသန်းထိုက်ကလည်း ပြောပြန်ပြီ ဒီဝမ်းနည်းစကား"

မိမိညိုက ကြားဖြတ် ဝင်ပြောလေသည်။

"ပြောရမယ်လေ ..... ကျွန်တော်တို့ တစ်သက်တာအတွက် စကားတစ်ခွန်းတော့ ပြောချင်ပါရဲ့၊ ဒီမှာ ဦးအောင်မင်း .... ခင်ဗျား သိပ်ကံကောင်းပါတယ် ....."ဟုပြောလျှင်၊ မိမိညိုမှာ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်လျက်၊ ကိုအောင်မင်းကမူ လူကြီးဆန်ဆန်ပြုံးနေ၏။

"မိမိညိုဟာ မိန်းမဆိုတော့ မိုက်ချင်တယ် ....."

ကိုသန်းထိုက်က ကြို့ထိုးလာရင်း ပြောလိုက်လေသည်။

မိမိညိုက .....

"အိုး ..... ဘာကြောင့် ဒီလို ... ပြော ....."စကားဆိုတုန်းပင် ...

"ဘာဖြစ်လို့လဲဆိုတော့ ... သူ့ကို အချစ်နိုင်ဆုံးလူတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပယ်ပြီး၊ သူက အချစ်နိုင်ဆုံးလူကို လက်ကမ်းတာကိုးဗျ ..... လောကကြီးမှာ သူချစ်မရှာဘဲ ကိုယ်ချစ်ရှာတာ လူမိုက်ပေါ့ဗျ .....”

“ကဲ ... တော်ပါ ဒီစကားကို၊ ပြောတော့ တစ်ခွန်းတဲ့ ... ခု ပြောနေတာတွေက အခွန်းငါးဆယ် မကတော့ဘူး .....”ဟု မိမိညိုက ခပ်ဆောင့်ဆောင့်လေး ပြောလိုက်လေ၏။

“အခွန်းတစ်ရာပြောတော့ ဘယ်သူ့ကို ဂရုစိုက်ရမှာတုံး”

ကိုသန်းထိုက်က မိုက်စကား ဆိုလေ၏။

“ကိုသန်းထိုက် မူးနေပြီ ..... စကားပြောရတာ မကောင်းပါဘူး၊ တယ်ဂြိုဟ်လုပ်တာကိုး .....”

“မမူးပါဘူးဗျ ..... ခင်ဗျားသာမူးနေတာ .....”

ကိုသန်းထိုက်က ကြို့တစ်ချက်ထိုးရင်းပြောလိုက်ရာ၊ မိမိညိုက ခစ်ကနဲ တစ်ချက် ရယ်လျက် .....

“ကျွန်မက ဘာမှ မသောက်ရဘဲနဲ့ ဘယ့်နှယ်မူးရမှာလဲလို့”ဟု သွက်လက်စွာ ပြောလိုက်၏။

ကိုသန်းထိုက်က သရော်ပြုံး ပြုံးကာ၊ မိမိညိုအား လက်ညှိုးငေါက်ငေါက်ထိုးလျက် .....

“ခင်ဗျားက အချစ်ရည်တွေသောက်သုံးပြီး အချစ်မူး မူးနေတာ၊ အဲဒီ အချစ်မူး မူးတာဟာ အရက်မူးတာထက်တောင် ဆိုးသေးတယ် အဟဲ .....”ဟု တစ်လုံးချင်းပြောပြီး သဲ့သဲ့ရယ်မောနေသည်။ ကိုသန်းထိုက်၏ ရယ်မောပုံမှာ ခြောက်ခြောက်သွေ့သွေ့ရှိလှသည်။

မိမိညိုသည် အရှိုက်ကိုထိကာ မျက်နှာလေးမှာ နီမြန်းလာလေသည်။ ကိုအောင်မင်းက လူကြီးသဘောနှင့် အပြုံးမပျက်ရှိနေဆဲမှာပင်၊ မိမိညိုက ကိုသန်းထိုက်၏မျက်နှာကို စေ့စေ့ကြည့်၍ .....

“အချစ်မူး မူးတော့ကော ဘာဖြစ်လဲ၊ နှစ်ဦးနှစ်ဖက် အညီအမျှ ချစ်ရည်သောက်သုံးပြီး မူးရတော့ သိမ်သိမ်မွေ့မွေ့နဲ့ အိခြွေရတယ်၊



တစ်ဖက်သတ်မူးရတဲ့သူဟာ အလိုမကျလို့ အိခြွေမရတာ၊ ကိုင်း .... ကိုသန်းထိုက် ဘာပြောချင်သေးလဲ .....”

မိမိညိုက ကိုသန်းထိုက်၏ စကားများနှင့်ပင် ပြန်ပေါက်လေသည်။ သည်တစ်ခါ အရှိုက်ထိသူကား ကိုသန်းထိုက်တည်း။ မိမိညိုကား စစ်အောင်နိုင်သူပမာ မျက်နှာ ဝင်းပနေ၏။ ကိုသန်းထိုက်၏မျက်နှာမှာ ညိုမည်း၍ အပျက်ကြီးပျက်ကာ .....

“ပြောနိုင်ပါတယ် မိမိညိုရယ် ..... ပြောနိုင်ပါတယ်၊ ပြောလည်းပြောသင့်ပါတယ်၊ မိမိညိုက ပြောရက်နိုင်သူကိုး .....”ဟု ကြေကွဲစွာပြောလေသည်။

ကိုသန်းထိုက်သည် မျက်ရည်ဝဲချင်ချင်၊ သူ၏မျက်လုံးများကို မျက်တောင်များခတ်ရင်း ဖုံးအုပ်လိုက်လေသည်။

“ကျွန်မ တောင်းပန်ပါတယ် ..... ကိုသန်းထိုက်က စကားစလို့ ကျွန်မ ချေပမိတာပါ .....”

“ကိစ္စမရှိပါဘူး ..... မိမိညိုကို ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်၊ အခွင့်လွှတ်နိုင်ဆုံး လူတစ်ယောက်၊ အနစ်နာခံနိုင်ဆုံးလူတစ်ယောက်ဆိုတာ မိမိညို နောင်တစ်နေ့ကျရင် နားလည်လာပါလိမ့်မယ် .....”

မိမိညိုက မည်သို့ စကားဆိုရမည်ကို တွေဝေကာနေဆဲတွင် .....

“ကျွန်တော် သွားမယ် ..... မြစ်ကိုရှာတဲ့ မိမိညိုအတွက် ရေလဲများ ငါးလဲပေါပါစေဗျာ ..... ဆုတောင်းပါတယ်၊ ကဲ ဦးအောင်မင်း ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ .....”

ကိုယ်ကို ကိုင်းညွတ်ကာ ကိုအောင်မင်းဘက်သို့ လှည့်နှုတ်ဆက်လိုက်လေသည်။ ကိုအောင်မင်းသည် ပြုံး၍ ပြန်ခေါင်းညိတ်ပြကာ၊ မိမိညိုက ကရုဏာသက်စွာနှင့် .....

“အရက်တွေ သိပ်သောက်မနေနဲ့ ..... ကိုယ့်ကိုယ်ကိုယ် လူတော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုတာ မေ့မထားပါနဲ့ဦး .....”ဟု သတိပေးလေ၏။

“ကျွန်တော် ဒါလောက်မမိုက်ပါဘူး၊ ကျွန်တော် စာမေးပွဲဆက်ဖြေဦးမယ်၊ ဒီကပြန်ရင် ရန်ကုန်က သတင်းစာတိုက်မှာ ညအယ်ဒီတာအလုပ်ရမယ်၊ ကျော်မောင်ကြီးဆီက စာလာတယ်၊ ကဲ... သွားမယ် ...”

ကိုသန်းထိုက်သည် တောင်လှေကား လက်ရမ်းကိုကိုင်ကာ၊ ခေါင်းငိုက်စိုက်ချ၍ ဖြည်းညင်းစွာ ဆင်းသွားလေသည်။

“ကိုသန်းထိုက်ဟာ ငယ်ငယ်ပဲ ရှိသေးတာပဲ၊ သူ့ရဲ့နိုင်ငံရေး အတွေးအခေါ်တွေကတော့ တော်တော်ရင့်ကျက်သားပဲ၊ ရှေးက သဘာဝတ္တဆရာတွေကိုလည်း အတော် စေ့စေ့စပ်စပ်လေ့လာထားဟန်တူတယ်၊ သူ့ရဲ့ နိုင်ငံရေးအမြင်ဟာ သဘာဝကျတယ်၊ လူ့ဇာတိ Humanity ကိုလည်း မပစ်ပယ်ဘူး .....”

ကိုအောင်မင်းသည် မိမိညို၏လက်ကိုဆွဲကိုင်၍ တောင်ပေါ်သို့ တရွေ့ရွေ့တက်လာပြန်၏။

“ဟုတ်လား ..... မိမိညိုဖြင့် သူနဲ့သာခင်တာ၊ တစ်ခါမှ သူ့စာတွေကို သေသေချာချာမဖတ်မိဘူး .....”

“တစ်ခါတုန်းက သူအင်္ဂလိပ်လိုရေးခဲ့တဲ့ “The greatest happiness of the greatest number” ဆိုတာ သိပ်သဘောကျတာပဲ၊ ဖရန်စစ်ဟပ်(ချ်)ဆန်ရဲ့ သဘောတရားပါပဲ၊ လူသားအများဆုံးရဲ့ ပျော်ရွှင်မှုကို အတတ်နိုင်ဆုံး ဖန်တီးပေးရမတဲ့၊ လူသားအားလုံးဟာ စားဝတ်နေရေး ဖူလုံမှသာ စိတ်ချမ်းသာမတဲ့ .....”

မိမိညိုက ကိုအောင်မင်း၏နောက်ကျောကို ငေးကြည့်နေ၏။ ကိုအောင်မင်းသည် စကားတပြောပြောနှင့် မိမိညိုအား တောင်ပေါ်သို့ ဆွဲခေါ်လာလေသည်။

တောင်ထိပ်ရောက်လျှင် စေတီတည်ထားရာသို့ ဦးညွတ်ကန်တော့ကြလေသည်။ ကိုလတ်သည် တောင်စွန်းတစ်နေရာတွင်ထိုင်ကာ၊ စီစီနှင့် သက်သက်တို့ကား တောင်အောက်သို့ ခဲများကောက်၍ အပြိုင်ပစ်နေကြသည်။



“ဟော ... မမလေးနဲ့ အစ်ကိုအောင်မင်းတို့ တက်လာကြပြီ၊ မမလေးကလည်း ကြာလိုက်တာဗျာ .....”ဟု ကိုလတ်က ပြောလေ၏။

“တို့အသိနဲ့ တွေ့နေလို့ .....”

မိမိညိုသည် ကျောက်တုံးပေါ်ထိုင်ချရင်း ဖြေလိုက်သည်။

“မိမိ့အဆက်ဟောင်း .....”ဟု ကိုအောင်မင်းက နောက်နေ၏။

“ကိုအောင်မင်းကြီးကလည်း မပြောင်ပါနဲ့ .....”

မိမိညိုက မျက်စောင်းတစ်ချက်ထိုးကာ ပြောလိုက်လေသည်။

“ဒီအကြောင်းတွေကို ခုမှပဲ သိရတော့တယ်၊ မိမိက ကိုယ့်ကို ပြောမပြဘူး .....”

“အို ... ဘာနဲ့ပတ်သက်လို့ ပြောရမှာလဲ ..... ပြောဖို့မှမကြုံဘဲ၊ ဘာလဲ ကိုအောင်မင်းက မကျေနပ်ဘူးလား၊ ခွင့်မလွှတ်ဘူးလား”

မိမိညိုက ကက်ကက်လန်လန် ရန်တွေ့ဆဲတွင်၊ ကိုအောင်မင်းမှာ ရယ်လျက် .....

“ကျေနပ်ပါတယ်ဗျာ ..... ဘာ မကျေနပ်စရာရှိလဲ၊ ခွင့်လည်းခွင့်လွှတ်ပါတယ်၊ မိမိ ဘာတွေပဲ လုပ်ခဲ့ လုပ်ခဲ့ ခွင့်လွှတ်တယ်၊ ပြီးတော့ ခုဟာက မိမိပါတာမှ မဟုတ်ဘဲနဲ့ .....”

ကိုလတ်သည် မိမိညိုတို့အနီးသို့လာကာ လွယ်ထားသောကင်မရာကို ကိုအောင်မင်းအား ပေးလိုက်လေသည်။ ကိုအောင်မင်းသည် မိမိညိုတစ်ယောက်ထဲကိုသော်လည်းကောင်း၊ အုပ်စုနှင့်သော်လည်းကောင်း၊ ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်နေသည်။

ပုပ္ပားတောင်ထိပ်မှအဆင်း ကျောက်နံရံတစ်ခုတွင် ရေးသားထား

www.burmeseclassic.com

www.burmeseclassic.com



သော စာတမ်းတစ်ခုကို မီမီညို တွေ့မိလေသည်။ ခပ်သော့သော့ မိးသွေးနှင့် ရေးသားထားသော စာများကား .....

'ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့' ဟူ၏။

[၂၆]

တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတပြိုက်၊ မိုးတလိုက်

မီမီညို၏ အထီးကျန်ဘ၀ကို စတင်ပြန်လေသည်။ ကျောင်းသို့ ပြန်လာချိန်၌ကား မီမီညိုသည် များစွာ နောက်ဆံတင်း၍လာခဲ့ပြန်သည်။ သံယောဇဉ်ကြိုးသစ်တစ်ကြိုးလည်း ထပ်တိုးလေသည်။ သည်အခါ၌ မီမီညို၏ရင်ထဲတွင် ချစ်ခင်မြတ်နိုးစိတ်တွေ ဖြိုးဖြိုးဝေးလျက်သာရှိလေသည်။

ကိုအောင်မင်း၏ ခံ့ညားတည်ကြည်သောမျက်နှာကိုမြင်ယောင်မိတိုင်း၊ ဘာလုပ်လုပ် ဘာကိုင်ကိုင် စိတ်မဖြောင့်ဘဲရှိလေသည်။

ပုပ္ပားတောင်က ပြန်သည့်ညတွင် အမေ့ပုခုံးကိုမှီတွဲကာ ပြောပြသည့်အခါ၌ အမေကမူ ကျေနပ်သည့်အမူအရာနှင့် .....

"လုံမလေး စိတ်ချမ်းသာတာကို အမေ မြင်ချင်တယ် ..... ဒီလူဟာလည်း လုံမလေးတစ်သက် အားထားရမယ့်လူလည်း ဖြစ်တယ်၊ သဘောထားလည်း မြင့်မြတ်တယ်၊ အမေ ကျေနပ်ပါတယ် သမီးရယ် ....."ဟု ပြောသည့်အခါတွင် "အမေကြီး"ဟု အမေ့အား ပွေ့ဖက်ထားမိလေသည်။

ပုပ္ပားကအပြန် ကိုလတ်နေမကောင်းတာကိုပင် ကိုအောင်မင်းသည် ဆေးတိုက်၊ ချွေးထုတ်ပေးကာ ကိုယ်ဖိရင်ဖိ ပြုလေ၏။ မီမီညိုက စိုးရိမ်သောမျက်နှာထားနှင့် ကိုလတ်၏ ခြစ်ခြစ်တောက်ပူသော နဖူးကို စမ်း



ကြည့်လျှင်.....

"မမလေးနဲ့ အစ်ကိုအောင်မင်းကလည်းဗျာ ..... ပူတတ်လိုက်ကြတာ၊ ဒါလောက်ဖျားတာ ကိစ္စမရှိပါဘူး၊ ဒီခန္ဓာကိုယ်ကြီးက ရိုက်သတ်တောင် မသေပါဘူး ....."

"နင်က တောင်ပေါ်မှာ တောပြောတောင်ပြောနဲ့ ငါ စိတ်ပူတယ်ဟဲ့ ခွေးလေးရဲ့ ....."ဟု မီမီညိုကဆိုလျှင် ..... ကိုလတ်က ပြုံး၍နေသည်။ သုံးရက်အရ ကိုလတ် သက်သာသွားမှပင် မီမီညိုမှာ စိတ်အေးသွားရသည်။

[၂၇]

တစ်ပတ်လုံးလုံး စာများ မျှော်လာခဲ့သော မီမီညိုသည် စာတွေရလျှင် ဘယ်လိုပျော်မှန်းမသိ၊ ခုန်ပေါက်လုမတတ် ဝမ်းသာလေသည်။ စာတစ်စောင်ကို ကမန်းကတန်း ဖောက်ဖတ်လိုက်လေသည်။

မမလေး .....

ဘယ်သူ့မှမအားလို့ ကျွန်တော် စာရေးလိုက်ပါတယ် ... အမေကလည်း မမာပြန်ဘူးဗျ ... တရှောင်ရှောင်ပဲ၊ စီစီက အမေ့ကိုပြုစုနေရတော့ စာမရေးအားဘူး။

ကျွန်တော်နဲ့ ညီထွေးကတော့ နေကောင်းကြပါတယ် ..... ခု အိမ်အလုပ်ဆိုရင် ဘထွေးနဲ့ နှင်းမယ်ကပဲ လုပ်တယ်၊ အမေ့လောက် မစေ့စပ်တော့ အိမ်မှာ ဟာနေတာပေါ့ ..... ဘယ်တတ်နိုင်မလဲ .....

ကျွန်တော်လည်း အစ်ကိုအောင်မင်း ကင်မရာနဲ့ ဓာတ်ပုံ အတော်ရိုက်တတ်နေပြီ၊ အမေသွားနေကျရိပ်သာကနေ ဆီးပြီး မြင်းခြံရဲ့ ဆည်းဆာချိန်ကို ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပြီး ပြိုင်ပွဲဝင်တာ ဒုတိယဆုရတယ် .....

ပူးတွဲပါ ဓာတ်ပုံကိုကြည့်ပါဦး ..... မမလေးမောင်ရဲ့ လက်ရာကို မမလေး မရယ်နဲ့နော်၊ ဟိုကောင် ညီထွေး အိပ်ပျော်နေတုန်း နှုတ်ခမ်းမွေးတားပေးပြီး အိပ်ရာကနိုးတော့ ဘင်ဂျို အပိုက်နိုင်းပြီး ရိုက်လိုက်တာ၊ အံမယ် ..... ဒီကောင်က မွှေးပေးသေးတယ်ဗျ သူ့ကိုယ်သူ ဓာတ်လိုက်ကျနေတာပဲ .....

မြင်းခြံရဲ့ဆည်းဆာချိန် ဓာတ်ပုံလည်း ပေးလိုက်ပါတယ် ..... အားလုံး (အစ်ကိုအောင်မင်း)အပါအဝင် မမလေးကို သတိရနေပါတယ်၊ အစ်ကို အောင်မင်းကလည်း စာရေးဦးမယ်လို့ ပြောတယ်.....

ချမ်းမြေ့သာယာရွှင်ကြည်ပါစေ.....

ကိုလတ်

မီမီညိုသည် ဓာတ်ပုံများကိုထုတ်ကြည့်ရာ၊ ကြည်လင်ပြတ်သားသော ဓာတ်ပုံများကို မြင်တွေ့ရလေသည်။

ညီထွေးပုံကား ခြေထောက်တစ်ဖက်က ပေါင်တစ်ဖက်ပေါ်တင်လျက်၊ ဘင်ဂျိုကို ဟန်ပါပါပိုက်ကာ ခေါင်းကို စောင်းငဲ့ငဲ့နှင့်နေသည်။ ညီထွေး၏ နှုတ်ခမ်းမွေး မည်းမည်းထင်းထင်းကို မြင်ရသော် မီမီညိုက ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။

"ကိုလတ်ကယ် ..... ညီထွေးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်၊ ကောင်လေးသိရင် စိတ်ဆိုးတော့မယ် ..... ရက်တတ်ပါဘိနဲ့ ....."ဟု တစ်ယောက်တည်း ပြောမိလေ၏။

ညနေခင်းဖြစ်၍ ဂျူးဒစ်၊ မေစမ်း၊ မလေးခင်တို့ အောက်ဆင်းချိန်



ဖြစ်သဖြင့် မီမီညိုသည် ကိုအောင်မင်း၏ စာရှည်ကြီးကို ဖတ်ခွင့်ရလေသည်။

**ကိုယ့်ရဲ့ မီမီ .....**

အချစ်များစွာနဲ့ စာရေးလိုက်ပါတယ် .....

မီမီ့အတွက် သာယာတဲ့အချိန်တွေသာ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ရင်ထဲမှာ 'ဟာ'နေခဲ့တာ မီမီမရှိကတည်းက ဆိုပါစို့၊ မန်ကျည်းပင် အောက်ကပဲကြည့်ကြည့် ..... ထနောင်းပင်ကိုပဲကြည့်ကြည့် ..... ထန်းပင်ရှည် နဲ့နှောင်းနှောင်းကိုပဲ ကြည့်ကြည့် မီမီ့အရိပ်သာ ထင်နေတော့တယ်။

စိတ်များဟာ လေလွင့်ပြီး သမာဓိ ပျက်ပြယ်ချင်ပြီကွယ်၊ မီမီ့ကို ချစ်တဲ့စိတ်တွေကြောင့်ပေါ့၊ တစ်သက်မှာ တစ်ခါပဲ ချစ်ဖူးပြီး ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်ခြင်းပါကွယ်။

မီမီ့ကို 'စ' တွေ့တွေ့ခြင်း ကံဘုံဆရာဖြစ်သင်ကျောင်းဆောင်ရဲ့ ရှေ့မှာ မီမီ့ကိုမြင်လိုက်ရတည်းက ကိုယ်ဟာ ငါ့ဒို့ကို တွယ်ငြိပြီလို့ သိလိုက်ပါရဲ့။

ပြီးတော့ ..... မီမီ့အကြောင်းတွေ ကြားရပြန်တော့ ..... ကရုဏာ စိတ်စေတသိက်တွေဟာ ရင်ထဲမှာ ပြန့်နှံ့လို့လာခဲ့ပါတယ်။ ချစ်တာရယ်၊ ကြင်နာတာရယ်၊ မြတ်နိုးတာရယ်၊ လေးစားတာရယ်၊ တွယ်တာတာရယ် ပေါင်းတော့ မီမီဆိုတဲ့ ပညတ်ဖြစ်လာတော့တာပဲ။

မီမီနဲ့ နှစ်ကိုယ့်တစ်စိတ်ဖြစ်နေတော့ မီမီပျော်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ခြင်း၊ စိတ်ညစ်လျှင် ညစ်ခြင်း၊ ပူလျှင်ပူခြင်း ထပ်တူထပ်မျှ ဖြစ်လာတော့တယ်။

မိမိ့ကို ကိုယ်တောင်းပန်ချင်တာကတော့၊ ဒီနှစ်ကျောင်းသက်ကုန်ရင် မြန်မြန်လက်ထပ်ပါရစေ၊ မိမိနဲ့လွဲရမှာကို ကြောက်တယ်၊ ဒီတစ်ဘဝမှာ မိမိနဲ့သာ ပေါင်းရမယ်ဆိုရင် ကိုယ်သေပျော်ပါပြီ။

× × × × ×

မိမိညိုသည် ညအိပ်ချိန်အထိ စာများကို ခေါင်းအုံးအောက်မှ ထုတ်ပြီး ရင်ဘတ်ပေါ်တင်ထားမိလေသည်။

ကိုအောင်မင်းနှင့် ကိုလတ်၏စာများကို အသာမွှေးမိလေသည်။

ပြီးနောက် တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလဟု မိမိကျောင်းဆင်းရမည့် အချိန်တွေကိုသာ လက်ချိုးရေတွက်နေမိသည်။ တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ဘဲရှိလေရာ ည တစ်ချက်တီးမှ အိပ်ပျော်သွားလေ၏ ။

[၂၈]

“သံကြိုး ..... သံကြိုး .....”

မိမိညိုသည် ထိတ်ခနဲ ပျာပျာသလဲဖြစ်ကာ၊ အောက်ထပ်သို့ အပြေးအလွှား ဆင်းသွားလေသည်။

“မိမိညိုရေ ..... ယူ့အတွက်သံကြိုး .....”ဟု အောက်မှ ကျောင်းသူတစ်ယောက်က လှမ်းအော်ပြောလိုက်ရာ၊ အသက်ပင်မရှူနိုင်ဘဲ ဖြစ်သွားလေ၏။ “အမေ ... အမေ ... အမေ ဒုက္ခဖြစ်ပြီ ထင်တယ်”ဟု ရင်ထဲတွင် ဗလောင်ဆူဝေလှုမတတ်ဖြစ်၍ သံကြိုးစာကို တဆတ်ဆတ်တုန်နေ



သော လက်ကလေးဖြင့် လှမ်းယူလိုက်လေသည်။

မိမိညိုသည် သံကြိုးစာကို ဖတ်ကြည့်ကာ နေရာမှမရွေ့၊ ပကတိ ကျောက်ရုပ်ပမာ ရပ်နေသည်။

“ကိုလတ်ဆုံးပြီ ..... အမြန်လာပါ” အောင်မင်း .....

မိမိညို့တစ်ကိုယ်လုံးကား နတ်ကျသကဲ့သို့ တုန်နေသည်။ မျက်လုံးများကား အရူးကဲ့သို့ ကြောင်တောင်ငေးနေသည်။ အဆောင်ဝတွင် သူတစ်ယောက်ထဲရှိဘိသကဲ့သို့ ရပ်နေသည်။

“ဘာတဲ့လဲ ..... ဘာတဲ့လဲ .....”ဟု အနီးမှ တဖွဖွမေးနေသော မလေးခင်၏စကားကိုလည်း မိမိညိုက မကြား။

“မိမိညို .....မိမိညို ..... မိမိညို ဘာဖြစ်နေလဲကွယ် .....”

မလေးခင်က တုန်တုန်ရီရီနှင့် မေးလိုက်လေ၏။ မိမိညို၏ပုခုံးကို ဖက်၍ မလေးခင်က.....

“သတိထားပါ မိမိညို ..... မိမိညို သတိရှိပါတယ်နော် .....”ဟု ပြောရင်း၊ မိမိညို၏လက်မောင်းအိုးကို ကိုင်လှုပ်နေသည်။

“ကိုလတ် ဆုံးရှာပြီတဲ့ .....”

မိမိညိုသည် လေသံမျှသာ တီးတိုးအားယူပြောကာ၊ မျက်ရည်ဖြိုင်ဖြိုင်ကျလာလျက် ရင်ထဲဗိုလ္လိုက်၍ ခက်ခဲစွာရှိုက်နေ၏။

“အို ..... ဖြစ်မှဖြစ်ရလေ မိမိညိုရယ် ..... လာ လာ ..... အပေါ်ကို”

မိမိညိုသည် မလေးခင်ခေါ်ရာသို့ ခြေလှမ်းမှန်းမသိလှမ်းကာ၊ လှေကားမှ အဆောင်အပေါ်ထပ်သို့ တက်လာ၏။

အပေါ်ထပ်သို့ရောက်သော် မိမိညို၏ခုတင်ဆီသို့ ဆွဲခေါ်လာရာ၊ မိမိညိုသည် မလေးခင်အားဖက်ကာ ငိုကြွေးလေ၏။

“မိမိညို မယုံဘူး ..... မယုံဘူး ..... ဖြစ်နိုင်သလား မလေးခင်ရယ်၊ ကိုလတ်ကို ကယ်ကြပါဦး ..... ကိုလတ် သေတယ်ဆိုတာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွယ် .....”

မိမိညိုသည် ဗလုံးဗထွေးပြောကာ ငိုကြွေးနေ၏။

ဂျူးဒစ်၊ မေစမ်းနှင့် မိမိညို့သူငယ်ချင်းမလေးများ ဝိုင်းလာကြကာ သတင်းမေးကြလေသည်။ စနေနေ့ဖြစ်သဖြင့် လူစုံသူစုံရှိလေ၏။ အားလုံးပင် မျက်နှာမကောင်းကြပေ။ ဂျူးဒစ်နှင့် မလေးခင်က မျက်ရည်ကျကာ မေစမ်းကား မျက်ရည်လည်နေ၏။

“မကယ်နိုင်တော့ဘူးလား သူငယ်ချင်းတို့ရယ် .....”ဟု မိမိညိုက မြည်တမ်းကာ ရှိုက်ငင်နေသည်။

“မမလေးက ပူတတ်လိုက်တာတဲ့၊ သူ့ကိုယ်သူရိုက်သတ်တောင် မသေနိုင်ပါဘူးတဲ့၊ ခုတော့ ဘယ်လိုဖြစ်တာလဲ ကိုလတ်ရယ် ..... မမလေးကို ရှုံးအောင် လုပ်ခဲ့တာလားကွယ် .....”

သူငယ်ချင်းမလေးများသည် စိတ်မကောင်းခြင်းကြီးစွာဖြစ်၍ မိမိညို အား မနှစ်သိမ့်တတ်အောင်ဖြစ်ကာ မျက်နှာငယ်လေးများနှင့်ပင် မိမိညို ကို ငေးကြောင်ကာ ကြည့်နေကြသည်။

× × × × ×

ရထားပေါ်တွင် တမေ့မှ မအိပ်ခဲ့သော မိမိညိုသည် မြင်းခြံဘူတာ ရောက်လျှင် မူးကနဲ မိုက်ကနဲဖြစ်ကာ အားနည်းနေလေ၏။ မြင်းလှည်း စီးလာနိုင်သည်အထိ အားခဲလာရသည်။ အိမ်ရောက်သည်အထိ အားတင်းနိုင်သော မိမိကိုယ်ကိုပင် ကျေးဇူးတင်နေရသေးသည်။

အိမ်ရောက်သော် .....

အမေသည် ရင်ဘတ်တွင် မျက်နှာသုတ်တဘက် စည်းကာ .....

“ကိုလတ်ရေ ..... နင့်မမလေးကို ထကြည့်ပါဦးဟဲ့၊ သေခါနီး အထိ တခေါ်သွားတဲ့ နင့်မမလေးလေ ..... နင့်မမလေး လာပါပြီကွဲ့



.....”ဟု အော်ဟစ်ကာ ကြိတ်မနိုင်ခဲမရ ငိုကြွေးနေ၏။

စီစီကား ခေါင်းမသွင်းရသေးသော ကိုလတ်၏အလောင်း ခေါင်း ရင်းမှ၊ ခုတင်ပေါ်ခေါင်းတင်မှီကာ တသိမ့်သိမ့်ရှိုက်ရင်း ငိုကြွေးနေ သည်။

ညီထွေးသည် ကုတင်ခြေရင်းတွင် ငြိမ်ငြိမ် သက်သက်လေးထိုင် ကာ၊ မျက်ရည်အသွယ်သွယ်ကျနေသည်။

“မမလေးရေ ..... ကိုလတ် မရှိတော့ဘူးဗျ ..... ဘယ့်နှယ်လုပ်ကြ မတုန်း၊ ကိုလတ်ကို စမ်းကြည့်ကြပါဦး၊ တကယ် သေတာမှ ဟုတ်ရဲ့ လား .....”

ညီထွေးကား မိမိညိုရှိရာကို မှန်း၍ မျက်နှာလှည့်ကာ၊ ကလေး သဖွယ် တတွတ်တွတ်ပြောနေ၏။

မိမိညိုသည် လက်ထဲမှ သေတ္တာကိုကိုင်လျက်၊ မျက်ရည်ပြည့်လျှံ နေသော မျက်လုံးများနှင့် ကိုလတ်၏အလောင်းကိုစိုက်ကြည့်ကာ သေတ္တာကိုလွှတ်ချပြီး ကိုလတ်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာ လေ၏။

ကိုလတ်ကား သူ့မမလေးကို မမြင်တော့ပြီ .....

ပါးစပ်တွင် ဂွမ်းဆို့ထားသည်မှအပ၊ အိပ်ပျော်နေသကဲ့သို့ ရုပ်မှာ လုံးဝမပျက်ပေ။ ငယ်ရွယ်နုနယ်သော အသွင်လေးမှာ မပျောက်ဘဲ၊ ပန်ကာဖွင့်ထားသောကြောင့် လေအရှိန်နှင့် ဘိုကေဆံစလေးများ ဖရိုဖရဲ လွင့်ပါးနေသည်။

မိမိညိုသည် ကိုလတ်၏နဖူးပေါ်သို့ မထိရက် ထိရက်နှင့်ကိုင်ကာ ..... “ကိုလတ်ရေ ...”ဟု တစ်ခွန်းတည်းခေါ်ဆိုပြီး ဒူးထောက်ထိုင်ချ လိုက်လေသည်။

ပြီးနောက် ကိုလတ်၏ရင်ခွင်တွင် ခေါင်းစိုက်ရင်း “ကိုလတ်ရေ

www.burmeseclassic.com

www.burmeseclassic.com



..... ”ဟု ဒုတိယအကြိမ်ခေါ်ကာ ရှိုက်ကြီးတငင်ငိုကြွေးနေ၏။

ငိုရင်းပင် ခုတင်ထက်တွင်တင်သော ခေါင်းသည် ဘေးသို့စောင်း၍ ယိမ်းယိုင်သွားကာ၊ ကြမ်းပြင်ပေါ်သို့ ခွေခွေလေး လဲကျသွားလေ၏။ မီမီညိုသည် စိတ်လျှော့လက်လျှော့နှင့် ငှက်ပျောပင်ရင်းကို ဓားနှင့်ခုတ်ဖြတ်လိုက်သည့်ပမာ ..... ဗုန်းဗုန်းကျ လဲသွားခြင်းသာလျှင် ဖြစ်လေ၏။

× × × × ×

“မရဏာဆိုတဲ့သေခြင်းဟာ အိမ်တိုင်း အိမ်တိုင်း ..... လူတိုင်းလူတိုင်းမှာ ရှိတာပဲ ..... မီမီ၊ မြေကြီးကို လက်နဲ့ခတ်ရင် လွဲချင်လွဲမယ်၊ ကိုယ်တို့ မီမီတို့ဟာ သေခြင်းနဲ့မလွဲဘူး၊ တစ်နေ့ကျရင် မီမီလည်း ဒီလမ်းကိုသွားရမှာပဲ၊ ကိုလတ်က ဒီသံသရာတွင်းမှာ မီမီရဲ့ ထာဝရမောင်တစ်ယောက်မဟုတ်ဘူး၊ အရင့်အရင်တုန်းက ကိုလတ်ဟာ သူများရဲ့ သားချင်းဆွေမျိုးဖြစ်ခဲ့သလို၊ နောင်အနာဂတ်မှာလည်း မီမီနဲ့မဆိုင်တော့ဘူး၊ တရားနဲ့ သတိထားမှပေါ့ မီမီရယ် .....”

မီမီညိုသည် ခုတင်ထက်တွင် ပက်လက်ကလေး လှဲနေ၏။ ကိုအောင်မင်းသည် မီမီညို၏ သေးသွယ်သော လက်ကလေးကိုဆုပ်ကိုင်ကာ နှစ်သိမ့်သောစကားကို ဆိုနေ၏။

“ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံးရှိချေ၏ ..... တဲ့၊ တန်ခိုးကြီးမားတဲ့ ဗြဟ္မာ့ဘုံ၊ နတ်ဘုံတောင်မှ သေခြင်းတရားနဲ့မလွတ်ဘူး၊ တန်ခိုးရှိတယ်၊ မရှိတယ်၊ ကြီးတယ်၊ ငယ်တယ်၊ လှတယ်၊ အရုပ်ဆိုးတယ် မရွေးဘူး၊ သေခြင်းဟာ အားလုံးကို ကြီးစိုးနေတယ် မီမီ .....”

ကိုအောင်မင်းပြောသည်များကို မီမီညို ကြားလေသလားမသိ၊ မီမီညို ငြိမ်သက်နေသည့်အတွက် ကိုအောင်မင်းက အနည်းငယ် ကျေ



နပ်ခြင်း ဖြစ်မိ၏။ မီမီညို့မျက်နှာကား တည်ငြိမ်နေ၏။

“မီမီ့အဖို့ အိပ်မက်လိုပါပဲ ...”ဟု မီမီညိုက တိုးတိုးလေးပြောနေသည်။

သွေးအေးအေးနှင့်ပင် ကိုလတ် ရေတိမ်နစ်ရပုံကို ပြန်၍တွေးနေမိသည်။

တစ်ညတွင် အိပ်မရအောင် သွားကိုက်သည်ဟုဆိုကာ အမေ့ကိုမပြောမဆို မတိုင်ပင်ဘဲ သွားစိုက်ဆိုင်သို့ ထွက်ခွာသွား၏။ ခါတိုင်း သွားကိုက်လျှင် နှုတ်တန်နှုတ်၊ ဖာတန်ဖာပြုလုပ်မြဲဖြစ်သည်။

ထိုနေ့က သွားနှုတ်ပြီး သွေးမရပ်ဘဲဖြစ်လေသည်။ အိပ်ရောက်၍ တစ်နေ့လုံး သွားမှသွေးများကျနေသည်။ ဘယ်သူမှလည်း သူ့ကို ဂရုမစိုက်မိ။ သူကလည်း မပြော။ အိမ်ပေါ်ထပ်တွင်ထိုင်ကာ ဂွမ်းနှင့်တို့လိုက်၊ ထွေးခံထဲထည့်လိုက် လုပ်နေသည်ဟု နှင်းမယ်ပြောကြားချက်အရ သိကြရလေ၏။

“ငါ့သွားထဲက သွေးတွေ သိပ်ထွက်တာပဲကွ”ဟု ညီထွေးကို ပြောပြသည်ဟု ညီထွေးက ပြန်ပြောသည်။ အိမ်တွင် စီစီကလည်းမရှိ။ အမေနှင့်အတူ ကြွေးတောင်းသွားကြသည်။

ညနေတွင် ကိုလတ်သည် နှုတ်ခမ်းတွေ ဖြူဖျော့ကာ ရေနှင့်ပလုတ်ကျင်းရာ၊ မန်ကျည်းပင်အောက်ရှိ စဥ့်အိုးအနီးတွင်လဲနေ၏။ ဒီတော့မှ တစ်အိမ်လုံး မျက်လုံး မျက်ဆံပြူးကာ ပျာပျာသလဲဖြစ်ကြရသည်။

ညနေ တဟင်းဟင်းဖျားတော့ ဆေးမြီးတိုတိုက်ကြဆဲ၊ ညကျလျှင် ကိုအောင်မင်း၏အကူအညီနှင့် ဆရာဝန်ပင့်ရလေသည်။

ဆရာဝန်သည် ကိုလတ်ကိုစမ်းသပ်ပြီး ခေါင်းကိုခါယမ်းကာ ဆေးရုံတင်ရန် အကြံပေးသည်။ ထိုအချိန်က သွေးဆုတ်နေပြီ၊ အဆုတ်အဆေးမိသော နမိုနီးယားကပါ ဖြန်းဆို ကိုလတ်အား ဇီဝိန်ချွေရန် ကပ်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗလောင်းဗလဲနိုင်သော ကံကြမ္မာသည် ၎င်း၏ရက်စက်ကြမ်းကြုတ်သော လက်အေးကြီးနှင့် ကိုလတ်ကို သူ့အိမ်ထောင်စုမှ ခွဲထုတ်လေ၏။ ကံကြမ္မာကို မည်သူ ခံတိုက်နိုင်သနည်း ..... ကြမ္မာဆိုးသည် ကံနိမ့်သူကို အလဲထိုးနေသည်မဟုတ်လော .....

"လူ့ဘဝဆိုတာလည်း အိပ်မက်ပဲ မဟုတ်လား ..... လူလာဖြစ်ရတာ ခဏလေးပဲကွယ်၊ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား၊ ဘာကိုမှ မလာပါနဲ့လို့ ခုခံကာကွယ်လို့ရတာ မဟုတ်ဘူး မိမိ"ဟု ကိုအောင်မင်းက နားချလေသည်။

မိမိညိုသည် မျက်စိမှိတ်ကာ ခေတ္တအနားယူနေသည်။

နာသီးဖျားကို အာရုံစိုက်ကာ 'တစ်၊ နှစ်၊ သုံး၊ လေး'ဟုရေတွက်၍ အရှိန်ရလာလျှင် အသက်ရှူသွင်းသော လေ၊ ထုတ်သော လေ၊ နာသီးဖျားတွင် ထိသွားသည်ကို သတိထားနေပြန်သည်။ ထိသည်ကို သိနေသဖြင့် ထိ သိဟုမှတ်ကာ ထိတာကရုပ်၊ သိတာကနာမ်ဟု စိတ်၌ ခွဲခြားစွာ တွေးလေ၏။

မိမိညိုသည် နာသီးဖျားကို အာရုံစိုက်ရင်း၊ များမကြာမီပင် အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်လေသည်။

ကိုအောင်မင်းသည် မိမိညို၏ရင်ဘတ်ပေါ်သို့ စောင်ဆွဲယူခြုံပေးကာ အိပ်ခန်းထဲမှ အသာထွက်ခွာသွားလေသည်။

[၂၉]

**ချစ်သော မိမိညို .....**

ကိုလတ်ဆုံးကြောင်းသိရလို့ အလွန်တရာပဲ စိတ်ထိခိုက်မိပါတယ် .....

ကျွန်တော်သာ ကိုလတ်နေရာမှာ သေခွင့်ရရင် သေ



ပေးလိုက်ချင်ပါရဲ့ မိမိညိုရယ်၊ မိမိညို စိတ်မကောင်းဖြစ်မှာကို တွေးမိတိုင်း၊ တွေးမိတိုင်း မိမိညိုကို အတတ်နိုင်ဆုံး ဖြေသိမ့်ချင်ပါရဲ့ .....

အဆိုးထဲက အကောင်းကိုသာရှာပါလေ မိမိညို၊ မိမိညို့မှာ ညီမနဲ့ မောင်တွေ ရှိနေသေးသားပဲ၊ ကျွန်တော့်မှာတော့ တစ်ယောက်တည်းသော ညီမလေးဟာ ဆုံးခဲ့ရတယ် ..... မိမိညို သိတဲ့အတိုင်းပဲ။

နောက်ပြီးတော့လည်း မိမိညို့အနီးမှာ မားမားကြီးရပ်နေတဲ့ ချစ်သူလည်း ရှိနေပြီ .....

မဏ္ဍိုင်ကြီးနဲ့တူတဲ့ အမေလည်းရှိသေးတယ်၊ မိမိညို နားခိုစရာ ပန်းခြေရိပ်သာတွေရှိနေတာပဲ ဘာပူ စရာရှိလို့လဲ .....

ယုတ်စွအဆုံး ကျွန်တော်ဟာ မိမိညို့ကို မိတ်ဆွေကောင်းအဖြစ် အမြဲအကူအညီပေးဖို့ အဆင်သင့်ပါပဲ၊ ကျွန်တော့်ကိုလည်း အားကိုးနိုင်ပါတယ် .....

တရားနဲ့သာဖြေပေတော့ မိမိညိုရေ ..... ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ အောက်မေ့ပါ .....

မိမိညိုတစ်ယောက် စိတ်ချမ်းသာပါစေ .....

သင့် သန်းထိုက်။

× × × × ×

**ညီမလေး မိမိ.....**

အမေ့ဆီလည်း စာတစ်စောင်ပို့လိုက်တယ် ..... ရလိမ့်မယ်ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မမကြီးလည်း ပြေးလို့သာပြန်လာချင်ပေမယ့် အခြေအနေက ခွင့်မပေးဘူး၊ မမကြီးတော့ စတိတ်စကော် လာလျှောက်ခဲ့တာ မှားပြီလို့ တွေးတိုင်း တွေးတိုင်း နောင်တရမိတယ်။

လောကကြီးမှာ ပညာတွေ၊ ဂုဏ်တွေ၊ ရာထူးတွေက လူ့ရဲ့ စိတ်ချမ်းသာမှုကို မပေးပါဘူးကွယ်။

ခုတော့ ..... ချစ်သောသူနဲ့ ကွေကွင်းရတဲ့ ဒုက္ခတွေကို ခံစားနေရတာ ဘယ်ဝဋ်ကြွေးမှာပါလိမ့်။

ကြေးစည်သံကို ယောင်လို့မှမကြားရတဲ့ ရပ်ဝေးမြေကနေ ကိုလတ်ကို မမကြီး အမျှသာဝေလိုက်ပါရဲ့ကွယ်၊ ကိုလတ်ရေ ..... အမျှ ... အမျှ ... အမျှ .....

စာရှည်ရှည်ရေးချင်တဲ့စိတ်မရှိတော့လို့ ဒီမှာပဲ ရပ်နားခွင့် ပြုပါတော့။

**ချစ်သော မမကြီး သိသိညို**

**P.S.**

မမကြီး အခု THESIS ရေးနေပြီ၊ ရှေ့နှစ်လောက်မှာ ပြန်ရောက်ပါလိမ့်မယ်၊ အတိအကျတော့ မပြောနိုင်သေးဘူး။

[သိသိညို]

## [၃၀]

မိမိညို၏စိတ်သောကကို ပြေပျောက်စေသော အထိရောက်ဆုံးဖြစ်သည့်အကြောင်းကား... မိမိညို၏ ကျောင်းတာဝန်ဝတ္တရားများပင်တည်း။



မိမိညိုတို့ကျောင်း၌ ယခင်က ဖွဲ့စည်းထားခဲ့သော ဘုရင့်နောင်၊ ကျန်စစ်သား စသည်များကို နာမည်ပြောင်း၍ အုံးတော၊ ပုပ္ပား၊ ဒူးယား၊ ခပေါင်း စသည်တို့ ခေါ်တွင်စပြုလေသည်။

ကျောင်းသား၊ ကျောင်းသူတိုင်း အဖွဲ့တစ်ခုခုမှာ ပါဝင်ရသည်။ အုံးတော၏အမှတ်အသားကား အစိမ်း၊ ပုပ္ပား အနီ၊ ဒူးယား အဝါ၊ ခပေါင်း အပြာ စသည်တို့ပင်တည်း။

မိမိညိုနှင့် မလေးခင်က 'အုံးတော'အဖွဲ့သူများဖြစ်၍ ဂျူးဒစ်နှင့် မေစမ်းတို့ကား "ပုပ္ပား'အသင်းသူများ ဖြစ်လာသည်။

အဖွဲ့လိုက် စာပေပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ လက်မှုပညာ၊ ဂီတ၊ အနုပညာပြိုင်ပွဲများ အသီးသီးကျင်းပရာ စိတ်အားတက်ကြွကြလေသည်။ အုန်းတောက စာပေဘက်တွင် ချွန်၍၊ ပုပ္ပားက အားကစားတွင် တော်လေ၏။

တနင်္ဂနွေရက်များတွင် အနီးအပါးရှိ အစိုးရအထက်တန်းကျောင်းများသို့သွားရောက်ကာ သန့်ရှင်းရေးလုပ်ရသည်။ ဟောင်းနွမ်းနေသော ကျောင်းအဆောက်အဦကို ပြင်တန်တာပြင်၊ ရေနံသုတ်တန်တာသုတ်၊ ချိုင့်ခွက်များကို မြေဖို့သူမားက ဖို့ကြရလေသည်။

"ဟောဒီ မြောင်းကြီးဟာ မိုးတွင်းကျရင် ကလေးတွေကို သိပ်ဒုက္ခပေးတယ်၊ မြောင်းရေပြည့်လာပြီလားဆိုရင် ကလေးတွေ ဟိုဘက်၊ ဒီဘက် မကူးနိုင်ဘူး ....."

ရန်ကင်း အစိုးရကျောင်း ဆရာမတစ်ဦးက ပြောလေ၏။

မိမိညိုတို့လူစုသည် မြောင်းကိုဖြတ်၍ တံတားငယ်တစ်ခု ဆောက်လေသည်။ စုပိုင်း၍ တံတားရိုက်သည်မှာ ခဏခြင်းပင် ပြီးသွားလေသည်။

နောက်ဆုံး ကျောင်းထိပ်တွင် အလံတိုင်ကို ထူခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိညိုတို့ အလုပ်လုပ်နေသော ဓာတ်ပုံများကို နံရံကပ်စာစောင်တွင် ချိတ်ဆွဲကာ "အုန်းတော"အဖွဲ့အတွက် သီးသန့်ကဗျာလေးပင် ဖွဲ့ထားခဲ့ပေသည်။

ပေါက်သူပေါက်၊ ရှင်းသူရှင်း၊ တို့တပ်ရင်း ညီညီညာ။
လုပ်အားသာ အဓိက၊ ပြုံးမြမြသာ။
ရေစီးမြောင်း တူပျော်ရာတို့များ။
တံတားငယ် စုကာရိုက်၊ တို့တစ်သိုက်အား။
နိုင်ငံအလံ ထူကာလွှင့်တယ်၊ ပြည်မြင့်စေသား။
ရေနံသုတ် အလံတိုင်ထူ၊ ကြည်ဖြူတဲ့စိတ်ထား။
တို့တစ်တွေ မခိုကပ်၊ ပေးအပ် လုပ်အား။

× × × × ×

အင်ဖို့င်းခန်းမဆောင်၌ ဒုတိယအကြိမ်မြောက် ပညာရေးပြပွဲ ပြိုင်ပွဲကြီး ကျင်းပပြန်လေပြီ။

သည်ဆောင်းဟေမာန်ခါတွင် မြောက်ပြန်လေညှင်းသည် တသိမ့်သိမ့်တိုက်ခတ်နေ၏။ နှင်းနုနု ပုလဲရည်ငွေစက်တို့သည် ဖျန်းပက်လိုက်သည့်အခါတွင် စိမ့်၍အေးလာလေသည်။

သဇင်ဖြူဝင်း၊ ပန်းများမင်းသည်လည်း၊ ကြိုင်သင်း၍လာပြန်လေသည်။

ချမ်းတို့စွလေ၊ နှင်းဝေဝေသား၊ နေလည်းပျပျ၊
ဆောင်းလရာသီ၊ ခါညီကျူးလွန်၊ မြောက်လေပြန်က၊
တောင်စွန်ကမ်းထက်၊ ငြိမ်းသက်အေးမြ သော ကာလ
ဝယ် .....

ဟူသော နဝဒေးကြီး၏ အစပ်ကဲ့သို့၊ နှင်းကလည်းဝေဝေ၊ နေက



လည်း အုံ့ပျပျနှင့် ဆောင်းလအခါဝယ် ..... မိမိညိုသည် အိမ်ပြန်ချင်သောစိတ် ပြင်းပြ၍သာနေတော့သည်။

အဆောင်ကြီးသည် ခါတိုင်းကဲ့သို့ ခြောက်သွေ့ကာ ကျန်ရစ်လေသည်။ ပြန်သူပြန် မပြန်ချင်သူများကလည်း အင်ဖို့င်းတွင် တာဝန်ကျကာ ချက်ပြုတ်သူကချက်ပြုတ်ကြ၊ ဖီးလိမ်းပြင်ဆင်သူက ပြင်ဆင်ကြနှင့် အလုပ်ရှုပ်နေကြသည်။

မိမိညိုသည် ပြတင်းပေါက်တွင်ရပ်ကာ အပြင်ဘက်သို့ ငေးနေသည်။ တံခါးတိုင်နှင့် ပြတင်းကြားတွင်ရှိသော ပိုးအိမ်လေးကို လက်ညှိုးဖြင့် သွားထိုးမိရာ၊ ပိုးအိမ်မျှင်မှာ ပြတ်ကွဲလျက် ပင့်ကူငယ်လေးသည် အမျှင်တစ်စနှင့် အောက်သို့ တွဲလောင်းလေးကျနေသည်။

မိမိညိုသည် ပင့်ကူငယ်လေးကိုကြည့်လျက် ....."ငါ့နှယ်နော် မေ့လို့ ပင့်ကူအိမ်ကို သွားဖျက်ဆီးမိတယ်၊ သူများ အိုးအိမ်ဖျက်ဆီးရင် ကိုယ်လည်း အိုးခြေအိမ်ခြေ မတည်ဖြစ်တတ်သတဲ့ ..... ခုလည်း အိမ်ပြန်ချင်ပေမဲ့ မပြန်ရပါဘူး ....."ဟု တွေးမိကာ၊ ပင့်ကူငယ်လေးကို လက်နှင့် အသာ'မ'၍ တစ်ဝက်မျှကျန်သေးသော ပိုးမျှင်အိမ်ထဲ ထည့်ပေးလိုက်လေသည်။

[၃၁]

**လှုံမလေး**

ဒီစာရလျှင်ရခြင်း မိရာရထားနဲ့ အမြန်ဆုံးလိုက်ခဲ့စေချင်တယ်။

သမီးကို တိုင်ပင်စရာ အရေးတကြီးကိစ္စရှိနေတယ်၊ ကြံဖန် ငွေရှာပြီးလာခဲ့ပါ၊ အသွားအပြန်စရိတ် အမေတာဝန်ယူမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်သာပြန်ခဲ့ပါ။

အမေ ... မငွေယုံ

× × × × ×

မိမိညို ပြန်ခဲ့ရပြန်ပြီ .....

သည်တစ်ခေါက် မိမိညို ပြန်ရသည့်အတွက် ဟက်ဟက် ပက်ပက် ဝမ်းမြောက်ခြင်းမရှိလှပေ။ အဘယ့်ကြောင့်ဆိုသော် ဘာကိစ္စမှန်း မသိခင်ကပင် အမေ တိုင်ပင်မည့်ကိစ္စအတွက် ရင်လေးနေသည်။

လောကခံစစ်ပွဲကို တစ်ကြိမ်တစ်ခါက သေလုမြောပါးခံခဲ့ရသော မိမိညို သည်တစ်ခါ၌ စိတ်ဓာတ်အတန်ငယ် ရင့်ခဲ့ပြီလည်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒုက္ခဆိုသည်ကို ခါးစည်းခံနိုင်ရန် အသင့်ရှိပြီဟုလည်း မိမိကိုယ်ကို ယုံကြည်သည်။ ထုံပေသည့်စိတ်ကပင် "လာခဲ့စမ်းပါ ဒုက္ခရယ် ....." ဟု ဖိတ်ခေါ်ချင်သော အရွဲ့တိုက်လိုသည့်သဘောလည်း ရှိလာသည်။

သို့သော် ... အိမ်ပြန်ရောက်၍ အမေ့၏ညှိုးချုံးနေသော မျက်နှာကို မြင်ရလျှင် စိတ်သောကသည် ရှောင်တခင် ရင်ထဲသို့ ခိုဝင်လာခဲ့လေသည်။

အမေ၏ဆံပင်များသည် လပိုင်းအတွင်းမှာပင် တစ်ခေါင်းလုံး ဖြူဖွေးနေသည်။ အမေ ပိန်လိုက်သည်မှာလည်း အမေ့ကျန်းမာရေးအတွက် တစ်ချက်မှ အားရစရာမရှိပေ။ သို့သော် ပိန်ပိန် သေးသေးလေးနှင့် အမေသည် တတောက်တောက်ပင် လှုပ်ရှားသွားလာနိုင်ခဲ့လေသည်။

အမေသည် မိမိညို၏မျက်နှာကိုမြင်ရလျှင် ဝင်းပ၍သွားလေသည်။ လန်းဆန်း၍ တအားတက်လာပုံရလေသည်။



ခရီးရောက်မဆိုက် အမေက ဘာမှမပြောပေ။ မိမိညိုကမူ အမေ၏ အားတက်လာပုံရသော မျက်နှာထားကိုကြည့်ကာ၊ အနည်းငယ် အမော ပြေလာမိသည်။

အစ်မလာသည်ကို ကြားသိရသောကြောင့် ရွှင်မြူးလှုပ်ရှားနေသော ညီထွေးကို တွေ့ရသည်။ စီစီကလည်း အပြုံးနှင့်ကြိုဆိုသည်။ သို့သော် သည်တစ်ခေါက် စီစီ ငြိမ်ငြိမ်သက်သက်ကလေးနေသည်ကိုတော့ နားမလည်ပေ။ သူနှင့် ဘက်ဖြစ်သော ကိုလတ်မရှိသည့်နောက် ဤသို့ဖြစ်ရသည်ဟု မိမိညိုမှာ ယူကြုံးမရဖြစ်ရ၏။

× × × × ×

ည.....

ညသည် လမိုက်သဖြင့် မှောင်နေသည်။

ညသည် တိတ်ဆိတ်လွန်းသည်။

ဆောင်းလေသည် စူးရှအေးစက်လွန်းလှသည်။

ညဉ့်ငှက်သည် 'ဂိ'ကနဲ အော်သွားသောအခါ၊ 'အမင်္ဂလာ'သံပမာ ချောက်ချားစရာကောင်းလှပေသည်။

အမေသည် ကွမ်းသီးဖက် ဆေးလိပ်ကို အားရပါးရ ရှိုက်ဖွာနေသည်။ မိမိညိုသည် ကွပ်ပျစ်ပေါ်တွင်ကျုံ့ကျုံ့လေးထိုင်၍ မန်ကျည်းပင်စည်ကိုမှီကာ များစွာ ချောက်ချားတုန်လှုပ်၍နေလေ၏။

"အမေ ဒီတစ်ခါဖြင့် ခက်ပါပြီ အမေ ..... မိမိတို့ ဘယ်လိုလုပ်ကြမလဲ ....."

မိမိညိုက ညည်းနေမိသည်။

"ဘယ်သူနဲ့ ဖြစ်တယ်ဆိုတာကိုလည်း ချော့မေးလို့လည်းမရ ..... ချောက်မေးလို့လည်းမရ၊ ရေနံဆီသောက်မလို့တစ်ခါ၊ မဲ့ယ်သောက်

www.burmeseclassic.com

www.burmeseclassic.com



မလို့တစ်ခါ ကြံစည်တယ်၊ မိစီ ..... မိစီ သိပ်မိုက်တာပဲကွယ် .....”ဟု အမေက တုန်တုန်ရီရီနှင့် ပြောလိုက်လေသည်။

“ကလေးရှိတယ်ဆိုတာကော သေချာရဲ့လား .....”

မိမိညိုသည် အမေ့ကိုပင် မျက်နှာပူသလိုဖြစ်မိကာ မျက်နှာလွှဲ၍ တုံ့ဆိုင်းစွာမေးလိုက်၏။

“သုံးလတောင်ရှိပြီတဲ့အေ.....မယ်မှုန်နဲ့လည်း စမ်းသပ်ပြီးပြီ ..... အမေ သူ့ကို မသင်္ကာလို့ အကဲခတ်နေတာကြာပြီ၊ ဒါတော့ သေချာပါတယ် .....”

“ဘယ်သူနဲ့ဆိုတာကို သူ ဘာဖြစ်လို့ မပြောတာလည်း အမေ”

“အဲဒါ ခက်နေတာ ..... ညည်းညီမက ပြောကိုမပြောဘူး၊ အမေတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိပါဘူးအေ .....”

“ဟိုဘက်ခြံက သက်သက်များလား အမေ .....”

“သက်သက်တော့ မဟုတ်ဘူးလို့ပြောတယ်၊ သက်သက်နဲ့ သူနဲ့ နေပုံထိုင်ပုံကတော့ ရှင်းပါတယ်၊ သူငယ်ချင်း မိတ်ဆွေလိုပါပဲ .....”

“သူ့ကျောင်းကကော .....”

“ကျောင်းကလည်း ဘယ်သူနဲ့မှ မဟုတ်ပြန်ဘူးတဲ့ကွယ် .....”

“ခက်တာပဲ အမေရယ် ..... အရှက်ကွဲရပြန်ဦးမယ်၊ မိန်းမဖြစ်ရတဲ့ ဘဝ မကောင်းပါဘူး၊ တော်တော်မိုက်ပါလား စီစီရယ်”

မိမိညိုက ချုံးပါအောင် ညည်းညူနေရာ၊ အမေမှာ အကျိုလက်ဖျားနှင့် ရီဝေသောမျက်လုံးအိမ်ကိုတို့ကာ .....

“ကိုလတ်သာရှိရင် ..... ဒင်းကို သတ်တောင်ပစ်တယ် .....”ဟုပြောရင်း မျက်ရည်ကျလာလေသည်။

မိမိညိုသည် သက်ပြင်းတစ်ချက်ချကာ “အသက် (၁၆) နှစ်ပဲရှိသေးတဲ့အရွယ်ဆိုတော့လည်း ဒီလိုပဲ မိုက်မှာပဲ၊ မိမိ ချော့မော့မေးကြည့်ပါဦး



မယ်၊ ဘယ်လိုစီမံရမယ်ဆိုတာလည်း ကြံရဦးမယ်၊ ဒါပေမဲ့ ဟိုဘက်အိမ်က သက်သက် နှမတွေ၊ အစ်မတွေဆိုရင် ဘယ်လောက်အိနြွေရလည်း ..... ခုတော့ ရှက်ဖို့ကောင်းလိုက်တာ၊ မိမိတော့ လဲသာသေချင်တာပဲ အမေရယ် .....”ဟု မျက်ရည်ဝဲကာပြောမိလေသည်။

“လင်ကောင်မပေါ်ဘဲ ကလေးမွေးရတယ်ဆိုတာထက် သေချင်စရာကောင်းတာ ဘာရှိသေးတုံး .....”ဟု အမေက ရှိုင်းပျစွာဆိုရင်းပင်၊ ဆက်၍ “သူ့ကိုယ်သူ မဲနယ်တို့၊ ရေနံဆီတို့သောက်တာ ငါ ယောင်လို့ဆွဲမိတယ်... လွှတ်ထားရင် အကောင်းသားအေ၊ သေသေကျေကျေ...” ဟု စိတ်နာစွာပြောနေမိသည်။

“ဒီလိုလည်း မပြောပါနဲ့ အမေရယ် .....”

[၃၂]

“ဟိုတုန်းက စီစီ့ကိုမွေးတုန်းက ဟောဒီ ရက်ကန်းစင်တွေထားတဲ့နေရာမှာပေါ့ ..... အဲဒီတုန်းက မမလေးက (၉) နှစ်ရှိပြီ၊ မမလေးအောက်ယောက်ျားလေးတွေချည်းပဲဖြစ်နေတော့ ညီမလေးမွေးပါစေလို့ အမေကိုယ်ဝန်ရှိကတည်းက အခါခါဆုတောင်းလိုက်ရတာ .....”

စီစီသည် မိမိညိုပြောသမျှကို ငြိမ်ငြိမ်လေးနားထောင်နေသည်။ အိမ်အောက်ထပ်တွင် ခင်းထားသော ကွပ်ပျစ်ပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ရင်း အိနြွေရစွာ တည်တည်ကြည်ကြည်လေးငေးနေသည်။ သူ့မျက်နှာလေးမှာ ဖြူစင်သန့်ရှင်းဟန်ရှိလျက်၊ နုနယ်သောမျက်နှာထားလေးမှာ အပြစ်တင်ရက်စရာမရှိပေ။

မိမိညိုသည် ပြုံး၍ စီစီညိုအား စေ့စေ့ကြည့်ကာ၊ “မိမိအတွက် ညီမလေးလို့ အဘကအော်လိုက်ရင်ပဲ အမေ့မီးနေခန်းထဲကို အပြေးပြေးဝင်တာပဲ၊ ဖာထဲမှာ နီတာရဲရဲလေးဖြစ်တဲ့ စီစီ့ကို ငုံ့ငုံ့နမ်းတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် စီစီ့တာဝန်တွေဟာ မမလေးရဲ့ပုခုံးပေါ်ကျရောက်တာပဲ .....” ဟု ချိုသာစွာပြောပြလိုက်၏။

မီမီညိုက ဆက်၍ “အမေတို့က စီးပွားရှာနေရတော့ စီစီ့ကိုထိန်းမယ့် သူမရှိဘူး ..... အဲဒီတုန်းက မမကြီးကလည်း မန္တလေးမှာ ဒွေးလေးခင်တို့နဲ့ အတူနေတယ်၊ ဒီတော့ မမလေး ကျောင်းမသွားခင် စီစီ့ကို ရေချိုးလည်း မမလေး၊ ထမင်းကျွေးလည်း မမလေးပဲ၊ နွေရာသီ ကျောင်းပိတ်ရက်တွေမှာ ထိန်းရတာဆိုတာ ဟောဒီခါးတွေဟာ ပျွတ်တက်မတက်ဘဲ၊ တကယ်ဆိုတော့ စီစီဟာ မမလေးရဲ့ လက်ပေါ်မှာပဲ ကြီးခဲ့ရတယ် .....”

ဤသို့ပြောလေရာ၊ စီစီသည် မီမီညိုဆိုလိုရင်းသဘောထားကို ရိပ်မိသိရှိကာ မျက်ရည်များ တစ်စတစ်စ ရစ်ဝိုင်း၍လာလေသည်။

“တစ်ခါတလေ မမလေးများ နေမကောင်းလို့ အပူကျူးမှာစိုးတဲ့ အတွက် အမေနဲ့ တစ်လှည့်သွားအိပ်ပါဆိုရင်တောင် ကျွတ်ကျွတ်ဆူငိုတော့တာပဲ၊ မမလေးနဲ့အိပ်ရမှ၊ အလည်မှာ ခေါင်းအုံးတွေခြားပြီး မမလေးခုတင်ပေါ်မှာ သိပ်ခဲ့ရတယ်၊ အမေများ အပြင်ထွက်ရင် ဖြုံတောင်မဖြုံဘူး၊ မမလေးမို့ အပြင်ထွက်ရရင်လေ ..... အတင်း ထဘီစကို ဆွဲထားတယ်၊ ကျောင်းသွားချိန်ကလွဲလို့ မမလေး အပြင်ထွက်ရင် စီစီ ပါစမြဲပဲ၊ မမလေးဟာ သားသည်အမေ တစ်ပိုင်းပဲ .....”

စီစီသည် မျက်ရည်ပေါက်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကာ၊ လက်ညှိုးနှင့် မျက်ရည်များကို သုတ်နေသည်။

“အဘနဲ့အမေ့ကို မပြောရဲတဲ့ကိစ္စဆိုရင် မမလေးက ဒိုင်ခံပြောပေးရတယ်၊ ကျောင်းလခ ဖျောက်ပစ်တုန်းက မမလေးစုထားတဲ့ပိုက်ဆံ စိုက်ပေးခဲ့ရတာ မှတ်မိလား၊ စီစီ ခိုးလုပ်ခဲ့တာမှန်သမျှ မမလေးကို ပြောခဲ့ဖူးတာချည်းပါပဲကွယ် .....”



မီမီညိုသည် ပြောရင်းပင် အသံတုန်လာကာ စကားကိုဖြတ်ထားလိုက်လေသည်။

စီစီသည် အသံမထွက်အောင် ကြိတ်ရှိုက်ကာ.....

“စီစီ သေချင်တာပါပဲ .....”ဟု ပြောရင်း ငိုကြွေးလေ၏။

“လူဆိုတာ သေချင်တိုင်းလည်း သေတာမဟုတ်ဘူး ညီမ ..... ခု စီစီ ကြံစည်တာတွေဟာ လူမသေဘဲ အလူးအလဲခံရမယ်၊ ဘာမှတ်သလဲ ..... ဒီလို မကြံရဘူး .....”

မီမီညိုက မျက်နှာထားနှင့် မာန်မဲပြီးမှ မျက်နှာကို ချက်ချင်း အမူအရာ ပျော့ပျောင်းချိုသာစေကာ စီစီ၏လက်မောင်းလေးကို တယုတယကိုင်လှုပ်၍ .....

“ဘယ်သူလဲဆိုတာသာ မမလေးကိုပြောပါကွယ် .....”

စီစီကား တုတ်တုတ်မှမလှုပ်။

“ဘယ်သူလဲ ဟင် .....”

စီစီက မလှုပ် .....

“ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ညီမရယ် ..... မမလေး အဲဒီလူကို ရှိခိုးဦးတင်နဲ့ သွားပြောပေးပါ့မယ်၊ အို ..... သူတောင်းစားပဲဖြစ်ဖြစ် ..... အနူအဝဲပဲဖြစ်ဖြစ် ..... စီစီ့ကိုယူပါလို့ မမလေးတောင်းပန်မှာပဲ၊ သူ့ခြေထောက်ကိုပဲ မမလေး ခေါင်းနဲ့ တိုက်ရတိုက်ရ မရမက ဦးညွတ်တောင်းပန်မှာပဲ .....”

မီမီညိုသည် မျက်ရည်များ ပြည့်လျှံလာလျက် စီစီ့အနီးသို့တိုးကပ်ကာ.....

“ဘယ်သူလဲဆိုတာသာ တစ်ခွန်းလောက်ပြောလိုက်ပါ ညီမရယ်...”

စီစီသည် အံတစ်ချက်ကြိတ်ကာ ငိုင်နေရင်း၊ မျက်ရည်ပေါက်များ လိမ့်လိမ့်ကျလာလေသည်။ ထို့နောက် .....

www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ဘူး ..... မပြောချင်ဘူး၊ မမေးပါနဲ့ မမလေးရဲ့ ..... မမေးပါနဲ့၊ စီစီမပြောနိုင်ဘူး ....."ဟု ရှိုက်ကြီးတငင်ငိုကြွေးသည်။

"ဘာလို့ မပြောနိုင်တာလဲ ညီမရယ် ..... ခက်တာပဲ၊ စီစီ အရှက်မကွဲရအောင် မမလေးတို့ ကြံရဖန်ရဦးမယ် မဟုတ်လားကွယ် ....."

မိမိညိုသည် သက်ပြင်းချကာပြောရင်း စီစီ့အားဖက်ကာ .....

"မမလေးကိုချစ်ရင် ဖြေပါကွယ် ....."

"ဘယ်သူမဆို မမလေး ပြောပေးမလား ....."

"အို ..... ပြောပေးမှာပေါ့၊ စီစီ့အတွက် မမလေး ဘာလို့ မပြောပေးပဲနေရမှာလဲ၊ ပြောပါ ညီမလေးရယ်၊ ပြောစမ်းပါ ....."

စီစီသည် စိတ်ကိုတင်း၍ အံကိုကြိတ်ကာ စကားသုံးခွန်းကို လေသံမျှသာ ထုတ်ဖော်ပြောလိုက်နိုင်၏။

"ကိုအောင်မင်း ....."

"ဟင် ..... ကိုအောင်မင်း ... ဟုတ်လား၊ ကိုအောင်မင်းနဲ့လား"

စီစီအား ဖက်ထားသော မိမိညို၏လက်များသည် ပြေလျော့သွားကာ၊ စီစီအား စေ့စေ့ကြည့်၍ အော်မေးလိုက်လေသည်။

မိမိညို၏ ဘုံဗိမာန်ကြီးသည် အစိပ်စိပ်အမွှာမွှာ ပြိုကွဲသွားခဲ့လေသည်။ မိမိညိုသည် နွေခေါင်ခေါင်တွင် မိုးကြိုးအပစ်ခံလိုက်ရသူပမာ မှင်တက်မိကာနေသည်။ ကျောက်ရုပ်ကဲ့သို့ တုတ်တုတ်မှမလှုပ်ပဲနေကာ၊ နှစ်ဦးစလုံး၏ နှုတ်မှာလည်း အတန်ဆိတ်နေသည်။ မိမိညိုသည် အပြင်ပန်း တိတ်ဆိတ်နေသလောက်၊ ရင်ထဲတွင် ဆောက်တည်ရာမရ ဗလောင်ဆူဝေနေသည်။

နောက်မှ သတိတရားဝင်လာကာ မိမိညိုသည် စီစီ၏ပုခုံးလေးကို ဖက်တွဲလိုက်သည်။ ကြိုးစား၍ ပြုံးလိုက်သည်။ ဤအပြုံးကား ..... တင်းမာသောအပြုံး ..... ခိုင်မာသောအပြုံး ..... ပြတ်သားသောအပြုံး၊



တဒင်္ဂပဟန်မျှ မိမိညိုသည် စိတ်ကို တင်းနိုင်ခဲ့သည်။

"ဘယ်တုန်းက ဖြစ်ကြတာလဲ ....."

"ဟို ..... ဟို ..... မမလေး သီတင်းကျွတ် ပြန်မလာခင်က ....."

စီစီက အထစ်ထစ် အငေါ့ငေါ့ဖြေလေသည်။

"ကိုအောင်မင်းကို မမလေး ပြောမယ် ....."

"သူ ..... စီစီ့ကို ယူမှာ မဟုတ်ပါဘူး ....."

စီစီက တိုးတိုးလေးပြောနေ၏။

"အို ..... ဘာလို့ မယူရမှာလဲ၊ ဒါ သူ့တာဝန်ပဲဟာ ..... သူ ခုထိ ဒီလိုနေနေတာတောင် လွန်လှပြီ ....."

"ဒါ ..... သူ့အပြစ်မဟုတ်ပါဘူး ..... စီစီမှ သူ့ကိုပြောမပြပဲ၊ ဒီအကြောင်းတွေကို အစ်ကိုအောင်မင်း မသိပါဘူး ....."

"ဘာပဲဖြစ်ဖြစ် မမလေး သွားပြောမယ်လေ ....."

"သူက မမလေးကို သိပ်ချစ်တာပဲ ....."

မိမိညိုသည် စီးလာသောမျက်ရည်များကို မျက်တောင်များနှင့် ပုတ်ခတ်သွင်းကာ .....

"ဒါတွေကို မတွေးနဲ့ ..... ပြီးခဲ့တဲ့အကြောင်းတွေကို မေ့ထားလိုက် ..... စီစီ့ကို ကိုအောင်မင်း ယူဖို့က မမလေး တာဝန်ထား ..... ဟုတ်လား ..... ဘာမှမပူနဲ့၊ ကိုယ့်ကိုယ်ကိုယ် နေကောင်းဖို့သာကြိုးစား ..... ပြီးတော့ လိမ်လိမ်မာမာနေ၊ အလိမ္မာဆိုတာ ဝမ်းတွင်းပါမဟုတ်ပါဘူးကွယ် ..... မွေးယူရတာပါ၊ လိမ္မာလည်းဒီစိတ်၊ မိုက်လည်း ဒီစိတ်ပါပဲ၊ ကိုယ့်စိတ်ကိုမှ ကိုယ်မနိုင်ရင် မမလေးတို့ စီစီတို့ဟာ လူ့အဖြစ်ကို ခံယူဖို့တောင် မကောင်းပါဘူး၊ ဘယ်နေရာမဆို သတိတရားလေးထားရင် မမှားဘူးပေါ့ ..... ဟု တည်ကြည်စွာပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## [၃၃]

မိမိညိုသည် ဟောင်းနွမ်းနေသော ယောကျ်ားစီးစက်ဘီးကို ခပ်ပြင်းပြင်း နင်းလာလေသည်။ ဘယ်သို့ဘယ်ပုံ နင်းလာမိသည်ကိုပင် ကိုယ့်ဘာသာကိုယ် သတိမထားမိပေ။ စိတ်က ဆာနေသဖြင့် ချွေးများပင် ပြန်လာလေသည်။

သတိရသောအခါ၌ စက်ဘီးအရှိန်ကို လျှော့လိုက်လေသည်။ စက်ဘီးလက်ကိုင်ကို တင်းတင်းဆုပ်ကိုင်ရင်း ကိုလတ်ကို သွား၍ အမှတ်ရနေမိသည်။ ဤစက်ဘီးကား ကိုလတ် အမြဲစီးနေကျစက်ဘီး ပင်တည်း။

"ကိုလတ်ရေ မင်းကဖြင့် ဘာမှမသိရှာတော့ဘူး၊ မင်းညီမ စီစီ မိုက်ပုံတွေကို မမြင်ရတော့ဘူး၊ တကယ်တော့ ငါ့မောင်ဟာ စောစော နားအေးသွားရတာပါကွယ်၊ သေခြင်းဟာ အနားယူခြင်းလို့ အဆိုရှိခဲ့ သလို မမလေးတို့ ဝဋ်မကင်းလို့ စောစောမသေရတာပါကွယ် ....."

ရင်ထဲတွင် တီးတိုးစကား ဆိုနေမိသည်။

မျက်စိထဲတွင် ကိုလတ်ရုပ်ကို မြင်ယောင်နေရာမှ ဖြုန်းဆို ကိုအောင်မင်းကို မြင်ယောင်မိပြန်သည်။ ကိုအောင်မင်း၏ တည်ကြည် ခန့်ညားသောရုပ်၊ ကြင်နာသိမ်မွေ့သောအပြုံး၊ ယဉ်ကျေးသောလှုပ်ရှားဟန်များကိုသာ မြင်နေမိသည်။

"သြော် ..... တရားရှင်ကြီးရယ်၊ ခုတော့ ကိုယ့်တရားကိုကိုယ် ဘယ်သွားထားပါလိမ့်မလဲ၊ သူပြောတော့ မကောင်းတဲ့စိတ်ကို ပယ်ရမတဲ့၊ တရားကို ကျင့်ကြံအားထုတ်နေတဲ့သူဟာ ဒါလောက်မှ စိတ်ကို မထိန်းနိုင်ဘူးတဲ့လား ....."ဟု ရင်ထဲ၌ပင် ကြေကွဲစွာ မြည်တမ်းမိလေသည်။

ထို့နောက် ကိုအောင်မင်းကို ထည့်တွေးမိသည့်အတွက် ကိုယ့်ဘာ



သာကိုယ် ဒေါသဖြစ်မိလေသည်။ "သူ့ကို ငါ ဘာလို့ တွေးရမှာလဲ ....."ဟု တင်းမာစွာ စိတ်ထားလေသည်။

× × × × ×

နံနက်နေရောင်ခြည်သည် ပွင့်လာလေ၏။

နှင်းထုပြိုကွဲကာ နှင်းငွေ့ရည် ပုလဲစက်တို့သည် မြစိမ်းရွက်တို့တွင် တွဲလွဲခိုနေကြသည်။ မကြာမီ ထိုငွေနှင်းရည်တို့သည် သစ်ရွက်များထံမှ ခွဲခွာရတော့မည်ဖြစ်သည်။

ခုံမင် ခယ၊ ချစ်လွန်းကလည်း၊ သောကနောက်ဆုံး ရှိ့ချေ၏။

မိမိညိုသည် စက်ဘီးကို အိမ်အဝတွင် ထောင်ထားခဲ့ကာ အိမ်ထဲသို့ ဝင်လာခဲ့လေသည်။ ဧည့်ခန်းတွင် သတင်းစာဖတ်နေသောကိုအောင်မင်းကို တန်းတန်းမတ်မတ်တွေ့လေသည်။ ကိုအောင်မင်းသည် လူရိပ်ကို တွေ့လိုက်ရသဖြင့် သတင်းစာကိုချကာ မော့ကြည့်လိုက်၏။

"ဟော ..... မိမိ ....."

ကြည်လင်ဝင်းပသော မျက်နှာနှင့် ထိုင်ရာမှ ဖြုန်းဆို ထလိုက်လေသည်။ မိမိညို ရှိရာသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်လာကာ သိမ်မွေ့စွာ ပြုံးလျက်.....

"ဘယ့်နှယ် ဆိုင်းသံဗုံသံမကြား ဒီကျောင်းပိတ်ရက် မပြန်ဘူးဆို၊ မိမိ မပြန်ဘူးဆိုလို့ ကိုယ့်မယ် ဟာနေတာပဲ၊ အမယ်လေး ..... ဝမ်းသာလိုက်တာ မိမိရယ်"ဟု အားရပါးရပြောလိုက်၏။

မိမိညိုသည် မတုန်မလှုပ်ရုပ်ကာ ကြိုးစား၍ ပြုံးလိုက်လေသည်။ စိတ်ကိုတင်းသောအပြုံး .....

"ပြန်ဖို့ကိစ္စပေါ်လာလို့ ....."ဟု အားယူကာ ပြောလိုက်၏။

"အဲဒီကိစ္စကို ကိုယ်က ကျေးဇူးတင်ရဦးမှာပေါ့၊ မိမိ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် စေ့ဆော်တဲ့ကိစ္စကိုပဲ ကိုယ် အလွန့်အလွန် ကျေးဇူးတင်နေပြီ .....”

“ကျေးဇူးတင်ဖို့အကြောင်း မရှိပါဘူး .....”

မိမိညိုသည် တည်ကြည်စွာ ပြောလိုက်လေသည်။

“ထိုင်ပါဦး မိမိရယ် ..... မတ်တပ်ကြီး ရပ်နေလိုက်တာ၊ ကြည့်ပါဦး၊ သူ့စိမ်းပြင်ပြင်ကျနေတာပဲ၊ ဒီတစ်ခေါက် မိမိ ဘာဖြစ်လာတာလဲ .....”

ကိုအောင်မင်းသည် မိမိညို၏လက်မောင်းအိုးလေးကို ဆွဲကိုင်ကာ အထိုင်ခိုင်းလေရာ မိမိညိုသည် လက်ကို ဆွဲရုန်းကာ သူ့ဘာသာသူထိုင်ပြီး၊ ကိုအောင်မင်း၏မျက်နှာကို စေ့စေ့ကြည့်၍ .....

“ကိုအောင်မင်းကို ကျွန်မ နားလည်စေချင်တာက၊ ဒီကို ကျွန်မ ကိုအောင်မင်းရဲ့ချစ်သူအဖြစ်နဲ့ ရောက်လာတာမဟုတ်ဘူး .....”

မိမိညိုသည် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ကြမ်းပြင်ကိုလက်ညှိုးအောက်စိုက်ထိုးရင်း ပြောလိုက်သည်။

ကိုအောင်မင်းသည် မိမိညို့အား နားမလည်သလိုကြည့်ကာ .....

“ဘယ့်နှယ် ..... မိမိ ဘယ့်နှယ်ပြောလိုက်တယ်၊ မိမိ့စကားတွေက စိမ်းကားလှချည်လား .....”ဟု ဝမ်းနည်းစကားဆိုလေ၏။

“ဘယ်သူ၊ ဘယ်ဝါ စိမ်းကားတယ်ရယ်လို့ မပြောချင်ဘူး ..... ချစ်သူချင်း စကားပြောနေကြတာမှ မဟုတ်ဘဲနဲ့ .....”

“ကိုယ်တို့ဟာ ချစ်သူမဟုတ်လို့ ဘယ်သူတွေလဲကွယ် .....”

“ကျွန်မ စီစီ့အစ်မအနေနဲ့ စကားပြောနေပါတယ် .....”

မိမိညိုသည် တုန်လှုပ်သော အမူအရာကိုထိန်းကာ၊ ရီဝေသော မျက်လုံးများကို ဖုံးအုပ်ရန် မျက်မှောင်ကုတ်ပြီး မျက်စေ့မှေးလျက် ပြောလိုက်၏။



“မိမိ ..... ဘာတွေပြောနေတာလဲ၊ ရှေရှေလည်လည်ပြောပြပါဦး ညီမလေးရယ် .....”

“ကျွန်မကို ညီမလေး မခေါ်ပါနဲ့၊ ရှင် ..... ကျွန်မကို ဒီလိုမခေါ်ထိုက်ပါဘူး .....”

“မိမိဟာ ကိုယ့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ မိမိဟာ နောက်ပြောင်တတ်တဲ့ မိန်းကလေးမှမဟုတ်ဘဲ၊ ပြီးတော့ မိမိ့မျက်နှာထားကလည်း တည်လိုက်တာ ..... ကိုယ့်ကို ပညာရှိနှိပ်စက်နေတာလား မိမိ ရယ် .....”

ကိုအောင်မင်းကဆိုဆဲတွင်၊ မိမိညိုသည် မျက်ရည်ဝေ့လာသော မျက်လုံးများနှင့် ကိုအောင်မင်းထံမှလွှဲကာ .....

“ဘယ်သူက နှိပ်စက်တာလဲ၊ အို ..... ကျွန်မ အပိုစကားမပြောချင်ဘူး၊ ခု စီစီ ဘာဖြစ်နေတယ်ဆိုတာ ကိုအောင်မင်းသိရဲ့လား .....”

စီစီ ဘာဖြစ်လို့လဲ .....”

“ကောင်မလေးမှာ ကလေးရှိနေပြီ .....”

မိမိညိုက ထူပူသောမျက်နှာနှင့် တုံ့ဆိုင်းစွာဖြေ၏။

“ဗျာ .....”ကိုအောင်မင်းက နားမလည်သလို မေးလိုက်၏။

“သုံးလတောင်ရှိသွားပြီ ..... စီစီ ကျွန်မကိုညာပြီး မပြောဘူး၊ ခုတော့ ..... ဖြစ်ပြီးတဲ့ကိစ္စအတွက် ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မဆိုပါဘူး၊ ဒါပေမဲ့ နောက်ပိုင်းရှင်းရအောင် ကိုအောင်မင်းအနေနဲ့ တာဝန်ကို သိပါလို့ တောင်းပန်ချင်တာပါပဲ၊ ဒီအတွက် ကျွန်မ ကိုအောင်မင်းကို ခွင့်လွှတ်ပါတယ် .....”

မိမိညိုသည် တုန်နေသော နှုတ်ခမ်းလေးကို ‘ဟ’ကာပြုံးလျက် ချိုသာစွာပြောလိုက်လေ၏။ ကိုအောင်မင်းသည် သူ၏ ရှည်လျားသော ကျောကို ကုလားထိုင်နောက်မှီတွင် ပစ်မှီကာ ခေါင်းကို ခါယမ်းလျက်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို တာဝန်သိရမှာလည်း ရှင်းရှင်းပြောပါ မိမိ၊ ပြီးတော့ မိမိ ဘာကို ခွင့်လွှတ်တာတဲ့လဲ"ဟု သက်ပြင်းချကာ မေးလိုက်၏။

မိမိညိုသည် ဒေါသထွက်လာကာ ..... ကိုအောင်မင်းအား လက်ညှိုး ငေါက်ငေါက်ထိုးလျက် .....

"အစက ကိုအောင်မင်းကို စိတ်မထိန်းနိုင်တဲ့ လူရယ်လို့ပဲ သာမန် အပြစ်ဆိုခဲ့တယ်၊ ခုတော့ ..... လူယုတ်မာ ဖြစ်နေပြီ၊ ရှင် ..... ရှင်ဟာ လူယုတ်မာ ..... သစ္စာမဲ့တဲ့သူ ..... ရှင့်ကို မသိလို့ ကျွန်မ ချစ်ခဲ့မိတာ သိလား ..... ကျွန်မ မှားလို့ချစ်မိတာ ....."ဟုပြောရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာ လေသည်။

"ခက်ပါပြီ မိမိ ..... ခု ကိုယ့်ကိုစွပ်စွဲနေတာကိုး၊ ကိုယ်ရှင်းပါရစေဦး မိမိရယ် ....."

"အို ... ရှင်းဖို့ မလိုပါဘူး၊ အရပ်ကလည်း ဒီအတိုင်းပြောနေကြ တာ၊ စီစီဆီက ကားမောင်းသင်နေတယ်ဆိုတဲ့ စာရကတည်းက ကျွန်မ စိတ်ထဲမှာ နတ်များ နှိုးဆော်သလို ထိတ်ခနဲဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ကို အောင်မင်းရဲ့ သမာဓိကို အများကြီး ယုံကြည်ခဲ့ပါတယ်။ ကိုအောင်မင်း ကို ကျွန်မ သူတော်စင်ရယ်လို့ အထင်ကြီးခဲ့မိပါတယ် ....."

"မိမိရယ် ... စီစီဟာ ကိုယ့်ညီမလေး ... တူမလေးအရွယ်ပါကွယ်၊ ကိုယ်ဒီလို မကြံရက်ခဲ့ပါဘူး၊ စိတ်ထဲမှာ ဖောက်ပြားလိုတဲ့ဆန္ဒ ရှိချင်ရှိဦး တော့ ဒီလို ကာယကံမြောက် မကျူးလွန်ရက်ပါဘူး မိမိရယ်....."

"ကိုအောင်မင်းရဲ့ နှုတ်ထွက်စကားတွေကတော့ ဖြူးပါရဲ့၊ ဒါပေမဲ့ ..... ကိုအောင်မင်းရဲ့ နှုတ်ထွက်စကားနဲ့ ကာယကံအလုပ်ကတော့ တခြားစီပဲ ....."

"ဘယ်သဘောနဲ့ ကိုယ့်ကို ခိုင်ခိုင်လုံလုံစွပ်စွဲနေတာလဲ မိမိ၊ မိမိ ဘာအထောက်အထားနဲ့ စွပ်စွဲနေတာလဲ ..... စဉ်းစဉ်းစားစားပြောပါ



ကွယ် ....."

"အို ..... ကာယကံရှင်က ပိုသိမှာပေါ့၊ ဒါမျိုး ဘယ်မှာ သက်သေ ပြနိုင်မလဲ၊ ပြနိုင်ရင် ဘယ်သူမှ တိတ်တိတ်ပုန်း ကလေးမွေးကြရတဲ့ ဘဝမျိုး မရောက်ဘူး ....."

မိမိညိုသည် ပေါက်သည့်နဖူး မထူးတော့သည့်အတူတူ၊ ပွင့်လင်း စွာ ပြောလိုက်လေသည်။

"စီစီက ဒီလိုပဲ ပြောသလား ....."

ကိုအောင်မင်းက ခပ်ဆတ်ဆတ် မေးလိုက်လေသည်။

"စီစီကို အပြစ်မတင်ပါနဲ့၊ သူ့ခမျာ မပြောချင်လို့ ကျိတ်မှိတ်နေရှာ တာ ..... ကျွန်မက အတင်းချော့မေးလို့ ပြောပြတာ ....."

"ဒီတော့ ..... ကိုအောင်မင်းလို့ပဲ ပြောသလား ....."

"ဟုတ်တယ် ..... ကိုအောင်မင်းတဲ့ ....."

ကိုအောင်မင်းသည် သူ့နဖူးသူ လက်ဝါးနှင့်ရိုက်ကာ .....

"ခွတော့ဖြစ်ကုန်ပါပြီ၊ ကောင်မလေးဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုပြောလိုက်တာလဲမသိပါဘူး ....."ဟု သူ့ဘာသာသူ တီးတိုးပြော နေ၏။

"ဒီလို ဟန်မဆောင်ပါနဲ့ ကိုအောင်မင်း ..... ဒုစရိုက်ဆိုတာ ဖုံးကွယ် လို့မရပါဘူး၊ အမှန်တရားဟာ တစ်နေ့ကျတော့ ပေါ်တာပဲမဟုတ်လား၊ ကျွန်မက ဘုရားမှတ်လို့ ကိုးကွယ်မိတာ ..... ခုတော့ ေတာင်ပို့ဖြစ်နေပြီ၊ အို ..... ဘာပဲဖြစ်ဖြစ်လေ ခုလောလောဆယ်ကိစ္စကတော့ စီစီရဲ့ကိစ္စပဲ၊ စီစီရဲ့ကိစ္စကို ဖြေရှင်းရလိမ့်မယ် ....."

"မိမိ ..... မိမိ ..... ကိုယ် ဘယ်လိုရှင်းရမလဲ၊ ကိုယ် ငြင်းတိုင်း ငြင်းတိုင်း မိမိဟာ ကိုယ့်ကို လူယုတ်မာလို့ စွပ်စွဲပြန်တော့မယ်၊ ကိုယ် အကြောက်ဆုံးကလည်း မိမိက ကိုယ့်အပေါ် လူယုတ်မာ အထင်ခံရမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ၊ ခက်တာပဲ မိမိ ..... အားလုံး ခက်ကုန်ကြပါပြီ၊ စီစီကို ကိုယ် အို ... ဘုရားပေးပေး၊ ကျမ်းပေးပေးပါ မိမိရယ်၊ ကိုယ့်တစ်ဦးတည်းသော ရည်မှန်းသူဟာ မိမိတစ်ယောက်တည်းပါ ....."

ကိုအောင်မင်း၏ မျက်နှာတစ်ခုလုံး ညှိုးမည်းလျက် တုန်လှုပ်နေ၏။

"ဒီမှာ ကိုအောင်မင်း ..... ကျွန်မ ကိုအောင်မင်းကို တောင်းပန်ပါတယ်၊ ခြေသလုံးဖက်ပြီး တောင်းပန်ပါ့မယ်၊ ရှိခိုးပြီး တောင်းပန်ပါတယ်၊ ယောကျ်ားကောင်းတစ်ယောက်ဆိုရင် အလွတ်မရုန်းပါနဲ့၊ စီစီရဲ့ အရှက်ကို ကာကွယ်ပေးပါဦး .....နောက်မှ မချစ်ဘူးဆိုရင်လည်း ကွာပစ်ပါ၊ ကိုအောင်မင်းဟာ ကျွန်မတို့ရဲ့ကောင်းကျိုးကိုသာ အမြဲကြည့်ခဲ့တယ် မဟုတ်လား၊ ကိုအောင်မင်းရဲ့ ကျေးဇူးတွေဟာလည်း ပြောမပြနိုင်လောက်အောင်ပဲ များပါတယ် ....."

"ဩော် ..... ဒါကြောင့် မိမိက ကျေးဇူးတွေဆပ်နေတာပေါ့ ဟုတ်လား ....."

"မဟုတ်ပါဘူး ကိုအောင်မင်းရယ်၊ ရှိကြီးခိုးပါရဲ့၊ ယောကျ်ားဆိုတာ အပြစ်တစ်ခု ကျူးလွန်ပြီး လွတ်အောင် ရှောင်သွားနိုင်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ မိန်းမကျတော့ ခိုးထုပ်ခိုးထည်နဲ့ကျန်ရစ်တာ၊ ကိုအောင်မင်းရယ် ဒီလို ရှောင်မသွားပါနဲ့၊ အရင်တုန်းက ကျွန်မချစ်ခဲ့တဲ့ ကိုအောင်မင်းဟာ အင်မတန်မှ ဖြောင့်မတ်တည်ကြည်ခဲ့ပါတယ်၊ ဖြူစင်ခဲ့ပါတယ်၊ ရိုးသားခဲ့ပါတယ် ....."

မိမိညိုသည် ပြောရင်း ပြောရင်းပင် မျက်ရည်ပေါက်ကြီးများလိမ့်ကာ ကျလာလေသည်။

"ကိုအောင်မင်း ကျွန်မကို နှစ်နှစ်ကာကာချစ်တယ်ဆို ..... ချစ်တယ်ဆိုရင် ကျွန်မရဲ့ စိတ်ချမ်းသာမှုလေးတစ်ခုကိုမှ ဖန်တီးမပေးနိုင်ဘူးလား ....."



"ကိုယ် စီစီကိုယူရင် မိမိ တကယ် စိတ်ချမ်းသာမယ်လား"

"အို ..... စီစီရဲ့အရေးသာ အေးသွားမယ်ဆို ..... ကျွန်မ သိပ်စိတ်ချမ်းသာမှာပဲ ....."

"မိမိ တကယ်ပြောနေတာလား ....."

"တကယ်ပြောနေတာပေါ့ ....."

"မိမို့စိတ်သဘောကို ဒါလောက်သိရရင် တော်ပါပြီ၊ ဒါပေမဲ့ စီစီ့ကို ကိုယ်မယူခင် မိမို့ရှေ့မှာပဲ သူ့ကိုမေးချင်တယ် မိမိ၊ ဒါကို မိမိ ခွင့်ပြုပါ ....."

"မေးပါ ..... မေးပါ ....."

ကိုအောင်မင်းသည် မိမိညိုအား တဒင်္ဂပဟန်မျှ စိုက်ကြည့်နေမိသည်။

မိမိညိုသည် သူ၏ဘယ်ဘက်လက်ခလယ်မှ မြလက်စွပ်ကလေးကို ချွတ်လိုက်လေသည်။ သည်လက်စွပ်ကလေးကား မိမိညို့မွေးနေ့အတွက် ကိုအောင်မင်း၏ လက်ဆောင်ဖြစ်လေသည်။

"ဒီလက်စွပ်ကလေးကို ကျွန်မ မဝတ်ထိုက်တော့ဘူးလို့ ယူဆပါတယ် ....."ဟု ကိုအောင်မင်း၏ လက်ထဲသို့ ပြန်ပေးအပ်လေသည်။ ကိုအောင်မင်းသည် မျက်ရည်ဝဲကာ လက်စွပ်ကို ပြန်မယူဘဲငေးကြောင်နေသည်။

မိမိညိုသည် ကိုအောင်မင်း၏ မျက်နှာကို စိုက်ကြည့်ပြီး လက်စွပ်ကို ကိုအောင်မင်း၏ လက်ထဲသို့ ထည့်ကာ၊ သူ့လက်ဝါးနှစ်ခုနှင့် မျက်နှာအုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

ကိုအောင်မင်းသည် မျက်ရည်ပြည့်လျှံသော မျက်လုံးများနှင့် မိမိညို၏ ပုခုံးကို အသာကိုင်ကာ .....

"မငိုပါနဲ့ကွယ် ..... ငိုလို့ အကြောင်းထူးတာမှ မဟုတ်တာနဲ့၊ မိမို့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပြည့်ဝမယ်ဆိုရင် ကျေနပ်ပါတော့၊ ကဲ လာ ... အိမ်ကို ကားနဲ့ ပြန်ပို့ပေးမယ်၊ စက်ဘီးထားခဲ့ ... တော်တော်နေမှ အပို့ခိုင်းလိုက်မယ်...” ဟု ပြောလိုက်ရာ မိမိညိုသည် မျက်ရည်များသုတ်ပြီး နေရာမှ ထလိုက်လေသည်။

× × × × ×

ကိုအောင်မင်းသည် ကားကို တရကြမ်း မောင်းလာလေ၏။

လာသမျှ ယာဉ်ရထားဟူသမျှ ကိုအောင်မင်း၏ ဝီလီဂျစ်ကားကို အတော်ပင် ကွင်းရှောင်သွားကြရလေသည်။ သူ့ဘေးမှ မိမိညိုကလည်း တုတ်တုတ်မှမလှုပ်၊ သတိပေးဖော်မရ၊ မျက်ရည်ဖြိုင်ဖြိုင်ကျနေသော မျက်နှာသည် ရှေ့သို့သာ တန်းတန်းမတ်မတ် စိုက်ကြည့်နေသည်။

ကိုအောင်မင်းသည်လည်း မျက်ရည်ရစ်ဝိုင်းသော မျက်လုံးများနှင့် ကားကို အမြန်ဆုံး မောင်းလာသည်။

နှစ်ဦးသား၏နှုတ်များသည် တိတ်ဆိတ်နေရာမှ ကိုအောင်မင်း ကပင် စတင်၍.....

“မိန်းမများရဲ့စိတ်ဟာ ..... တယ် အသိခက်တယ်နော်၊ ကိုယ် မိန်းမ တွေရဲ့သဘောကို နားမလည်ခဲ့တာ တယ် တုံးတာပဲ .....”ဟု ခပ်သဲ့သဲ့ ရယ်ရင်း ပြောလိုက်၏။

“ကျွန်မတော့ ခု ယောကျ်ားတွေရဲ့သဘောကို နားလည်ပါပြီ”

မိမိညိုက ကိုအောင်မင်း၏ရယ်သံကို ပဲ့တင်ထပ်ရယ်လိုက်ရင်း ပြောလိုက်၏။ ရယ်သံနှင့်အတူ ရှိုက်သံမပါစေရန် ကြိုးစားလေ၏။

“ဘယ်လို နားလည်တာလည်း ရှင်းစမ်းပါဦး .....”

“ယောကျ်ားဆိုတာ ရမ္မက်နောက်ကို ကောက်ကောက်ပါအောင် လိုက်တတ်တဲ့သဘောရှိတာပဲ၊ ရမ္မက်နဲ့ သူတို့ဟာ မွေးချင်းပေါက်ဖော်



တွေပဲ ..... စကားရှိုင်းရှိုင်းပြောရရင် တဏှာပေါ့၊ မိန်းမတွေက အချစ် တစ်ခုတည်းကိုသာ စိတ်ကူးယဉ်နေချိန်မှာ၊ သူတို့က အချစ်နဲ့တဏှာကို ကြက်ဥအနှစ်နဲ့ အကာကို ရောခေါက်သလို ခေါက်ပစ်လိုက်ကြတယ်၊ ဒီတော့ ဘာဖြစ်သလဲ ..... ‘သစ္စာတရား’ကို ခြေနဲ့ ကန်ကြောက်ပစ် လိုက်တာပေါ့ .....”

မိမိညိုက နာကျည်းစွာဆိုလေရာ ကိုအောင်မင်းက ရယ်၍သာနေ၏။ ကိုအောင်မင်းကား ရယ်ရင်းပင် .....

“ပြောတတ်လိုက်တာ မိမိရယ် ..... မိမိက ဒါလောက်တောင် စကား တတ်နေပြီကိုး .....”ဟု ခနဲ့လေ၏။

“ဒါဟာ ရယ်စရာမဟုတ်ပါဘူး ..... ကြေကွဲစရာပါ .....”

မိမိညိုက မျက်နှာထားတည်တည်နှင့် ပြောလိုက်လေသည်။

“အဲဒီ ကြေကွဲစရာကို ဘယ်သူဖန်တီးသလဲ ..... မိန်းမတွေကပဲ ဖန်တီးတာမဟုတ်လား ..... ခု မိမိက ဓာတ်ဆရာ၊ မိမိ့ဓာတ်ကို မိမိ နိုင်အောင်ထိန်း၊ ဓာတ်ကရင်း ဓာတ်ဆရာက ဝင်ငိုလို့မရဘူး .....”

ကိုအောင်မင်း၏စကားကြောင့်၊ မိမိညိုသည် မျက်ရည်များကို ကပျာကယာသုတ်လိုက်လေသည်။ ကိုအောင်မင်းက ဆက်၍ .....

“ဓာတ်က အလွမ်းဓာတ်လည်းဖြစ်ပြန်၊ ကိုယ်ကိုယ်တိုင်ကလည်း ဓာတ်လိုက်လိုဖြစ်နေတော့ ကိုယ့်အနေနဲ့ ငိုခန်းဖွင့်ပြီး ဓာတ်သိမ်းရမှာပေါ့ လေ ..... ဒါပေမဲ့ စီစီအပေါ်မှာ ကိုယ် စိတ်ကလေးဖောက်ပြန်မိရုံနဲ့ မိမိ ပေးတဲ့အပြစ်ဟာ ကြီးလေးလွန်းပါတယ်၊ သာမန်အမှုလေးကို သေဒဏ် ပေးလိုက်တာနဲ့ အတူတူပဲ .....”

“လူဆိုတာ ကိုယ့်အပြစ်ကိုယ် ဖော့ပြောစမြဲမဟုတ်လား၊ ကျွန်မက တော့ ကိုအောင်မင်းနဲ့ ထိုက်တန်တဲ့အပြစ် ရတယ်လို့ ယုံကြည်တယ်...”

“ခုနေခါ ကိုယ်ဘာပြောပြော မိမိ မယုံဘူးမဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး ..... မယုံမိအောင်လည်း ကြိုးစားတယ် ....."

"ကိုယ်ကလည်း မိမိယုံကြည်အောင် မကြိုးစားဘူး ..... ပိုနေတာပဲ၊ ကိုယ်ဟာ မိမိ့ရှေ့မှောက်မှာ တစ်ရွေးသားမှ မထိုက်တန်တော့တာဘဲ ....."

ကိုအောင်မင်းက ရင်ကွဲပက်လက်ပြောပြီးနောက်၊ မိမိညိုတို့ အိမ်ရှေ့သို့ရောက်လာသောအခါ ကားအရှိန်ကိုသတ်လိုက်၏။

မိမိညိုသည် ကားပေါ်မှ ဖျတ်လတ်စွာ ခုန်ဆင်းလိုက်သည်။

ကိုအောင်မင်းသည် ကားသော့တွဲကို လက်ကကိုင်ကာ၊ ခြေလှမ်းကျဲကြီးများနှင့် မိမိညိုရှေ့မှ ဖြတ်သွားလေသည်။ ငါးရှဉ့်သွေးရောင် ဆွယ်တာလက်ပြတ်ဝတ်ထားသော ကိုအောင်မင်း၏နောက်ကျောကို ငေးကြည့်ရင်း မိမိညိုက နောက်မှ ဖြည်းညှင်းစွာ လိုက်လာလေသည်။

သည်ဆွယ်တာကိုမြင်တော့ ကိုအောင်မင်း ကံဘဲ့ကျောင်းသို့လာစဉ်ကအချိန်ကို ပြန်လည်သတိရမိလေသည်။

ယခုတော့မူ ဖြစ်ချင်း၊ ပျက်ခြင်းဟူသော တရားကား မျက်လှည့်ပြလိုက်သကဲ့သို့ပင်တည်း။

× × × × ×

မိမိညိုတို့ အိပ်ခန်းထဲတွင် စီစီသည် ခုတင်တစ်လုံးပေါ်ထိုင်ကာ ရှိုက်ကြီးတငင် ငိုကြွေး၍သာနေလေ၏။

ကိုအောင်မင်းသည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ကိုယ်ကို မတ်ထိုင်လျက် စီးကရက်ကိုဖွာရှိုက်ကာ .....

"စီစီ ..... မှန်မှန်ဖြေပါ၊ မင့်အစ်မရဲ့ရှေ့မှာ ဖြေစမ်းပါကွယ် ..... ဘယ်သူလဲဆိုတာ ....."ဟု မေး၏။

စီစီကား ရှိုက်ငိုလျက်ကပင် .....



"စီစီ ဖြေပြီးပါပြီ ..... ဘယ်နှစ်ခါ ထပ် ထပ် ဖြေရမှာလဲလို့"

"ဒီတစ်ခါ ဖြေပါဦး ....."မိမိညိုက ဝင်ထောက်လိုက်ရာ.....

"အ အစ်ကိုအောင်မင်းပါလို့ ဆိုနေတာ ..... အစ်ကိုအောင်မင်း စီစီ့ကို မချစ်ဘူးဆိုတာ သိ သိပါတယ်၊ ဒါပေမဲ့ စီက အစ်ကို အောင်မင်းကို သိပ် သိပ် ချစ် ချစ် ပါတယ် ....."ဟု စီစီက ရှိုက်ရင်း ဗလုံးဗထွေးဖြေလိုက်သည်။

မိမိညိုသည် စီစီ့အနီးတွင် ထိုင်နေရာမှ ဖြုန်းဆိုထကာ .....

"ကဲ ကိုအောင်မင်း ... ကလေးကို ဒါလောက်တောင် မနှိပ်စက်ပါနဲ့၊ ရှင် ကလေးကိုမလှည့်ဖျားပါနဲ့၊ စီစီဟာ အရူးအမိုက်ပါ၊ ကိုအောင်မင်းရဲ့ စတန့်နည်းအမျိုးမျိုးကို ကျွန်မ ဘယ်နည်းနဲ့မှ မယုံနိုင်ပါဘူး၊ ရှင့်ကို ကျွန်မ အထင်သေးနေရာကနေ ထပ်ပြီး မျက်နှာမကြည့်ချင်လောက်အောင် မမုန်းပါရစေနဲ့ ....."ဟု ကိုအောင်မင်းအား စေ့စေ့ကြည့်ပြီး ပြောလိုက်လေသည်။

"စိမ်းစိမ်းကားကား ပြောရက်လိုက်တာ မိမိရယ် ....."

ကိုအောင်မင်းသည် ခေါင်းကိုအောက်စိုက်ကာ ... လက်နှစ်ဖက်ကို ပေါင်ပေါ်ထောက်၍ ဆံပင်များကို ဆွဲဖွပြီး အတန်ကြာပင် ငြိမ်နေသည်။

နောက်မှ ဖြုန်းဆိုထကာ ဘယ်သူ့ကိုမှနှုတ်မဆက်ဘဲ ထွက်သွားလေသည်။ မိမိညိုသည် ကိုအောင်မင်းနောက်သို့ အပြေးလိုက်၍ လှေကားရင်းတွင် ကိုအောင်မင်းလက်ကို ဆွဲထားလေ၏။

"ကိုအောင်မင်း ကျွန်မကို စိတ်မဆိုးပါနဲ့၊ ပြီးတော့လည်း ....."

ကိုအောင်မင်းသည် မိမိညို့ထံမှ လက်ကို အသာဆွဲရုန်း၍ မချိတရိပြုံးလျက် မိမိညို၏စကားကိုဖြတ်ပြီး .....

"မိမိ စိတ်ချမ်းသာချင်တယ်မဟုတ်လား၊ မိမိ့ဆန္ဒအတိုင်း ဖြစ်စေရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကိုယ် ကတိပေးပါတယ် .....”ဟုပြောကာ မီမီညို၏ဦးခေါင်းကို အသာပုတ်ပြီး လှေကားမှ အပြေးဆင်းသွားလေ၏။

မီမီညိုသည် မျက်ရည်ပြည့်လျှံသော မျက်လုံးများနှင့် ကိုအောင်မင်း၏ နောက်ကျောကို ငေးကာ ကျန်ရစ်ခဲ့သည်။

## [၃၄]

မီမီညိုသည် ကျောင်းဖွင့်မည့်ရက်ကိုသာ လက်ချိုးရေတွက်နေ၏။

အရင်တုန်းကဆိုရင် ကျောင်းဖွင့်မည့်ရက်ကို ဘယ်တော့မှ မတွက်ချင်ပေ။ ကျောင်းသို့ ပြန်သွားရမည်ကို သိပ်ဖျင်းသည်။ အိမ်နှင့်ခွဲရမှာကို ကြောက်လေသည်။

ယခုတော့မူ.....

တတ်နိုင်လျှင် အိမ်မှ ချက်ချင်းထွက်ခွာလာခဲ့ချင်သည်။ အမေ့ကို သနားသဖြင့်သာ ကျောင်းဖွင့်ရက်အထိ စောင့်နေရသည်။ မီမီညို၏ အလိုဖြင့် ယနေ့ နက်ဖြန်ဆိုသလို ကျောင်းသို့သာ ပြန်လာချင်တော့သည်။

ညီထွေးကပင် သူ့မမလေးအဖြစ်ကို နားမလည်နိုင်ခဲ့ပေ။

“မမလေးကလည်းဗျာ ..... ဒီတစ်ခေါက် အိမ်ပြန်လာတာ သိပ်ကို ငြိမ်တာပဲ၊ စကားလည်း ပြောဖော်မရဘူး ..... သီချင်းလည်း မဆိုတော့ဘူး၊ ကိုလတ် မရှိတော့လို့လား ဟင် .....

“မဟုတ်ပါဘူး ညီထွေးရယ်၊ တစ်ခါတလေတော့လည်း မမလေး ဒီလိုပဲနေချင်တယ် ... ခေါင်းအေးအေးပေါ့ကွယ် .....”

“ကျွန်တော် သိပ်ဖျင်းတာပဲ၊ ကျွန်တော့်စိတ်ထဲမယ် ဒီအိမ်ကြီးဟာ တစ်ခုခုဖြစ်နေသလိုပဲ၊ ကျွန်တော့်စိတ်ထဲမယ် ကျွန်တော်ဟာ အရင်တုန်းက လူဖြစ်ရှုံးတာထက် ဆယ်ဆမက ရှုံးနေပြီလို့ ကိုယ့်ကိုယ်ကိုယ်



ထင်နေတယ် .....”

“ကွယ် ..... ညီထွေးကလည်း အလကား စိတ်ညစ်စရာတွေ ပြောနေတယ်၊ တရားထိုင်ပါလို့ မမလေးပြောခဲ့တာ နားမှမထောင်ဘဲ”

“ပါရမီမရှိတော့ တရားနဲ့ဝေးတယ် မမလေးရဲ့၊ တရားဆိုလို့ ပြောရဦးမယ် ..... ခုတလော အစ်ကိုအောင်မင်းကြီးလည်း အိမ်မလာပြန်ဘူး၊ လာပြန်ရင်လည်း ကျွန်တော့်ကို အာလာပ သလ္လာပ စကားတောင် ပြောမသွားဘူး .....”

“မအားလို့နဲ့ တူပါရဲ့ကွယ် .....”

“ကျွန်တော့်စိတ်ထဲမှာ မရှင်းဘူး မမလေးရယ် ..... တစ်ခုတော့ တစ်ခုခုပဲ၊ ဒီအိမ်မှာ ဘာဖြစ်နေသလဲ .....

“ဘာမှ မဖြစ်ပါဘူးကွယ် ..... ကိုလတ် ဆုံးပြီးကတည်းက မမလေးတို့ ဘယ်မှာ စိတ်ကောင်းကြလို့လဲ၊ မမလေးတို့ လူလာဖြစ်ရတာ ဒုက္ခတွေက အစုံပါပဲ .....”

မီမီညိုသည် ဗြုန်းဆို ညီထွေးအပါးမှ ထွက်ခွာလာခဲ့လေသည်။ မန်ကျည်းပင်စည်အောက်တွင် တစ်ယောက်တည်း အေးအေးလူလူ သွားထိုင်နေ၏။ ယခုမှပင် မီမီညိုသည် တကယ့် အထီးကျန်ဘဝကို စလေသည်လား မသိပေ။

× × × × ×

ကျောင်းသို့ပြန်ခါနီး တစ်ညတွင်၊ အမေက “သူတို့ ရှေ့အပတ် တနင်္ဂနွေနေ့မှာ လက်ထပ်ကြမယ်၊ လူကြီး လေး၊ ငါးယောက်ကို သက်သေအဖြစ်ထား၊ မင်္ဂလာဆွမ်းကျွေးပြီး ပြီးတာပဲ .....”ဟု သက်ပြင်းချကာ ပြောလိုက်၏။

လမိုက်သောညဖြစ်သဖြင့်၊ ဘယ်နေရာကြည့်လိုက်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အမှောင်ကသာ ကြီးစိုးနေသည်။

အမေသည် အားနည်းသော လျှပ်စစ်မီးရောင်နှင့် ကွမ်းသီးဖက်ဆေးလိပ် လိပ်နေသည်။ မိမိညိုသည် အမေ့အနီးထိုင်၍ ကွမ်းသီးညှပ်ကာ .....

"အမြန်ဆုံး လက်ထပ်လိုက်တာ ကောင်းပါတယ် အမေရယ် ....." ဟု ဖြည်းညှင်းစွာ ပြောလိုက်လေသည်။

"ဒီသူငယ်လေးဟာ တော်ပုံတော်လက်နဲ့ကွယ် ..... မိမို့ကိုလည်း မြတ်မြတ်နိုးနိုးချစ်တယ်လည်းဆိုသေး ... စီစီနဲ့လည်း ဖြစ်သေး၊ ဘယ့်နှယ်ဖြစ်သွားရတယ် မသိပါဘူး ....."

"မသိပါဘူး အမေရယ် ....."

မိမိညိုကား ကွမ်းသီးကို မှန်မှန်ညှပ်ရင်း မသိမသာတုန်သောအသံနှင့် အမေ့ကို အဖြေပေးလိုက်လေ၏။

"ယောကျ်ားတွေဟာ ဒီလိုပဲ ..... တယ် အပြောင်းအလွဲမြန်တာကိုး၊ စီစီကလည်း မနေတတ် မထိုင်တတ်၊ အမေ့စိတ်က ထင်သား၊ အမျိုးမျိုးကြိတ်ဆုံးမတော့ စီစီဟာ ကက်ကက်လန်ခံပြောတယ် ....."

"ကံတရားပေါ့ အမေ ..... အဆင်ပြေသွားတာပဲ ကျေးဇူးတင်ရဦးမယ် ....."

"အဆင်များမပြေရင် ဒုက္ခပေါ့၊ ကိုတိုးလူ ဆုံးကတည်းက သူတို့ကို အမေ အလိုလိုက်မိတာ မှားတာပဲ၊ သီသီလည်း ဒီလိုမဟုတ်ဘူး၊ မိမိလည်း ဒီလို မဟုတ်ဘူး ..... သင်းကျမှ ဒီလိုဖြစ်ရတယ်၊ ကာလကလေးတွေက ထိန်းမကောင်းပါဘူးကွယ်၊ သမီးသာ စိတ်ကောင်းကောင်းထားပါလေ ....."

"မိမိ စိတ်ကောင်းအောင် ကြိုးစားပါ့မယ် အမေ ....."

"ဟင်း မိမိ ..... မိမိ ..... ရှေ့ရေးတွေထည့်မတွက်ဘူး၊ ငါ့အတွက်



အစ်မ ဘယ်လိုဖြစ်မယ်ဆိုတာလည်း မစဉ်းစားဘူး ကွဲ့ ..... ခွေးထက်တောင် မိုက်သေးတယ်၊ ပြီးတော့လည်း ဒီလူတွေရဲ့မျက်နှာကို မမြင်ကြရမှာလည်း မဟုတ်ဘူး ....."

အမေမှာ လေရှည်ကြီး မြည်တွန်တောက်တီးလုပ်နေသည်။

"ဒါတွေ မပြောပါနဲ့တော့ အမေ ....."

"သမီးလည်း ဒီနှစ် ဧပြီလ စာမေးပွဲပြီးရင် ကျောင်းဆင်းရတော့မယ်နော် ....."

"ဟုတ်တယ် အမေ ..... မိမိလည်း ဒီကို သိပ်မပြန်ချင်ဘူး ....."

မိမိညို လွှတ်ခနဲ ပြောမိလေသည်။

"အမေလည်း ငယ်ရာကကြီးသူမို့ နားလည်ပါတယ်ကွယ် ..... သမီးစိတ် ဘယ့်နှယ်ဖြစ်နေမယ်ဆိုတာ အမေတွေးမိပါတယ် ....."

မိမိညိုသည် မျက်ရည်များလည်လာကာ တစ်ဖက်သို့ငေးရင်း .....

"ခက်တာက ....."ဟု စကားကိုမဆက်ဘဲ ထားလေ၏။

အမေက မိမိညိုအား ကြင်နာစွာ စိုက်ကြည့်လျက် .....

"တရားနဲ့ဖြေပါ လုံမလေးရယ် .....ဒါတွေဟာ အနိစ္စသဘောတရားတွေပါ ....."

"ဖြေပါတယ် ..... ဒါပေမဲ့ ခက်တာက မိမိ သူ့ကိုချစ်တဲ့စိတ်ကို ဖျောက်လို့မရဘူး၊ သူ့ကို မိမိချစ်တယ် အမေ ....."

မိမိညိုသည် ပြောရင်း ဆိုရင်းပင် ဝမ်းနည်းပမ်းနည်းနှင့် မျက်ရည်ဖြိုင်ဖြိုင်ကျလာလေသည်။

"သူ့ကို မေ့လိုက်ပါ သမီးရယ်၊ သမီးကို ချစ်တဲ့သူရှိတယ်ဆို..... တစ်ဖက်သတ်စွဲလန်းနေတဲ့ သူငယ်ဟာ ဘယ်သူတဲ့....."

"ကိုသန်းထိုက် လား....."

"အေး အေး မောင်သန်းထိုက် ....."

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ..... အမေရယ်၊ ခုတစ်မျိုး ခုတစ်မျိုးနဲ့၊ မီမီ မျက်နှာ မများချင်ပါဘူး ....."

"ဘာပဲဖြစ်ဖြစ်လေ ..... သမီးကို အမေ စိတ်ချမ်းသာစေချင်ပါတယ်၊ သမီးမှာက လူကလည်း ဆင်းရဲသေး၊ စိတ်လည်း ဆင်းရဲသေးဆိုတော့ အမေ မကြည့်ရက်ပါဘူးကွယ် ....."

"စိတ်ချမ်းသာအောင်တော့ မီမီ ကြိုးစားပါ့မယ်၊ နောက်ပြီးတော့ စီစီရဲ့ အိမ်ထောင်ရေးတည်တံ့ဖို့ကိုလည်း မီမီ အမြဲစဉ်းစားပါ့မယ် ....."

"ဒါကြောင့် လုံမလေး အိမ်ထောင်ပြုလိုက်ရင် ကောင်းမယ်လို့ အမေ တိုက်တွန်းချင်တယ်၊ မောင်အောင်မင်းကလည်း သမီးကို ပြတ်ပုံမရဘူး ....."

"အို .....သူပြတ်တာ၊ မပြတ်တာ မီမီ ဂရုမစိုက်ပါဘူး၊ အရေးကြီးတာက စီစီ့ကို သူ မြတ်မြတ်နိုးနိုးပေါင်းဖို့ပဲ ....."

"အေးကွယ် ..... အဲဒါကိုပဲ အမေကလည်း သံသယရှိနေတယ်၊ မောင်အောင်မင်းဟာ စီစီ့ကို မြတ်နိုးပါ့မလား ....."

"ခက်တာပဲ အမေရယ် ..... မရှင်း မရှင်း ဇာတ်လမ်းတွေက စလာမိပြီကိုး ... စကတည်းက မရှင်းတဲ့ဇာတ်လမ်းဟာ နောက်လည်း မရှင်းတော့ဘူးနဲ့ တူပါရဲ့၊ အို ... အမေပြောသလို မီမီ အိမ်ထောင်ပြုလိုက်ရင်လည်း အကောင်းသားနော်၊ ခက်တယ် အမေ ... ခက်တယ်၊ အရင်တုန်းကဆိုရင် မီမီတို့ဟာ ဆင်းရဲတာတစ်ခုပဲ ဒုက္ခလို့မှတ်ခဲ့တာ၊ ခုတော့..."

အမေက ငြိမ်ငြိမ်လေးနေဆဲတွင် မီမီညိုကပင် ဆက်၍ .....

"ကိုယ်ဆင်းရဲတာထက် စိတ်ဆင်းရဲတာက ပိုဆိုးတယ်....."ဟု လေးတွဲ့စွာ ပြောလိုက်မိလေသည်။

မီမီညိုသည် ရှေ့ရေးများကိုတွေးကာ များစွာ ရင်လေးသွားမိလေသည်။



[၃၅]

မိခင်ကျောင်းကြီးသည် အိန္ဒြေအပြည့်အဝနှင့် မီမီညိုအား ဆီးကြိုနှုတ်ဆက်လေသည်။

ကျောင်းကြီးသည် သူ့ပတ်ဝန်းကျင် စိမ်းစိမ်းလန်းလန်းနှင့် အမြဲလိုလိုပင် သာယာစိုပြည်နေသည်။ ကျောင်းကြီးမှာ တည်တည်ငြိမ်ငြိမ်နှင့် ဘာအပူအပင်မှမရှိသလိုပင်။

"သြော် ..... ကျောင်းကြီးရယ်၊ သင့်မှာတော့ သက်မဲ့မို့ ဘာသောကမှ မရှိဘူး၊ သင့်ကိုကြည့်ရတာ အေးချမ်းပါရဲ့ကွယ် ....."ဟု ဝမ်းထဲမှ ပြောနေမိသည်။

ကျောင်းကြီးကလည်း မီမီညိုအား ကရုဏာမိုး ရွှေဟန်နှင့် ငြိမ်သက်နေသည်။

သူငယ်ချင်းမလေးများကမူ ....."မီမီညို ပိန်သွားလိုက်တာ ..... သိပ်ပိန်တာပဲ ..... ဘာဖြစ်လို့လဲ ....."ဟု အသီးသီး ပျာပျာသလဲမေးကြလေသည်။

မီမီညိုသည် နှုတ်ခမ်းထောင့်စွန်းလေးများ ကွေးသည်ဆိုရုံပဲ တစ်ချက်ပြုံးလိုက်နိုင်တော့သည်။

"ပင်ပန်းလို့ပါကွယ် ....."ဟူသော သာမန်အဖြေကား မီမီညို၏ အသင့်လျော်ဆုံးသောအဖြေသာတည်း။

[၃၆]

မီမီညိုသည် ကျောင်းရောက်ရောက်ခြင်းပင် အမေနှင့် စီစီထံသို့ စာများကောက်ရေးလိုက်လေသည်။

အမေ့ထံမှာတော့ ရေးရိုးရေးစဉ်အတိုင်းပင် စီစီထံသို့ကား တိုတိုနှင့် လိုရင်း ဤသို့ရေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ချစ်သောညီမလေး စီစီ .....**

ညီမလေးတို့လက်ထပ်ပွဲမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေချင်တဲ့ ဆန္ဒအပြည့်အဝနဲ့ ဆုတောင်းလိုက်ပါတယ်။

လက်ဖွဲ့ပစ္စည်းအဖြစ် မမလေးပန်နေကျ စိန်နားပွင့်ကို အမေ့ဆီ အပ်ထားခဲ့ပါတယ်။ မမလေး ချမ်းသာသမျှပစ္စည်းဟာ ဒါပါပဲ၊ စီစီ အမြဲပန်ထားစေချင်ပါတယ်။

ကိုယ့်လင်သားအပေါ်မှာ အစစအရာရာ သည်းခံပြီး လိမ္မာစေချင်တယ်။ အလိမ္မာရှိတဲ့မိန်းမကို ဘယ်လင်သားကမှ မပစ်ပယ်နိုင်ပါဘူး။

ရာသက်ပန် ရွှင်ပျော်ကြည်နူးပါစေ၊

**မမလေး– မိမိညို**

× × × × ×

**အချစ်ဆုံး မိမိညို .....**

တစ်ခါတုန်းက ပုပ္ပားတောင်ခြေမှာ သက်သေထူခဲ့တဲ့ ပုံပြင်လေးတစ်ခု ဟာဖြင့် အဆုံးသတ်ခဲ့ပါပြီကွယ်၊ တကယ်တော့ မိမိနဲ့ကိုယ့်ရဲ့ ဇာတ်လမ်းဟာ ပုံပြင်လေးတစ်ခုပါပဲ၊ တကယ့် အဖြစ်မဟုတ်ဘူး ထင်ပါရဲ့နော်၊ တကယ့်အဖြစ် မဟုတ်ခဲ့ပါစေနဲ့လို့လည်း ဆုတောင်းပါတယ်။

ကိုယ်ဟာ ဝိပ္ပယောဂ ဒုက္ခတွေကို ခံနိုင်ရည် မရှိသေးတဲ့ ပုထုဇဉ်သားတစ်ယောက်ပါ မိမိရယ် ..... ကိုယ့်တရားဟာလည်း နုနေသေးတဲ့ကိုယ့်ကို မကာယ်နိုင်



သေးဘူး ထင်ပါရဲ့။

ဒါပေမဲ့လည်း တရားအခံကြောင့် သည်းခံခြင်းဆိုတာကိုတော့ ရင်ထဲပိုက်ထားမိပါတယ်၊ ဖြစ်ခြင်းပျက်ခြင်း သဘောတွေကိုလည်း နားလည်ခဲ့လို့ တုန်လှုပ်မှုမှာ လျော့ပါးလာခဲ့ပါတယ်။

မိမိရယ် ..... ကိုယ်ဟာ ဘုရားရဲ့ တရားတော်ကို အမြဲနှလုံးသွင်းခဲ့သူပါကွယ်။

"အရှင်ဘုရား ..... အကျွန်ုပ်တို့ထံသို့ မာတုဂါမတို့ ဆည်းကပ်သည်ရှိသော် အဘယ်သို့ ကျင့်ရအံ့နည်း" လို့ ရှင်အာနန္ဒာက မြတ်စွာဘုရားကို နားတော်လျှောက်တော့ မြတ်စွာဘုရားက .....

"ချစ်သား အာနန္ဒာ ..... ကိလေသာ ပယ်ခွာလိုသော ရဟန်းသည် တိုက်တံခါးလုံခြုံသော ကျောင်း၌သာ ကိန်းအောင်း၍ နေရာ၏။ မာတုဂါမတို့ ရောက်လာသော်လည်း အဆင်းကို မမြင်ရ၊ ထိုမျှလောက်သော ကာလပတ်လုံး ရန်းရင်းတပ်မက်သော ရာဂမဖြစ်နိုင်။ မြင်ရသော်သာလျှင် ပြင်းစွာသော ရာဂသည် ဖြစ်လွယ်၏"လို့ မိန့်တော်မူခဲ့တယ် .....

မြတ်စွာဘုရားရဲ့ ပညတ်ချက်ကတော့ မိန်းမနဲ့ အတတ်နိုင်ဆုံး ဝေးဝေးနေရမတဲ့ .....

ဒါပေမဲ့ ရှင်အာနန္ဒာက ဆက်ပြီး လျှောက်ထားပြန်တယ် "အရှင်ဘုရား ..... အကယ်၍ ဆွမ်းခံသောအခါ ဆွမ်းလှူသောအခါ၌ မြင်ချေမူကား အဘယ်သို့ ကျင့်အပ်သနည်း" တဲ့ .....

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ "ချစ်သား အာနန္ဒာ ..... မာတုကာမတို့ကို အကယ်၍ မြင်တဲ့ငြားအံ့၊ စကားမပြောနေခြင်းသည်ပင် မြတ်သော ပဋိပတ်တည်း"လို့ မိန့်တော်မူပြန်သတဲ့။ မိန်းမနဲ့ မတော်တဆ တွေ့မြင်ရဦးတော့ ကင်းကင်းရှင်းရှင်းနေရမယ် ဆိုလိုတာပေါ့ကွယ်.....

နောက်ဆုံး ရှင်အာနန္ဒာက "အရှင်ဘုရား ..... မာတုကာမတို့သည် ပြဿနာမေးခြင်းငှာ ကျောင်းသို့လာ၍ တစ်နေ့ပတ်လုံးသော်လည်း မေးလျှောက်၍ နေငြားအံ့။ သီလ သီတင်းဖြည့်ကျင့်ခြင်းကိုလည်း တောင်းငြားအံ့။ တရားတော်ကိုလည်း နာလို၍ တောင်းပန်ငြားအံ့။ ရဟန်းတို့နှင့် လျှောက်ပတ်သော ကံကိစ္စကိုသော်လည်း ရွက်ဆောင်၍ နေလာသော်ငြားအံ့။ ထိုအခါ တစ်စုံတစ်ခုသော စကားကို မပြောခဲ့သော် ..... ရဟန်းတို့သည် ဆွံ့အသည်၊ နားပင်းသည်၊ လောကအရာ မလိမ္မာသည်၊ ပညာမရှိသည်ဟု ဆိုလိမ့်သတည်း။ ထို့ကြောင့် စကားပြောဟောရလေသော် အဘယ်သို့ နှလုံးထားအပ်သနည်း"လို့ နားတော် လျှောက်ပြန်သတဲ့ .....

မြတ်စွာဘုရားကလည်း "ချစ်သား အာနန္ဒာ ..... ကျောင်းသို့ ရောက်သော မာတုကာမတို့အား စကားပြောလိုသည်ရှိသော်၊ အမိလောက်ရှိသော မိန်းမတို့၌ အမိဟူ၍ စိတ်ကိုဖြစ်စေကုန်။ နှမမျှလောက်သောမိန်းမ၌ နှမဟူသောစိတ်ကို ဖြစ်စေကုန်။ သမီးမျှလောက်သော မိန်းမ၌ သမီးဟူသော စိတ်ကိုဖြစ်စေကုန်။ အာနန္ဒာ ..... မာတုကမတို့အား စကားပြောဟောသောအခါ၌၊ သတိ



ပညာကို လွန်စွာဖြစ်စေကုန်လော့ ....."လို့ ဆုံးမ သြဝါဒ
ပေးတော် မူခဲ့တယ် .....
ဒီသဘောတွေ စကတည်းကသိလွန်းလို့ ကိုယ်ဟာ
မိန်းမတွေကို တော်တော်ရှောင်ခဲ့ပါတယ်၊ မိန်းမနဲ့ ပတ်
သက်လို့ နာမည်ပျက်လည်း မရှိခဲ့ဖူးဘူး၊ ဒါကြောင့်မို့

မိမိညိုသည် ကိုအောင်မင်း၏စာကို ဆုံးအောင် မဖတ်ခဲ့ပေ။ ရှည်လျားသော စာများကို ညဉ့်လူချောတိတ်ချိန်တွင် မီးရှို့ဖျက်ဆီးပစ်ခဲ့လေသည်။

ပြတ်ခဲ့ပြီးသား လူတစ်ယောက်နှင့် သံယောဇဉ်နှောင်ကြိုးလည်း မတဲလိုတော့ပေ။ ချစ်ထုံးကို အပြီးအပြတ် ဖြေခဲ့ပြီးမှ အဘယ်ကြောင့် ပြန်၍ ချည်နှောင်ရမည်နည်း။ မိမိညိုသည် ဘူးဆိုလျှင် ဖရုံမသီးနိုင်ပေ။ ကိုအောင်မင်း၏ တမ်းတစရာ စာတွင်လည်း ညွတ်ပျောင်းစရာလိုမည် မထင်ပေ။

ချစ်တာတစ်ခုတည်းနှင့် အမိုက်တိုက်ထဲသို့ မဝင်လိုပေ။ စိတ်ဒွိဟ မဖြစ်ချင်သည့်အတွက် စာကို အဆုံးထိ မဖတ်ခြင်းဖြစ်၏။

မိမိညိုသည် တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်ခဲ့လေသည်။

## [၃၇]

စနေနေ့ တစ်နေ့လုံးပင် ကိုသန်းထိုက်နှင့်အတူ လျှောက်၍ လည်ပတ်လေ၏။

သဘော်နှင့်သံလျှင်ဘက်သို့ပင် ကူးလာခဲ့လေသည်။ သဘော်ဦးခန်း၌ ဝဲပျံနေသော ဇင်ယော်ငှက်များကို နှစ်ယောက်သား ပေါင်မုန့်များကိုဖွဲ့ကာကျွေးရင်း မိမိညိုက ကိုသန်းထိုက်အနီးသို့တိုးကပ်၍ .....

"ကိုသန်းထိုက် ..... ခု ကျွန်မကို လက်ထပ်နိုင်မလား ....."ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းမပါ ဗုံမပါ လွှတ်ကနဲ မေးလိုက်လေ၏။

ကိုသန်းထိုက်ကား အံ့ဩ၍ ကြက်သေသေကာ တွေဝေဆဲ .....

"ကျွန်မမေးတာ ရှင်းသားပဲ၊ ခုနေခါ ကျွန်မကို ကိုသန်းထိုက် လက်ထပ်ယူဖို့ကြံလာပြီ၊ လက်ထပ်နိုင်မလား ..... ကျွန်မကို ယူနိုင်မလား ..... မယူနိုင်ဘူးဆိုရင်လည်း ပြတ်ပြတ်ပြောတာပေါ့၊ ကျွန်မအနေနဲ့ ပွင့်လင်းတာကိုပဲ ကြိုက်ပါတယ် ....."

ကိုသန်းထိုက်သည် စီးကရက်ကို အားရပါးရဖွာရှိုက်ကာ ..... မိမိညို့အား နားမလည်တလည်နှင့် ငေးစိုက်ကြည့်နေသည်။ ပြီးမှ သတိရကာ .....

"မိမိညို တကယ်ပြောနေတာလား ....." ဟု ဝမ်းသာရမလိုလိုမျက်နှာထားနှင့် မေးလိုက်လေသည်။

"ကျွန်မ ပြက်ကယ် ပြက်ကယ် ဘယ်တော့မှ မပြောတတ်ဘူးဆိုတာ ကိုသန်းထိုက်လည်း သိသားနဲ့ရှင် ....."

"ဝမ်းလည်းဝမ်းသာပါရဲ့၊ ဒါပေမဲ့ ဝမ်းလည်း မသာရဲဘူး၊ အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော် ....."

ကိုသန်းထိုက်က ဇဝေဇဝါနှင့်မေးရင်း၊ ဟန်ပန်အမူအရာနှင့် သူ့လက်ကိုသူ ဆိတ်ကြည့်နေသည်။ မိမိညိုက ရယ်လျက် .....

"အိပ်မက်ဆန်နေတဲ့အဖြစ်ဆိုတော့၊ ကိုသန်းထိုက်ပြောမယ်ဆိုလည်း ပြောစရာပဲ ....." ဟု ပြောပြီး ရပ်ချည်းတည်သွားကာ .....

"ကိုသန်းထိုက်က ကျွန်မကို ပြောသလိုပေါ့၊ ချောင်းကိုပစ်၍ မြစ်ကိုရှာ ... ရေသာများ၍ ငါးမတွေ့ဆိုတာလေ ..... ဒီတစ်ခါတော့ ကျွန်မအလှည့်ပဲ၊ ကိုသန်းထိုက်ကို ကျွန်မ ပြောပြချင်တာတွေအများကြီးပဲ၊ ကျွန်မ အားကိုးချင်တဲ့ မိတ်ဆွေသူငယ်ချင်းအနေနဲ့ပေါ့၊ နောက်ဆုံးတစ်နေ့ ကိုသန်းထိုက် ကျွန်မကို မယူချင်ဘူးဆိုရင်တောင် မိတ်ဆွေ



အဖြစ်နဲ့ တိုင်ပင်ချင်သေးတယ် ....."

မိမိညိုက အဆက်မပြတ် ပြောမိလေသည်။

"ဩော် ..... မိမိညိုရယ်၊ ဒါတွေ စကားထဲထည့်ပြောဖို့တောင် မလိုပါဘူး၊ မိမိညိုက ကျွန်တော့်ကို ကိုသန်းထိုက် ..... ရှင် မိမိညို့ရဲ့ မိတ်ဆွေ ဖြစ်လိုက်ဆိုရင်လည်း မိတ်ဆွေပေါ့၊ ချစ်သူဖြစ်လိုက် လို့ ပြောရင်လည်း ချစ်သူပေါ့၊ အစေအပါးဖြစ်လိုက်ဆိုရင် အစေအပါးပေါ့၊ မိမိညို့အလိုအတိုင်း ဖြစ်စေရမယ်....."

"ကျွန်မ အလိုချည်းပဲလည်း မဖြစ်ချင်ပါဘူး၊ ကိုသန်းထိုက်အလိုလည်း ဖြစ်ရဦးမှာပေါ့၊ နေရာတကာ တစ်ဖက်သတ်ချည်းပဲဆိုရင် ဘယ်တရားပါ့မလဲ ....."

"ကျွန်တော့် အလိုလား ..... ကျွန်တော့်အလိုကတော့ မိမိညို သိတဲ့အတိုင်းပဲ၊ မိမိညို့ကိုချစ်တဲ့အလိုတစ်ခုပဲ ရှိပါတယ် ....."

"ဒါလောက်ဆိုရင် ကျွန်မ သိပါပြီလေ ..... ဒီလို ကြားရတာ ကျွန်မ အများကြီးဝမ်းသာပါတယ်၊ ဒါပေမဲ့ ....."

"ဒါပေမဲ့ ဘာဖြစ်သလဲ ....."

"ကျွန်မအပေါ် ဒါလောက်တောင် ချစ်ရှာတဲ့ ကိုသန်းထိုက်ကို မညာရက်ပါဘူး၊ ခု ကျွန်မတို့ ဖြစ်ရတဲ့အဖြစ်ကို ကိုသန်းထိုက် နားထောင်ပါဦးလေ ....."

မိမိညိုက စီစီနှင့် ကိုအောင်မင်းတို့၏ ဖြစ်ပျက်ကြသောကိစ္စကို အသေးစိပ်ပြောပြနေမိသည်။ သူ ကိုအောင်မင်းကို ချစ်ကြိုက်ခဲ့သည်ကိုလည်း ချန်မထားပေ။ မြလက်စွပ်ပေးခဲ့တာကအစ ပြန်ပြောမိလေသည်။ ယခုထက်တိုင်ပင် ကိုအောင်မင်းကို နှောင်ကြိုးတင်းနေဆဲဖြစ်ကြောင်းကိုပါ ထိန်ဝှက်ခြင်းမရှိပေ။

"ရှင်းပါပေ့ဗျာ ....." ဟု ကိုသန်းထိုက်က အဆုံးသတ်တွင် မှတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်လေသည်။

သဘော်၏ဦးပိုင်းမှ အောက်ခြေသည် တက်လာသောလှိုင်းလုံးကြီးများကို ဖြိုခွဲလိုက်ရာ၊ ရေပန်းများ ဖွားကနဲ ဖွားကနဲ ပျံတက်လာလေသည်။

ကိုသန်းထိုက်နှင့် မီမီညိုသည် နံတန်းတွင်ထိုင်ဖို့ သတိမရကြဘဲ ပြတင်းပေါက်မှရေကိုသာ ကြည့်နေကြသည်။ ကမ်းရိုးသည် စိမ်းမြမြ ကိုင်းပင်များနှင့် သာယာစိုပြည်လျက်ရှိလေသည်။

“ကျွန်မအနေနဲ့ ဘာပဲဖြစ်ဖြစ် ကျွန်မကို ချစ်မြတ်နိုးတဲ့သူနဲ့ပေါင်းရရင် စိတ်လည်းချမ်းသာမယ်၊ စိတ်တိုင်းကျလည်းဖြစ်မယ်၊ ပြီးတော့လည်း .....”

မီမီညိုက စကား မည်သို့ဆက်ရမည်ကို တုံ့ဆိုင်းစွာတွေးဆဲတွင်

“မီမီညို သိပ်ချစ်ခဲ့တဲ့ ကိုအောင်မင်းရဲ့ အနှောင့်အယှက်ကလည်း လွတ်မယ်၊ စီစီရဲ့အိမ်ထောင်ရေးကလည်း သာယာမယ် .....”

ကိုသန်းထိုက်က ဝင်၍ထောက်လိုက်၏။ မီမီညိုသည် ရုတ်တရက် မျက်ရည်ဝဲလာကာ .....

“အို ... တကယ်တော့ ကျွန်မဟာ ကိုယ့်အတွက်ကိုယ် မဟုတ်ဘဲနဲ့၊ သူများအတွက် လူလာဖြစ်ရတယ် ထင်ပါရဲ့ .....”ဟု ဝမ်းနည်းစကား ဆိုမိလေ၏။

ကိုသန်းထိုက်သည် မီမီညို၏လက်ကလေးများကို ဆုပ်ကိုင်ပြီးနောက်၊ “မပူပါနဲ့ မီမီညိုရယ် ..... အနည်းဆုံးတော့ မီမီညို့အတွက် လူလာဖြစ်ရတဲ့ လူတစ်ယောက်တော့ရှိပါသေးတယ် .....”ဟု နှစ်သိမ့်လေ၏။

“ကျေးဇူးတင်ပါတယ် ကိုသန်းထိုက် .....”

“သူစိမ်းဆန်ဆန် ပြောလိုက်တာလားဗျာ .....”



“မဟုတ်ပါဘူး ..... ကျွန်မ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တာပါ”

“ခုတော့ ကျွန်တော်က ကိုအောင်မင်းကြီးကို ကျေးဇူးတင်ရမလိုဖြစ်နေပြီ၊ စိုင်ကော်လို့ ချူပေါ်ရောက်ရတာကိုးဗျ .....”

“အဲဒီလိုမပြောပါနဲ့ရှင် ..... တစ်နေ့ကျ မေတ္တာစစ် မေတ္တာမှန်ဟာ အနိုင်ရစမြဲ မဟုတ်လား၊ ကျွန်မက ကိုသန်းထိုက်ပြောသလို၊ မြစ်ကိုရှာတော့ ရေသာများတယ်၊ ငါးမတွေ့ခဲ့ဘူး၊ သူချစ်ကိုမရှာဘဲ ကိုယ်ချစ်ကိုသာရှာပြီး မိုက်ခဲ့သူကိုး၊ ခုတော့ စိတ်သောက ဖြစ်ရတော့တာပဲ .....”

“ဒါနဲ့ ကျွန်တော့်ကို သတိရရောလား ..... ဘယ်လိုနည်းနဲ့ရရလေ ..... ကျွန်တော်က ကျေနပ်တာပါပဲ .....”

“ကျွန်မလေ ..... သူ့ကို ဒီလောက် အပြစ်ကြီးလက်ဆုပ်လက်ကိုင်ပြစရာရှိတာတောင် မပြတ်ဘူးရှင့်၊ သူ့ကိုမြင်ရင် စိတ်က ညွတ်ညွတ်သွားတယ်၊ သူ့စာတွေကိုတောင် မဖတ်ရဲဘူး၊ သူ့ကို ခွင့်လွှတ်ချင်တဲ့စိတ်တွေသာ ပေါ်ပေါ်လာတယ်၊ အို ..... ကိုသန်းထိုက်ပြောခဲ့တဲ့ ချစ်တယ်ဆိုတဲ့စိတ်ဟာ ဒါပဲထင်ပါရဲ့နော်”

မီမီညိုသည် သူ့ဝမ်းထဲရှိသမျှကို သိုဝှက်ထားခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်း ပြောပြမိလေသည်။ ကိုသန်းထိုက်ကား မီမီညိုအား ရွှန်းရွှန်းစားစားကြည့်ရင်း ငိုင်သွားမိလေ၏။

“ပွင့်လင်းပါပေတယ် မီမီညို ..... ချီးလည်း ချီးကျူးပါရဲ့ .....”

သည်တော့မှ မီမီညိုသည် ကိုသန်းထိုက်ကို အားနာသွားကာ .....

“ခုတော့လေ ကျွန်မရဲ့စိတ်ကို ကျွန်မ ဆုံးမရတော့မယ် .....”ဟု ညင်သာပျော့ပျောင်းစွာ ပြောလိုက်၏။

“ဒီတော့ .....”

ကိုသန်းထိုက်က ရှေ့သို့ဆက်ရန် အစအနရှာမတွေ့သဖြင့် 'စကား' ကို ရပ်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကိုယ့်ကို ရက်စက်သူကို သံယောဇဉ်ကြီးဖြတ်ပြီး၊ ကိုယ့်ကို မြတ်နိုးမယ့်သူကို ချစ်တဲ့ကြိုးခိုင်ခိုင်ချည်ရမှာပေါ့ ....."

"အဟုတ်..."

ကိုသန်းထိုက်က ရွှင်ပျသောမျက်နှာနှင့် ဝမ်းသာအားရမေးလိုက်၏။

"ဒါမှ လောကကြီးမှာ တရားမျှတမှု ရှိတော့မှာပေါ့ ကိုသန်းထိုက်ရယ် ....."

"ဒီလိုဆိုရင် ပျော်စရာကြီးပဲ ....."

ကိုသန်းထိုက်သည် အမှတ်တမဲ့ မိမိညို၏ လက်ကလေးကို နမ်းရန်ကြိုးစားလေ၏။

ပထမခန်းမှ စီးနင်းလိုက်ပါလာသော အခြားခရီးသည်များအား မိမိညိုက မေးငေါ့ပြလိုက်ရင်း၊ လက်ကို အသာ ဆွဲရုန်းလိုက်လေသည်။

သည်တော့မှ ကိုသန်းထိုက်သည် အိနြေ္ဒရရှနှင့် မျက်နှာပိုးသတ်ကာ "ခု ကျွန်တော့်လခကို စုထားတာရော၊ ထီးလုပ်ငန်းက အပိုဝင်တာကော၊ စာအုပ်ရေးတာကော ငွေ ၆၀၀ လောက်စုမိတယ်၊ နောင်နှစ်ကျရင် ဆရာဖြစ်သင်တန်းတက်ပြီး မိမိညို့ လိုပဲ ကျောင်းဆရာလုပ်တော့မယ် ....."ဟု ရှေ့ရေးများကို တိုင်ပင်ပြောဆိုလေ၏။

သဘော်သည် သံလျင်ဆိပ်ကမ်းသို့ မကြာမီ ဆိုက်ကပ်လေသည်။ နှစ်ဦးစလုံးပင် ပေါ့ပါးသွက်လက်စွာ ကမ်းသို့ တက်လာကြသည်။

ထို့နောက် ဈေးအနီး ဘတ်(စ်)ကားဆိပ်သို့လာ၍ ရေလယ်ဘုရားသို့ ပို့ပေးသော မော်တော်ယာဉ်ပေါ်သို့ တက်ထိုင်ကြသည်။ နှစ်ယောက်သား အချုပ်အနှောင်မရှိ လွတ်လပ်စွာ လည်ပတ်ကြလေသည်။



[၃၈]

**ချစ်လှစွာသော မမလေးရှင့် .....**

ညီမ အမိုက်အမဲ စာရေးလိုက်ပါတယ် ..... နောက် ၆ရက် ကြာရင် အစ်ကိုအောင်မင်းကို လက်ထပ်ရတော့မယ်၊ စိတ်မှာ ထွေးမနိုင်၊ မြို့မကျတဲ့ကိစ္စရပ်ကြီးကို မမလေးကို ဖွင့်ပြောမှ ဖြစ်ပါတော့မယ် မမလေးရေ့ .....

စီစီ ဒီကိစ္စကိုမပြောရရင် မမလေးအပေါ် သိပ်ကျေးဇူးကန်းရာကြမှာပဲ၊ အို ... မမလေးရယ် ... ကိုလတ်အစား စီစီဘာလို့ မသေခဲ့ပါလိမ့်၊ တကယ် သေထိုက်သူဟာ စီစီပါ .....

အစ်ကိုအောင်မင်းကိုလေ .... စီတို့ ရွှေဘိုသွားလည်လို့ တွေ့ရကတည်းက စီ စပြီးချစ်မိပါတယ်၊ မြင်းခြံကို အစ်ကို ပြောင်းရတော့ စီဘယ်လို ဝမ်းသာမိမှန်းမသိဘူး၊ သူနဲ့ နီးစပ်အောင် စီ အမျိုးမျိုးကြံတယ်၊ သူစီ့ကိုချစ်လာအောင် အမျိုးမျိုးကြံစည်မိပါတယ်လေ .....

ဒါပေမဲ့ အစ်ကိုအောင်မင်းချစ်တဲ့သူဟာ စီစီ မဟုတ်ဘူးဆိုတာ နောက်တော့ တဖြည်းဖြည်း သိလာပေမယ့်လည်း နောက်မဆုတ်ချင်ဘူး၊ မမလေးကိုလည်း မုန်းလို့မရဘူး၊ မုန်းတော့ မုန်းချင်တယ်၊ မမလေးရဲ့ စေတနာတွေ သိရတော့လည်း မမုန်းရကဘူး .....

တစ်နေ့နေ့မှာ အစ်ကိုအောင်မင်းက စီစီ့ကို ချစ်လာလိမ့်မယ်လို့ ယုံကြည်တယ်လေ .....

လသာတဲ့ တန်ဆောင်မုန်း ညတစ်ညမှာ အစ်ကိုအောင်မင်းရဲ့အိမ်ကို သွားတယ် ..... အစ်ကိုအောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကို အိမ်နဲ့ စိတ်ဆိုးလာတယ်လို့ ညာပြောတယ်၊ အိမ်မှာ မနေတော့ဘူး၊ အစ်ကိုအောင်မင်းနဲ့ အတူနေပါရစေလို့ ပြောလိုက်မိတယ်၊ အစ်ကိုအောင်မင်းက မဖြစ်ပါဘူး ညီမလေးရယ်၊ အိမ်ကိုပြန်ပါ၊ စီစီ့ကို မဆူအောင် အစ်ကို ပြောပေးပါ့မယ်လို့ ချော့မော့ပြီး ပြန်လွှတ်တယ် .....

ဒီတော့ စီစီက အစ်ကိုအောင်မင်းကို သိပ်ချစ်တယ်၊ အစ်ကိုအောင်မင်းကို မချစ်ရရင် သေမှာပဲလို့ပြောလိုက်တယ်၊ ဒီတော့ အစ်ကိုအောင်မင်းက မဖြစ်နိုင်ပါဘူးကွယ်လို့ အတင်းချော့ပြီး ကားနဲ့ ပြန်ပို့မယ်လုပ်တော့ စီစီက ကိုယ့်ဘာသာကိုယ်ပဲ ပြန်ခဲ့တယ်။

တစ်ခါတလေ စီစီက အစ်ကိုအောင်မင်းဆီမှာ ကပ်နေရင် အစ်ကိုအောင်မင်းက ကားနဲ့အတင်းပြန်ပို့တယ်။ ဒီကိစ္စတွေကို ဘထွေး သာလှိုင်က သိတယ်၊ သိတော့ အမျိုးမျိုး နားချပါတယ်။

ညဘက်များ အမေ မသိအောင် ခိုးထွက်ပြီး အစ်ကိုအောင်မင်းဆီသွားရင် အောက်ဝင်းတံခါး မရောက်သေးဘူး ဘထွေးက စောင့်ဖမ်းတာပဲ၊ ဒီလိုနဲ့ပဲ အစ်ကိုအောင်မင်းနဲ့ ကာယကံမြောက် ဘာမှမဖြစ်ခဲ့ပါဘူး။

ခုကလေးဟာ အစ်ကိုအောင်မင်းရဲ့ကလေး မဟုတ်ပါဘူး။ ဒီကိစ္စမှာ အစ်ကိုအောင်မင်းမှာ လုံးဝ အပြစ်မရှိပါဘူး။ သူဟာ မမလေးထင်သလို လူယုတ်မာ မဟုတ်ပါဘူး ..... သူတော်ကောင်းပါ၊ သူ့ကို ပြစ်မှားမိတာ စီစီ အများကြီး ရှေ့ကြီးပါတယ် မမလေးရယ် ... စီစီကို ကယ်ပါဦး။



မမလေးရှင့် နားနဲ့မနာ၊ ဖဝါးနဲ့နာပါ၊ ခု ကလေးဟာ ဘထွေးရဲ့ကလေးပါ၊ စီစီ ဒါလောက်ပဲ ပြောပါရစေတော့၊ စီရဲ့အပြစ်ချည်းပါပဲ၊ ခုတော့ ဘထွေးလည်း လူ့ပြည်မှာ မရှိတော့ဘူး၊ မနေ့က ဘထွေးရယ် ရွာပြန်တယ်ဆိုပြီး ချောင်းထဲမှာ ရေနစ်သေရှာတယ်။ သူ့ဘဝကို သူ အဆုံးစီရင် သွားဟန်တူပါရဲ့၊ မသွားခင် .... "ငါ့အပြစ်ကို နတ်ကောင်း၊ နတ်မြတ်တွေကလည်း ခွင့်မလွှတ်ဘူး၊ လူတွေကလည်း ခွင့်လွှတ်မှာ မဟုတ်ဘူး၊ နင်လည်း နောက်ဒီလို မမိုက်နဲ့ ..."လို့ ပြောသွားသေးတယ်။

စီစီ အမိုက်မ ကြိုးဟက်မွေ့ပုံကို မမလေး သိပါပြီလား၊ သတ်ပစ်ဖို့ပဲကောင်းတဲ့ အမိုက်အမဲပါ မမလေးရယ် .....

ဒီအတွက် အစ်ကိုအောင်မင်းကို မဖုံးကွယ်ချင်ပါဘူး၊ သူ့ကို စီစီ မလိမ်ရက်ပါဘူး၊ သူ့ကို စီစီ အမှန်အတိုင်းပဲ ဖွင့်ပြောမယ်ဆိုပြီး ဒီမနက်ပဲ အစ်ကိုအောင်မင်းကို သွားတွေ့ပါတယ်၊ သူလည်း စီစီနဲ့ မျက်နှာချင်းမဆုံတာ အတော်ကြာပါပြီ၊ မမလေး သွားကတည်းက ဆိုပါစို့ .....

သူ့ဆီရောက်ရောက်ခြင်းပဲ .....

× × × × ×

စီစီသည် ကိုအောင်မင်း၏ အိပ်ခန်းထဲသို့ ပြေးဝင်ကာ ..... ရေချိုးပြီးစ မျက်နှာသုတ်ပဝါနှင့်သုတ်နေသော ကိုအောင်မင်း၏ ခြေထောက်ကို ခေါင်းနှင့်တိုက်ကာ ငိုကြွေးလေ၏။

"စီစီမှားပါပြီ အစ်ကိုရဲ့၊ စီစီ့ကို ပေးချင်တဲ့အပြစ်ပေးပါ ....."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ..... ဘာလာပြီး စာရင်းရှုပ်ချင်သေးလဲ ....."

ကိုအောင်မင်းက မျက်နှာထားနှင့်မေးလိုက်ရင်း ပခုံးပေါ်မှ မျက်နှာသုတ်ပဝါကို တန်းပေါ်သို့ ပစ်တင်လိုက်လေသည်။ ထို့နောက် ခုတင်ပေါ်တင်ထားသော စွပ်ကျယ်အင်္ကျီကို ဝတ်လိုက်၏။

"အစ်ကိုအောင်မင်းရယ် ..... စီလေ ကြံရာမရလို့ ပြောလိုက်မိတာပါ၊ အစ်ကို့ကို ချစ်တာလည်း တစ်ကြောင်း ....."

"မင်းချစ်တာ တော်ပါကွယ် ..... ငါ့ရင်ထဲမှာ ဘယ်လောက်နာသလဲ မင်းသိလား၊ မင်း ..... မင်း ..... သိပ်လုပ်ရက်တယ်၊ မဆင်မခြင်၊ မစဉ်း မစားလုပ်တယ်၊ ဆန်ကောလောက်မှ အောက်မနက်ဘူး ... တောက် ..."

ကိုအောင်မင်းသည် တောက်တစ်ချက်ခေါက်ပြီးနောက်..... "အေးလေ ..... မင်းရဲ့ အကြံက ဆန်ကောလောက်အောက်နက်နေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီကိစ္စနဲ့ အမြတ်ပေါ်သွားတာကိုးကွ"

"အစ်ကိုရယ် ..... စီ့ကို ဒီလိုမပြောပါနဲ့၊ စီ အစ်ကို့ကို အမြတ်ထုတ်တာ မဟုတ်ပါဘူး ....."

"အမြတ်ထုတ်တာ မဟုတ်ဘူး ..... အပိုင်ကြံတာလား၊ ဟား ..... ဟား ....."

ကိုအောင်မင်းသည် ခြောက်သွေ့စွာရယ်မောနေ၏။

"စီ ပြောတာ ဆုံးအောင်နားထောင်ပါဦး အစ်ကိုရယ် ..... အစက ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့ စီ့ကိုယ်စီ အစတုံးစီရင်ဖို့ ကြံစည်ပါတယ်၊ အမေနဲ့မိသွားလို့ ..... နောက် အမေက အလစ်မပေးဘူး၊ မမလေးဆီ စာရေးအကြောင်းကြားလိုက်တာပါပဲ ....."

ကိုအောင်မင်းသည် ခုတင်ပေါ်ထိုင်ချလျက် ကြမ်းပေါ်တွင် ကျုံ့ကျုံ့လေးထိုင်နေသော စီစီ့အား တစ်ချက်လှမ်းကြည့်ကာ .....



"ဒီတော့ ..... မိမို့ကို မင်း ... ဘယ်လို သွားပြောသလဲ ....."

"အစကတော့ မပြောပါဘူး၊ မမလေးက အတင်းမရမကမေးတော့ စီလည်း ကြံရာမရ ဖြစ်ပြီး ....."

"ဘာ့ကြောင့် ကြံရာမရ ဖြစ်တာလဲ ....."

"ဘာ့ကြောင့်လည်းဆိုတော့ မှားမိတဲ့သူဟာ တခြားလူ မဟုတ်ဘူး၊ စီရဲ့ ဘထွေး ....."

"ဘာ ..... ဘာရယ် ....."

"ကလေးအဖေဟာ ဘထွေးပါ ....."

"ဦးသာလှိုင်လား ....."

"ဟုတ် ..... ဟုတ်ပါတယ် ....."

စီစီသည် ကိုအောင်မင်း၏ ခြေသလုံးကိုဖက်ကာ ရှိုက်ကြီးတငင်ငိုကြွေးနေသည်။ ကိုအောင်မင်းသည် သညာကင်းမဲ့သူကဲ့သို့ စီစီ့အားငေးကြောင်ကြည့်ကာ သက်ပြင်းချလိုက်မိလေသည်။ စီစီသည် ကိုအောင်မင်း၏ခြေသလုံးကို မျက်နှာနှင့်အပ်ကာ အဆက်မပြတ် တသိမ့်သိမ့်ငိုကြွေးနေ၏။

"မင်းရဲ့အဖြစ်က ဆယ်ခါပြန်သေဖို့ကောင်းတဲ့အဖြစ်ပဲကွယ် ....." ဟုသာ ကိုအောင်မင်းက ညည်းညူမိလေသည်။

"ဘထွေးလည်း စီ့အတွက်နဲ့ မနေ့က ရေနစ်လို့ဆုံးသွားပြီ ..... အမှန်က သူ့ကိုယ်သူ သတ်သေတာဖြစ်မှာပါပဲ ....."

"ဒါပဲ နေမှာပေါ့ ....."

"ခု စီ အစ်ကို့ကို မယူရက်တော့ပါဘူး ..... မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ် ....."

"ဘာရယ် ..... ကလေးကတော့ကော ....."

"ကလေးကို ဝမ်းဆွဲနဲ့ ....."

www.burmeseclassic.com

www.burmeseclassic.com



"တော် ..... တော် ..... အကုသိုလ်အလုပ်ကို မင်း ..... တော်တော်မိုက်ပါလား ....."

"အစ်ကို့အတွက်ပါ အစ်ကိုရယ် ....."

"ခုမှ ပိုမနေစမ်းပါနဲ့ကွာ ..... ငါ အရူးလား စီစီ၊ ငါ ဂျပိုးတစ်ယောက်လို လေလွင့်သွားမယ့်လူမဟုတ်ဘူး၊ အစိုးရ အရာထမ်း တစ်ယောက်ပါကွယ့်၊ အရပ်က မင်းနဲ့ငါနဲ့ သမုတ်နေကြတာ ..... ခု ယူမယ် ..... ခု မယူဘူး ဆိုပြီး ကလေးကစားသလို လုပ်နေလို့မရဘူး ....."

"ကျွန်မ ..... ရှောင်ထွက်သွားမယ်လေ ....."

"တော်ပါကွယ် ..... စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်မဟုတ်ဘူး၊ မင်း အိမ်ပြန်ရရနေစမ်းပါ၊ တစ်ခုတော့ ငါပြောလိုက်ပါရဲ့ ..... မင်းကို အချိန်မရွေး ကွာချင်တဲ့အခါ ကွာမယ်ဆိုတာပဲ ....."

ကိုအောင်မင်းသည် ခါတိုင်း အလွန်သိမ်မွေ့ယဉ်ကျေးသော အသုံးအနှုန်းများပျောက်ကာ မာမာထန်ထန် စကားပြောလာလေသည်။

"ကွာပါ ... အစ်ကိုရယ် ..... အစ်ကို့ကို ကြည်ကြည်ဖြူဖြူ ကွာပေးပါ့မယ်၊ ပြီးတော့ ..... မမလေးကိုလည်း ပြန်ယူပါလို့ အစ်ကို့ကို တောင်းပန်ပါတယ် ....."

စီစီသည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် တုန်ရီစွာပြောလိုက်ရာ၊ ကိုအောင်မင်းသည် သူ့ခြေထောက်ကိုဆောင့်ရုန်းလျက် .....

"ဒါ မင်းအလုပ်မဟုတ်ဘူး ....."

"စေတနာနဲ့ပါ အစ်ကိုရယ် ..... စီ အခုပြန်ရင် မမလေးဆီ ဒီအကြောင်းတွေကို စာရေးပါ့မယ်၊ မမလေးကိုလည်း အစ်ကို့ကိုပြန်ယူပါလို့ တောင်းပန်ပေးပါ့မယ် ....."

ကိုအောင်မင်းသည် ထိုင်ရာမှ ဝုန်းဆို 'ထ'၍ ကျုံ့ကျုံ့လေးထိုင်နေသော စီစီအား ပုခုံးမှဆွဲယူမကာ ပုခုံးနှစ်ဖက်ကို သွက်သွက်ခါလှုပ်ရင်း



"မင်း ဒီလိုနည်းနဲ့ ပြဿနာကို ဖြေရှင်းလို့ရသလား စီစီရဲ့၊ မင်း စဉ်းစားပါဦး၊ မင်းလေ ..... မင်း ကမြင်းသလောက် မိုက်လုံးကြီးတယ် ..... မင်း သိပ်မိုက်တယ်၊ မင်းကို ငါ သတ်ချင်တယ် ..... တောက် ....."ဟု မျက်ရည်ဝဲလျက်ပြောလိုက်လေ၏။ အံကြိတ်ကာ တင်း၍ထားသဖြင့် သူ၏မေးရိုးအကြောများကား ထောင်၍ထနေသည်။

စီစီသည် ခက်ခဲပင်ပန်းစွာ အသက်ရှုရှိုက်လျက်၊ မျက်ရည်အသွယ်သွယ် စီးဆင်းလာကာ .....

"အစ်ကိုရယ် ..... စီ့ကို သတ်ပစ်ပါ အစ်ကိုရယ်၊ စီဟာ သေထိုက်ပါတယ်၊ သေလည်း သေချင်ပါတယ်၊ စီ့ရင်ထဲမှာ ဘယ့်နှယ်ဖြစ်မှန်းမသိဘူး ..... အသက်လည်း မရှုနိုင်တော့ဘူး၊ ခုနေ သတ်လိုက်ပါလား အစ်ကိုရယ် ....."ဟုပြောပြီးနောက် ကိုအောင်မင်း၏ရင်ခွင်ထဲသို့ ခေါင်းစိုက်ချကာ ငိုကြွေးရင်း ပျော့ခွေမိန်းမော၍ သွားလေသည်။

[၃၉]

**ကိုအောင်မင်းနှင့်စီစီတို့.....**

ဒီနေ့ မင်္ဂလာနေ့ရက်ဖြစ်လို့ သာယာရွှင်လန်းပါစေလို့ ဆုတောင်းပါတယ် .....

အခါသစ် နိမိတ်သစ်မှာ လူသစ်များဖြစ်ကြပါစေ၊ စိတ်နှလုံးလည်း ကြည်နူးချမ်းမြေ့ကြပါစေ၊ ဖြစ်သမျှ အကြောင်း အကျောင်းချည်းသာ အောက်မေ့နိုင်ကြပါစေ

ဒီတစ်နေ့ထဲမှာပဲ မမလေးနဲ့ ကိုသန်းထိုက်တို့ ရန်ကုန်က လူကြီးစုံရာရှေ့မှာ ဆေ့စပ်ပြီးကြောင်း သတင်းကောင်းပါးပါရစေ။ တန်ခူးလ မြင်းခြံကိုပြန်ကြရင်း လက်ထပ်ကြမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမယ် မမလေးဟာ စိတ်သစ်၊ လူသစ်ဖြစ်ပြီး ဘဝဆိုတာကို ပျော်မွေ့နိုင်ပါပြီ .....

ကိုသန်းထိုက် စကားနဲ့ပြောရရင် မမလေးတို့ ဘဝမှာ အရှုံးထဲက အမြတ်ထွက်ပြီး .... အပြစ်ထဲက အကျိုး၊ အဆိုးထဲက အကောင်း ကောက်ယူနိုင်ခဲ့လို့ ဘဝမိုးလေမုန်တိုင်း ပြင်းထန်ခဲ့ပေမယ့်လည်း၊ မိုးပန်းဝေတယ်လို့ ယူဆနိုင်ပါပြီ ညီမလေးရေ့ .....

ကိုယ့်ဘဝကိုကိုယ် ကျေနပ်ကြပါ၊ မမလေးကတော့ ရှေ့ကို ဘာလာလာ အကောင်းကိုသာပဲ မျှော်ကိုးစောင့်ကြိုတော့မယ်၊ အကောင်းလာလည်း အကောင်း၊ အဆိုးလာလည်း အကောင်းပဲပေါ့၊ အို ... ဘာပဲဖြစ်ဖြစ်လေ ..... ရှေ့လျှောက် မမလေးတို့အားလုံး ပြုံးပြုံးကလေးနဲ့ ခံနိုင်ရည်ရှိအောင် ကြိုးစားရတော့မှာပေါ့ .....

တစ်ခါက ကိုအောင်မင်း ယောပြောဆုံးမ ညွှန်ကြားခဲ့တဲ့ ရွှေရင်အေးတရားမွေအတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းကို အထပ်ထပ်ပြောပါရစေရှင် ..... အရင်က အထင်မှားပြီး မတော်မတရား စွပ်စွဲခဲ့မိတာကို ရှိခိုးကန်တော့ တောင်းပန်ပါတယ် .....

ကိုအောင်မင်းရဲ့ အနစ်နာခံလိုတဲ့ စိတ်ဓာတ်ကိုတော့ ကမ္ဘာလောကကြီးမှာ ကပ်ကမ္ဘာဆုံးတောင် မပျက်စီးနိုင်မယ့် နေရာတစ်နေရာရှိရင် ကမ္ဗည်းအက္ခရာ ထိုးပြီး မှတ်တမ်းတင်ရစ်ချင်ပါတယ်၊ ကိုအောင်မင်း တစ်ခါက ပြောခဲ့ဖူးတဲ့ ဋ္ဌတ်ဆယ်မယ်ရီတာန် ပုံပြင်ထဲက ဆယ်မယ်ရီတာန်ဟာ ကိုအောင်မင်းပါပဲလို့ ပြောပါရစေတော့ .....



အားလုံး နှင်းဆွတ်ပန်းပမာ ရွှင်လန်းကြပါစေ ..... မိုးထိပန်းလို ကြည်ဆန်း၍၊ ဘဝမှာ မိုးပန်းတွေဝေပါစေသတည်း။

မိမိညီ၊

ခင်ဆွေဦး

၁၉-၁-၆၅

www.burmeseclassic.com